
www.burmeseclassic.com

# ပုဏ္ဏမီ

ရင်ခုန်ရသောရက်စွဲများ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ပုဏ္ဏာမိ

## ရင်ခုန်ရသော ရက်ရွဲများ

စာမူခွင့်ပြုချက်အမှတ် - ၅၃၁/၂၀၀၃ (…

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၈၈/၂၀၀၃ (…

၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၃၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(ချစ်မင်းလှိုင်စာပေ-၁၈၁၉)
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။



**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး

www.burmeseclassic.com







ချစ်သူနှစ်ယောက်တို့ရဲ့ ကြားမှာ ...
အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့လို့ ...
ဖြတ်တောက် ခွဲခွာကြဖို့အထိ ဖြစ်လာပြီဆိုရင် ...
ဆုံးဖြတ်ချက် တိတိကျကျ မချရသေးခင်မှာ ...
အနည်းဆုံး **"သုံးဝတ်"** တိတိ ကြိုတင်အသိပေးဖို့ ...
နှစ်ဦးစလုံး ... ကတိစကား ထားရှိခဲ့ကြဖူးတယ် ..."

ပြေလည်အောင် ဖြေရှင်းယူနိုင်ဦးမဲ့ ကိစ္စမျိုးဆိုရင် ...
တစ်ဖက်လူကို အဲဒီလို အချိန်ဆေး ... ပွင့်လင်းမှသာ ...
တရားမျှတမှု ရှိနိုင်မယ် ...
ချစ်သူပီသ ရိုးဖြောင့်ရာရောက် မယ်လို့ ...
နှစ်ဦးစလုံး ... ယုံကြည်ကျေနပ်ခဲ့ကြဖူးတယ် ..."

ဘယ်လိုမှ ဖြေရှင်းညှိနှိုင်းလို့မရနိုင်တော့ဘူး ဆိုရင်လည်း ...
ဒီ **"သုံးပတ်"** အတွင်းမှာပဲ ...
ပြေသာအောင် နေကြည့်လိုက်ကြကြေး ... ဆိုတာကိုလည်း ...
နှစ်ဦးစလုံး ... သဘောတူညီခဲ့ကြဖူးပါတယ် ..."

www.burmeseclassic.com

www.burmeseclassic.com









## အခန်း(၁)

**"ထက်ထက်ဆင့်"** လို့ အမည်ရတဲ့ ကျွန်တော့်ရဲ့ ချစ်သူကလေး ဒီနေ့ မျက်နှာသိပ်မကောင်းလှတာ … တွေ့တွေ့ချင်း ဆိုသလိုပဲ ကျွန်တော် သတိထားလိုက်မိပါတယ် …။ အသားညိုတဲ့ ချစ်သူလေးဟာ … သူမရဲ့ နာမည်ပြောင်ဖြစ်တဲ့ "အထက်ဆင်" ဆိုတာကို အင်မတန် မုန်းတီးနာကျင်တာတတ်မှန်း သိပေမဲ့ … အသားညိုညိုကလေးမှာမှ မျက်နှာထားကပါ ညိုမှောင်ပုပ်အဲ့လို့ နေပြီဆိုရင်တော့ … ကျွန်တော်ကလည်း အဲဒီ "အထက်ဆင်" ဆိုတဲ့ ပစ္စည်းကိုပဲ မျက်စိထဲ မြင်မြင်နေမိတာက ခက်တယ် …။

ဒီနေ့တော့ အဲဒီအတွေးကို တွေးမိလို့လည်း … ခါတိုင်းလို တစ်ယောက်တည်း ကျိတ်ရယ်သဘောကျနေမိတာမျိုး ကျွန်တော့်မှာ ဖြစ်မလာနိုင်ခဲ့ပါဘူး …။ ကျွန်တော် ကိုယ်တိုင်လည်း အတော်ကြီး စိတ်ညစ်ညူးရှုပ်ထွေးနေတဲ့ အချိန် ဖြစ်နေတာကိုး …။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဟာနဲ့ကိုယ် ... စိတ်ညစ်စရာ အကြောင်းအရာ ခပ်ကြီးကြီးတစ်ခု ရှိနေတာက တစ်မျိုး ...၊ ချစ်သူနှစ်ဦးရဲ့ကတိစကားတစ်ခုကို ယုံယုံကြည်ကြည် ... သစ္စာရှိရှိနဲ့ လိုက်နာရတော့မဲ့ ... အလွန်တရာ မျက်နှာပူ စိတ်ရှုပ်ချင်စဖွယ် အချိန်ကြီးကို ရောက်နေတာက တစ်မျိုးနဲ့ ...။ ကျွန်တော့်ရဲ့ မျက်နှာကလည်း ထက်ထက်ဆင့်ထက်တော့ မလျော့လှတဲ့ ပုပ်အဲ့အဲ့ညိုမှောင်မှောင် အသွေးကိုပဲ ဆောင်နေတော့မှာပါပဲ ...။

"ဟဲ့ ... ဖိုးဂဠုန် ... နင် ဒီနေ့ ဘာဖြစ်နေတာလဲ ..."

ကျွန်တော်က တနင်္ဂနွေသားမို့ ... "တနင်္ဂနွေနေ့မှာ မွေးလို့ ဂဠုန်လို့ ခေါ်တာ ဘာဖြစ်လဲ ... ဘာမှ နာနေစရာမရှိပါဘူး ... သိပ်ဖြစ်တက်မနေနဲ့ ..." လို့ ထက်ထက်ဆင့်က အဆိုရှိဖူးပေမဲ့ ... သူ့ကျတော့ "အထက်ဆင်"လို့ ခေါ်ရင် ဘယ်တော့မှ မကျေနပ်တတ်တဲ့ သူငယ်မရဲ့ ... "ဖိုးဂဠုန်"လို့ ခေါ်ပြီး တိုင်း ပြုံးစိစိ ဖြစ်နေတတ်တဲ့ မျက်နှာထားဟာ "တနင်္ဂနွေသား"ကို ရည်ညွှန်းချင်တာ မဟုတ်လှမှန်း ကျွန်တော် သဘောပေါက်ပါတယ် ...။

ပြောပြန်ရင်လည်းပဲ ... ကိုယ်ဘာသာ (သွားခေါ်လှတယ်ရယ် မဟုတ်ပေမဲ့) သွားခြေကြီးပြီး သွားအုံမောက်မောက်ကလေး ဖြစ်နေတာကိုပဲ အိုးမလုံ အုံပွင့်ရာက ကျဉ်းမယ် ...။ ကျွန်တော့်ဘက်ကတော့ ပျင်းပျင်းရှိလို့ ... သူ့ကို စချင်နောက်ချင်လှတဲ့ တစ်ခါတလေမှသာ "အထက်ဆင်"ဆိုတဲ့ စကားလုံး





ကို အသုံးပြုတတ်ပေမဲ့ သူမကတော့ အဲဒီ "ဖိုးဂဠုန်"ဆိုတာကြီးကိုပဲ ရေလဲနဲ့ တွင်တွင်ကျယ်ကျယ်ကလေး အသုံးပြုတတ်သူဖြစ်နေတယ် ...။

ထားလိုက်ပါ ...။ မိန်းကလေး ဆိုတာမျိုးကတော့ ယောက်ျားလေး တစ်ယောက်ယောက်နဲ့ ယှဉ်လာရင် သူတို့ဘက်က အသာစီးကလေးနဲ့ အမြဲ အနိုင်ကလေး ရလိုက်ရမှ ကျေနပ်တတ်ကြတာမျိုး မဟုတ်လား ...။

"ငါပဲလား ... နင်လည်း ဒီနေ့ မျက်နှာမကောင်းလှပါဘူး ထက်ဆင့်ရာ ... ဟုတ်တယ် မှတ်လား ..."

ဘာပဲပြောပြော ... ထက်ထက်ဆင့် တစ်ယောက် ကျေနပ်သွားတာတော့ သိသာတယ် ...။ မိန်းကလေး ဆိုတာမျိုးက သူတို့ရဲ့ မျက်နှာရိပ် မျက်နှာကဲကို ချစ်သူယောက်ျားမှလေးက ရာတစိုက် သတိထားမိတာမျိုးကိုလည်း ကျေနပ်တတ်ကြပြန်တယ်လေ ...။

"ဟုတ်တယ် ... ငါလည်း တစ်ခုခု ဖြစ်နေတယ် ... နင်လည်း တစ်ခုခု ဖြစ်နေတယ် ... အဲဒီတော့ ဒီလိုလုပ် ... နင် ဖြစ်နေတဲ့ တစ်ခုခုကို နင် အရင်ပြောပြ ... ပြီးမှ ငါကလည်း ငါပြောစရာရှိတာကို ပြောပြမယ်"

မိန်းကလေး ဆိုတာမျိုးက အဲဒီလိုလေး ဘာမဟုတ်တာလေးတွေကိုလည်း ကြံဖန်နိုင်လိုက်ရမှ ကျေနပ်တတ်တာမျိုး။ နှစ်ယောက်လုံး တစ်ခုခု ဖြစ်နေကြပြီး အပြောရကျပ်မဲ့ ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



မျိုးဆိုရင် ... "နင် အရင်ပြော"ဆိုပြီး သူတို့ဘက်ကကျတော့ တတ်နိုင်သလောက် (တစ်မိနစ်လောက်ပဲ ဖြစ်ဖြစ်) နောက်ထပ်၊ ထပ်အချိန်ဆွဲနိုင်လိုက်ကြတာမျိုးကိုမှ ဘဝင်ကျနိုင်တတ်ကြတာမျိုး။

ကိစ္စတော့ သိပ်မရှိလှပါဘူး ...။ ကိုယ့်ဘက်မှာလည်း သိပ်မခက်ခဲလှတဲ့ ကိစ္စမျိုးဆိုရင် ဘယ်လိုယောကျ်ားလေးပဲ ဖြစ်ဖြစ် ... အဲဒီလောက် သေးသေးမွှားမွှားလေးတွေကို လျှော့လိုက်ဖို့ ဘယ်သူမှ ဝန်မလေးတတ်ကြပါဘူး ...။ ဒါပေမဲ့ ... ခုတစ်ခါကကျတော့ ... ကျွန်တော့်ဘက်က ကိစ္စက နည်းနည်းကြီးလေးနေတယ် ...။ သေးသေးမွှားမွှားကလေး မ,ကဘူးဖြစ်နေတယ် ...။ ပြောပြီး ... ပြီးသွားမဲ့ ကိစ္စမျိုးမဟုတ်တာက ခက်နေတာ ...။

အထူးသဖြင့်ကတော့ သူ့ဘက်မှာလည်းဘာပြဿနာတစ်ခုခုက အခံရှိနေမှန်းမသိ ...။ မျက်နှာသိပ်မကောင်းလှတဲ့ အချိန်မျိုးမှာမှ ... ကိုယ့်ဘက်က ဒီလိုကိစ္စကြီးကို ဧပြီးဖွင့်ပြောလိုက်ရဖို့ လာဖြစ်နေတာ ... တော်တော်လေးတော့ ဆိုးဆိုးရွားရွားနိုင်တဲ့ သဘောမှာ ဖြစ်နေတယ် ...။

"ပြောလေ ..."

"နေဦး ... ငါပြောရမဲ့ ကိစ္စက သိပ်မရေရာလှဘူး ဖြစ်နေတယ်"

ထက်ထက်ဆင့်ရဲ့ မျက်နှာက "လုပ်ပြီ"ဆိုတဲ့ သဘောနဲ့ သိပ်စိတ်မရှည်နိုင်တဲ့ပုံ ပေါက်သွားပါတယ် ...။ "နင်





ရေရာတာ ဘာရှိလဲ" ဆိုတဲ့ ရန်စကားပါ "ဖြတ်"ခနဲ ထွက်လာပြီ ဆိုရင်တော့ ... ကျွန်တော့်မှာ ခါတိုင်းလိုပဲ သွားအဖြဲသားလေး အမြန်ဆုံး လုပ်နေလိုက်ရတော့တယ် ...။ ထစ်ခနဲရှိ စိတ်တိုပစ်လိုက်ဖို့ပဲ ချောင်းနေတတ်တဲ့ မိန်းကလေးမျိုးကို တော်ရုံတန်ရုံ မဟုတ်တဲ့ ကြီးကြီးမားမားကြီး တစ်ခုနဲ့ အကြီးအကျယ် စိတ်တိုခိုင်းရတော့မဲ့ အချိန်မှာ ... ဘာမဟုတ်တဲ့ အသေးအမွှားလေးတွေနဲ့ ကြားခုပြီး ... ပိုဆိုးမသွားစေဖို့ အရေးကြီးတယ် မဟုတ်လား ...။

အေးလေ ...။ ပိုဆိုးသွားလည်း အကြောင်းတော့ မဟုတ်လှတော့ပါဘူး ...။ ဆိုးအောင်ပဲ ဖွန်တီးရတော့မဲ့ဟာ။ အဆုံးစွန်အထိ ဆိုးပစ်လိုက်ဖို့ကိုပဲ ရည်ရွယ်မျှော်လင့်ထားရတော့မဲ့ဟာ ...။ ဒါပေမဲ့ ခက်တာက "နင်ရေရာတာ ဘာရှိလဲ" လို့ သူ စွပ်စွဲလိုက်သလိုပဲ ... ကျွန်တော့်ဘက်ကလည်း ... အရေးရယ် အကြောင်းရယ် တစ်ခုခုဆိုရင် ဘာဆိုဘာမှ မရေရာတော့တာကပဲ များနေတယ် ...။

ခုဆိုရင်ပဲကြည့် ...။ တော်တော်ကလေး ကြီးကျယ်တဲ့ ကိစ္စမျိုးမှာမှလာပြီး ကျွန်တော်က မရေမရာကြီး ဖြစ်နေတော့တာ ...။ အဓိက,ကတော့ ကျွန်တော်တို့ ချစ်သူနှစ်ဦးကြားက ... ကတိစကားတစ်ခွန်းနဲ့ ပတ်သက်လို့ပါပဲ ...။ ယေသူငယ်ချင်းတွေ အဖြစ်ကနေ ... ချစ်သူတွေဘဝကို ပြောင်းယူခဲ့ကြတာမျိုးဆိုတော့... ကျွန်တော်တို့ နှစ်ယောက်ရဲ့ ကြားမှာ ... "စတင်ချိန်" တွေရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှိုးတိုးရှန့်တန့်"နိုင်မှု …၊ "ပွင့်ပွင့်လင်းလင်း မရှိရဲကြမှု"တွေက ဘာဆို ဘာမှ မရှိလိုက်ဘူး ဖြစ်နေတယ် …။

ကိုးလိုးကန့်လန့်နိုင်မှုနဲ့ … ပွင့်လင်းကြလွန်းလို့ တောင်မှ ပြန်ခက်နေတော့တာမျိုးတွေပဲ ရှိလိုက်တယ် …။ အဲဒီလို ပွင့်ပွင့်လင်းလင်း နိုင်ချင်ကြမှုတွေနဲ့ပဲ … နှစ်ဦးသားကတိစကားထားခဲ့ကြတာက …

"ချစ်သူနှစ်ယောက်တို့ရဲ့ကြားမှာ … အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့လို့ ခွဲခွာကြဖို့အထိ ဖြစ်လာပြီဆိုရင် … ဆုံးဖြတ်ချက် တိတိကျကျ မချရသေးခင် အနည်းဆုံး "သုံးပတ်"ကြိုတင်ပြီး အသိပေးရမယ်" … တဲ့။

အဲဒီတုန်းက တွေးဆေါ်ဆုံးဖြတ်ခဲ့ကြတာက … "အဲဒီလို အချိန်ပေး ပွင့်လင်းမှသာ … ပြေလည်အောင် ဖြေရှင်းယူနိုင်ဦးမဲ့ ကိစ္စမျိုးဆိုရင် … ဖြတ်တောက်ခံရမဲ့ တစ်ဖက်လူမှာ ဒီသုံးပတ်အတွင်း … ပြန်လည်ဖြေရှင်းညှိနှိုင်းတာမျိုးတွေကို ဆောင်ရွက်ဖို့ အချိန်ရမယ်" ပေါ့ …။

ဒါမှသာ အဓိပ္ပာယ်မဲ့ ကွဲကွာသွားကြမဲ့ အဖြစ်ဆိုးမျိုးကနေ ကာကွယ်နိုင်မယ်ပေါ့ …။

အဲဒီတုန်းက ကတိစကားဟာ … ကတိစကားလေးသက်သက်မျှသာဖြစ်ပြီး … ဘာမှ ရေရေရာရာ တိတိကျကျ ထပ်မရှိခဲ့တာကို ခုကျမှပဲ သိပါတော့တယ် …။ သုံးပတ်ကြိုပြောတာဟာ ဖြေရှင်းခွင့် ပေးချင်တဲ့ သဘောလား …။ ဒါဆို ဖြေရှင်းရင်



ကော ပြန်လည်ကျေနပ်ပြီး ပြဿနာက ပြီးဆုံးသွားရမှာလား …။ သုံးပတ်အတွင်း ဖြေရှင်းနိုင်ရင် … ကျေကိုကျေနပ်ရမဲ့ သဘောလား …။ ခုကျမှ ဒါတွေဟာ မဝေခွဲနိုင်စရာတွေ ဖြစ်လာတော့တာ …။

ဒါဖြင့် ဘယ်လိုဖြေရှင်း … ဖြေရှင်း မပြေလည်နိုင်တော့မဲ့ ကိစ္စမျိုးဆိုရင်ကော …။ ကိုယ့်ဘက်က (ချစ်တာမချစ်တာ … သစ္စာရှိတာ မရှိတာနှင့် ဘာမှ မဆိုင်) ပြတ်ကို ပြတ်တောက် … ပြီးကိုပြီးဆုံးပစ်လိုက်ချင်တဲ့ အခြေအနေမျိုး ဆိုရင်ကော …။

အဲဒီလို သုံးပတ် အချိန်ပေးတာဟာ ဖြေရှင်းဖို့လား … ကြိုတင်ဖြေသာနိုင်ဖို့လား ဆိုတာလည်း ခုချိန်မျိုးကျတော့ မဝေခွဲနိုင်တော့ …။ ဖြေသာအောင် နေကြည့်လိုက်ရမဲ့ အဆင့်ပါဆိုရင် … သုံးပတ်အတွင်းမှာ ဖြေသာသွားပါမယ်လို့ … ဘယ်သူက ပြောသလဲ …။ မဖြေသာနိုင်သေးရင်ကော ဘယ်လိုဆက်ဆောင်ရွက်ကြရမှာလဲ …။

ကြိုတင်အသိပေးတဲ့ သဘောဆိုတော့ … သုံးပတ်"ဆိုင်"ခနဲ ပြည့်မှ စဖြတ်တယ်လို့ ယူဆရမှာလား …။ ပြတ်ည်း မပြတ် … ပြေလည်နိုင်တော့တဲ့ ကိစ္စကြီးလည်း မဟုတ်အမို့ … သုံးပတ်ပြည့်ပင် ပြည့်သော်လည်း ဓာတ်မျောကြီးပဲတ်ဖြစ်နေကြပြီ ဆိုရင်ကော …။

အဲဒီလောက် မရေရာ မတိကျတဲ့ ကတိစကားမျိုးကို … ဘာကြောင့်များ ကျွန်တော်တို့နှစ်ယောက် … ယုံယုံ

www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည် ဖွဲ့ဖွဲ့မြဲမြဲနဲ့ ထားရှိခဲ့ကြဖူးတာပါလိမ့် ...။ အချစ်စိတ်တွေမွှန်ထွန်နေကြလို့ ရေရာတိကျတဲ့ ဆုံးဖြတ်ချက်မျိုး ချမရခဲ့ကြတာလို့ ပြောရအောင်ကလည်း ... ငယ်သူငယ်ချင်းတွေကနေ ဘဝကူးပြောင်းလာတဲ့ ဒီနှစ်ယောက်ဟာ ဘယ်တစ်ချိန်ကမှ အဲဒီလို မမွှန်ခဲ့ကြဖူးတာ နှစ်ယောက်စလုံး အသိ ...။

ကတိစကားကို လိုက်နာရမယ်ဆိုတဲ့ အသိကလည်း စွဲမြဲနေ ... ကျွန်တော့်ရဲ့ ထုံးစံအတိုင်း အနှားကပ်ချိန်ကျမှ မရေရာလှတော့တဲ့ အခြေအနေကြီးနဲ့ကလည်း ရင်ဆိုင်နေရ ...။ ချစ်ရသူ "အထက်ဆင်"ကလေးကို ... "တို့နှစ်ယောက်ရဲ့ ချစ်သူဘဝကို ရပ်စဲစွန့်လွှတ်ကြစို့ ..."လို့ ပြောကို ပြောရတော့မဲ့ အချိန်မှာ ... ကျွန်တော့်မှာ သွားဖြဲကလေးနဲ့ပဲ နှုတ်အာစေးမိလို့ နေရပါတော့တယ် ...။



"ဖိုးဂဠုန်" လို့ စမ်းခေါ်ကြည့်လိုက်ပေမဲ့ ... "အထက်ဆင်"လို့ ချက်ချင်းပြန်ထွက်မလာကတည်းက သူ့မှာ နည်းနည်း ကြီးကြီးမားမား တစ်ခုခုတော့ ရှိနေပြီမှန်း ကျွန်မ သိလိုက်ပြီ။

နို့မို့ဆိုရင်တော့ ချစ်ရတဲ့ "တနင်္ဂနွေသား"ဟာ ... ယောက်ျားကြီးတန်မဲ့နဲ့ စိတ်လုပ်ရင်လုပ် ...• ကောက်ချိတ်ရင်ချိတ် ...။ ဒါမှ မဟုတ်ရင်တော့ သူ့လို ဖြူဝင်းတင့်တယ်မနေတဲ့ လူကိုပဲ ... "အထက်ဆင်အနက်စကလေး" ဘာညာနဲ့ ပြန်ချေ... အကျောကြီးပြီးသွားလောက်ပြီ ...။

"**ချေမ်း**" ဆိုတိုင်းလည်း အေးအေးချမ်းချမ်း ... ရှိတာလိုက်လို့ ... နော ...။ စမ်းနေသမီး ထက်ထက်ဆင့်နဲ့ မအေးချမ်းတဲ့ ချေမ်းတို့ရဲ့ ဇာတ်လမ်းက အမြဲတစေလေး ရန်ဖြစ်ခွတ်ခဲ်နေရမှ စားဝင်အိပ်ပျော်နိုင်ကြတဲ့ ဖြစ်အင်လိုလိုနဲ့ ...။ ဒါပေမဲ့လည်း တကယ်တမ်းမှာ ပြတ်နိုင်ကြလို့လား ... ဆိုရင်တော့ "မပြတ်နိုင်ပါဘူး" ဆိုတာကိုပဲ လှယက်ဖြေကြရင်း ထပ်မံရန်ဖြစ်ကြရဦးမဲ့ နှစ်ယောက်ပါ ...။

သို့သော် ...။ မပြတ်နိုင်ပေမဲ့လည်း ပြတ်သို့ပြတ်ကြဖို့ သင့်နေပြီဆိုရင်တော့ ... ဖိုးဂဠုန်ရယ် ... "သုံးပတ်ကြိုတင်

www.burmeseclassic.com

www.burmeseclassic.com



အသိပေးကြေး"ဆိုတဲ့ နည်းလမ်းကိုပဲ ... ရွေးချယ်ရဖို့ ရှိတော့တာပေါ့ ...။

"ကဲ ... ကဲ ... နင်မပြောဘူးလား ... ပြောမှာလား ... ပိတ်ပိတ်ကြီးနဲ့ ပြုးပြုးကြီး ... စိတ်မရှည်ချင်စရာ ကောင်းလိုက်တာ ..."

"စနေသမီးမို့ စိတ်ကြီး စိတ်မြန်တယ်" ဆိုတာ ပတ်ဝန်းကျင်က ကျွန်မတို့အတွက် အလိုလိုနေရင်း ပေးအပ်ထားတဲ့ အခြေအနေကောင်း တစ်ခုပဲလို့ ကျွန်မတော့ ထင်တယ် ...။ တစ်ခုခုသာ ကြုံလာကြည့် ... "စနေသမီးမို့"ဆိုတဲ့ အကြောင်းပြချက်နဲ့ ကိုယ့်စိတ်ကြိုက်လွှတ်ပြီး စိတ်ကြီးခွင့် ရနေတာဟာ နည်းတဲ့ အားသာချက်လား ...။ ကျွန်မကတော့ အဲဒီအခွင့်အရေးကို အမြဲတမ်းပဲ ထိထိရောက်ရောက် အသုံးချမိတာချည်းပဲ ...။ လွန်သွားလည်း ... "စနေသမီးဟဲ့ ... မှတ်ထား"ဆိုရင် ကိစ္စကပြီးနေပြီ ...။

ခုဟာကတော့ စနေသမီးလည်း လက်မှိုင်ချရမဲ့ အခြေအနေမျိုး ဖြစ်နေပါတယ် ...။ ဝုန်းဒိုင်းကြဲ စိတ်ကြီးပြလိုက်ရုံနဲ့ အပြီးသတ်ရမဲ့ ကိစ္စမျိုးကလည်း မဟုတ် ...။ အခုက,ကတော့ ကျွန်မက ပြစ်မှုတစ်ခုကို ကျူးလွန်တော့မှာ ...။ အပြစ်လုပ်တော့မှာ ...။ သိပ်မအေးချမ်းလှတာကလွဲလို့ အပြစ်မရှိလှတဲ့ ငယ်ပေါင်းချစ်သူတစ်ယောက်ကို ပြန်လည်ဖြေရှင်းညှိနှိုင်းတာမျိုးတွေ ဘာတွေကိုလဲ ဘာတစ်ခုမှ လက်ခံတော့မှာ မဟုတ်ဘဲ



ဖြတ်ကိုဖြတ်ပစ်တော့မလို့ ...။ ကျွန်မဘက်ကစပြီး သွားလွန်တော့လို့ပါ ...။

အဲဒီမှာတင် နှစ်ယောက်သား ... ထားတုန်းကတော့ ကျေကျေနပ်နပ်ကြီး ထား,ထားကြတဲ့ ကတိတစ်ခုက လာငြိနေတယ် ... "သုံးပတ်"ကြိုပြောရမတဲ့ ...။ ခက်လိုက်တာများ ...။ ကြိုပြောတော့ ဖြေရှင်းဖို့အတွက် တစ်ဖက်က လှုပ်ရှားဖို့ အားသာသွားမှာပေါ့။ ဟိုစုံစမ်း ... ဒီစုံစမ်းနဲ့ ... ဟိုအကြောင်းသိ ...၊ ဒီအကြောင်းသိ ဖြစ်လာရင် ... ကိုယ့်ရည်ရွယ်ချက်က နေရင်းထိုင်ရင်း အထမမြောက်နိုင် ဖြစ်သွားနိုင်တာပေါ့ ...။

ပြီးကျတော့လည်း ... အစိမ်းဖြတ် ... "ဖြတ်" ...။ သစ်စိမ်းချိုးကြီး ချိုးချပစ်လိုက်ပြီး ... မနက်ဖြန်ကျ ထပ်လို့ကိုမျက်နှာချင်း မဆိုင်တော့ဘူးဆိုရင် ... ကိစ္စက ပိုမရှင်းနိုင်ပေဘူးလား ...။ သုံးပတ်အတွင်း ဖြေသာအောင် လှေကျင့်ယူနေချိန်ကြီးမှာ ... မပြတ်မသားကြီး ထပ်မျက်နှာချင်း ဆိုင်နေကြရဦးမယ် ဆိုတာကြီးကတော့ သိပ်အလုပ်မဖြစ်တော့လှဘူး ထင်ပါတယ် ...။

အဲဒီလောက် ကိုးလိုးကန့်လန့်နိုင်ပြီး ယထာဘူတကျလှတဲ့ ကတိစကား ဆိုတာကြီးကို စတင်တီထွင်ခဲ့သူဟာ ကျွန်မတော့ မဖြစ်နိုင်ဘူး ထင်တယ် ...။ ဘယ်သောအခါကမှ တိကျ၊ မရေရာတတ်တဲ့ ... (ဦးနှောက်ကလည်း ကျွန်မလောက်ကောင်း ... လိုက်မမီတတ်တဲ့) ဖိုးဂဠုန်ပဲ ဖြစ်မှာပါ ...။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အူကြောင်ကြောင် ဘရိမ်း(Brain)တစ်ခုရဲ့ နောက်လိုက်ကြီးပဲ ဖြစ်ခဲ့တာ နေမှာပေါ့ ...။ ခုတော့ဖြင့် ခက်လိုက်တာများ ...။

"ကဲ ... ကဲ ... မိုးဂဠုန် ... နင်မပြောလည်း နေ ... ငါပဲ ပြောတော့မယ် ... ငါပြောချင်တာကို ပြောပြီးသွားရင် ကိစ္စက ပြတ်ပြီး နင်ပြောချင်နေတဲ့ဟာကို ပြောခွင့်မရလိုက်တော့မှာစိုးလို့ ... ငါက နင့်ကို အရင်ပြောပါလို့ ဦးစားပေးတာ ... နင်က ကိုယ်ပြောမဲ့ဟာတောင်မှ ကိုယ်မရေရာသေးပါဘူး ဆိုရင်တော့ တော်တော့ ... ပြောမနေနဲ့တော့ ..."

ပြုံးပြုံးပျာပျာ ဖြစ်သွားတဲ့ မိုးဂဠုန်ရဲ့ ဟန်ပန်က ခါတိုင်းလိုပဲ နည်းနည်းတော့ အမြင်ကတ်စရာ ကောင်းနေတယ် ...။ အဲဒီလို ပြုံးပြုံးပျာပျာ ဖြစ်ပြီးရင် ဘူးလုံးနားမထွင်း ကမူးရှူးထိုးလေသံက ဆက်လာလိမ့်မယ် ...။

"ဘာ ... ဘာ ... ဘာ ... နင်ပြောချင်တာ ပြောပြီးသွားရင် ကိစ္စက ပြတ်ပြီဆိုတာက ဘာသဘောလဲ"

"ဘာသဘောလို့ နင်ထင်လိုက်သလဲ ... အေး ... နင်ထင်တဲ့အတိုင်းပဲ ..."

ကျွန်မဆီက "ဖြတ်တောက်ခြင်း"ဆိုတဲ့ သတင်းတစ်စွန်းတစ်စကို ရိပ်မိလိုက်ရင်ပဲ မိုးဂဠုန်ဟာ စိတ်ရှုပ်ခြင်း၊ အံ့သြခြင်း၊ ဒေါသထွက်ခြင်း၊ မယုံကြည်နိုင်ခြင်း ... စတဲ့ "ခြင်း"





ပေါင်းများစွာနဲ့ ယောက်ယက်ခတ်သွားရှာလိမ့်မယ်လို့ ကြိုမျှော်လင့်ထားပေမဲ့ အခု ဟာက ကိုယ်မျှော်လင့်ထားသလို မဟုတ်ပါ။ ယောက်ယက်မခတ်ဘူးတော့လည်း မဟုတ် ...၊ ခတ်တော့ ခတ်သွားပေမဲ့ သူ့ရဲ့ ယောက်ယက်ခတ်ပုံက ကျွန်မ မျှော်လင့်ထားသလို မဟုတ်ဘူး ... ဘယ်တုန်းကမှ တွေးတောင်ကြည့်မထားတဲ့ ... မျှော်လင့်ချက်ပြည့် ... စိတ်လွတ်လပ်သွားသူ တစ်ယောက်ရဲ့ ယောက်ယက်ခတ်ခြင်းမျိုးသာ ဖြစ်နေပါတယ် ...။

"မိုးဂဠုန် ..."

ဒီလိုဆိုတော့လည်း ကိုယ်ကတော့ စဖြတ်တော့မှာ ဖြစ်ပေမဲ့ ကိုယ်ဖြတ်မှာကိုပဲ သိပ်ပျော်သွားမဲ့ အဖြစ်မျိုးကိုတော့ ကျွန်မက ဘယ်လာကျေနပ်သည်းခံနိုင်ပါ့မလဲ ...။ မဟုတ်တာ ...။ "နင်က ဒါဘာသဘောလဲ"ဆိုတဲ့ အမေးပါတဲ့ လေသံ ခပ်ပြတ်ပြတ်နဲ့ သူ့နာမည်ကို ခေါ်ကြည့်လိုက်တာတောင်မှ ကိုယ်တော်ချောက သူ့ရဲ့ မူပိုင် သွားအဖြဲလေးပင် ပျောက်ကွယ်သွား ပြီး ...

"ထက်ဆင့် ... ငါတို့နှစ်ယောက် ပွင့်လင်းကြဖို့ လိုပြီ ..."

အောင်မာ ... ကြည့်စမ်း ... ဘာမှ မရေရာသေးပါဘူးဆိုတဲ့ သူက ခုကျတော့ လေသံက ခပ်ပြတ်ပြတ်နဲ့ ...။ အမယ် ... ကျွန်မသာ စမပြောရင် ... ကိုယ်ပြောမဲ့ "ဖြတ်စကား"က သူ့နှုတ်ဖျားကပဲ စ,ထွက်လာတော့မဲ့ ပုံမျိုးနဲ့နော် ...။ ဘာရမလဲ ...။ ထက်ထက်ဆင့် ဆိုတဲ့ ကျွန်မက အရာရာ အကြောင်းကြောင်းနဲ့ အခြေအနေ အရပ်ရပ်ကို ထောက်ထားပြီး လုပ်သင့်

www.burmeseclassic.com



လုပ်ထိုက်တာကို လုပ်တော့မှာ ဖြစ်ပေမဲ့ ... ကိုယ်က ခံလိုက်ရမှာ မျိုးကြီးကိုကျတော့ ဘယ်တုန်းကမှ လက်ခံနိုင်ခဲ့တာမှ မဟုတ်တာ ...။

"ဖိုးဂဠုန် ... နင်က သုံးပတ်ကြို့ပြောဆိုလို့ ... ငါ ကြိုပြောတာ ... ခု ဒီနေ့ကစလို့ သုံးပတ်ပြည့်ရင် နင်နဲ့ငါ လမ်းခွဲကြစို့ ..."

ကဲ ... ဒီလိုဆိုရင် ... မင်း ဘယ်လိုလဲ ... တနင်္ဂနွေသားရေ ...။

"ထက်ဆင့် ... ဒါ တကယ်ပဲလား ..."

"အို ... တကယ်ပဲပေါ့ ... ငါတို့ရဲ့ ကတိစကားထဲမှာ ဖြေရှင်းဖို့ရယ် ... ဖြေသာဖို့ရယ် ... အချက်နှစ်ချက်ပါတယ်နော် ... အဲဒီနှစ်ခုထဲကမှ ငါ ဆိုလိုချင်တာကတော့ နင်ဖြေသာလိုက်ဖို့ပဲ ..."

"ဟာ ... တကယ် ..."

"ဟုတ်တယ် ..."

"အိုကေ ... မယုံနိုင်စရာပဲ ... နင် ဖြတ်တာကို မယုံတာ မဟုတ်ပါဘူး ... ငါတို့နှစ်ယောက် ဒီလောက် တိုက်ဆိုင်နေကြတာကို ငါက မယုံနိုင်အောင် အံ့သြတာ ... ငါနင့်ကို ပြောစရာရှိတယ် ဆိုတာလည်း အဲဒါပဲ ထက်ဆင့်ရဲ့... ငါကလည်း နင်ဖြေသာအောင်သာ ကြိုးစားလိုက်ပါတော့ ဆိုတဲ့ နည်းလမ်းကိုပဲ ရွေးချင်တယ်"





အောင်မာ ...။ ကိုယ်က စဖြတ်လို့ အနိုင်မခံ အရှုံးမပေး ... သူ့ဘက်က သိပ်အောက်မသွားရလေအောင်များ ... ဒီလိုပြန်ပြောလေသလားလို့ အကဲခတ်ကြည့်တော့ ဟုတ်ပုံမရ ...။ သူကလည်း တကယ်ပဲ ဖြတ်လိုက်တဲ့ပုံ ...။ အောင်မာ ... ဒီလိုဖြစ်စရာ ဘာရှိသလဲ ... ငါ့များ သူက ဖြတ်ပစ်ချင်စရာ ဘာအကြောင်းရှိရမှာမို့လဲ ... တောက် ...။

"ဟဲ့ ... ဖိုးဂဠုန် ... နင်ကများ ငါ့ကို ဖြတ်ရတယ်လို့ ... တောက် ... ပြောစမ်း ... ဘာအကြောင်း ရှိလို့လဲ ..."

"အကြောင်း မမေးတော့ကြေးလေ ထက်ဆင့် ... နင်လည်း ငါ့ကို ဖြတ်တာပဲ"

"ငါက ငါ့အကြောင်းနဲ့ငါ ... ခိုင်ခိုင်လုံလုံ ရှိတယ် ..."

"ငါ့မှာလည်း ကျိုးကြောင်း ခိုင်လုံပါတယ် ... ဒါပေမဲ့ နင့်ကိုတော့ ပြောမပြနိုင်ဘူး ... အဲဒီအတွက် နင့်အကြောင်းကရော ... ဘာလဲ ... လို့လည်း ငါမမေးဘူး ..."

ပြောနေရင်းက မောင်ချစ်ချမ်း တစ်ယောက်လည်း ဒေါသထွက်လာပုံရပါတယ် ...။ ကျွန်မကိုပဲ စူးစူးဝါးဝါးနဲ့ လာစိုက်ကြည့်နေတော့ရင်း ... "နင်က ငါ့ကို ဖြတ်တယ် ဟုတ်လား ... ဟုတ်သလား"လို့ နှုတ်ကလည်း တတွတ်တွတ်နဲ့ အတော့်ကို ဒေါကျနိုင် မချမ်းနိုင်ပုံ ပေါက်နေတော့တယ် ...။ ကျွန်မ သဘောပေါက်လိုက်တာကတော့ ကိုယ်ကပဲ စဖြတ်တော့မယ် ... တစ်ဖက်လူ

www.burmeseclassic.com

www.burmeseclassic.com



တော့ ခံလိုက်ရတော့မယ်ရယ်လို့ အားနာ့ဥပါးနာ ... သနားကရုဏာလေးတွေနဲ့ ဖြစ်နေကြတဲ့ ကျွန်မတို့ နှစ်ယောက်ဟာ .... သူကလည်း ကိုယ့်လိုပါပဲလား .... ဆိုတာကို သိလိုက်ရတော့ ကိုယ်စီကိုယ်င ဘယ်လိုမှ မခံနိုင် ဖြစ်သွားကြတာပါပဲ ...။

"နင်မပြောလည်း နင့် ငါ့ကို ဘာကြောင့် ဖြတ်ပစ်သလဲဆိုတာ ငါ သိနိုင်ဖို့ မခဲယဉ်းလှပါဘူး ..."

"အောင်မာ ... လောကမှာ မိန်းမတွေ့ကမှ ပိုပြီး သတင်းစကားစုံ နှံ့စပ်တယ်ဆိုတာ နင်သိထား ဖိုးဂဠုန်ရဲ့ ..."

"အဲဒီတော့ ဘာဖြစ်ရဦးမှာလဲ"

"တော်ပြီ ... ဘာမှ မဖြစ်ဘူးပဲ ထားလိုက် ... ကဲ ... ဒီလိုဆို ခုကစ ပြတ်ပြီလား ... နင်ကလည်း ဖြတ်ချင် ... ငါကလည်း ဖြတ်ချင်နေမှတော့ သုံးပတ်တွေ ဘာတွေ စောင့်နေကြဖို့က လိုဦးမှာလား ..."

ဟန်ကိုယ့်ဖို့ဆိုတဲ့ စကားနဲ့ညီအောင် ပြောလိုက်ရတဲ့ ကျွန်မက ... "ဘာလို့ မလိုရမှာလဲ ... ကတိက ကတိပဲ ..."ဆိုတဲ့ တုံ့ပြန်စကားကိုတော့ အတော်ကြီး ကျေနပ်လို့ သွားပါတယ် ...။ သုံးပတ်အချိန်ရရင် ဒီတနင်္ဂနွေသား ကိုယ့်ကို ဘာကြောင့် ကျောသလဲဆိုတာ စုံစမ်းကြည့်ဖို့ မခဲယဉ်းလှတော့ဘူးပေါ့။

"ကဲ ... ဒါဖြင့် ... နောက်သုံးပတ်နေမှ ပြန်တွေ့ကြမယ် ..."

"ကောင်းပြီ ... ဒီအချိန် ... ဒီနေရာပဲ ..."



တကယ်တော့ ဘာမှ အဓိပ္ပာယ်မရှိလှပါဘူး ...။ နောက်သုံးပတ်နေလို့ ဒီအချိန် ဒီနေရာမှာ ပြန်တွေ့ကြရင်လည်း ကျွန်မတို့ရဲ့ အခြေအနေက ဘာမှ ထူးခြားလာစရာ အကြောင်းရှိမယ် မထင်ပါဘူး ...။

www.burmeseclassic.com

www.burmeseclassic.com



တွေးကြည့်ပေးလို့တောင် မရဘူး ... အခုကျတော့ကွာ ... တောက် ...”

“နေပါဦး ... သူကရော ... မင်းက ဘာလို့ ဖြတ်ချင်ရတာ တဲ့လဲ ...”

“အဲဒါကို သိဖို့ပဲ ခုအရေးကြီးနေတာပေါ့ကွ ...”

“မေးကြည့်ခဲ့ရောပေါ့ ...”

“သူ့အကြောင်းကို သွားမေးမှတော့ ငါ့အကြောင်းလည်း ငါက ပြန်ပြောပြနေရတော့မှာပေါ့ ... ငါမှ မပြောချင်ဘဲ... နေပေ့စေ ... အသိုင်းအဝိုင်းလေးက လက်တစ်ဆုပ်စာရှိ တာ ... စုံစမ်းလို့ မရနိုင်တာလိုက်လို့ ... အေး ... စုံစမ်း လို့ သိရပြီဆိုရင်တော့ကွာ ...”

“မင်းက ဘာသွားလုပ်ဦးမလို့လဲ ... အဓိပ္ပာယ်မရှိတာ ...”

ချေမ်းရဲ့ မျက်နှာပြင်ဟာ မအေးချမ်းနိုင်မှုတွေနှင့် မှိုင်းမှုန်လို့ နေပါသည်။ ငယ်ပေါင်းချစ်သူကလေးဟာ ကိုယ့်အပေါ် မှာ အဲဒီလောက် ပစ်စလက်ခတ်ကြီး မတရားသဖြင့် နိုင်လိမ့်မည် ဟု ... ဘယ်တုန်းကမှ တွေးထင်မထားမိဘူးပဲ မဟုတ်လား ...။ ကိုယ်ကတော့ သူ့အပေါ်မှာ တရားမျှတမှု ရှိချင်လွန်းလို့ ဒီလို ဖြတ်တောက်ပစ်ဖို့ကို အသည်းနင့်နင့်နဲ့ ကြိုးစားပမ်းစားကြီး ဆုံး ဖြတ်လုပ်ဆောင်ခဲ့ရတာ ... သူ့ဘက်ကကျတော့ ဘယ်တုန်းက တည်းက ဘာတွေ ကြိုတင်ကြံစည်မှု ရှိသည်မသိ ...။



အခန်း(၂)

ပြုံးစိစိ ဖြစ်နေသော တင်မောင်ဦးကို ကြည့်ပြီး ချေမ်း တစ်ယောက် ပိုလို့ပင် လှုပ်ရှရှ ဖြစ်လာရပါသည်။

“မင်းက ဘာဖြစ်နေတာလဲ ချေမ်းရဲ့ ... ပြီးခဲ့တဲ့အပတ် က ... ငါ ထက်ထက်ဆင့်ကို ဖြတ်ပစ်မှ ဖြစ်တော့မယ် ... အဲဒီလိုလုပ်မှ သူ့အပေါ်မှာ ငါ တရားမျှတာ ... တကယ်ချစ် ခင်ရာ ကျမယ်လို့ ... မင်း ငါ့ကို လာပြောပြနေတုန်းက ဒီရုပ်မျိုး မဟုတ်ပါဘူး ...”

“ဘယ်ဟုတ်ပါ့မလဲကွ ... အဲဒီတုန်းကတော့ ... ငါကငါ့ အကြောင်းနဲ့ငါ ဆိုတော့ ... ငါ့ဘက်က စဖြတ်ပစ်လိုက် ရမှာကို အားလည်းနာ ... သနားကလည်းသနား ... Guilty တွေဖြစ် ... သူတော့ ဘယ်လိုကျန်ရစ်ရှာမလဲလို့

www.burmeseclassic.com



"ငါ သိချင်တယ်ကွာ ... ငါ သိချင်တယ် ... ဒီနေ့ကစပြီး ... မင်းတို့ကောင်တွေအားလုံး ... ဒီကိစ္စ တစ်ခုတည်းကိုပဲ စိုက်လိုက်မတ်တတ်နဲ့ ဦးတည်ချက်ထားပြီး လှုပ်ရှားကြရမယ် ... ဒါပဲ ..."

"ဒါပေမဲ့ သော်ဇင်တို့ ဝင်းကျော်တို့က ... မင်းကိုပါ မအီမလည်နဲ့ နားမလည်နိုင် ဖြစ်နေကြတာလေ ... မင်း ထက်ထက်ဆင့်ကို ဘာ့ကြောင့် ဖြတ်ပစ်ချင်ရတာလဲ ... သူတို့က ဒါကို အရင်ဆုံး သိချင်နေကြတာ ..."

"မင်း ပါးစပ်ပိတ်ထားနော် ... တင်မောင်ဦး ... မင်းတစ်ယောက်တည်းကိုပဲ ငါက အသိပေးထားတာ ... မင်းနှုတ်လုံပါစေ ... တစ်ခုခုဆိုရင်တော့ ငါ မဟုတ်ရင် မင်းပဲ ..."

"အေးပါ ... ကာယကံရှင်ကမှ မပြောစေချင်တာကို ငါက ဘာလို့ လျှောက်အာဖွာပစ်ရမှာလဲ ... ဒါပေမဲ့ ငါကိုယ်တိုင်ကလည်း အတိအကျကြီး သိရတာလည်း မဟုတ် ... မင်းမှာ ရှိနေတဲ့ ကုမရတော့မဲ့ ရောဂါဆိုတာက ဘာလဲ။ AIDS လား ... မင်းက အခု HIV(+)ve ဖြစ်နေပြီမို့လား ..."

"ဟာ ... မဦးမချွတ် ... ကျွတ် ... သူများကြား အဟုတ်ထင်နေကြဦးမယ် ... ထင်ရာမြင်ရာတွေ လျှောက်,လျှောက် မပြောစမ်းနဲ့ကွာ ... မင်းက ငါ့အရင်းနှီးဆုံးဆိုတော့ မင်း ပါးစပ်ကထွက်သမျှကို လူတကာက ဟုတ်ပြီပဲ ထင်ကြမှာ"



"မသိဘူးလေ ... ငါလည်း ထင်ရာပြောရတဲ့ဟာ ... ဟုတ်မယ်တော့ မထင်ပါဘူး ..."

"အေး ... ငါကလည်း အဲဒီ ထင်ရာမြင်ရာကိုပဲ လျှောက်မပြောနဲ့လို့ ပြောနေတာ"

"ထင်ရာမပြောနဲ့ဆိုရင် ... အတိအကျ သိရအောင် ပြောပြထားလေ"

ချေမ်းက ခေါင်းကို ခပ်လေးလေးပင် ခါယမ်းပြလိုက်သည်။ တင်မောင်ဦးလည်း သူ့ခေါင်းသူ ကုပ်ဖွပြီး အတန်ကြာငြိမ်သက်သွားလေသည်။

"ဒါဆိုလည်း မင်း ငါ့ကို ပြောသလောက်တော့ သော်ဇင်တို့ကိုပါ ပြောပြထားလိုက်ရင် ကောင်းမယ်ကွ ..."

"မပြောနိုင်ဘူး ... အဲဒီကောင်တွေက နှစ်ဖက်ချွန်တွေ ... ဟိုးအရင်တည်းက ဘယ်သူ့ဘက် ပါသလဲဆိုတာ တိတိကျကျကို ဆုံးဖြတ်လို့ ရခဲ့တာမှ မဟုတ်တာ ... ခုပြောပြလိုက်ရင် ခုချက်ချင်းပဲ ထက်ဆင့်ဆီ ဖုန်းအပြိုင် ဝိုင်းဆက်ကြလို့ ... လိုင်းတောင် ပူးနေမဲ့ ကောင်တွေ ..."

"ဟား ဟား ဟား ... အဲဒီလောက်တော့ မဟုတ်ပါဘူးကွာ ..."

"အဲဒီထက် ဆိုးရင်သာ ဆိုးမယ် ကိုယ့်လူ ... ဒီမှာ တင်မောင်ဦး ... အရင်က ငါ့အကြောင်းကို အဲဒီ အထက်

www.burmeseclassic.com

www.burmeseclassic.com



ဆင်မ, မသိစေချင်တာက စေတနာနဲ့ ... ငါ့မှာက ရောဂါကြီးတစ်ဖက်နဲ့မို့ ငါ့အသိစိတ်ဓာတ်နဲ့ ငါ ရှောင်ပေးတာကို သင်း သိရင် စိတ်မကောင်း ဖြစ်နေရမှာစိုးလို့ ... ခုကျတော့ တစ်မျိုးဖြစ်သွားပြီကွ ... ငါကကျတော့ စေတနာနဲ့ ... သင်းကကျတော့ တမင်သက်သက်ကြီး ငါ့ကို ဖြတ်ပစ်ချင်တာမျိုးဆိုရင် ငါ သိပ်အောက်သွားမယ် ... ခုချိန်မှာ ငါ့ရဲ့ရောဂါအခြေအနေနဲ့ ငါ့စေတနာကို သင်း မသိဖို့ပိုပြီးတော့တောင်မှ လိုအပ်လာပြီ ..."

"စိတ်လျှော့စမ်းပါဦး ချစ်းရာ ... မင်းရုပ်ကြီးကလည်း ကြောက်စရာတောင်မှ ကောင်းနေပြီ ... ကိုယ့်မလည်း ရောဂါကြီးတစ်ဖက်နဲ့ ... နေမကောင်း ဖြစ်လာဦးမယ် ..."

"ဟေ့ကောင် ... မသေနိုင်သေးဘူးကွ ... သင်းသေပြီးနောက်ဆယ်နှစ်ကြာတောင် ငါ သေချင်မှ သေမယ် ..."

"အဲဒါဆိုလည်း ဘာ့ကြောင့် အဖြတ်တွေ အတောက်တွေနဲ့ စတန့်က ထထွင်ချင်ရသေးတာလဲ ..."

"ဟေ့ကောင် ... ခုအခြေအနေက ငါကပါ စမိလို့ တော်သေးတာ ... နို့မို့ဆို သင်းကျောသမျှကိုပဲ သွားဖြလေးနဲ့ ငြိမ်ခံနေလိုက်ရမှာမျိုး ..."

"ဒီလိုကော မဖြစ်နိုင်ဘူးလား ... မင်းတို့ချင်း ဒီလောက်သံယောဇဉ်ရှိတာ ဘေးလူတွေအားလုံး အသိပဲဟာကွာ ...





မင်းတောင်မှ စေတနာနဲ့ ရှောင်ချင်တာမျိုး ဖြစ်နေသေးတာ ... သူ့ဘက်ကကော အဲဒီလိုမျိုး ဖြစ်နေမလားလို့ မင်းကတွေးမပေးနိုင်ဘူးလား ..."

တင်မောင်ဦးရဲ့ စကားက အဓိပ္ပာယ်ရှိပြီး ပညာရှိဆန်နေတာမို့ ချစ်း တစ်ယောက် ခပ်ငြိမ်ငြိမ် ဖြစ်သွားပါသည်။ တင်မောင်ဦးမှာ ကိုယ်က ချစ်းရဲ့ သူငယ်ချင်းပင် ဖြစ်သော်ငြားလည်း ... ထက်ထက်ဆင့်ကိုလည်း ခင်မင်ရင်းနှီးလာရတာ ကြာနေပြီပဲမို့ ... ပါးစပ်ဆိုးသလောက် စိတ်ရင်းတော့ဖြင့် အတော်ဖြူဟန် ရှိသော ထိုသူငယ်မဟာ ... ချစ်း အပေါ် မတော်မတရား တမင်သက်သက်ကြီးတော့ဖြင့် မကျောလောက်နိုင်ဘူးဟု ... တစ်ဖက်သတ် အမှတ်ပေး ... တွေးပေးချင်နေမိသေးသည်။

"အေး ... အဲဒီလို ဆိုရင်လည်း ... သင်းဘက်က အခြေအနေနဲ့ အကြောင်းရင်းကို တိတိကျကျ သိရဖို့ ပိုပြီးတော့တောင်မှ လိုအပ်လာသေးတဲ့ သဘောပေါ့ ... လက်နှေးနေလို့တော့ မဖြစ်ဘူးကွာ ... သုံးပတ်ကွ ... သုံးပတ် ...။ သုံးပတ်ဆိုတာ တကယ်တော့ ဘာမှရှိတာ မဟုတ်ဘူး ... နှစ်ဆယ့်တစ်ရက်တည်းရယ် ... ခုပဲ ... ဒီနေ့ပဲ တစ်ရက်ကုန်ပြီ ... ရက်နှစ်ဆယ်ပဲ ကျန်တော့တယ် ..."

"မင်းကတော့ အဲဒီ ရက်နှစ်ဆယ်အတွင်း မသေနိုင်သေးပါဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ချွေးကောင်"

"မဟုတ်ဘူး ... ဒါ တိတိကျကျ သိရဖို့လိုတယ် ... မသေနိုင်ရင် ရုပ်လည်းမပျက်နိုင်သောက်ဘူး မဟုတ်လား ..."

"မင်းအကြီးမို့ ရုပ်က ပျက်ရမှာလား ... မင်းက ငါ့ကို ကိုယ်ပျက်သလို တစ်ဆစ်စီ ပဲ့ရွဲ့ကျမယ်များ မျှော်လင့်ထားတာလား ..."

"မင်းကမှ မင်းရောဂါကို ငါ့ကို အတိအကျမှ မပြောတာကိုး ... ငါဆိုလိုတာက မင်းအတွက်ပဲ ကိုယ့်လူရဲ့ ... မင်းလိုပဲ ... ထက်ထက်ဆင့်ကလည်း ဒီသုံးပတ်အတွင်းမှာ ငြိမ်နေမယ်များ ထင်သလား ကိုယ့်လူ ... သူ့မှာလည်း သူ့ကိုယ်ပိုင် ဘာအကြောင်းပဲရှိရှိ ... မင်းကလည်း သူ့ကို ဖြတ်ပါတယ်ဆိုတာကို ခုချိန်မှာ သူအတော်ခံစားနေရပြီ ... မင်းရဲ့အကြောင်းရင်းက ဘာလဲဆိုတာ ... သူ့ဘက်ကလည်း ဒလမန်းကြမ်းကို စုံစမ်းတော့မှာပဲ ... မယုံရင်ကြည့် ... ခုချိန်မှာ မင်းအိမ်ရှေ့က ကားလမ်းပေါ်မှာ သင်းသင်းတို့ ပုလဲတို့ ... ယုယုဆွေတို့ ရောက်ချင်တောင် ရောက်နေကြမှာ ..."

ထင်မောင်ဦးက ရွဲ့ပြီး အပိုပြောလိုက်ပေမဲ့ ချမ်းက ထိုင်ရာမှ ထရပ်ကာ ... ညွှန်ခန်းပြတင်းပေါက်မှတစ်ဆင့် လမ်းမကြီးပေါ်သို့ အဟုတ်ပင် မျှော်ကြည့်လိုက်ပါသည်။ ကိုယ်ပဲ စိတ်ထင်လို့လားတော့ မသိ ...။ သင်းတို့ မိန်းကလေးတစ်သိုက်





လတ်လျားလတ်လျားနှင့် လမ်းသလားတတ်ကြသော စီးတော်ယာဉ် SUZUKI WAGON ကားလေးတွေဟာ ... ဖြူနီပြာရောင်စုံခြယ်လို့ ကိုယ့်အိမ်ရှေ့မှာ ဒီနေ့မှပဲ တစ်စင်းပြီးတစ်စင်း ... တိုက်တိုက်ဆိုင်ဆိုင် ... သိပ်များနေကြသလိုလို ...။

"လာစမ်းပါ ... ငါက သဘောပြောပြတာ ... ထကြည့်ဖို့အထိ မလိုသေးပါဘူး"

"မဟုတ်ဘူး ... ငါ့အိမ်ရှေ့မှာ SUZUKI တွေ သိပ်များနေတယ် ..."

"ပစ်ထားလိုက်စမ်းပါ ... အဲဒါတွေအားလုံး သူတို့ချည်းပဲဆိုရင်တောင် မင်းအိမ်ရှေ့မှာ အခေါက်ခေါက် အခါခါ လာဖြတ်နေကြရုံနဲ့တော့ ခတ်ဆိုကုန်ရုံကလွဲပြီး ဘာသတင်းမှ မရနိုင်ပါဘူး ... ငါပြောချင်တာက ဒီရက်နှစ်ဆယ်အတွင်းမှာ မင်းရဲ့ ကျန်းမာရေးအခြေအနေကို ဘာမှ မပြောင်းလဲစေနဲ့ ... သူတို့ ဘယ်လိုမှ စုံစမ်းလို့ မရနိုင်ဘူး ..."

ချမ်းက အနိုင်ရှုံးသွားသူ တစ်ယောက်လို "တဟင်းဟင်း" ရယ်လိုက်မိပြီးမှ ကိုယ့်အခြေအနေက ရယ်နေနိုင်လောက်စရာ မဟုတ်တာကို သတိရမိတော့ ရယ်သံကို ရုတ်တရက်ကြီး ပင်ရပ်တန့်လိုက်ပါသည်။ အင်း ... ဆရာဝန်ကတော့ ကိုယ့်ဘက်က ဘာမှ အမှားမခံရင် ... ဒီပြင် လူကောင်းတွေလိုပဲ သက်တမ်းစေ့ ကျန်းကျန်းမာမာကြီး ရှိချင်လည်း ရှိမှာပါပဲလို့ ပြောထားတာပဲ ...။ တော်ပြီ ... တော်ပြီ ...။ နောက်မှ မရှောင်နိုင်ရင် နောက်

www.burmeseclassic.com



ရောက်ယား ...။ ဒီရက်နှစ်ဆယ် ... သုံးပတ်အတွင်းတော့ ... အရက်သေစာ၊ ဘီယာ၊ ဆေးဖယ် ... ဘာတစ်ခုမှ မမှီဝဲဘဲ ... တိခနဲ ဖြတ်ထားမှ ...။

"ကဲ ... ကဲ ... သူ့အကြောင်းက ဘာလဲဆိုတာ ... ဘယ်တော့ သိရမှာလဲ ... ဝင်းကျော်တို့ သော်ဇင်တို့ ... မကျေလည်တာ မအီသာတာတွေ ဘေးချိတ် ... ငါ့ကို လာကူကြစမ်းလို့ မင်း ပြောကွာ တင်မောင်ဦး ... ဒီလိုအချိန်မျိုးမှာမှ အားမကိုးရရင် ဘယ်နေရာမှာ သွားအသုံးကျမှာလဲ"

"အရမ်းကြီးတော့ မျှော်လင့်မထားနဲ့ ... သုံးပတ်ဆိုတာ အချိန်က နည်းနည်းလေး ... ဘာမှ မရှိဘူး ..."

"ဘာ ... ခုတည်းက စစ်မရောက်ခင် မြားကုန် ... လက်ကလျှော့ချင်နေပြီ"

"လက်လျှော့တာ မဟုတ်ဘူး ... မင်းအကြောင်း ဆိုလည်း သူတို့ စုံစမ်းလို့ ရချင်မှ ရမယ် ... အဲဒီလို အပြင်ဘက်မှာပေါ် မနေတဲ့ အတွင်းအကြောင်းတွေဆိုရင် စုံစမ်းလို့ခက်မယ်"

"အပြင်အကြောင်း ... အတွင်းအကြောင်း ..."

ချမ်းက ခေါင်းတညိတ်ညိတ် လုပ်လိုက်မိပါသည်။ တင်မောင်ဦး လုပ်မှပင် သူ့ဘက်က ကိစ္စက စုံစမ်းရခက်နေပြီး ကိုယ့်အကြောင်းကတော့ ဟင်းလင်းကြီးများ သိသာနေတော့မလား ဆိုတာကို တွေးပူချင်ချင် ဖြစ်လာသည်။ ထက်ထက်ဆင့်က ချမ်းကို ဖြတ်ပစ်ပါသည် ဆိုတာကိုတော့ ဘာမှ မနာကျင် မထိ





ခိုက်ကြဘဲ ... ချမ်းဘက်က ထက်ထက်ဆင့်ကို ဘာ့ကြောင့် ဖြတ်ပစ်ရမှာလဲဟုသာ ကိုယ့်လူ သူ့ဘက်သား ဖြစ်နေကြတော့သည့် ကိုယ့်သူငယ်ချင်းတို့ကလည်း အင်တင်တင်နှင့် ...။

တကယ်တမ်း ပြောရရင် ... ဒီကောင်တွေ ကိုယ့်ဘက် အရှင်းပါလာရင်တောင်မှ ... ထက်ထက်ဆင့် ပြောခဲ့သလိုပဲ ... သော်ဇင်တို့ ဝင်းကျော်တို့ဟာ ပုလဲတို့ ... ယုယုဆွေတို့လောက် အကွက်မမြင် ...၊ မလျင်နိုင်ကြတာက ခက်သည်။ ဒီပုံအတိုင်း ဆိုရင်တော့ ချမ်းဟာ အထက်ဆင့်ကို လှလှပပကလေး လိမ့်ပိမ့်ရှုံးနိမ့်ရတော့မှာဟာ သေချာသလောက်ပင် ဖြစ်နေပါပြီ။

"ဒီလိုလုပ်ရင် မကောင်းဘူးလား တင်မောင်ဦး ... မင်းတို့ကောင်တွေက ယုယုဆွေတို့လောက်မှ မလျင်နိုင်တာ သေချာပြီဆိုရင် ..."

"ဘာမှ မဆိုင်ဘူး ချမ်း ... ဒါကတော့ မင်း တမင်သက်သက် နိမ့်တာပဲ ..."

"အေးပါ ... ဘယ်လိုပဲ ဖြစ်ဖြစ် ... သူ့အကြောင်းကို အသိရ ခက်နေတုန်း ... ကိုယ့်အကြောင်းကို အရင်အပေါ် မခံနိုင်တာကိုတော့ မင်း လက်ခံလား"

"ထားပါတော့ ..."

ချမ်းက လက်ဖြောက်တစ်ချက် တီးလိုက်တော့ ဇဝေဇဝါ မကျေမနပ်ကြီး ဖြစ်နေသော တင်မောင်ဦး၏ မျက်နှာ တည့်တည့်ကိုမှ လက်ညှိုးနှင့် ဖျတ်ခနဲ ထိုးညွှန်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အတွင်းအကြောင်းကို မပေါ်စေချင်ရင် ... အပြင်အကြောင်း တစ်ခုခုကို ရှာပေးလိုက်ရတယ် ... စုံစမ်းနေစရာတောင် မလိုဘူး ... အဖြေဟာ ဒါပါလားလို့ ထင်သွားနိုင်အောင် လမ်းလွှဲပေးလိုက်ရင် ..."

"ရှုပ်နေတာပဲ"

တင်မောင်ဦးက ရှုံ့ရှုံ့မဲ့မဲ့နှင့် ညည်းတွားလိုက်သည်။ ဇာဒကတက် ကန့်ကွက်လိုဟန်တော့မရှိ ...။ "မင်းဟာက စတုန်းကတော့ တကယ့်စေတနာနဲ့ စတာပဲ ... ခုတော့ လမ်းလွှဲနေပြီ..." ဟု တစ်ခွန်းသာ ဆိုသည်။ စတုန်းကတော့ ကိုယ့်ဘက်က စေတနာနဲ့ ကိုယ်ပေါ့ ...။ ခုကျတော့ ကိုယ့်ရဲ့စေတနာတွေကို ဝေဒနာတွေ ဖြစ်ကုန်ရအောင် ... သူ့ဘက်ကပဲ တမင်သက်သက်ကြီး အသွင်လာပြောင်းခဲ့တာလေ ...။

အပေါက်ဆိုးသော ထက်ထက်ဆင့်ဟာ ... ကိုယ်နဲ့ ပတ်သက်နေသမျှ အနှစ်နှစ်ဆယ်လုံးလုံး စိတ်ရင်းမှာတော့ တစ်ခါမှ မဆိုးခဲ့ပါဘဲနှင့် ... ခုတစ်ကြိမ်ကျမှ ဘယ့်နှယ် ဖြစ်ရသည် မသိ ...။ ဘယ်သူ ... ဘယ်အရာကများ ကိုယ့်ရဲ့ ထက်ထက်ဆင့်ကို အရောင်ဝင်ဆိုးသွားပါလိမ့် ...။



ဆေးခန်းမှ ပြန်ရောက်လာသော ယောက်မဖြစ်သူကို ထက်ထက်ဆင့်က "အခြေအနေ ဘယ်လိုလဲ"ဟု တီးတိုးစပ်စု လိုက်ပါသည်။ ထက်ထက်ဆင့်နှင့် ဆိုလျှင် အသက်ချင်း လေးငါး နှစ်မျှသာ ကွာသော်လည်း ရင့်ကျက်တည်ငြိမ်သည့် နေရာမှာတော့ အသက်နှင့်မှ မမျှအောင် အများကြီး ကျော်နေသည့် ယောက်မ ဖြစ်သူက ... မျက်စိ မျက်နှာ သိပ်မကောင်းလှပေမဲ့ ခပ်တည်တည် ငြိမ်ငြိမ်နှင့်ပင် ...

"ဒါကတော့ Biopsy Result ကလည်း သိရပြီးပြီပဲလေ ... ဆရာကြီးကတော့ အလုပ်တွေ ဘာတွေတောင် မသွားတော့ဘဲ အိမ်မှာပဲ နားနားနေနေနဲ့ အေးအေးဆေးဆေး နေလိုက်စေချင်ပြီ ... ဒါပေမဲ့ ထက်ဆင့်ရဲ့ အစ်ကိုက လက်မခံဘူး ... သူ့အတွက် အချိန်မရှိတော့ဘူးဆိုရင် အဲဒီရှိသမျှ အချိန်ကလေးအတွင်းမှာ နားနေဖို့ မဟုတ်ဘူးတဲ့ ... အလုပ်လုပ်သွားဖို့သာ လိုတယ်တဲ့ ... သူက ဆရာဝန်ကို ဆရာ ပြန်လုပ်နေတယ် ..."

"အချိန်မရှိတော့ဘူး ဆိုတာက ဘယ်လောက်ကို ဆိုလိုတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါမှာတော့ ယောက်မက သက်ပြင်းခပ်ရှည်ရှည် တစ်ချက်နှင့် ...

"အဆုတ်ထဲထိ ပြန့်နေပြီ ဆိုရင်တော့ မြန်တယ်လို့ ပြောကြတာပဲ ... ခြောက်လပေါ့ ... တစ်နှစ်ပေါ့ ..."

ပြောပြီးပြီးချင်းပင် ယောက်မရဲ့ မျက်နှာက ဒေါသရိပ်သမ်းကာ အနီရောင်ပြေးပြေး ဖြစ်သွားပါသည်။

"ဆရာဝန်ကြီးဆီ ဘယ်သူလာတယ်တဲ့လဲ သိလား ..."

"ဘယ်သူလဲဟင် ..."

"ဘယ်သူရှိမလဲ ... ဟိုတစ်ယောက်ပေါ့ ... ဝိသမပေါ့ ..."

"ဟင် ... သူက ဘာကိစ္စနဲ့လဲ ..."

"ဘာကိစ္စရှိရမလဲ ... တို့တွေ ဒီဆရာကြီးဆီ ဂဒီး ဂဒီး သွားနေရပြီဆိုတာ သူသိသွားလို့ နေမှာပေါ့ ... ဘာကိစ္စကြောင့်လဲလို့ စုံစမ်းချင်တာမျိုး နေမှာပေါ့ ... ရောဂါအကြောင်း သိပြီးပြီဆိုရင်လည်း ... ဘယ်လောက်ကြာကြာ နေရဦးမလဲ လာစုံစမ်းတာ နေမှာပေါ့ ... သူ့စိတ်ထဲမတော့ မြန်လေ ကြိုက်လေ ရှိမှာပဲ ... ဒါပေမဲ့ ဆရာကြီးကတော့ သူက သူစိမ်းဖြစ်နေတော့ အတိအကျ ဘယ်ပြောလိုက်ပါ့မလဲ"

ထက်ထက်ဆင့်မှာ ယောက်မရဲ့ ဒေါသကို မဆွဲချင်လှတာနှင့်ပဲ ... ချေပတာတွေ ထောက်ခံတာတွေ ဘာတစ်ခုမှ လုပ်မနေတော့ဘဲ အဲဒီတိုင်းလေးသာ နေလိုက်ပါသည်။ ယောက်မ





က "ဝိသမ"ဟု တစ်ဖက်သတ် အမည်ပေးထားသည့် "ကိုငြိမ်းချမ်း" ဟာ ယောက်မ ပြောသလောက်ကြီးတော့ ဟုတ်ချင်မှ ဟုတ်မှာဖြစ်ပေမဲ့ ... တစ်ထစ်ချကြီးတော့ စိတ်ချယုံကြည်ထားလောက်စရာ မဟုတ်တာကိုတော့ ထက်ဆင့်ကလည်း သိပြီးသားပင် ...။

အဲဒီ ကိုငြိမ်းချမ်းနဲ့ ထက်ထက်ဆင့်ရဲ့ အစ်ကို ကိုစောလွင်တို့ဟာ လုပ်ငန်းတော်တော်များများမှာ ရှယ်ယာပါတနာတွေလည်းဖြစ် ...။ ငယ်သူငယ်ချင်းကလည်းဖြစ် ...။ ထပ်တူမဟုတ်သည့် လုပ်ငန်းတချို့ကျပြန်တော့ တစ်ဦးရဲ့ အကြံကို တစ်ဦးက လက်ခံကာ သူတို့နှစ်ယောက်ရဲ့ ကြားကို ... ယောက်မ ဝင်ရောက်လို့ မလာခင်အထိမှာတော့ တကယ့်ကို မိတ်ဆွေစစ်များ ဖြစ်ခဲ့ကြပါသည် ...။

ထက်ထက်ဆင့်ရဲ့ ယောက်မ "နှင်းနှင်းခိုင်"က ကိုငြိမ်းချမ်းကို မရွေးချယ်ခဲ့ဘဲ ကိုစောလွင်ကိုသာ ရွေးချယ်ခဲ့တော့လည်း ထက်ဆင့်ရဲ့ အမြင်မှာတော့ ကိုငြိမ်းချမ်းနဲ့ ကိုစောလွင်တို့ရဲ့ သဘောထားတွေဟာ ဘယ်လိုမှ မပြောင်းမလဲ ...။ အစ်ကို ကိုစောလွင်က ကိုငြိမ်းချမ်း အပေါ် ပိုလို့တောင်မှ ခင်မင်ယုံကြည်သွားခဲ့ချိန်မှာ (ယောက်မရဲ့ အပြောအရ) ကိုငြိမ်းချမ်းကတော့ဖြင့် ကိုစောလွင် အပေါ် သဘောထား ပြောင်းခဲ့ပါသတဲ့။

တစ်ဖက်မှာ အနိုင်မရတော့တဲ့အခါ ... ကျန်တစ်ဖက်မှာ ပိုအနိုင်ယူလိုလာသည်ဟု ဆိုသည်။ ကိုစောလွင်ထက်စာရင် ကိုငြိမ်းချမ်းက ပိုပြီးတော့ ကြံရည်ဖန်ရည်များ ... အကွက်

www.burmeseclassic.com

www.burmeseclassic.com



မြင် ... လုပ်တတ် ကိုင်တတ်ရှိပြီး ... သတ္တိရှိ ပိုရဲတင်းတာလည်း ထက်ထက်ဆင့်တို့ အမြင် ...။ နဂိုက စီးပွားတူ အခြေအနေတူမှာ ... ယောက်မနှင့် အိမ်ထောင်ပြုပြီးကာမှ ကိုငြိမ်းချမ်းက ထောင်တက် မြင့်မားသွားပြီး ကိုစောလွင်မှာတော့ ဆင့်ကဲဆင့်ကဲ ဆက်တိုက်ဆိုသလို ကံမကောင်းမှုလေးတွေ ဆက်လာသောအခါ ယောက်မက ကိုယ့်ကိုယ်ကိုယ် ကံမကောင်းသော "ဘုကောင်" ဟု မြင်လာသည်။

ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရတာ ဝလာတော့ ဒီလို ဆင့်ကဲဆက်တိုက် ကြုံလာရတာလေးတွေဟာ ကိုငြိမ်းချမ်းကြောင့်များလားဟု သံသယ ဝင်လာသည်။ ကိုငြိမ်းချမ်းကလည်း (ကိုစောလွင် ဘက်ကသာ ရိုးရိုးရှင်းရှင်း ယုံယုံကြည်ကြည်နှင့်မို့ မရိပ်မိတာ) ထက်ထက်ဆင့်ဝဲ့ပင် ရိပ်မိနိုင်လောက်အောင် လေသံက ပြောင်းလာသည်လေ ...။

သူကပဲ ဆရာကြီးလိုလို ...။ လောကမှာ "ငွေ" ကသာ အရေးအကြီးဆုံး ... တစ်အဓိကလိုလို ...၊ ကိုစောလွင်ကပဲ လူညံ့ကြီးလိုလို ...၊ အခြေအနေ မတွေတော့ဘဲ လူရာမသွင်းချင်သလိုလို ... နှိမ်လာသလိုလို ...။ ပြောင်းလဲလာတဲ့ ကိုငြိမ်းချမ်းကို ယောက်မနဲ့အပြိုင် ရင်တမမနဲ့ စောင့်ကြည့်နေခဲ့ရသူကတော့ ထက်ထက်ဆင့်ပဲ ဖြစ်ပါသည်။ ဘာလို့ဆို ... အဲဒီ ကိုငြိမ်းချမ်းဟာ ထက်ထက်ဆင့်ရဲ့ ချစ်ရသူ ... ဖိုးဂျွန် ... မောင်ချမ်းကလေးရဲ့ အစ်ကိုအရင်းခေါက်ခေါက်ကြီး ဖြစ်နေခဲ့လို့ပါပဲ ...။



"ထက်ဆင့်ရဲ့ အစ်ကိုသာ မြောင်းထဲ ရောက်သွားလို့ကတော့လေ ... အဲဒီ ဝိသမဟာ ထက်ဆင့်နဲ့ ချမ်းတို့ကိစ္စကို ... သူ မရ ရအောင် ဖျက်လိမ့်မယ် ... မယုံရင်စောင့်ကြည့်နေ ... သူ့ရဲ့ အငြိုးအတေးက နည်းတာမှတ်လို့ ထက်ဆင့်ရယ် ... တို့ကလေ ... ကိုစောလွင်ကို ပြန်ရွေးခဲ့တဲ့ နေရာမှာ ... ကိုစောလွင် ကိုယ်၌ကို နှစ်သက်တာ အပြင် ... သူ့ရဲ့ အဲဒီစိတ်ဓာတ်ကြီးကို ကြိုရိပ်မိပြီး မကြိုက်နိုင်တာလည်း ပါတယ် သိလား ..."

ယောက်မနဲ့ ကိုစောလွင်တို့ လက်ထပ်ကြတော့ ထက်ဆင့်က ချမ်းကို အဖြေပြန်ပေးထားပြီးကာစ ကလေးပါ။ ယောက်မတို့ရဲ့ သုံးပွင့်ဆိုင် ဇာတ်လမ်းကြောင့် ကိုယ်တို့နှစ်ယောက်ရဲ့ ချစ်ခြင်းဟာ တစ်မျိုး တစ်မည်များ ဖြစ်ရဦးမလားလို့ ... အဲဒီတုန်းက ထက်ဆင့်လည်း တွေးပူမိခဲ့သပေါ့ ...။ ဒါပေမဲ့လည်းပဲ ချမ်းကလည်း သူ့အစ်ကိုနောက်ကောက်ကျ ကျန်ရစ်တာကို "တဟားဟား ... တဟီးဟီး" နဲ့ပဲ ပြီးလိုက် ... ကိုငြိမ်းချမ်းကလည်း ခင်မင်မှုမပျက် ဝင်ထွက်ကာ မပြောင်းလဲ ဆိုတော့ ယောက်မရဲ့ စိုးရိမ်ကြီးမှုကို အဲဒီတုန်းကတော့ ထက်ဆင့်က ဒီလောက်အရေးတယူကြီး ခေါင်းထဲမထည့်မိခဲ့ပါ ...။

နောက်ပိုင်းကျမှ ယောက်မက "ဝိသမ" လို့ ခေါ်လည်း ခေါ်ချင်စရာ ... ကိုငြိမ်းချမ်း ပုံစံက ပြောင်းလဲတာလေ ... ထက်ထက်ဆင့်မှာ ရင်မစိတ်ပူလာရလေ ...။ ထက်ဆင့်တို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



မိဘများက အသက်ကြီးကြပြီလေ ...။ စီးပွားရေးက ဒီအစ်ကို တစ်ယောက်အပေါ်ပဲ လုံးလုံးမှီနေရသလိုမို့ ... ယောက်မ ပြောသလို ဒီအမိုကြီး ဘုန်းဘုန်းလဲပြီး မြောင်းထဲ ရောက်လို့ကတော့ ထက်ဆင့် တို့မှာ တကယ့်ကိုပဲ လူတကာက မခေါ်ချင် မပြော ချင်နဲ့ လူရာသွင်း မခံရတော့မဲ့ အပေါက်မျိုးကိုပဲ ရောက်ရတော့ မလိုပါ ...။

ဒီကြားတည်းမှာ ကိုစောလွင်က အချိုကြီးတစ်ခါ ထိလိုက်ပါသေးသည်။ နှစ်ဦးသား စပ်တူလုပ်ငန်းတစ်ခုထိတာဟု ထင်ထားရာ တကယ်တမ်းကျတော့ ... အဲဒီအလုပ်က သိပ်အခြေ မဟန်တော့တာမို့ ကိုငြိမ်းချမ်းက စောစောစီးစီး နုတ်ထွက်သိမ်း ယူပြီး ကိုစောလွင်ကသာ မိုက်မိုက်မဲမဲ ဆက်ကြိုးစားကြည့်လိုက် တာဟု သိရသောအခါ ယောက်မမှာ ဆွေ့ဆွေ့ခုန်လျက် ... "တမင်လုပ်တာနေမှာ"ဟု ကိုငြိမ်းချမ်းကိုပဲ လက်ညှိုးထိုးတော့ သလို ... ကိုငြိမ်းချမ်းကလည်း (ကရုဏာဒေါသောနဲ့လား ... တကယ့် စိတ်ရင်းမှန်တွေ ပေါ်လာတာလား မသိဘဲ) ... ကိုစောလွင်ထံ ဒေါ်ကြီး မောကြီးနှင့် ရောက်လာကာ ...

"မင်း ငါမပြောဘူးလား ... မင်းဟာ ငါ့စကားဆိုရင် ခု နောက်ပိုင်းမှာ အမြဲလို ဆန့်ကျင်နေတယ် ... ဘယ်တော့မှ အကောင်းမထင် ... လက်မခံဘူး ... ခုတော့ ထိပြီမဟုတ် လား ... ငါ့စေတနာကို နားမလည်ဘဲ ဖွတ်ဆက်မိုက်နေ ဦးမယ် ဆိုရင်တော့ ... မင်း မြေကြီးပေါ်အထိလဲမှာပဲ ...





မိုက်မဲတာနဲ့ ရဲတင်းအကွက်မြင်တယ် ဆိုတာ မတူဘူးကွ တော့ရ ...

အေး ... မင်း မြေကြီးပေါ်အထိ ရောက်ပြီဆိုမှ ... ငြိမ်းချမ်းရေ ... လို့ တစ်ခွန်းမခေါ်နဲ့ ... လုံးဝလှည့်မကြည့် ဘူး ကိုယ့်လူ ... မှတ်ထားကွ"

သူများတကာ စိတ်ထိခိုက်နေသည့် အချိန်မျိုးမှာမှ ဒါမျိုး လာပြောရကောင်းလားရယ်လို့ ယောက်မကတော့ ဆွေ့ဆွေ့ ခုန် ဆတ်ဆတ်ခါပေါ့ ...။ ကိုစောလွင်ကတော့ "အေးပါကွာ ... အေးပါကွာ"နှင့် ငုံ့ခံရှာပါသည်။ ကိုစောလွင်ရဲ့ အတွင်းစိတ်ရင်း က ယောက်မနဲ့ ပတ်သက်တဲ့ ကိစ္စမှာ သူ့ဘက်က ကိုငြိမ်းချမ်း အပေါ် ဘယ်လိုမဆို အလဲထိုး အနိုင်ယူလိုက်သလို ဖြစ်သွားခဲ့ ပြီမို့ ... တခြား ဘယ်တစ်ချက်မှာမဆို ... ငြိမ်းချမ်းဘာပြော ပြော ဘယ်လိုနေနေ ... ငုံ့ခံကျေနပ်မှာပဲ ဟူသည့် အထိပင် တွေး ထားပြီးသူပါတဲ့ ...။

ထက်ထက်ဆင့် ကတော့ သင်ခန်းစာ ကောင်း ကောင်းတစ်ခု ရလိုက်ပါသည်။ ယောက်မ ပြောသလောက်တော့ စိတ်ရင်းပုပ်ချင်မှ ပုပ်မည်ဖြစ်သော ကိုငြိမ်းချမ်းဟာ ... သူကိုယ် တိုင်က ဖွင့်ပြောထားပြီးသားဖြစ်တဲ့ ... "အခြေပျက်ရင် လှည့် တောင်မကြည့်ဘူးကွ" ဆိုတာမျိုးကိုတော့ သူ့စကားအတိုင်း တကယ်အတိအကျ လုပ်ကိုလုပ်တော့မည့်သူ ဆိုတဲ့ "အသိ"ပါပဲ။ အဲဒီ "အသိ"ကြောင့်ပင် ထက်ဆင့်နဲ့ ချမ်းတို့ရဲ့ ရှေ့ခရီးဟာ

www.burmeseclassic.com

www.burmeseclassic.com



ကိုစောလွင်ရဲ့ စီးပွားရေး အတက်အကျပေါ်မှာ တည်မှီပြောင်းလဲနေမှာပါလား ... ဆိုတာကိုပါ ထက်ဆင့်က ယုံကြည်လာခဲ့ရသည်။

အဲဒီအခြေအနေမှာပဲ ... စီးပွားရေး ဆုံးရှုံးမှုကြောင့် သာမန် စိတ်ထိခိုက်မှုနဲ့ တပိန်ပိန် တလိမ်လိမ် ဖြစ်နေတာနေမှာဟုသာ ထင်ခဲ့ကြသော ကိုစောလွင်ဟာ ... ကံဆိုးမှုတို့ရဲ့ အဆုံးစွန်အဖြစ် ... "ကင်ဆာ"ဆိုတာကြီးကိုပါ လက်ခံထားရပြီဆိုတာကို သိလိုက်ကြရတဲ့ အခါမှာ ...။

"ထက်ဆင့် ... ထက်ဆင့်ရဲ့ အစ်ကိုသာ မရှိတော့ရင် ထက်ဆင့်နဲ့ ချေမ်းတို့ ကိစ္စကလည်း ဘယ်လိုမှ အလွယ်တာကျ ပျလုပပဧ : အဆုံးသတ်တော့မှာ မဟုတ်ဘူးလို့ အစ်မ ပြောပြီးပြီနော် ... အဲဒီလို မဖြစ်စေချင်ရင်တော့ အစ်မတို့ ဒီအတိုင်း ငြိမ်နေကြလို့ မဖြစ်တော့ဘူး ... ကိုစောလွင်ရဲ့ နေရာကို အစ်မတို့နှစ်ယောက် အပြိုင်ကြိုးစားပြီး ဝင်ကြရတော့မယ် ... ထက်ဆင့်လည်း ကလေးလုပ်နေလို့ မရတော့ဘူး ... တို့ညီအစ်မနှစ်ယောက် ဒိုးတူပေါင်ဖက်နဲ့ ကြိုးစားမှ ... ဒီအခြေအနေလောက်ကို ထပ်အပျက်မခံမှ ... ဝိသမက တို့တွေကို မနိမ်နိုင်မှာ ..."

"ထက်ဆင့် နားလည်ပါတယ် ... အစ်မနဲ့အပြိုင် ကြိုးစားဖို့ကိုလည်း သဘောတူပါတယ် ... ဒါပေမဲ့ အဲဒါဟာ ထက်ဆင့်နဲ့ ချေမ်းနဲ့ ကြားထဲမှာ ကိုငြိမ်းချမ်း ဝင်ဖျက်မှာ စိုးလို့တော့ မဟုတ်ဘူး ... သူသာ ဖျက်ချင်ရင် ထက်ဆင့်တို့ ဘယ်လိုနည်းနဲ့မှ ရှောင်လို့မရနိုင်ပါဘူး ... ဖျက်မယ်ဆိုတာကိုလည်း ထက်ဆင့် ကြိုမြင်ယုံကြည်ပြီးသားပါ ..."

"ထက်ဆင့် ဆိုလိုတာက"

"ထက်ဆင့်က အမေတို့ အမေတို့အတွက် ... ပြီးကျတော့ ကိုယ့်ကိုယ်တိုင်အတွက် ကြိုးစားမှာပါ ... အစ်ကိုသာ မရှိတော့ရင် ကိုငြိမ်းချမ်းက သူ့ညီနဲ့ ထက်ဆင့်ကို သဘောမတူနိုင်တော့မဲ့ ကိစ္စအတွက်လည်း မျှော်စောင့်နေမဲ့ အစားကြိုရင်ဆိုင်ထားဖို့ပဲ ဆုံးဖြတ်လိုက်ပြီ ..."

"ဘယ်လို ... ဘယ်လို ..."

"အဲဒီ မောင်ချေမ်းဟာ သူ့အစ်ကိုကမှ မကျေနပ်ရင် ဘာမှ မဆန့်ကျင် မလှုပ်ရှားရဲတာ ထက်ဆင့် သိနေတာပဲ ... သူ့ဘက်က အပြစ်ကြီးတစ်ခုနဲ့ ရှောင်ရတိမ်းရရင် သူ စိတ်ထိခိုက်နေရှာပါဦးမယ် အစ်မရယ် ... ထက်ဆင့် ဘာလုပ်ရမလဲ ဆိုတာ ကိုယ့်ဘာသာ သဘောပေါက်ပါတယ် ..."

အဲဒီတုန်းကတော့ စိတ်ခိုင်တည်ငြိမ်လွန်းလှတဲ့ ယောက်မနဲ့ ထက်ထက်ဆင့်တို့ သမီးယောက်မနှစ်ယောက်သားဟာ ထစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်အားပေးလို့ ... အလွမ်းဇာတ်သိမ်းတစ်ခုမှာ ဝင်ပါ က,ပြကြရတော့မဲ့ အလွမ်းမင်းသမီးလေး နှစ်ယောက်လို မျက်ရည်လေးတွေ ဘာတွေ ကိုယ်စီ(ခေတ္တ) ကျကြ ပြုကြ ...။



www.burmeseclassic.com

www.burmeseclassic.com



တကယ့် တကယ် ကြုံလာရတော့ စေတနာနဲ့ အနစ်နာခံပါမယ်လို့ ဆုံးဖြတ်ထားပြီးဖြစ်တဲ့ ထက်ထက်ဆင့်လည်း မခံမရပ်နိုင်အောင် ဒေါသတွေပဲ ဖြစ်လို့ ...။ ဘယ့်နှယ့်လဲနော် ...။ သူ့အစ်ကိုကြောင့် သူ စိတ်ဒုက္ခရောက်ရမှာစိုးလို့ ... ကိုယ်က စဖြတ် အနစ်နာခံရတဲ့ ကိစ္စမှာ ... သူ့ဆီက နားမလည်မှုတွေ ... ဒေါသတွေ ... ပြေလည်အောင် ဖြေရှင်းချင်မှုတွေပဲ လက်သင့်ခံရမယ် မှတ်တာ ...။ အမယ် ... မဟုတ်ပေါင် ...။ သူကလည်း ကိုယ့်ကို ဖြတ်မလို့တဲ့။

"ကိုငြိမ်းချမ်းက အစ်ကို့ ရောဂါအကြောင်း သိသွားပြီမို့ လို့လား အစ်မ"

သူ့အစ်ကိုများ ကြုံသိပြီး ခုကတည်းက ဖြတ်နိုင်း လိုက်တာမျိုးများလားလို့ ... နည်းနည်းလေး အမှတ်ပေး ... တွေး ကြည့်မလို့ပါ ...။

"ခုမှ စ,စုံစမ်းရုံလောက်ပဲ ရှိဦးမှာပါ ... အတိအကျ သိပြီ ဆိုရင် သူ ဒီလိုနေကို မနေဘူး ... အိမ်ကို ပေါက်ချလာ မှာ မုချ ... အစ်မ မျက်နှာကို စေ့စေ့ကြည့်ပြီး ဝမ်းနည်း စကား မဆိုဘဲ နေခဲ့သူမျိုးမှ မဟုတ်တာကွယ် ..."

အင်း ... မေးသာမေးရ ... သူ့အစ်ကိုနိုင်းလို့ ဖြတ် ရဟန်လည်း တစ်စက်မှ ပေါက်မနေခဲ့တာ ကိုယ်တိုင် အသိပါ။ ကိုငြိမ်းချမ်းလို လူမျိုးဟာလည်း အဲဒီလို ပညာသားမပါ ဘာမပါ



တဲ့တိုးကြီး ဖြတ်နိုင်းမဲ့သူ မဟုတ်ပါဘူး။ သူ့မှာ ဒီ့ထက်လှပ သပ်ရပ်ပြီး လူကြားကောင်းမဲ့ နည်းလမ်းတွေ တစ်ပုံကြီး ရှိနေ နိုင်မဲ့ လူမျိုးပါ။ အစ်ကိုက ဖြတ်နိုင်းလို့ ဖြတ်ရရှာတဲ့ သူဆို ရင်လည်း ဒီလို အားတက်သရောနဲ့ တက်တက်ကြွကြွကြီးတော့ ရှိမယ် မထင်ပါဘူး ...။

လုပ်ရက်ပါပေ့ ဖိုးဂဠုန်ရယ် ...။ "ကျိုးကြောင်းနိုင် လှပါတယ်"ဆိုတဲ့ သူ့ရဲ့ အကြောင်းရင်းဟာ ဘာများပါလဲ ...။ မနေ့ကတော့ သော်ဇင့် ဆီက ဖုန်းလာပါသည်။

"ဟော့ ... အထက်ဆင် ... နင်ကလည်း ဟိုကောင့်ကို ဖြတ်တယ်ဆို ..." တဲ့။

"အေး ... ဟုတ်တယ်လေ ..." ဆိုတော့ ... "နင် သစ္စာမရှိတာလား ... အသစ်တွေ့တာလား ..."တဲ့ ...။ အမယ် လေး ... လူကို ခုချက်ချင်းပဲ လာရောက် သတ်ဖြတ်တော့မဲ့ လေသံကြီးနဲ့ ...။ သူ့သူငယ်ချင်းတွေများ သူတို့ယောကျ်ားလေး ချင်းဘက်ဆို ပင်းပါ ... ပါပါ ...။

"အသစ်တွေ့ဖို့နေနေသာသာ ရှိပြီးသားအဟောင်းကိုတောင် စိတ်ကုန်လွန်းလို့ပါ ဆိုမှဟာ ..."

"အေး ... ပြီးရော ... ဒီလောက်ဆို အဆင်ပြေနိုင်သေး တယ် ... သုံးပတ်အတွင်းတော့ တခြား ဘာရက်ရက်သဲသဲ မှ ထပ်မကြားရပါစေနဲ့ ..." တဲ့ ...။

www.burmeseclassic.com



ယောက်မဖြစ်သူက သူ့ယောက်ျား အကြောင်းတွေကို ... ကိုငြိမ်းချမ်းထံ တတ်နိုင်သရွေ့ သတင်းမပေါက်လိုသေးသည်မို့ ထက်ထက်ဆင့် ခမျာ ... ကိုယ်နဲ့ အရင်းနှီးဆုံးတွေဖြစ်တဲ့ ပုလဲတို့ သင်းသင်းတို့ကိုပင် ကိုယ့်ရဲ့အကြောင်းရင်းမှန်ကို အမှန်အတိုင်း ပြောပြမထားနိုင်သေး။ ဒါပေမဲ့လည်းပဲ သူတို့ရဲ့ ရှေ့မှောက်မှာတင် ဖွေမျက်ရည်က တစ်ခါလား နှစ်ခါလား ခ,ပြီးခဲ့ရပြီဆိုတော့ ... မိန်းကလေး သူငယ်ချင်းတွေကတော့ ... ကိုယ်လည်းပဲ "ဖြတ်သူ"တစ်ယောက် ဖြစ်ပေမဲ့ "ထက်ထက်ဆင့်မှာ အပြစ်မရှိနိုင် ..."ဟု တညီတညွှတ်တည်း ဘက်ပင်းဆုံးဖြတ်ပေးထားကြပြီး ဖြစ်ပါသည်။

"ဪ ... ဆေးခန်းကအပြန် ထက်ဆင့်ရဲ့အစ်ကိုက ပွဲရုံဝင်ဦးမယ်ဆိုလို့ ... ပွဲရုံဘက်သွားတော့ ... မောင်ဝင်းကျော်နဲ့တောင် တွေ့ခဲ့သေးတယ်"

ဘုရင့်နောင်ပွဲရုံတန်းမှာက အစ်ကို့ပွဲရုံရယ် ... ဝင်းကျော်တို့ မိဘများရဲ့ ပွဲရုံရယ်က ကပ်ရက်ယှဉ်ရက် ဖြစ်ပါသည်။

"သူက သတင်းစကား ပြောသလိုလိုနဲ့ ... တိုင်လျှောက်လိုက်သေးတယ် ... ထက်ဆင့်က ချေမ်းကို ဖြတ်ပစ်လိုက်လို့တဲ့လေ ... အစ်မညီမက စိတ်မှ မှန်သေးရဲ့လား မသိပါဘူးတဲ့ ... အကျိုးအကြောင်းလေး ဘာလေး မေးကြည့်ပေးပါဦးတဲ့"

"ဒါပဲလား ... သူက အဲဒါပဲ ပြောတယ်ပေါ့ ..."



"ဒီပြင် ဘာရှိသေးလို့လဲ ... တို့က ဘာမှတော့ ပြန်မပြောလိုက်တော့ပါဘူး ... ထက်ဆင့် ဒီလိုပဲ လုပ်တော့မယ်ဆိုတာ ကြိုရိပ်မိပြီးသားပဲဟာလေ"

သူတို့ ယောက်ျားလေးတွေဟာ သူတို့ဘက်ကအများဆုံးတော့ တတ်နိုင်သရွေ့ ဝိုင်းဝန်းသတင်းဖုံးအုပ် ဖျောက်ကွယ်ထားချင်ကြပုံ ရသည်။ တော်တော်လေးကို သိုင်းဝိုင်းပြီး မတရားကြတဲ့ သတ္တဝါတွေပါလား ...။ အေးလေ ... ကြည့်ကြသေးတာပေါ့နော် ... ဖိုးဂဠုန်ရယ် ... သုံးပတ်ပြည့်တဲ့ အခါမှာ ထက်ထက်ဆင့်တာ မင်းကို လှလှပပလေးမှ အနိုင်မယူရရင် ... ကိုယ့်ကိုယ်ကိုယ်ညှံ့စာရင်းထဲပဲ သွင်းထားလိုက်ပါတော့မယ် ...။

ထက်ထက်ဆင့်က ပုလဲထံ ရုတ်တရက် မှန်းကောက်သည့်လိုက်သည်။

"ဒေါ်ပုလဲ ... ရှင့်ရဲ့ ရင်ထဲမှာ မောင်သော်ဇင့် အတွက် အချစ်ပန်းပွင့်ကလေးတွေ အဖွမ်းကုန်ပဲ ပွင့်လန်းတင့်ဆန်းနေကြပြီဆို ..."

"ရှင့်စကားလုံးတွေလည်း နားကြားပြင်းကတ်စရာကြီးတွေ ထက်ဆင့်ရယ် ... ရိုးရိုးပြောလည်း ရပါတယ်ဟာ ... ရှင်စိတ်ချထားစမ်းပါ ... ဘာမှန်းမသိ ညာမှန်းမသိ ... ရှင်တို့ရဲ့ အခြေအနေတွေက ရုတ်ရုတ်သဲသဲကြီး ဖြစ်နေသေးတဲ့ ကာလအတွင်းမှာတော့ ... သင်းဘာသာ မပျော်နိုင်လို့ပဲ သေသေ ... ကျုပ်က တစ်ဖက်သတ် စိတ်ကြေညာ

www.burmeseclassic.com

www.burmeseclassic.com



ထားပြီးသားပါ ... သစ္စာမဖောက် ... ဘက်မပြောင်းသေးပါဘူးဟာ ...”

“မဟုတ်ဘူး ... ကျုပ်ပြောချင်တာက ရှင် မနက်ဖြန်ပဲ အဖြေပေးလိုက်ပေတော့ ...”

“ဟဲ့ ...”

“အမယ် ... လေသံကိုက ... သိပ်မကျေနပ်သလိုလို ...”

“ကျေနပ်တယ် မကျေနပ်တယ်တော့ ဘယ်ဟုတ်ပါ့မလဲ ... ဒါပေမဲ့ အနှစ်နှစ် အလလ တွဲခဲ့ကြတဲ့ ရှင်တို့နှစ်ယောက်တောင်မှ ဒီလိုကြီးဆိုတော့ ကိုယ့်အလှည့်ကျရင်ကောလို့ တွေးပြီး စိတ်ပူမိသေးတာတော့ အမှန်ပဲ ...”

“အပိုတွေ ... ဘယ်လောက် စိတ်ပူပူ ... ပြီးကျရင်တော့ ဒီလူကြီးပဲ ရွေးမှာပဲ မဟုတ်လား ...”

“အဲဒါကတော့ဟယ် ...”

“ကဲပါ ဒေါ်ပုလဲရယ် ... ကျုပ်ဆိုလိုချင်တာက ကျုပ်ကို ကူညီစမ်းပါ ... ရှင်မကျေနပ်တဲ့ လူတစ်ယောက်ကို အတင်း ပြန်ကြိုက်ခိုင်းနေတာလည်း မဟုတ်ဘူးဟာ ... ဟန်ဆောင်ခိုင်းတာမျိုးလည်း မဟုတ်ဘူး ... ရှင်လည်း ပြန်ကြိုက်ကိုကြိုက်တော့မှာဟာကို ... အချိန်လေးနည်းနည်း ရွှေ့တိုးလိုက်တော့ ဘာဖြစ်သတုန်း ...”

“ဘာမှ မဖြစ်ပါဘူး ...”

“အေး ... ပြီးရောပေါ့ ...”





“အေးနော် ... ကျုပ်က ရှင့်ကို ကူညီရတာပဲ ဖြစ်ပစေနော် ... ရှင်က ကျုပ်တော့ အချိန်ဆွဲထားပြီး အောင့်အီးနေရပါပြီဆိုပြီး ဓာတ်ဖက်လှည့်နဲ့ ပြန်ကူညီလိုက်မှာမျိုးတော့ မဖြစ်ပါစေနဲ့ ...”

“မဟုတ်ပါဘူး ... ကျုပ်မှာ တကယ်အကျိုးရှိပါတယ် ...”

“ဘာအကျိုးလဲ ...”

“ပထမဦးဆုံးကတော့ ရှင့်ရဲ့ မောင်ဆော်ဇင်ဟာ ဝမ်းသာမသွားနိုင်ရှာသေးဘဲ ... သူ့လူကို သူပြေးပြီး သံတော်ဦးအရင်တင်လိမ့်မယ် ... အဲဒီမှာတင် ကျုပ်တို့ဘက်က စတင်တဲ့ တိုက်ကွက်ဟာ ဘာပါလိမ့်လို့ ... သင်းတို့ မျက်လုံးပြူးကုန်ကြလိမ့်မယ် ... ဒီအခြေအနေကြီးနဲ့တော့ ဒီအုပ်စုထဲမှာ ဘယ်သူကမှ ဒီအချိန်ကို မရွေးဘူးဟာ ... သာမန်အတိုင်းဆို နောက်ဆုတ်ရက်ဆွဲထားကြမှာပဲ ဆိုတာ သူတို့ တွက်ကို တွက်မိကြမှာပဲ ... နောက်ပိုင်းမှာတော့ ရှင့်ရဲ့သစ္စာရှိနိုင်မှုနဲ့ အကွက်မြင် သတင်းနိုက်နိုင်မှုတွေကိုပဲ ကျုပ်က ကြည့်ကျက် အားကိုးရမှာပဲ ...”

“ဟား ဟား ... ပျော်စရာကြီး ...”

အင်း ... အင်း ... ပျော်ပါ ...၊ ပျော်ပါ ...။ ပျော်နိုင်သူတွေ ပျော်ကြပါ။ ထက်ထက်ဆင့်ကတော့ မပျော်နိုင်တော့တာကြာပါပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခများ လောလောလတ်လတ်ကလေး ရရှိလိုက်သော ချစ်အဖြေက သူငယ်ချင်း ပရိသတ်တို့ရဲ့ အမြင်မှာ အချစ်စစ်ပဲ မဟုတ်သလိုလို ...၊ "အင်"ကြီးပဲ ဖြစ်နေသလိုလိုမို့ သော်ဇင့်မှာ မကျေမနပ်ကြီးနှင့် ပျော်ပဲ မပျော်နိုင်သလိုလို ... ဂုဏ်ပဲ ငယ်ရတော့မလိုလိုကြီး ဖြစ်နေရရှာပါသည်။

"ဟော့ ... ပုလဲရဲ့ သိက္ခာကိုတော့ ဒီလောက်ပေါ့ပေါ့တန်တန်ကြီး မတွက်ကြပါနဲ့ကွာ ... ငါ့မှာ သူ့ကို နှစ်နှစ်နှစ်မိုးတိတိ ... ကတိကဝတ်ပေါင်းများစွာနဲ့ လိုက်ယူထားရတာပါ ... မင်းတို့ ထင်သလို 'အင်'ကြီးတော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ပါဘူး ..."

"အဲဒီလိုလည်း မပြောပါဘူး ဖိုးသော်ဇင်ရာ ... ဒါပေမဲ့ အချိန်က နည်းနည်းစကားပြောနေတယ်ကွ ..."

"ဘာဖြစ်လဲကွာ ... ဘယ်လိုအချိန်မျိုးကို ရှောင်ရမယ် ဆောင်ရမယ် ဆိုတာ အချစ်မှာ ပြဋ္ဌာန်းချက် မရှိပါဘူး ..."

"ပြဋ္ဌာန်းချက်တော့ မရှိဘူး ... တိုက်တွန်းချက်တော့ ရှိနိုင်တယ်ကွ ... ဒါ ဘေးဘီတွန်းအား အများကြီးပါတယ် ..."

"မင်းတို့ ဆိုလိုတာက သူ့စိတ်ထဲကတော့ တကယ်မပါဘဲနဲ့ ..."





"နိုး ... နိုး ... အဲဒီသဘောလည်း မဟုတ်ရပါဘူး ... ဒါပေမဲ့ မင်းကို အဖြေပေးလိုက်ပြီးပြီ ဆိုတာနဲ့ ... အဲဒါရဲ့ နောက်ကွယ်မှာ ... အကြံအစည်တွေ ... ရည်ရွယ်ချက်တွေ ... သတင်းဖြန့်ချိရေးနဲ့ ... ပြန်နှိုက်ယူရေး တာဝန်တွေကတော့ တစ်ပုံကြီးပဲ ကပ်ပါလာလိမ့်မယ် ..."

ဟုတ်နေသဖြင့် ... ဒီတစ်ချက်မှာတော့ သော်ဇင်က ယ်လိုမှ စောဒက မတက်သာ ...။ သူငယ်ချင်းတွေ ဘဝနဲ့ နေ ်င်းနီးပါး တွေ့နေကြရသော်လည်း ... ချစ်သူရည်းစားဘဝနဲ့ ာမဦးဆုံးအကြိမ်အဖြစ် ချိန်းဖြစ်ကြတဲ့နေ့မှာ ... သော်ဇင့်ခများ ာ့ ယောက်ျားကြီးတန်မဲ့ ... ရင်ပဲ ထုးခြားပြီးနေရတော့မလို ိ ... ကဘောက်တိ ကဘောက်ချာ ယောင်ကမ်းကမ်းတွေပဲ ်ရတော့မလိုလို ...။ ရှက်ကိုးရှက်ကန်းနဲ့ စကားပဲ နည်းရတော့ ိုလို ...။

အမယ် ... မချောကကျတော့ သူ့ဘာသာပဲ စိစဉ်လာ ာလား ... တစ်ယောက်ယောက်ကပဲ နှုတ်တိုက်ချပေးလိုက်လေ လား မသေချာသော သူများတကာရဲ့ အရေးအခင်း သတင်း လင်းစုံကို သူ့ဘက်ကနေလည်း ထုတ်ပေး ... သော်ဇင့်ဘက် လည်း နှိုက်ယူ ...။

"ပုလဲရယ် ... ငါ ဒီအချိန်မှာ ဒါတွေ စိတ်မဝင်စားပါ း" ... ဆိုတော့ ...

www.burmeseclassic.com



“ငါကတော့ ... အဲဒါတွေကိုပဲ စိတ်ဝင်စားနိုင်မယ်ပေါ့ ... ရှင်းရှင်းပဲ” ... တဲ့ ...။ ကဲ ...။

သော်ဇင် ခမျာ ... တစ်ဖက်ကနေ ချစ်သူတစ်ယော 'ကောက်'ခနဲ ရလိုက်၍ ဂုဏ်ငယ်ရသလို ... တစ်ဖက်မှာလည် Reporter(သတင်းထောက်)ပဲ လုပ်စားလုနီးနီး အတက်ကြီးတ ကြွလို့နေသော ဝင်းကျော် တစ်ကောင်ကြောင့် ... ကြဲဖန်ဂုဏ် လို့ နေရပြန်ပါသေး။

“ထူးခြားတဲ့ တစ်ချက်ကတော့ ဘုရင့်နောင်က ပွဲရုံ အခု ကိုစောလွင် မလာတော့ဘူးကွ ... အထက်ဆင် နေ့တိုင်းလာပြီး အလုပ်ဆင်းနေတယ်”

“အဲဒါ ဘာထူးခြားသလဲ ...”

သော်ဇင်က အငေါ်တူးပစ်လိုက်သည်။

“ဟာ ... ထူးခြားပြီလားကွာ ... ခါတိုင်း ကိုစောလွင် အမြဲလာနေတာ ... အခု အထက်ဆင်ပဲ ရောက်လာတော တယ် ... အမယ် ... ခပ်တည်တည်ကြီးနော် ... တကယ် လုပ်ငန်းရှင် မမကြီး တစ်ယောက်ရဲ့ မျက်နှာနဲ့ ...”

“အဲဒါနဲ့ ... ဧချမ်းတို့ ကိစ္စနဲ့ ... ဘယ်လို ဆိုင်ရ လဲ ...”

“ဟာ ... ဒီလိုတွက်လို့ ရတယ်လေ ... ဧချမ်းက ကိုငြိမ်း ချမ်းရဲ့ လက်အောက်ခံ လက်ဆေ့ ဘဝလောက်ပဲ ရှိသေး တယ် ... သူကတော့ တကယ့် ကိုယ်ပိုင်လုပ်ငန်း တစ်ခု





ကိုရပြီးသွားပြီဆိုရင် ... ရတ်တရက် နေရင်းထိုင်ရင်း မာနတွေ စွတ်ကြီးပြီးတော့ ...”

“ဘာအဓိပ္ပာယ်မှ မရှိဘူး ...”

ဧချမ်းက တစ်ခွန်း ဝင်အော်ပစ်လိုက်တော့မှပင် ...င်းကျော် တစ်ယောက် နှုတ်ပိတ်သွားပါတော့သည်။ ဒါတောင်မှ ...မ်းတို့မှ မမြင်ကြရသေးဘဲနဲ့ ... ငါ့တောင် သိပ်နှုတ်ဆက်ချင် ... ဟန်ပန်မရှိဘူးကွ ... မိုးမမြင် လေမမြင် စတိုင်မျိုးကို ဖွတ် ...ထားသလိုလိုကြီး ...”ဟု သူ့ယူဆချက်ကို ဇွတ်ကြီးဆက်တင် ...ဖို့ ကြိုးစားနေပါသေးသည်။

“မင်းလို ပြောရမယ် ဆိုရင်တော့ ဝင်းကျော်ရာ ... ငါ့ထင်တာကမှ ပိုမှန်နေနိုင်သေး ...”

“ဘာလဲ တင်မောင်ဦး ...”

“အထက်ဆင်တို့ ထိပေါက်တယ်ကွ ... သူများပြောတာ မဟုတ်ဘူး ... ငါ့ မျက်မြင် ...”

“ဟာ ... လာပြန်ပြီ တစ်ယောက် ... အဲဒါကကော ဘာ အဓိပ္ပာယ်လဲ ... မျက်မြင်ဆိုတာကကော ဘာလဲ ... သူ့ ထီလက်မှတ်နံပါတ် မင်းသိလို့လား”

“သူ့ခြံထဲကို (----)ထီဆိုင်က ထီကားကြီး မောင်းဝင် သွားတာ ငါ့မျက်စိနဲ့ တွေ့တာကွ ... SUZUKI PICKUP ကားသေးသေးမှာကွာ ... လော်စပီကာနဲ့ အော်လံကြီးက ရှေ့တစ်လုံး ... နောက်တစ်လုံး ...။ ပြီးတော့ “ထီ ... ထီ

www.burmeseclassic.com

www.burmeseclassic.com



နေပါက်ပါပြီ ... သူဌေးကြီး ဖြစ်ပါပြီ ... လှူမည် ... တန်
မည် ... ဒါနသီလမျိုးစေ့ချလို့ ..." သိတယ်မှတ်ထားကွ
အဲဒီသီချင်း ... အဲဒီသီချင်းကို ဟိန်းနေအောင် ဖွင့်ထားတ
ကွ ... ဘာပြောကောင်းမလဲ ... တစ်ရပ်ကွက်လုံး ကိုယ်
ခြံထဲတွေကတောင် ထွက်ကြည့်ကြရပါတယ်ဆို ... ငါထ
တာတော့ မင်္ဂလာစုံတွဲတွေ ဘာတွေ လှည့်ပတ်ပေါက်
တာတောင် ဖြစ်မယ် မထင်ဘူး ... သိန်းသုံးရာကြီး 'တဲ့
ပဲနဲ့ တူပါရဲ့ ..."

"သိန်းသုံးရာနဲ့ စိတ်ထားပြောင်းရမလားကွ ..."

"မဟုတ်ဘူးလေ ... သိန်းသုံးရာပေါက်ရင် အဲဒီလို ထီဆိုင်
မျိုးတွေက ပိုက်ဆံပဲဖြစ်ဖြစ် ... ပစ္စည်းပဲဖြစ်ဖြစ် နောက်
ထပ် သုံးရာဖိုးလောက် ထပ်ပေးသေးတယ် ... သိန်းခြောက်
ရာ ..."

"ထွတ် ... သိန်းခြောက်ရာရလို့ ငယ်ပေါင်းရည်းစားတ
တစ်ခါတည်း ကောက်ဖြတ်ပစ်တယ် ဆိုတဲ့ မိန်းမမျိုး
တစ်ခါမှတောင် မကြားဖူးဘူး ... မသကာ ... ချက်ချင်
ကောက် လက်ထပ်ပစ်တယ် ဆိုမှ ... ဟုတ်တုတ်တုတ် ..."

"အေးလေ ... ဟုတ်ပါရဲ့ ... အတွေးအခေါ်ကလည်
နှုတ်လိုက်တာ ..."

"ငါကလည်း ဟုတ်တယ်လို့ အတိအကျ မပြောပါဘူး ...
ဝင်းကျော်က ပွဲရုံပိုင်ရှင်ကြီး ဖြစ်သွားလို့ စိတ်ထားပြောင်



တာလား ဆိုလိုသာ ... အဲဒီလို ဆိုရင်တော့ ထီပေါက်လို့
ကမှ ပိုဖြစ်နိုင်သေးတယ်လို့ ဆိုလိုတာပါ ..."

ချွမ်းမှာ တင်မောင်ဦး၏ အယူအဆကို လက်မခံသော်လည်း ... အထက်ဆင်တို့ ထီအကြီးအကျယ် ပေါက်သည် ဆိုတာကိုတော့ဖြင့် စိတ်ညစ်စရာတွေကြားက စိတ်ချမ်းသာဖွယ်ရာ တစ်ခု ရှာတွေ့လိုက်ရသလို ပြုံးတုံးတုံးနှင့် ကျေနပ်နေမိပြီးမှ ...

"သူ ဘယ်လောက်ပေါက်သလဲ မသိဘူးနော် ..."

"အောင်မယ် ... ရှယ်ယာမခွဲလိုက်ရလေခြင်းပေါ့လေ ...
ဘာလဲ ... မင်းနဲ့ စပ်တူထိုးထားကြတာလား ..."

ချွမ်း တစ်ယောက် ထိုင်နေရာမှ "ငေါက်"ခနဲ ခုန်ထလိုက်မိကာ နှုတ်ကလည်း "ဟာ"ခနဲ ခပ်ကျယ်ကျယ်ပါ အော်လိုက်မိပါသည်။ ဤတွင် ဉာဏ်ပြေးလှသော တင်မောင်ဦးကလည်း လက်ဖျောက်တစ်ချက်ကို ကျယ်လောင်စွာ တီးခတ်ရင်း ...

"အထက်ဆင်တော့ အကျင့်ယုတ်ပြီ ထင်တယ် ... သူ
ဘာသာ ထီပေါက်လို့ မာနကြီးသွားတာမျိုး မဟုတ်ဘဲ ...
စပ်တူအုပ်ကနေ ပေါက်တာကို ... ရှယ်ယာခွဲပေးရမှာစိုးလို့
သက်သက် ယုတ်မာလိုက်တာမျိုး ဖြစ်မယ်ကွ ... မင်းကို
သူ ဖြတ်တဲ့နေ့ ... ပြောစမ်း အတိအကျ ... ဟာ ... သေ
ချာတယ်ကွာ ... ကိုးရက်နေ့ပဲ ... ကဲ ..."

"ဟာ ... အထက်ဆင်က အဲသလောက် ဆိုးသလားကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုးနေပြီလေ ... ကွက်တိပဲ ... ကဲ ... အဖြေထွက်ပြီ"

ခေါင်းလေးလုံး ချက်ချင်း"ဖြုန်း"ခနဲ ဆိုင်သွားကြသည်။

"ပုလဲကလည်း ငါ့ကို အရိပ်အမြွက်လေးတောင် ဘာမှ ပြောမပြဘူး ..."

"ပြောမလားကွ ... ကိုယ့်ရဲ့ ကလိမ်ကလက်တွေကို ဘယ်သူကများ ဝေဝေဆာဆာကြီး လျှောက်သတင်းဖြန့်နေမှာ မို့လို့လဲ ... ပုလဲတောင် သိချင်မှ သိမှာ ..."

သော်စင်က "ဟုတ်တယ် ... ဟုတ်တယ် ... ပုလဲ မသိနိုင်ဘူး ... ဒါမျိုးတော့ ပုလဲက ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး"ဟု ဝင်ကာကွယ်နေသေးလျှင် ... ဝင်းကျော်က သော်ဇင့်ရဲ့ ဇက်ပိုးကို တစ်ချက်လော်က် ရိုက်ပေးလိုက်ကာ ...

"ဟော့ကောင် ... ချေမ်း ... မင်းတို့ ထိုးထားကြတဲ့ ထီ စာအုပ်နံပါတ်တွေ မင်း သိလား ..."

"ဘယ်သူက မှတ်ထားမှာလဲကွ ... တစ်ယောက် တစ်အုပ် စီလေ ... စုစုပေါင်း ... နှစ်အုပ် ... ငါက ရေရေရာရာ ရှိတာမဟုတ်ဘူးဆိုတော့ နှစ်အုပ်လုံး သူပဲ သိမ်းထားမယ် ဆိုပြီး သူ့ပဲ ပေးထားလိုက်တာပဲ ..."

"ဟာ ... မင်းကလည်းကွာ ... တစ်ယောက် တစ်အုပ်စီ သိမ်းထားရင်တောင် ... Chance(အခွင့်အရေး)က မင်းဘက် မှာ ငါးဆယ်ရာနှုန်း ရှိနိုင်သေးတယ်"



"ဟာ ... ငယ်ပေါင်းအချင်းချင်း စပ်တူထီထိုးတယ်လည်း ပြောသေး ... ပေး ... ငါတစ်အုပ် သိမ်းထားမယ်ဆိုရင် ရကောင်းပါမလားကွ ... သူ့ မယုံရာ ကျမှာပေါ့"

"ခုတော့ ... ယုံချင်စရာ မရှိတာ မင်းသိရပြီလေ ... ငွေ လည်းဆုံး ... ရည်းစားလည်းပြတ် ... မင်းမှ တကယ့်ကို မောင်ဧ နှစ်ခါနာပါပဲကွာ ..."

"အား ... သိပြီ ... ထီလက်မှတ်တွေမှာ ရေးလို့မရတော့ လို့ ထီဆိုင်က လိပ်စာလက်ခံတဲ့ စာအုပ်ထဲမှာ "အတိတ် ... အိမ်ထောင်ပြုရန်"လို့ နောက်ပြီး ရေးပေးခဲ့လို့ ... အဲဒီလောက် အရှက်နည်းရသလားဆိုပြီး ... သူနဲ့ငါတောင် ရန်ဖြစ်ကြ ရသေးတယ် ..."

"ဒါဆို ရတယ်ဟော့ကောင် ... ထီနံပါတ်တွေ မသိလည်း အဲဒီထီဆိုင်က ကြော်ငြာထည့်ရင် ... "အတိတ် ... အိမ် ထောင်ပြုရန်" ဆိုတာကြီးကိုပါ ထည့်ကြော်ငြာမှာပဲ ... အထက်ဆင်တော့ ဘာမှ ငြင်းလို့မရနိုင်ဘူး ..."

"အဲဒါ ထည့်မကြော်ငြာရင်တောင် ... နောက်လလောက်ကျ မဂ္ဂဇင်းတွေ ... စာစောင်တွေမှာ ... အထက်ဆင် တစ်ယောက် စလွယ်ကြီးတွေ ဘာတွေ ပြုံးပြုံးကြီးလွယ်ပြီး ခေါင်းဆောင်းသရဖူကြီးတွေနဲ့ ... "သူဌေးမကြီး"ဆိုပြီး ပါလာမှာပဲဟာ ..."

www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ဘူးလေ ... ဒါပေမဲ့ သူ့ဘာသာသူ သပ်သပ် ထပ်ထိုးထားတဲ့အုပ်က ပေါက်တာပါ ... ဘာညာနဲ့ဖြီးလို့ ရနိုင်သေးတယ်လေ ... ဒီအတိတ်နဲ့အုပ်က ပေါက်တာပါ လို့ ဆိုင်က ပြောရင်တော့ ဘယ်လိုမှ ငြင်းလို့မရနိုင်တော့ ဘူးပေါ့ ... ကောင်းတယ်ကွာ ... အတိတ်ရေးမိကာက မှန်သွားတာ”

“ကဲ ... အခု ဘယ်လိုလုပ်ကြမလဲ ...”

“ထီဆိုင်ကို ဖုန်းဆက်ကွာ ...”

“မဟုတ်ဘူး ... ကိုယ့်မှာလည်း ဘာမှအထောက်အထား လက်ဆုပ်လက်ကိုင်လည်း ရှိတာလည်း မဟုတ်ဘဲ ထီဆိုင် ကို လှမ်းဆက်ရင် ... လူလိမ်တွေ လာလိမ်နေတဲ့သဘော ပဲ ဖြစ်သွားမယ် ... ဖြစ်သင့်တာက အထက်ဆင်ဆီကိုသာ လှမ်းဆက် စုံစမ်းကြည့်ရမယ် ... ဟောကောင် တင်မောင်ဦး မင်းမြင်တာ သေချာတယ်နော် ...”

“ဩော် ... သေချာပါတယ်ဆိုမှ ... တစ်လမ်းလုံး ပွဲတော် ကြီးလိုကို ဖြစ်သွားတာ ... အဲဒီထီကားကလည်း တော်ဘုရား ပွဲကြီးတစ်ခုလုံးထက်တောင်မှ အသံကျယ်သေးတာကိုး ကွ မယုံရင် အဲဒီလမ်းထဲက တစ်အိမ်အိမ်ကို အရင်ဖုန်းဆက် မေးကွာ ...”

“ငါ့ကို သူဖြစ်ချင်ရတဲ့ အကြောင်းရင်းကိုပဲ တိတိကျကျ သိချင်တာနော် ဟောကောင်တွေ ... ပိုက်ဆံတစ်ဝက်



ရှယ်ယာပြန်ခွဲဖို့တွေ ဘာတွေ မင်းတို့ ဘာမှ ထည့်မရှည် မိစေနဲ့ ... ငါ တစ်ပြားမှ မလိုချင်ဘူး ...”

“အေးပါကွာ ... အဲဒါတွေ ဘာတစ်ခုမှ ထည့်မပြောပါ ဘူး ... မင်းရဲ့စိတ်ဓာတ်ကို ငါတို့ သဘောပေါက်ပါတယ် ချမ်းရာ ... သူ့ဆီ ဖုန်းလှမ်းဆက်တာ ... ငါတို့လို့တောင် မသိစေရပါဘူး ... ထီဆိုင်ကပဲ ဆက်သလိုလိုနဲ့ လုပ်ပြီး မှ ... ဘယ်လောက် ပေါက်သလဲဆိုတာကို ကိုယ့်နည်း ကိုယ့်ဟန်နဲ့ စုံစမ်းယူမှာပါ ... စိတ်ချစမ်းပါ ...”

ကျန်သုံးယောက်စလုံးကပင် ဖုန်းလှမ်းဆက်သင့်သူ မှာ “တင်မောင်ဦး”ဟု ဝိုင်းသတ်မှတ်လိုက်ကြပါသည်။ တင်မောင် ဦးမှာလည်း “သုံးပတ်”အတွင်း မဖြစ်ဖြစ်အောင် ဖော်ရမည့် “အကြောင်းရင်း” ပြဿနာက ကိုယ့်စွမ်းဆောင်ချက်နှင့် “တစ် ပတ်”မပြည့်သေးခင်မှာပဲ ဘွားခနဲ ပေါ်လာသလို ဖြစ်ရတော့မှာ မို့ တက်တက်ကြွကြွနှင့်ပင် ဖုန်းကောက်လှည့်လိုက်ကာ ...

“ဟလို ... အထက် ... အဲလေ ... ဒေါ်ထက်ထက်ဆင့်များ ရှိပါသလား ...”

သော်ဇင်က တင်မောင်ဦး၏ ပခုံးကို ဆောင့်တွန်း လိုက်သဖြင့် တင်မောင်ဦး ခချာ ယိုင်တိုင်ဘိုင် ဖြစ်သွားပြီးမှ အမှန် ပြန်ထွက်လာပါသည်။

“ဟလို ... ဟုတ်ကဲ့ ... ဒေါ်ထက်ထက်ဆင့်ပါလား ခင် ဗျာ ... ကျွန်တော်တို့(---)ထီဆိုင်ကြီးကပါ ... ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ ဆိုင်ကနေ ဒေါ်ထက်ထက်ဆင့် ထိပေါက်တဲ့ကိစ္စလေး အတွက် ဆွေးနွေးစရာရှိ ... အဲ ... အဲ ..."

လေသံကို တမင်ဖျက်ကာ ပြောနေရသော တင်မောင်ဦးမှာ ... ကိုယ့်စကားမဆုံးခင် "ဘာ"ဟု အကျယ်ကြီး ဖြတ်အော်ပစ်လိုက်သော ထက်ထက်ဆင့်ရဲ့ ဒေါသသံကြီးကြောင့် ... စကားထပ်မဆက်သာအောင်ပင် ဖြစ်သွားရပါသည်။

"ရှင်တို့ ဘယ်လိုဖြစ်နေကြသလဲ ... အဲဒီနေ့ကလည်း အုတ်အော်သောင်းနင်းနဲ့ ... ထိပေါက်ပါပြီ ဘာညာနဲ့ သီချင်းတွေ အကျယ်ကြီး ဖွင့်လာတော့ ... အမျိုးအဆွေတွေနဲ့ တစ်ရပ်ကွက်လုံးက ကျွန်မတို့ကို သိန်းသုံးရာလောက်ကြီး ပေါက်ပြီပဲ ထင်ကြတော့တာပေါ့ ..."

"အဲ ... အဲ ... မဟုတ်ဘူးလားခင်ဗျာ ..."

"ဘာ ... ဘာလို့ ဟုတ်ရမှာလဲ ... ကိုယ့်အကြောင်းကိုယ် မသိဘူးလား ... ရှင်တို့ဆိုင်က ထိပေါက်တယ်လို့ ကြော်ငြာရချင်တိုင်း ... ဒီလိုပေါက်ကရနည်းမျိုးနဲ့ ထင်ယောင်ထင်မှား ဖြစ်ကုန်အောင် လုပ်စရာလား"

"အဲ ... မပေါက်ဘူးလား ခင်ဗျာ ..."

"ပေါက်တော့ ပေါက်တာပေါ့ ... ဒါပေမဲ့ တစ်သောင်းဆုကလေးလောက် ပေါက်ရုံနဲ့ ... တစ်ရပ်ကွက်လုံး လန့်ထိတ်ကုန်ရလောက်အောင်ကို သီချင်းကျယ်ကြီးဖွင့်ပြီး အိမ်လာပြောစရာလား ... အဲဒါ ကျွန်မတို့ကို စေတနာနဲ့သိ



စေချင်တာထက် ရှင်တို့ဆိုင်ကိုသာ ရှင်တို့ ကြော်ငြာပစ်လိုက်တာ ... ဘာထိမှလဲ ထပ်မထိုးနိုင်ဘူးလို့ အဲဒီနေ့ကတည်းက ကျွန်မ အပြတ်ပြောပြီးသားနော် ... စေတနာလိုလိုနဲ့ ထိစာအုပ် အတင်းလာထပ်ရောင်းတာများ ... ရိုးနေပြီ ... လူတွေကို အရူးမှတ်မနေနဲ့ ... အဲဒီလောက်တော့ သိသေးတယ်မှတ် ... ဘာလဲ ... အခုကော ... ဘာစတန့်ထပ်ထွင်ဦးမလို့လဲ ... ကျွန်မက "တစ်သောင်းဆုရှင်ကြီး"ဆိုပြီး ဂျာနယ်တွေထဲမှာ ဓာတ်ပုံရိုက် ခံရဦးမှာလား"

တင်မောင်ဦး ခမျာ ... အတန်တန် ထိန်းထားသည့်ကြားက ... "ဖွီး ... ဟီး ဟီး"ဟု မအောင့်အည်းနိုင်တော့သော ရယ်သံကြီး ထွက်သွားမိလျှင် ... ထက်ထက်ဆင့် ဘက်မှ စကားသံက ရုတ်တရက် တိခနဲပြတ်ကာ တိတ်ကျသွားပါသည်။ ပြီးမှ ချက်ချင်းပင် ... အသက်ရှူသံပြင်းပြင်းကြီး တစ်ခုနှင့်အတူ ... "လော်"ဆယ်လုံးလောက် တစ်ပြိုင်နက် တပြိအော်ပစ်လိုက်သည့် အသံထွက်မျိုးဖြင့် ...

"တင်မောင်ဦး ..."

"ဟော ... အဲ ... ဟိုဒင်း ... နင် ဘယ်လိုလုပ် သိသွားသလဲ ..."

"တောက် ... ဒါ နင်တို့ ဘာလုပ်ကြတာလဲ ... ဪ ... သိပြီ ... သိပြီ ... ထိပေါက်တယ် သတင်းကြားလို့ ... တစ်ဝက်လိုချင်တဲ့သူကလည်း လောဘကြွတယ်ပေါ့လေ ...

www.burmeseclassic.com



ပြောလိုက် ... နှင့်သူငယ်ချင်းကို ... ကြိုက်တဲ့တစ်ယောက် အိမ်မှာ အချိန်မရွေးလာပြီး ငါးထောင် လာယူချေလို့ ... အမယ်လေးနော် ... တစ်သက်လုံး ဖုံးထားတဲ့ အတွင်းစိတ်တွေ ခုမှ တစ်ပြိုင်နက် စုပေါ်ပါတော့တယ် ... ငွေကလေး ... ငါးထောင်နဲ့များ အသံတုတွေ ဘာတွေနဲ့ အကြံအဖန်လုပ်လို့ ... မကြုံဖူးပေါင် ...”

“အဲ ... ဒီလိုတော့လည်း မဟုတ် ...”

တင်မောင်ဦးရဲ့စကား မဆုံးလိုက်ရပါ ...။ ထက်ထက်ဆင့်က “ဂွပ်”ခနဲနေအောင် ဖုန်းချသွားခဲ့၍ ဖြစ်ပါသည်။ ဒီဘက်က ပြောနေသည့် စကားတွေကို ကြားရုံနှင့် တင်မောင်ဦး တစ်ယောက်တော့ အခြေမလှတော့ဘူး ဆိုတာကို ကြိုသိပြီးဖြစ်သော သုံးယောက်မှာ ဖုန်းချလိုက်ပြီးတာနှင့် မြန်မြန်ထက်ထက်ပင် ...

“ဘာတဲ့လဲ ... မင်းမှန်း ဘယ်လိုလုပ် သိသွားသလဲ ...”

“သိပ်လည်တယ်ကွ ... သိတော့ စိတ်ဆိုးသွားတာပေါ့ ... အထက်ဆင်ပဲဟာ ... သူများမှ မဟုတ်တာ ... အာပြဲမ ... နားကို အူသွားတာပဲ ...”

“လိုရင်းကိုသာ ပြောစမ်းပါ ... ဘာတဲ့လဲ ...”

“ထိဆိုင်က သူ့ကို တစ်ဖက်လှည့်နဲ့ ထိလာထပ်ရောင်းတာကို စိတ်ဆိုးနေတာကွ ... ပေါက်တာက တစ်သောင်းတည်းတဲ့ ... မင်းကိုလည်း ပြောလိုက်တယ် ... ဒီလောက်



လောဘထွက်နေရင် ... ကြိုက်တဲ့အချိန် ... ကြိုက်တဲ့လူ လွှတ်ပြီး ငါးထောင် လာယူချေတဲ့ ...”

“သေလိုက်ပါတော့ကွာ ...”

“သေလိုက်ပါတော့”ဟူသော စကားမှာ ချေမ်းက ...ကိုယ်သူသာ ရည်ညွှန်းခြင်းဖြစ်သော်လည်း ... တကယ်သေရ ...မည့်သူမှာ တင်မောင်ဦးသာလျှင် ဖြစ်နေပါတော့သည်။ ...မ်း ဆီမှ အထုအထောင်း၊ ဇက်ပိုးအုပ်၊ လက်သီး၊ ဆောင့်ကန် ...ဘာတွေ ... တင်မောင်ဦးထံ ဆက်တိုက်တရစပ် ဆိုသလို ဝင်...က်လာကြသောကြောင့်ပင် ...။

ဟိုနှစ်ကောင်ကလည်း ကြုံတုန်းကြိုက်တုန်း တစ်...က်ကို အဆစ်သဘော ... တစ်ချက်၊ နှစ်ချက်လောက်စီ ...ဆို ဝင်ပေးလိုက်ကြပါသေး။

www.burmeseclassic.com

www.burmeseclassic.com



ပုလဲက ..."ကျုပ်မှာ ပြောစရာ ပါလာတယ်"ဆိုသောအခါ ကျန်နှစ်ယောက်တို့ကလည်း အားကျမခံပင် ... လက်ညှိုးတစ်ချောင်းစီ ဝင်ထောင်လိုက်ကြလေသည်။ ထက်ထက်ဆင့်က အားကိုးရသော သူငယ်ချင်းမများကို ကျေးဇူးတင်သော အပြုံးကလေးနှင့် ... "ယုက နှစ် ... သင်းသင်းက သုံး"ဟု ဝင်ပြီး ဆုံးဖြတ်ပေးလိုက်သည်။ ဦးစွာပထမ ပြောခွင့်ရသွားသော ပုလဲမှာ ... "တစ်နေ့ တစ်နေ့ ချိန်းချိန်းပြီး အကြည်ချည်းဆိုက်မနေနဲ့ ... သတင်းလည်းနိုက်ဦး ..."ဟု ယုယုတို့ထံမှ ပယ်ပယ်နယ်နယ် အပြောကို ခံထားရသူပီပီ ... သူ့ရဲ့သတင်းက သင်းသင်းတို့ရဲ့ သတင်းထက်တော့ ဘယ်လိုမဆို သာမှာပဲဟူသည့် ကျေနပ်ချက်နှင့် ...

"ရှင်တို့ အရင်ပြောချင် ပြောကြလေ ... ကျုပ် နောက်မှ ပြောတော့မယ်"

"အမယ်လေး ... အပိုတွေ ... ဘယ်တော့ပြောပြော ... တူတူပဲ ... ပြောမဲ့ဟာသာပြော ... ပိုပြီး တန်ဖိုးတက်မလားလို့ အချိန်ဆွဲနေလည်း အပိုပဲ ... တကယ်တမ်းက မှန်ကန်တိကျဖို့သာ လိုတာ ..."





"အောင်မာ ... ပြောတောင် မပြောရသေးဘူး ... ရှင်က ကျုပ် သတင်းကို မမှန်နိုင်ပါဘူးလို့ ကြိုပြောထားချင်တယ် ပေါ့လေ ..."

"အဲဒီလို လုံးဝမဆိုလိုလိုက်ဘူးနော် ... ဟိုတစ်နေ့ကလို ထက်ဆင့် အတွက်လည်း သတင်းလည်း မဟုတ်ဘဲနဲ့ သူတို့သမီးရည်းစားချင်း ကလူကျီစယ်ကြတာတွေကိုပဲ အရေးလုပ်ပြီး စကားဝိုင်းထဲ သွင်းလာမှာ စိုးလို့ပေါ့ ..."

"မနာလိုမတွေ ... သူတို့မှာ သူများတကာ ချစ်သူလေးတစ်ယောက် ထားမိတာကိုပဲ တစ်နေ့ တစ်နေ့ လိုက်မနာလိုနေကြတယ် ..."

"ဘာမှ မဆိုင်ဘူး ... ထက်ဆင့်ဆို ရှင့်ထက်အရင်တောင် ထားသေးတယ် ... ရှင့်လိုတော့ မျက်စိနောက်စရာ မကောင်းခဲ့ပေါင် ..."

"ဟုတ်ပါ့ ..."

"အဲဒီလို ချစ်စ ခင်စ ကြင်နာစ ... ကြားလေသွေးရင်တောင် ဝေးတယ်ထင်ရမဲ့ အချိန်မျိုးမှာ ... လူတကာမျက်စိနောက်ချင်အောင် သည်းသည်းလှုပ် အဖြစ်မသည်းခဲ့ကြလို့လည်း ခုချိန်မှာ ခုလိုအဖြစ်မျိုးနဲ့ ကြုံရတာပေါ့ ..."

ပုလဲရဲ့ စကားကို ကျန်နှစ်ယောက်က "ငပေါမ"မှ ဝိုင်းထောပနာလိုက်ကြချိန်မှာ ... ထက်ထက်ဆင့်ကတော့ "အမယ်" ဟူသည့် အာမေဍိတ်သံကလေးနှင့်ပဲ တကယ့်ကို စိတ်ဝင်တစား



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဖြစ်သွားရပါတော့သည်။ "အချစ်မသည်းခဲ့ကြလို့ ကွဲရတယ်" တဲ့လား။ တစ်ခါမှ မကြားဘူးသော သီအိုရီ အသစ်တစ်ခုပါလား။

"ပြောပါဦး ... ရှင်ပြောလည်း ခံရတော့မှာပဲ ... ရှင့်မှာတော့ လက်ရှိ အတွဲအဖက်နဲ့ ကျုပ်မတော့ အကွဲအပြတ်နဲ့ ဆိုတော့ ခုချိန်မှာ ရှင်ဘာပြောပြော မှန်သလိုလို ထင်ပါရဲ့လို့ ယူဆရတော့မလိုပဲ ဒေါ်ပုလဲရယ် ..."

"အဟုတ်ပြောတာ ... ရှင်နဲ့ ကျုပ်နဲ့ ဘဝတော့ တူတူပါပဲ ... ကျုပ်တို့တွေကလေ သူငယ်ချင်း ဘဝတွေကနေလာတော့ တခြားစုံတွဲတွေလို မရင်းနှီးနိုင်သေးဘဲ ရှက်ရွံ့နေတာတို့ ... မပြောရဲမဆိုရဲ အားနာနေရဦးမှာတို့ ... သူ့အကြိုက် သူ့သဘောက ဘာပါလိမ့်လို့ အကဲခတ်နေရဆဲမှာ ... ကိုယ့်အကြိုက် ကိုယ့်သဘောတွေကို ဖွင့်မပြနေဘဲ ဖလိုက်ဖလျောနဲ့ မလျော့မတင်းလေးတွေ လုပ်နေရတာတို့ ... အဲဒီလိုလေးတွေပေါ့ဟာ ... မလိုအပ်ဘူး ထင်ရပေမဲ့ ... ရေရှည်ဆက်ဆံရေးအတွက်ကျတော့ အသေးအဖွားလေးနဲ့ပဲ အထောက်အကူ ဖြစ်သွားစေတတ်တဲ့ အရာလေးတွေမျိုး ဘာမှ မရှိလိုက်ဘူး ဖြစ်နေတာပေါ့ ..."

ထက်ထက်ဆင့်ရဲ့ မျက်ခုံးလေးနှစ်ဖက် မြင့်တက်သွားကြပါသည်။

"အမြဲတမ်းတော့ မဟုတ်ဘူးပေါ့ ... ဒါပေမဲ့ တစ်ခါ





တလေကျ ယောကျ်ားလေးတွေက ဟောဟောဒိုင်းဒိုင်းနဲ့ ပွင့်လင်းနေကြတဲ့ မိန်းမတွေနဲ့စာရင် ... ရှက်စရာမရှိ ကြံဖန်ရှက်ပြနေကြတဲ့ သူမျိုးတွေကိုပဲ မိန်းမပီသလှချည့်လို့ ချီးကျူးချင်ကြတယ် ... ချေးကအစ ... သေးကအဆုံး တစ်ရှိန်ထိုး ပြောချပစ်လိုက်တတ်တာမျိုးထက် ... အားနာနေကြရင်ပဲ သူတို့ကို တန်ဖိုးထားပါလားလို့ ထင်ကြပြန်ရော ..."

"အမယ် ... ရာရာစစ ... သူငယ်တန်း ... တစ်တန်း ... နှစ်တန်းကတည်းက ... တစ်တန်းတည်း တစ်ကျောင်းတည်း အိမ်သာချင်းလည်း ဘေးချင်းကပ် ... ယှဉ်ရက် ... နေခဲ့ကြတဲ့ အကောင်တွေကိုများ ... ကိုယ့်ရည်းစား ဖြစ်ကာမှ ရှက်ရွံ့အားနာပြပြီး ဆီးချုပ် ဝမ်းချုပ်ဖြစ်အောင် ကိုယ့်အန္တရာယ်ကိုပဲ ကျိတ်မှိတ်လွယ်ထားရဦးမှာလား ..."

"အဲဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ ... ကျုပ်က သဘောပြောပြတာ ..."

"ကဲပါ ယုယုရယ် ... ဒေါ်ပုလဲ ဆက်ပြောပါစေဦး ... ကျုပ်စိတ်ဝင်စားပါတယ် ... ပုလဲ တွေးသလိုမျိုးတွေ ကျုပ်တစ်ခါမှ မတွေးခဲ့ဘူးတာ အမှန်ပဲ"

"ရှင်တို့ပဲ စဉ်းစားကြည့်လေ ... လူဆိုတာ ကိုယ့်အကြိုက် ... သူ့အကြိုက်ဆိုတာ ရှိတယ် ... ကိုယ့်အကြိုက်ကို သူကလိုက်စေချင်သလို ... သူ့အကြိုက်ကို ကိုယ်သိပြီး တစ်ခါတလေကျ ပြန်လိုက်လျောပေးရတာကလည်း ကြည်နူးကျေနပ်ချင်

www.burmeseclassic.com



စရာ မဟုတ်လား ... ခုမှ ချစ်သူဘ၀နဲ့ စသိ စညီရမဲ့ သူနှစ်ယောက်ကျတော့ အဲဒီလို ကြည်နူးကျေနပ်စရာ အခွင့်အရေးလေးတွေ ခဏ ခဏ ကြုံနေကြမယ် ...

ကျုပ်တို့ကျတော့ ... သူ ဘာကြိုက်လဲ ကိုယ် ဘာကြိုက်သလဲ ... ပိစိပေါက်စ ဘ၀တည်းက သိခဲ့ကြပြီးသား ... သူများအရေးထက် ကိုယ့်အရေးကိုပဲ လုယက်ရှေ့တန်းတင်ပြီး ဗိုလ်လုခဲ့ကြရတာလည်း အကျင့်ကြီးတွေက ပါနေကြပြီးသား ... အဲဒီခါကျတော့ သူငယ်ချင်း ... ချစ်သူ ... စသဖြင့် နာမည်ကသာ ပြောင်းသွားပြီး အကျင့်တွေက မပြောင်းနိုင်ကြတော့ ... ချစ်သူရည်းစားနဲ့တောင် မတူတော့ဘဲ ... ဘာနဲ့ သွားတူနေကြသလဲဆိုရင် ... အိမ်ထောင်သက် ဆယ်နှစ် ဆယ့်ငါးနှစ်ရှိကြတဲ့ "ရင်မနုန်"ကြီးတွေနဲ့ပဲ သွားတူနေတော့တာပေါ့ ..."

ထက်ထက်ဆင့်ရဲ့ မျက်လုံးကလေးတွေ ပြူးထွက်လာကြပါသည်။ ထက်ဆင့်ဘက်က (မှန့်နေတာမျိုး မဟုတ်ဘဲ) တကယ့်ကို စိတ်ဆိုးမာန်ဆိုး ညှိုးမျက်စောင်းကြီးတွေနဲ့ ချိန်ရွယ်မိခဲ့တဲ့ အခါများ ... ဖိုးဂဠုန်တို့က "ရင်မနုန်လိုက်တာ"ဟု ချက်ချင်းတုံ့ပြန်တတ်ပုံတွေကိုပါ သတိရသည်။

"ဒီလိုဆိုတော့ ရှင်က အခု သော်ဇင်နဲ့ ရှိရှိသမျှ အနေအထိုင်တွေကို အကုန်ပြောင်းလဲ ပြုပြင်ပစ်တယ်ပေါ့ ... ဟုတ်လား ဒေါ်ပုလဲ ..."





"ကျုပ်လည်း ဖြုန်းခနဲကြီးတော့ ဘယ်ရပါ့မလဲ ... ကျုပ်ဘက်ကလည်း မလုပ်တတ်ဘူး ... တော်ကြာ သင်း ရိပ်မိသွားပြန်ရင်လည်း ရှက်စရာကြီး ... ဒီလိုပဲ တဖြည်းဖြည်းချင်းတော့ ပြုပြင်ကြည့်ရတာပေါ့ ... နည်းနည်းချင်း ..."

ဖိုးဂဠုန်ရေ ... ငါတို့ကျတော့ ဒီလို အတွေးမျိုးကို ...ာစောစီးစီး မရလေချင်းနော် ...။ အိမ်ထောင်သက်ရှည် Old ...ervice ရင်မနုန်ကြီးတွေနဲ့ တူနေကြလို့များ ... အသစ်အဆန်း ...နအရွမ်း ကြိုက်ချင်တဲ့ ဤယောကျာ်းသားက စခန်းသတ် ... ...တ်ပစ်လေရော့သလား ...။

"ရှင်ပြောမယ်ဆိုတာ ဒါတွေပဲလား ... အဲလိုဆိုရင်တော့ ဟိုတစ်နေ့ကလိုပဲ ... ထက်ဆင့် အတွက် အရေးပါတာက နည်းနည်း ... သူ့ဇာတ်လမ်းတွေကို ကြားချင်တာကများများပုံစံပဲ ပေါက်နေပြန်ပြီ ..."

"မဟုတ်ဘူး ... ကျုပ်က အစမကောင်းခဲ့လို့ အနှောင်းမသေချာတာကို ပြောချင်တာ ..."

"ဒါကြောင့်ပဲ ရှင်က အစကောင်းအောင် အားကြိုးမာန်တက်နဲ့ လက်ကုန်ကြနေတယ် ဆိုပါတော့ ..."

"အစုတ်ပလုပ်မ ... ကျုပ် ဆိုလိုတာက တအားကြီးရင်နှီးပြီး သိပ်သိနေတိုင်းလည်း ကောင်းတာ မဟုတ်ဘူးလို့ ပြောချင်တာ ... တချို့လူတွေကျတော့ ငါ့အကြောင်းကို သူ သိပ်သိနေပါလား ဆိုတာကို သဘောကျကြရမဲ့

www.burmeseclassic.com



အစား … အဲဒီလို သိပ်သိမ်နေအောင် နေဦးမှဆိုတဲ့ ပြော
ပြန်အတွေးမျိုး ဝင်တတ်ကြတယ်လေ”

“ဖိုးဂျွန်ကရော … ဘာအတွေးမျိုး ဝင်သလဲ …”

“သူ နိုင်ငံတကာဘုတ်အဖွဲ့ကနေ လာစစ်တဲ့ စာမေးပွဲတ
တိတ်တိတ်ဝင်ဖြေတယ်လေ … ရှင်သိလိုက်လို့လား
အောင်တယ်တဲ့ … လူတွေ့တွေ ဘာတွေတောင် ရော
တယ် …”

ကြည့်စမ်း …။ ဘယ်တုန်းကလဲ … ဘာမှလဲ
လိုက်ရပါလား။ ကမ္ဘာ့အဆင့်မီ စာမေးပွဲတစ်ခုကို အောင်လို့
မာန်တက်ပြီး … ငါ့ကို ဖြတ်ချတာလား …။ ဘာမှတော့လဲ မ
ပါဘူး။ ဒါပေမဲ့ ဒါဟာ မပြောမဆိုလုပ်တာ သက်သက်ပါ
ပုလဲလည်း ခုမှ သော်ဇင့်ဆီက သိလာရတာနေမှာ …။ တော
ကြည့်စမ်း … ခိုးကြောင်ခိုးဝှက်နဲ့ … သူခိုး …။

“ဘာလဲ … အဲဒါ ကျုပ်တို့ မပြတ်ကြခင်ကလား

“ဒါပေါ့ … ရှင်မပြောနဲ့ သူ့အစ်ကိုတောင်မှ မသိလိုက်
ဘူးဆို … အဲဒါက လူတွေ့ပါ ထပ်အောင်ရင် စင်ကာ
မှာလား … မလေးရှားမှာလား မသိဘူး … သုံးနှစ်တဲ့
တန်းက … သင်တန်းပြီးတာနဲ့ ကိုယ်ကရွေးရုံပဲ … ကို
ကြိုက်တဲ့ နိုင်ငံမှာ ကြိုက်သလို အလုပ်ရနိုင်တယ်တဲ့

“ဒါဖြင့် ခု သူလူတွေ့အောင်ပြီပေါ့ … နိုင်ငံခြား
တော့မှာပေါ့ …”



ထက်ထက်ဆင့်ရဲ့ ရင်ထဲ တစစ်စစ် ကျိန်းတက်လာရသည်။ လက်စသတ်တော့ နိုင်ငံခြားမှ အထင်ကြီးပြီး အမေကျော်ဒွေးတော်လွမ်းချင်တဲ့ကောင်ကိုး …။ လုပ်စားပါလား ကိုယ့်နိုင်ငံထဲကိုယ် …။ ကိုယ်က ကိုယ့်မြေ ကိုယ့်ရေမှာ ဘာမှ လုပ်စားလို့မရနိုင်တော့တာမို့ ရေကြည်ရာ မြက်နုရာ ထပ်ရှာပြီး “တစ်ရွာမပြောင်း သူကောင်းမဖြစ်” ဆိုတဲ့ ဝါဒကိုပဲ လက်ကိုင်ထားရတော့မဲ့ လူဆိုရင်လည်း တစ်မျိုးပေါ့ …။ ခုကျတော့ အစ်ကိုအရင်းခေါက်ခက်က ဘာလုပ်လုပ် အောင်မြင်နေတဲ့၊ ကိုယ့်နိုင်ငံတွင်းမှာပဲ လက်ညှိုးညွှန်သမျှ ရွှေထွက်နေတဲ့ လုပ်ငန်းရှင် တစ်ယောက် ဖြစ်နေပါရက် … သူမို့ ဒီလမ်းကို ရွေးချယ်ရတယ်လို့ …။ ဦးနှောက်ကိုက တစ်လွဲ ဖြစ်နေတာ …။

ထက်ထက်ဆင့် ကတော့ ကိုစောလွင်ရဲ့နှမပီပီ ကိုယ့်ပြည်တွင်းမှာပဲ ဘာပဲလုပ်လိုက်ရ လုပ်လိုက်ရ ဆိုတဲ့ အတွေးရှိသူဆိုတော့ … သူက စာမေးပွဲလေးအောင်တာနဲ့ … လူတွေ့လေးရောက်တာနဲ့ သူ့နောက်ကနေ ရောင်နောက်ဆံထုံးပါ လိုက်ပါမလာချင်မဲ့ … လူကို တိခနဲ ဖြတ်ချပစ်သပေါ့လေ …။

“သော်ဇင်ကလည်း အဲဒီလောက်ကြီးတော့ လိုက်မသိတော့ဘူးဟ … ခု အဲဒါနဲ့ ပတ်သက်လို့ ဘာမှမကြားတော့ပြန်ဘူးတဲ့ … မမေးနဲ့ကွာ … လို့ ပိတ်ပြောထားလို့ ထပ်မေးလို့လည်း မကောင်းဘူးတဲ့ …”

www.burmeseclassic.com

www.burmeseclassic.com



"ရေးဖြေအောင်ပေမဲ့ လူတွေ့ကျလို့ နေမှာပေါ့ ... ကောင်းတယ် ..."

"သူ့အစ်ကိုပါ သိသွားရင် မထွက်လိုက်ရတော့မှာ စိုးလို့ လူတွေ့လည်း အောင်ရက်နဲ့ ဆော်ဖင်တို့ပါ မသိတော့အောင် ကိုတ်ကြံနေတာမျိုးလည်း ဖြစ်နိုင်တယ် ... ထွက်မယ်ဆိုရင် Pass port ကိစ္စတို့ ဘာတို့က ရှိသေးတာကိုး"

"ဒါက လွယ်ပါတယ် ... အဲဒီလို နိုင်ငံတကာကနေ လာစစ်တဲ့ စာမေးပွဲမျိုးတွေဆိုတာ ... သက်ဆိုင်ရာသံရုံးတွေမှာ စုံစမ်းရင်လည်း ရတယ် ... ဒါမှမဟုတ် အဲဒီလို ဘုတ်အဖွဲ့ဆိုတာတွေက ဟိုတယ်ကြီးတွေမှာ အဖွဲ့လိုက်တည်းတတ်ကြတာပဲ ... ရှိသမျှ ဟိုတယ်တွေ တစ်ခုပြီးတစ်ခု လိုက်စုံစမ်းလိုက်ရင် ... အဲဒီ အဖွဲ့ကြီး ပြန်သွားပြီလား ... ဘယ်သူတွေ ဘယ်နှယောက် ရွေးသွားသလဲ ဆိုတာ ... လွယ်ပါတယ်ကွာ ... စုံစမ်းဖို့ ..."

"ဒါဖြင့် ရှင် ဆက်စုံစမ်းပေးမလား ပုလဲ"

"ရတယ် ... ကျုပ်တာဝန်ပဲ ထားလိုက် ..."

"ပုလဲပြီးရင် ကျုပ်ပြောမယ် ... ကျုပ်သိလာတဲ့ဟာကတော့ နည်းနည်းတော့ ရယ်စရာလိုလို ဖြစ်ရင် ဖြစ်နေမယ် ... ဒါပေမဲ့ မဖြစ်နိုင်ပါဘူးလို့လည်း လုံးလုံးပယ်ထားလိုက်ဖို့တော့ မကောင်းဘူး ... ဖိုးဂဠုန် ဆိုတဲ့ကောင်က တောင်





လေလာ တောင်ယိမ်း ... မြောက်လေလာ မြောက်ယိမ်း ... ဘာမှ ရေရာတာ မဟုတ်တော့ ဆုံးဖြတ်ချက်တွေကလည်း လေယူရာတိမ်းနေမှာပဲ ..."

ထက်ထက်ဆင့် ခမျာ ... ပြတ်ကြစဲကြပြီ ဆိုပေမဲ့ ကိုယ်တိုင်က ဒေါသဖြစ်ဖြစ်နဲ့ လည်ပင်းညှစ်သတ်ပစ်လိုက်ချင်တာက တစ်ကဏ္ဍ ... သူများတကာက ပစ်ပစ်နှစ်နှစ် ဝေဖန်ပြနေတာကိုတော့ ဘယ်လိုမှ ငြိမ်ခံမနေနိုင်ပါ ... "ကဲ ... တော်ပါတော့ ... ပြောမဲ့ဟာသာ ပြောစမ်းပါ ..."ဟု စကားကို ဝင်ဖြတ်ပစ်လိုက်ရသည်။

"သူတို့အမေရဲ့ အစ်မ ... သူတို့ကြီးတော်ကြီးက စစ်ကိုင်းကချောင်တစ်ချောင်မှာ ကျောင်းဆောက်လှူထားတာ သိတယ်မဟုတ်လား ... အဲဒီကျောင်း ရေစက်ချပွဲမှာ တူနှစ်ယောက်ထဲက တစ်ယောက်ယောက်ကို ရဟန်းအစ်မ ခံချင်လို့တဲ့ ... ကိုငြိမ်းချမ်းကတော့ သိတဲ့အတိုင်း ခပ်ပြတ်ပြတ်ထဲကဆိုတော့ "နိုး"တစ်လုံးပဲ ပြောလိုက်တယ်တဲ့ ... အဲဒါနဲ့ တာဝန်က ဖိုးဂဠုန်ရဲ့ခေါင်းပေါ် ပုံကျလာသလို ဖြစ်နေတယ် ... အဲဒီ ကြီးတော်ကြီး ဆိုတာကလည်း သူတို့ မိဘတွေ မရှိကြတော့ကတည်းက သူတို့နှစ်ယောက်ကို ကျွေးမွေးပြုစု စောင့်ရှောက်လာခဲ့တာ ဆိုတော့လေ ..."

"ကျောင်းရေစက်ချပွဲမှာ ရဟန်းခံရမှာနဲ့ ထက်ဆင့်ကို

www.burmeseclassic.com



ဖြတ်ပစ်တာ ဘာများပတ်သက်သလဲ ... ဘာလဲ ... ရဟန်းဝတ်ရမဲ့ ဆယ်ရက်တစ်ပတ်အတွင်းမှာ လောကီသံယောဇဉ်တွေ နှောင်ဖွဲ့ပြီး အဲတွေးက ထက်ဆင့်ဆီချည်း ရောက်နေရင် သူ့ကြီးဒေါ်ကြီး ကုသိုလ်မရမှာ စိုးလို့လား ... ဟုတ်လား ..."

ထက်ထက်ဆင့်မှာ သင်းသင်းရဲ့ မွှဲမွှဲရွှဲရွှဲ အပြောကို ... "မဖြစ်နိုင်တာ ... သူလား ကျုပ်ကို အဲဒီလောက်တမ်းတမ်းစွဲ သတိတရရ ဖြစ်နေမှာ ..."ဟု ဝင်ပြောလိုက်သော်ငြား မျက်နှာလေးကတော့ နီယောင်လေး ခပ်စွန်းစွန်းနှင့် သဘောကျချင်ချင် အရိပ်ယောင်ကလေးကလည်း ကွယ်ဖျောက်မရနိုင်တာမို့ သူငယ်ချင်းမ သုံးယောက်ခမျာ သက်ပြင်းကိုယ်စီနှင့် ဖြစ်သွားကြရပါသည်။

"အေးလေ ... ကျုပ်ကလည်း ရဟန်းဝတ်နေတုန်း ဆယ်ရက်တစ်ပတ်လောက် ဖြတ်ပစ်ခဲ့ပြီး လူပြန်ထွက်လာမှ ပြန်ဆက်ဖို့ အစီအစဉ်ရှိတယ် ဆိုရင်တော့ မဖြစ်နိုင်ဘူး ... ယုယုရဲ့သတင်းက အခြေအမြစ် မရှိဘူးလို့ ပြောမလို့ပါ"

"ကျုပ် ပြောမှာကိုလည်း နားထောင်ကြပါဦး ... ရဟန်းကိစ္စက ဆယ်ရက်တစ်ပတ်နဲ့ မပြီးဘူးတဲ့ ရှင်တို့ရေ ... ဆယ်ရက်တစ်ပတ်ပဲ ဝတ်ပေးမယ်ဆိုရင်လည်း ရတယ် ... ဒါပေမဲ့ သူ့ကျောင်းမှာ အမြဲနေကိုယ်တော်က လိုနေမှာ



ဆိုတော့ ... အကြောင်းမသိတဲ့ ဦးဇင်းတစ်ပါးပါးကို လိုက်လျှောက်နေရဦးမှာနဲ့စာရင် ... တူတွေက အပြီးဝတ်ပေးမယ်ဆိုလည်း အဘွားကြီးက ထာဝရ တစ်သက်တာ ပစ္စည်းလေးပါး ဒကာမကြီးအဖြစ် ... ဝဲလ်ကမ်းပါပဲတဲ့ ... ကဲ ..."

"ဘယ်သူက အပြီးဝတ်မှာလဲ ... အဘွားကြီးကလည်း ပေါက်ပေါက်ရှာရှာ"

"ပေါက်ပေါက်ရှာရှာ မဟုတ်ဘူးနော် ထက်ဆင့် ... ကျုပ်ကြားလာတာကတော့ ဖိုးဂျွန်ဟာ အဘွားကြီးကို ကျောင်းရေစက်ချပွဲကို ရက်ရွှေ့ခိုင်းထားတယ်တဲ့ ... သဘောကတော့ ... ကျုပ်ထင်တယ် ... ရှင်တို့ရဲ့ အချိန်းအချက် သုံးပတ်ပြည့်ပြီးမှ ရေစက်ချခိုင်းထားဟန် ရှိတယ် ..."

"ဘုရားရေ ... ဒါဖြင့် သင်းက အပြီးဝတ်မယ်ဆိုတဲ့ သဘောပေါ့ ..."

"ကျုပ်ပြောသားပဲ ... ဖိုးဂျွန်ဟာ ဘာမှရေရေရာရာ မရှိပါဘူးလို့ ... အဘွားကြီးက ဝတ်စေချင်တယ် ဆိုတာနဲ့ပဲ ... ကိုယ့်စိတ်ရင်းက ဘာမှန်းမသိ ညာမှန်းမသိ ... ကိုယ့်ရဲ့ ပါရမီက အဲဒီလောက်ကြီး ပါ မပါ ... ဘာမှ မရေရာဘဲ ... ငါ ဝတ်မှ ကောင်းမယ်ထင်တယ်လို့ ... ယောင်ချောင်ပေါင်တောင် ဆုံးဖြတ်ရင် ဖြတ်မှာ ..."

www.burmeseclassic.com

www.burmeseclassic.com



ထက်ဆင့်မှာ ဘယ်လောက်ကြီးပဲ ယောင်တောင် ပေါင်တောင် နိုင်ပါစေဦး ... ရှိသမျှ သံယောဇဉ်တွေ လောကီရေးရာတွေကို ဖွတ်ဖြတ်နိုင်လောက်တဲ့အထဲမှာ ငါလည်း အပါအဝင် ဖြစ်သွားပါပေါ့လား ... ဆိုတာကို တွေးလိုက်မိတော့ ... ငရဲကြီးကာမှကြီးရော ... ဒေါသထွက်သွားမိပြန်တာတော့ အမှန်ပင် ...။

ဘယ့်နှယ် ... တကယ့်တကယ် ပါရမီရှင်ဆိုရင် ... သူ့ ကိုရင်ဝတ်တုန်းကလည်း အဘွားကြီးက ဒီစစ်ကိုင်းပဲ ပို့ဝတ်ခိုင်းတာပဲ ...။ ဒီနောက်ပိုင်းတွေမှာလည်း တစ်နှစ်တစ်ခါ ... နှစ်နှစ်တစ်ခါ ဆိုသလို လွှတ်,လွှတ်ဝတ်ခိုင်းနေတာပဲ ...။ အဲဒီတွေကတည်းက အပြီးပြန်မထွက်ဘဲ နေလိုက်ပါတော့လားလို့ ...။ ရတာပဲဟာ ...။ ထက်ဆင့်နဲ့ ချစ်သူတွေ မဖြစ်ကြခင်ကတည်းက လောကီလူ့ဘောင်မပျော်ဘူးဆိုလည်း အသိသာကြီးဥစ္စာကို ...။

ခုကျမှ ...၊ လာနွှယ်ပြီးကာမှ ... ဖြတ်ခနဲ ... တိခနဲ သံယောဇဉ် ဖြတ်ချပစ်ကာ လူ့ဘောင်ငြီးပါပြီ ဆိုရင်တော့ ဘာအဓိပ္ပာယ်ရှိသလဲ ...။ ဘာတရားသလဲ ...။ အရင်က မငြီးဘဲ ... ခုမှ ထငြီးပါပြီ ဆိုရင်တော့ ထက်ထက်ဆင့်ကပဲ သူ့ကို အကျွတ်တရားရစေလိုက်သလိုလို ...။ ဒါ လူကို "စိတ်ကုန်စရာမိန်းမကြီး" လို့ သွယ်ဝိုက်အသိပေးလိုက်တဲ့ သဘော ... ပေါက်မနေပေဘူးလား ...။



"တော်ပြီ ... တော်ပြီ ... သင်းသင်းကရော ... ပြောဦးမှာလား ... ပြောမယ်ဆိုရင် မြန်မြန်ပြော ... ကျုပ်က ဒေါသထွက်လာပြီ ... ကြာရင် ကျုပ်ပဲ ငရဲကြီးမယ် ..."

"ဒီကိစ္စလည်း ဟုတ်မဟုတ် ကျုပ် ဆက်စုံစမ်းပေးဦးမယ်လေ ..."

"မလိုပါဘူး ... အဲဒါက သုံးပတ်ပြည့်ပြီးရင် အလိုလိုဘွားခနဲ ပေါ်မှာပဲ ... တကယ်သာ ဆိုလို့ကတော့ ... အဘွားကြီးလည်း ပစ္စည်းလေးပါး ဒကာမ, လုပ်မနေပါနဲ့တော့ ... ကျုပ်ပဲ လုပ်လိုက်တော့မယ် ... သူ့ကျောင်းတိုက်ဘေးမှာလည်း ကမ္မဋ္ဌာန်းတိုက်တို့ ... သိမ်တို့ ... အပြည့်အစုံ ဆောက်လုပ်လှူလိုက်ဦးမယ်"

သင်းသင်း ခမျာမတော့ စနေသမီး ထက်ထက်ဆင့် ဒေါသကို ငယ်ကတည်းက အစဉ်းသိပီပီ ... သူ့တရှူးရှူးရှဲရှဲဒဏ်ကို နောက်ဆုံးကျမှ စုခံရတော့မှာက ကိုယ်သာလျှင်ဖြစ်နေတော့တာမို့ ... ကိုယ့်သတင်းက အတော်ကလေး အရေးပါသော်ငြား ... ခပ်ဖေါ့ဖေါ့ ... ပြီးပြီးပျောက်ပျောက်နှင့်ပင် ...

"ကျုပ်ဆီလာတဲ့ သတင်းကတော့ ကောလာဟာလပဲ ဖြစ်ဖို့များပါတယ်"

"ဘာလဲ ... သဘောထားတွေ ထင်မြင်ချက်တွေ အရင်မလာနဲ့ ... သတင်းကိုပဲပြော ... ကောလာဟာလလား ..."

www.burmeseclassic.com



တကယ်လား ဆိုတာ ... ကျုပ်မှာ ဦးနှောက်ရှိတယ် ... ရှင်တို့ရဲ့ ဦးနှောက်အငှားတွေကို မလိုချင်ဘူး ...”

“ကလေးမလေးတစ်ယောက် ပေါ်ပေါက်နေတယ်ကွယ် ...”

ထက်ထက်ဆင့်ရဲ့ မျက်လုံးပြူးကြီးကို သင်းသင်းတင်မက ကျန်နှစ်ယောက်ပါ ခပ်လန့်လန့် ဖြစ်သွားရပါတော့သည်။

နိုင်ငံခြားကို ထွက်ရန် ကျိတ်ကြံ ဘုန်းကြီးဝတ်၊ အသစ်တစ်ယောက် ...။ သတင်းသုံးခုကတော့ တစ်ခုနှင့်တစ်ခု ဘာမှ မဆိုင် ...။ သို့သော် သုံးခုစလုံးဟာ ထက်ထက်ဆင့်ရဲ့ နှလုံးသားကို ဓားတုံးတုံးကြီးတစ်ခုနှင့် ခပ်ဖိဖိ လာကြိတ်ချေလိုးချနေတော့သလိုပင် ...။ အခံရ ခက်လွန်းလှတော့သည်။

“ကျုပ်က ကြားတာကိုပဲ ပြောတာပါ ... သိပ်အခြေအမြစ်တော့ မရှိပါဘူး ... ပြောတဲ့လူကလည်း ဒီလိုပဲပြောပြီး ... ပြီးရော ... ခပ်ပေါ့ပေါ့ပဲ ...”

ထပ်မံပေါ့တိမ်ဖို့ ကြိုးစားပြန်သော သင်းသင်းခမျာ ... ကိုယ့်စကားကို ရုတ်တရက် ဖြတ်ချပြီး ... “နာမည်က ဘယ်သူတဲ့လဲ ... ဘယ်အရွယ်လဲ ...”ဟု လျှပ်တစ်ပြက် တိုက်ကွက်က ဝင်ရောက်လာသော အခါမှာတော့ ... ထပ်မံပြီးတော့ပဲ အငိုက်မိပြန်ကာ ...

“မြတ်စုတဲ့ ... နှစ်ဆယ်မပြည့်သေးဘူး ... ဆယ့်ရှစ် ဆယ့်ကိုးပေါ့”





“သိကြရောပေါ့ ဖိုးဂဠုန်ရယ် ...”

ထိုနေ့က ပုလဲ ... ယုယုဆွေနှင့် သင်းသင်းတို့ သုံးယောက်သား တစ်ယောက်ကို တစ်ယောက် လက်ညှိုးထိုး အပြစ်တင်ကြကာ ... ထက်ထက်ဆင့်ရဲ့ အိမ်မှ ခပ်ကုပ်ကုပ်ကလေးတွေ ပြန်လာခဲ့ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

ချမ်းနှင့် ထက်ထက်ဆင့်တို့ရဲ့ လောလောလတ်လတ် အရေးအခင်းကို ကိုငြိမ်းချမ်း တစ်ယောက် ဘာမှမသိနိုင်သေးဟု ချမ်းက ထင်သည်။ သို့သော် ကိုငြိမ်းချမ်းရဲ့ ပုံစံက သိပ်အကဲမရလှ ...။ ညနေတိုင်း ... ညနေတိုင်း ကိုငြိမ်းချမ်းက ချည်း စစဆက်နေသော ဖုန်းတို့မှာ ထက်ထက်ဆင့်တို့ အိမ်သို့ချည်း ဖြစ်နေလေတာကို ... ဒီသုံးလေးရက်အတွင်းမှာပဲ ချမ်းက ရိပ်မိသိရှိခဲ့လေသည်။

"ထက်ထက်ဆင့်တို့ အိမ်သို့ ..." ဆိုတာတောင်မှ ကိုစောလွင် ဆီသို့တောင် ဟုတ်ပုံမရ ...။ မမနှင်းနှင်းကတော့ ကိုငြိမ်းချမ်း ဆိုလျှင် တယ်လီဖုန်းကို လက်ခံပြီး ကြာရှည်ကြာမျှ ပြောနေတာမျိုး ဘယ်တော့မှ မရှိတာမို့ ... ထက်ထက်ဆင့်တို့ အိမ်သို့ ရောက်နေသော ဖုန်းများမှာ "ထက်ထက်ဆင့်"နှင့်ချည်း ပြောနေတော့သလိုလိုမျိုးတောင် ဖြစ်နေပါသည်။



ဘာကိစ္စတွေများ ဒီလောက်ရှိနေပါလိမ့် ...။ စီးပွားရေး ... အလုပ်ကိစ္စ ဆိုရင်လည်း ကိုစောလွင်နှင့်သာ ပြောကြရမှာ မဟုတ်ဘူးလား ...။ ခုနောက်ပိုင်းမှာ ... အရင်က အိမ်မှာ ကလေးကြီးလိုနေသော ထက်ထက်ဆင့်က ကိုစောလွင်ရဲ့ စီးပွားရေးလုပ်ငန်းတွေထဲ ရုတ်တရက်ကြီး ဝင်ရောက်အခြေချလာတာကို ချမ်း သိထားပြီး ဖြစ်သော်လည်း ... အဲဒီလို ဝင်လုပ်လိုက်တာနဲ့ပဲ ကိုငြိမ်းချမ်းနဲ့ ထက်ထက်ဆင့်တို့ဟာ ဖုန်းတဂွမ်ဂွမ် ဖြစ်ကြရရောတဲ့လား ...။

ဘာသဘောတွေပါလိမ့် ...။

"သြော် ... အေး ... အဲဒီကိစ္စတွေ သိချင်ရင် ... အစ်ကို့မှာ နှစ်အလိုက်ဖိုင်တွေနဲ့တွဲပြီး စာရင်းလုပ်ထားတာ သပ်သပ်ရှိတယ်လေ ... ထက်ထက် လိုချင်ရင် အစ်ကို ပြန်ရှာပေးနိုင်ပါတယ် ... ရတယ် ... ရတယ် ... Computer Disc ထဲက ပြန်မဖတ်တတ်ရင်လည်း ... သီးသန့် စက္ကူဖိုင်တွေနဲ့ Print out ပြန်လုပ်ထားတာတွေ ရှိပါတယ် ... ဒါပေမဲ့ ညီမလေး အလုပ်လုပ်တော့မယ် ဆိုရင် Computer Knowledge ကတော့ မရှိမဖြစ် လိုတယ်နော် ... တခြားဟာတွေ အကုန်လိုက်လျှောက် မတတ်နိုင်ရင်တောင် ... Microsoft, Ward, Excel အဲဒါတွေလောက်တော့ သိကို သိထားရမယ် ... အေး ... အေး ... ဟုတ်တာပေါ့ ... ညနေ

www.burmeseclassic.com



ဘက်တွေ အိမ်ခေါ်သင်ရင် ဖြစ်တာပဲနော် … အေး ကောင်းတယ် … အစ်ကို စီစဉ်ပေးမယ် …”

“ထက်ထက်”တစ်လှည့် … “ညီမလေး”တစ်လှ နှင့် သူ့ကိုယ်သူတော့ “အစ်ကို”ကနေ တစ်ပြားမှ မလျော့ လေသံကို ကြားနေရတော့ နားကြားပြင်းက အတော်ကတ် သည်။ ခါတိုင်းရော … သူတို့နှစ်ယောက်ရဲ့ကြားက အခေါ်အ နဲ့ ဆက်ဆံရေးက ဘယ်လိုရှိခဲ့ပါလိမ့် …။ ကိုယ်တိုင်က မလိုး လို့ သတိမထားမိခဲ့တာမျိုး … ထူးသတိထားမိစရာ မလိုတဲ့ ဆက်ဆံရေးမျိုးတွေပဲ ဖြစ်ခဲ့မှာပါ …။ ဒီလောက်ကြီးတော့ နေ့ နေ့တိုင်း ဖုန်းတဂွမ်ဂွမ် ဖြစ်မနေခဲ့တာတော့ သေချာပါသည်

ခုမှ အလုပ်စဝင်သော သူငယ်မက ဘာမဆိုင် မဆိုင် ကိုငြိမ်းချမ်းဆီက အလုပ်သဘောတွေ လှမ်းသင်နေရအော သူ့အစ်ကို အရင်းကြီး ကိုစောလွင်က ဘယ်ရောက်နေလို့လဲ သူ့အစ်ကိုလည်း ဒါတွေကို မကျွမ်းကျင်နိုင်မှာမှ မဟုတ်ဘဲ

ကိုယ်နှင့် ပြတ်ကြစဲကြပါပြီ ဆိုကာမှ … ကိုငြိမ်းချ ရတ်တရက်ကြီး လိုင်းထပူးလာသလို ရှိတာကကော … သာ တိုက်ဆိုင်မှုတစ်ခု သက်သက်ပဲလား …။ အထက်ဆင်ရဲ့ ယော ဖြစ်သူ မမနှင်းနှင်းဟာ ချမ်းကိုတော့ ခင်ခင်မင်မင် ဖော် ရွှေရွှေ ရှိပေမဲ့ … ကိုငြိမ်းချမ်း အပေါ်မှာတော့ နေရင်းထိုင် အမြင်မကြည်လင်လှပုံနှင့် … အထက်ဆင်နှင့် ဆိုရင်



ပြောမနေနဲ့တော့ … သူ့ယောက်ျားဖြစ်သူ ကိုစောလွင်နှင့်တောင် တတ်နိုင်သရွေ့ ခွဲခြားထားကာ မဆက်ဆံစေချင်ခဲ့တာ မဟုတ် လား …။

ခုလို အထက်ဆင်နှင့် ကိုငြိမ်းချမ်း ဖုန်းတဂွမ်ဂွမ် ဖြစ်နေကြခြင်းကို မမနှင်းနှင်းက မသိဘဲ မသိတာလား …။ ဒါမှ မဟုတ် သိရင်ကော ဘာမှ မပြောဘူးလား … သူ့ယောက်ျားနှင့် တုန်းကလို မကျေမနပ်နဲ့ လိုက်မခွဲခြားချင်တော့ဘူးလား …။

ဘာတွေမှန်းမသိသည့် အတွေးရှုပ်ပေါင်းစုံဟာ ချမ်း ကို ငြိမ်ငြိမ်နေလို့ မရအောင် နှောင့်ယှက် ဒုက္ခပေးကြလွန်းပါသည်။ အသက်အရွယ်ကွာသော အစ်ကိုဖြစ်သူကို ငယ်ကြောက်ဖြစ်ခဲ့ရတဲ့ ချမ်းက … ကိုယ့်စိတ်ထဲရှိသလို … “ခင်ဗျားကြီးတို့က ဘာလဲ ဗျာ … ရှင်းရှင်းလင်းလင်းလည်း ပြောပြကြစမ်းပါဦး”ဟု ဘလိုင်း ကြီး သွားပြီးတော့လည်း ချွဲမပစ်လိုက်ရဲ …။

မိဘနှစ်ပါး မရှိကြတော့ကတည်းက ကိုငြိမ်းချမ်းဟာ ချမ်းရဲ့အစ်ကို ဆိုတာထက် … အမေနေရာ … ဦးလေးနေရာကို အပြည့်တက်ယူပစ်လိုက်တော့ကာ မလှန်နိုင်အောင် အုပ်ထိန်းလာ ခဲ့တာမို့ ချမ်း ဗျာ ကိုငြိမ်းချမ်းက တစ်ခွန်းဆိုရင် တစ်ခွန်း… အသားသေမြီးသားလည်း ဖြစ်နေခဲ့ပြီ …။ အဲဒီလို ဆိုလိုက်တော့ အစ်ကိုဖြစ်သူကပဲ ချမ်း အပေါ် မတရားကြီး အုပ်ချုပ်နေတော့ တာလား ဆိုတော့လည်း မဟုတ်ပါ …။ သူ့ရဲ့ဆုံးဖြတ်ချက်မှန်

www.burmeseclassic.com



သမျှဟာ ချေမ်း အတွက် ကောင်းဖို့ချည်းဆိုတာ ချေမ်း ကိုယ်
က လက်ခံမိပါသည်။

ဒါပေမဲ့လည်းပဲ လူငယ် ဆိုတာကတော့ လူငယ်
ပဲမို့ ... အစ်ကိုက ကျောင်းပြီးလို့ ... စီးပွားရေးလောကထဲ ခြေ
စုံပစ်ဝင်စေချင်ချိန်မှာ ကိုယ်က သင်တန်းတွေချည်း လျှောက်တ
ပစ်တာတို့ ... သူ့လက်အောက်မှာချည်း အမြဲပိပြားနေဖို့ထက်
ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ကာ နယ်ပယ်သစ်ရှာ လမ်းသ
ထွင်ကြည့်လိုက်ချင်တာတို့ကတော့ ချေမ်းမှာ ရှိသည်ပေါ့ ...။ အဲ
ကိစ္စတွေနဲ့ပဲ ကိုငြိမ်းချမ်းနဲ့ ချေမ်းတို့က တချိန်းချိန်း ...။

ထက်ထက်ဆင့်နှင့် ကိစ္စတုန်းကတော့ ကိုငြိမ်းချ
ကပဲ ... "အေး ... အေး ... စွဲစွဲမြဲမြဲ တည်တည်တံ့တံ့ ဆိုလည်
လုပ်ပေါ့ကွာ ... ငါ့မျက်နှာတော့ အိုးမဲမသုတ်နဲ့ပေါ့ ..." ရယ်
အေးဆေးပဲ ခွင့်ပြုပေးခဲ့တာပါပဲ။ အဲဒီအချိန်မှာ သူ့ခမျာ ...
ရဲ့ရည်ရွယ်ရာ မမနှင်းနှင်းက ကိုစောလွင်ကြီး ဘက်သို့ပဲ မဲတ
ဘက်လိုက်ပစ်လိုက်ချိန်မို့ ... အသည်းတွေ ဘာတွေ ကွဲကာ ခံ
နေရဟန်ရှိတဲ့ အချိန် ...။ "စောလွင် ညီမနဲ့ ဆိုရင်တော့ သ
မတူနိုင်ဘူးကွာ ..." ဘာညာနဲ့ မဆီမဆိုင် စိတ်ပုပ်ပစ်လိုက်
ရရက် ... သူ့ရဲ့ ဖြူစင်တဲ့ စိတ်ဓာတ်ကိုပဲ အလေးပေးခဲ့တ
ချေမ်းက ဒီတစ်ချက်တော့ အစ်ကိုဖြစ်သူအပေါ် သနားကျေ
တင်လို့ မဆုံးခဲ့ပါ။



"ဟော့ကောင် ... မျက်နှာက ဘာဖြစ်နေတာလဲ"

ချေမ်း တစ်ယောက် မှုန်ကုပ်ကုပ် ပုပ်သိုးသိုးနဲ့ ...
လောကကြီးနဲ့ တစ်ဦးတည်း ဘက်ပြိုင်မကျေမနပ် ဖြစ်နေမိချိန်
မှာ ကိုငြိမ်းချမ်းက ဖုန်းပြောလို့ ပြီးသွားခဲ့ပါပြီ။

"ထက်ထက်ဆင့်နဲ့ ငါနဲ့ ပြောနေကြတာကွ ..."

ဟော ... ချေမ်းနဲ့ စကားပြောကြမှ "ထက်ထက်"
တွေ "ညီမလေး"တွေ မဟုတ်တော့ဘဲ "ထက်ထက်ဆင့်" ရယ်လို့
ပုံမှန်ပြန်ဖြစ်သွားခဲ့တာလား ...။

"ကောင်မလေးက ငါ့ဆီ ဆက်သွယ်လာလို့လေ ..."

"အစ်ကိုက စ,ဆက်တာပါ ... ကျွန်တော် မြင်နေရတာပဲ"

"ဟ ... ဒီနေ့ကို ပြောတာမဟုတ်ပါဘူး ..."

"မနေ့ကရော ... တစ်နေ့ကရော ... အစ်ကိုကချည်း စ,စ
ဆက်တာ"

ကိုငြိမ်းချမ်းရဲ့ မျက်ခုံးနှစ်ဖက် မြင့်တက်သွားကြပြီး
နှုတ်မှ "ဟက်" ခနဲ အသံထွက်လာသည်။

"ခက်တော့ နေပြီကွာ ... ဘာလဲ ... ငါ့မှာ မင်းရဲ့ထက်
ထက်ဆင့်ဆီ ဖုန်းစဆက်လို့ ရတဲ့အခွင့်အရေး မရှိဘူးလား
ကွာ ... ကျွတ် ... မင်းဟာလေ ... ငါမကြိုက်ချင်တာ အဲဒါ
တွေပဲ ချေမ်း ... သိပ်တိမ်လွန်းနေတယ် ... ကလေးဆန်
တယ်ကွာ ... ဒါ မဖြစ်သင့်ဘူး ... မင်းအရွယ်မှာ ဒါမျိုး
တွေ မရှိရတော့ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုငြိမ်းချမ်းက ချေမ်းကို ခပ်စိုက်စိုက်ကြည့်ပြီး ခေါင်းကို လေးလေးမှန်မှန်ကြီး ခါယမ်းလို့နေလေသည်။ ကိုငြိမ်းချမ်းရဲ့ အဲဒီလို ပုံစံတွေက သိပ်ကလေးဆန်နေသူနှင့် သိပ်ပြည့်ဝပြီး ဖြစ်နေသူ နှစ်ဦးတို့ရဲ့ကြားက အဟပ်ကွာမှုကို ထင်းထင်းကြီးမြင်သာအောင် တမင်ဖော်ပြနေသလိုပဲ ဖြစ်နေတတ်တာမို့ ... ချေမ်းက အဲဒီအမူအရာမျိုးတွေဆိုရင် ဘယ်တုန်းကမှ မနှစ်မြို့ ... မခံယူလိုခဲ့ ...။ ကိုငြိမ်းချမ်းကလည်း အမြဲလို ပြုလုပ်သုံးစွဲတတ်လေသည်။

"သူကစဆက်သွယ်တယ် ဆိုတာ ... သူ စီးပွားရေးလောကထဲ ဝင်ပါပြီလို့ ငါ့ကို အကြောင်းကြား ... ဆက်သွယ်အကူအညီ တောင်းလာတာကို ဆိုလိုတာ ... ကြည့်စမ်း ချေမ်း ... မင်းနဲ့ သက်တူရွယ်တူ မိန်းကလေးကတောင် လိုအပ်လာပြီဆိုရင် လိုအပ်တဲ့အချိန်မှာ သူဘာလုပ်ရတော့မလဲ ... ဘာလုပ်သင့်သလဲ ... သူသိနေပြီ ... မင်းကတော့ ငါ့တစ်ယောက်လုံး အတင်းဆွဲခေါ်နေတာတောင် ကန်ငြင်းချင်နေတုန်းပဲ ...

ရင်လေးတယ် ချေမ်းရာ ... ကောင်မလေးနဲ့ ခုမှ သေသေချာချာ စကားတွေ ဘာတွေ ပြောကြည့်လိုက်တော့ ... သူကတောင် မင်းထက်ပိုပြီး အသိဉာဏ်ရောဦးနှောက်ရော၊ အတွေးအခေါ်တွေ၊ ဆုံးဖြတ်ချက်တွေ၊ အလိမ္မာတွေ ... နှစ်ဆ သုံးဆလောက် ပိုနေသေးတယ် ...





သိပ်ကျေနပ်စရာကောင်းတဲ့ ကောင်မလေး ... စောလွင်တို့ ဒီတစ်ချက်တော့ ကံကောင်းနေသေးတာပေါ့ ...

အေး ... မင်းကို ငါပြောမယ်နော် ... မပျင်းနဲ့ ... မလေနဲ့ ... ခုတောင် ကျော်နေပြီ ... ကြာရင် မင်းလိုက်မမီ ဖြစ်တော့မယ် ... ရှင်းရှင်းပြောရရင် ကောင်မလေးက မင်းနဲ့တောင် မတန်ဘူး ဖြစ်တော့မယ် ..."

"ဒါဖြင့် ... ဘယ်သူနဲ့လောက်မှ တန်းတူညီ ...
...တန်နေမှာလဲ ... အစ်ကိုနဲ့လား ..."လို့ မေးချလိုက်ရရင်
...ာ့ ချေမ်းရဲ့ မျက်ခွက်ထဲ အားပြင်းပြင်းနဲ့ လက်သီးတစ်လုံး
...ာက် "ခွပ်"ခနဲ တန်းဝင်လာလိမ့်မယ် ထင့်ပါရဲ့ ...။

"သြော် ... မေ့တော့မလို့ ... တိုင်သွားတယ်နော် ... တိုင်သွားတယ် ... မင်းအကြောင်း ..."

"ဘာ ... ဘာလဲ"

ပြတ်ကြ စဲကြပြီ ဆိုတဲ့ အကြောင်းများလား ...
...သဘောနဲ့ ပြောပါလိမ့် ...။

"မင်း ဟိုစာမေးပွဲ ဝင်ဖြေတယ်ဆိုတဲ့ အကြောင်းလေ ... ဟင်း ... ငါက သိပါတယ်လို့ ပြောလိုက်တယ် ... အဲဒီလို စာမေးပွဲတစ်ခုကို ဝင်ဖြေတယ် ... အောင်တယ် ဆိုတာကို ဂုဏ်ယူတယ် ... အရွေးခံရတာကို ကျေနပ်တယ် ... ဒါပေမဲ့ နိုင်ငံခြားတော့ ဘာဖြစ်လို့ ဆက်လွှတ်ရမှာလဲ ... ဒယ်တော့မှ မသွားရဘူးလို့ ပြန်ပြောလိုက်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုငြိမ်းချမ်းက သူနှင့် ထဲက်ထဲက်ဆင့်တို့ ပြောဖြစ်ကြတာတွေကို ပြန်ပြောသလိုလိုနှင့် ... သူ့ရဲ့သဘောထားကိုပါ တစ်ခါတည်း အတိအလင်း ထုတ်ပြန်လိုက်ပါသည်။ ဒီလောက် လျှို့လျှို့ဝှက်ဝှက် လုပ်ဆောင်ခဲ့ပါရက် ဒီအစ်ကိုဟာ ဘယ်တုန်းကများ သိသွားခဲ့ရပြန်တာပါလိမ့်။ အထက်ဆင် သိရှိသွားတာကတော့ အံ့ဩစရာမရှိပါ။ သော်ဇင် ပြောပြလိုက်တာပဲ ဖြစ်ပေလိမ့်မည်။

ဒီအစ်ကိုတစ်ယောက်ကို အကြောင်းပြနိုင်ဖို့အတွက် အရင်းနှီးဆုံး ချစ်သူကလေးကိုတောင် ဖွင့်မပြောဖြစ်ဘဲ တစ်ယောက်တည်း ကျိတ်ကြိတ် ... လျှို့ဝှက်စွာ လှုပ်ရှားခဲ့မှုဟာ အပြီးသတ်ကျတော့ မအောင်မမြင်ကြီးဖြစ်ကာ "ဘူး"ပေါ်သလို သွားပေါ်နေတာနှင့်ပဲ အဆုံးသတ်သည်။ အစ်ကိုကြည့်ရတာ မအောင်မမြင်ကြီးဖြစ်သွားရတာအထိတော့ ဆက်သိထားပုံ မရသေး။ တိတ်တိတ်ဆက်လှုပ်ရှားနေတုန်း သူ့အမိန့်တစ်ခုကြောင့် ရပ်တန့်သွားရသည်ဟုပဲ ထင်လိမ့်မည်။

ကောင်းပါတယ်လေ ...။ ချမ်း အကြောင်းသာ အစ်ကို သိသွားရင် ... သူ့စီးပွားရေးလုပ်ငန်းတွေထဲ ညီဖြစ်သူကိုပါ အတင်းဆွဲသွင်းပြီး ညီအစ်ကိုနှစ်ယောက် ဒိုးတူပေါင်ဖက်လက်တွဲကာ စီးပွားရေးလောကကြီးကို ကိုင်လှုပ်ပစ်လိုက်မည်ဆိုတဲ့ ရည်မှန်းချက်တွေ ... မျှော်လင့်ချက်တွေ ပြိုကွဲကာ ... စိတ်ဓာတ်တောင် အကျကြီး ကျသွားနိုင်လောက်သည်။





ချမ်းရဲ့ အဖြစ်မှန်ကတော့ အဲဒီ စာမေးပွဲနဲ့ အဲဒီလူတွေ့ ဓါတ်တွေ့မှုကြီးကြောင့်ပဲ ပေါ်ပေါက်ခဲ့ရတာ ဖြစ်သည်။ ဘယ်တုန်းကမှ ဘာမှမဖြစ်ဘူး ... မဖျားဘူး ... မနာဘူး ... နှာတောင်မှ သေချာမစေးဘူးခဲ့တဲ့ ချမ်းဟာ ... လူတွေ့အောင်ပြီဆိုတာနဲ့ ဆေးစစ်ချလိုက်တဲ့ အခါမှာ ...။

အင်း ... ပြောတောင် မပြောချင်တော့ပါဘူး ...။ ချက်ချင်းတော့ မသေနိုင်ဘူးပေါ့လေ ...။ သို့သော် ... ကျန်းမာရေး အသိပညာနဲ့ အဝေးကြီး ဝေးနေရှာတဲ့ ချမ်း ခမျာမှာတော့ ... သေသိုချင်းမှာ နှစ်ချက်ချင်းပဲ စင်းခနဲလေး အသက်ပျောက်ရတော့မလိုလို ... ယောက်ျားတစ်ဦးတန်မဲ့ တကယ့်ကို ဝမ်းနည်းပက်လက်ကြီး ဖြစ်သွားခဲ့ရတာပါ ...။

Hepatitis (B) ...(+)ve တဲ့ ...။

ရလာခဲ့တဲ့ဆေး Result ကို အဲဒီလူတွေ့ စစ်ဆေးတဲ့ နိုင်ငံခြားသားဘုတ်အဖွဲ့ကြီး ဆီသို့ပင် ပြန်သွားပြီးနေတော့ သူတို့ ပြန်ချိန်းခေါ်သည့် နေ့မှာပဲ လုံးဝ ပြန်မသွားတော့တာပါ။ ကိုယ့် အကြောင်းကို Lab (ဓာတ်ခွဲခန်း)မှ လူတချို့ရယ် ... ကိုယ်ရယ်ကလွဲပြီး နောက်ထပ်လူများများ ထပ်မသိစေချင်တော့ပေမဲ့ ... ဆေးပညာအကြောင်း နားမလည် ပါးမလည်နဲ့ အဲဒီတော့သေမယ်မှန်း မသိတဲ့ ပြဿနာက ရှိသေးတာမို့ ကြိုရာဆေးခန်းတစ်ခုထဲဝင်ပြီး တွေ့တဲ့ဆရာဝန်တစ်ယောက်ကို မေးမြန်းကြည့်တော့မှ ဒီရောဂါအကြောင်းတွေကို သိလာရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အနေအထိုင် လိမ္မာပညာရှိလျှင် သာမန်လူတွေလို ပဲ သက်တမ်းစေ့ နေနိုင်ပါမည်တဲ့ ...။ ကိုယ့်ရဲ့အသည်းကို လိမ် လိမ်မာမာ ဆင်ဆင်ခြင်ခြင်နှင့် အလုပ်သိပ်မများစေ ... အဆိပ် အတောက် မဖြစ်စေအောင် နေထိုင်ဖတ်ရမတဲ့။ သို့သော် ... ထိုရောဂါရဲ့ ကူးစက်ပြန့်ပွားတတ်ပုံ အခြေအနေများအရ ကိုယ့် မိန်းမနှင့် ကိုယ့်သားသမီးများအတွက်တော့ ကိုယ်ဟာ ရောဂါ အမွေပေးဝေသူတစ်ယောက် ဖြစ်လာနိုင်ပါသတဲ့ ...။

ကဲ ... ဘာလုပ်တော့မှာလဲ ... ချေမ်းဟာ သူ့ဟာ နဲ့သူ ကျန်းကျန်းမာမာကလေး ဖြစ်နေတဲ့ အထက်ဆင်ကို ကိုယ့် မှာရှိရတဲ့ ရောဂါကြီးတစ်ခု သွားပေးလောက်တဲ့အထိ တစ်ကိုယ် ကောင်းဆန် မိုက်မဲနေရဦးမှာလား။ (ကိုယ်က မမိုက်မဲချင်ပေမဲ့ ချစ်သူလေးကတော့ အကြောင်းမှန်ကိုသာသိရင် မိုက်မိုက်မဲမဲကြီး ရှေ့ဆက်တိုးဖွတ်နေဦးမှာလား ... ဟု ထိုစဉ်က တွေးပူခဲ့ ရတာသည်လည်း ... ခုများတော့ လူမသိ သူမသိ အရှက်ကွဲနေ ရစရာ ...။)

အင်း ... ဂျလည်မဟာ ... သူ မကောင်းတာတွေ ပေါ်ကုန်မှာစိုးလို့လား ... သုံးပတ်မပြည့်သေးလို့လားတော့ မသိ။ ချေမ်းနဲ့ သူမတို့ရဲ့ အကွဲအပြတ် ဇာတ်လမ်းကိုတော့ ကိုငြိမ်းချမ်း ထံ တစ်ခွန်းမှ ဟ,မသွားခဲ့ပါလား ...။

"နောက်တစ်ချက် ... နောက်တစ်ချက် ရှိသေးတယ် ... သူပြောတာ"





ကိုငြိမ်းချမ်းက ချေမ်းကို လက်ညှိုးတစ်ချောင်းနှင့် ေါက်ထောက်ထိုးကာ ...

"ကြီးတော်ကြီးရဲ့ကျောင်းမှာ မင်းက ရာသက်ပန် ကိုယ်တော် အဖြစ် အရိုးထုတ်ဖို့ စဉ်းစားနေသဆို ..."

အခွင့်ရတုန်း ... သိထားသမျှတွေ လိမ့်ကိုတိုင်သွား တာပဲကိုး။ အရိုးထုတ်ဖို့ကတော့ အဲဒီလောက်ကြီး ပါရမီမရင့် န်တဲ့ ချေမ်း အတွက် ဆန္ဒကတော့ ဓာကယ်မရှိပါ။ ယာယီ ယ်ရက် တစ်မတ်ကတော့ ကြီးတော်ကြီးစိတ်ကြိုက် ဝတ်ပေး က်ဖို့ ကတိပေးပြီးသား ...။ အထက်ဆင်နဲ့ ရှင်းစရာရှိတာတွေ င်းပြီးမှ စိတ်ပြတ်ပြတ်နှင့် ဝတ်ရအောင် ... ကျောင်းရေစက်ချ ခင် နောက်သို့ သုံးပတ် ဆုတ်ခိုင်းထားတဲ့အတွက် ကြီးတော်က ဖွ ...။

ဒါပေမဲ့ ချေမ်း တစ်ခုတော့ ပြန်စဉ်းစားထားအာ သည်။ ဆရာဝန်က ပြောလိုက်စဉ်က ... ကိုယ်ဘယ်လိုဆင်ခြင် ထိုင်,နေထိုင် ကံတရားဆိုတာကိုလည်း ထည့်သွင်းစဉ်းစားထား ပါသေးသတဲ့။ ကံတရားဆိုတာကတော့ မျက်စိတစ်မှိတ် တစ်ပြက်အတွင်းမှာလည်း လူတစ်ယောက်ဟာ ကားတိုက်လို့ ဖြစ် ... မိုးကြိုးပစ်ခံရလို့ပဲဖြစ်ဖြစ် ... အကောင်းကြီးကနေ ကဲခနဲလည်း လဲသေနိုင်သေးတာမျိုးပဲ ... ဆိုလား ...။

သဘောကတော့ ဘယ်လိုနေနေ ဒီ(B)ပိုးဟာ မြန်မြန် ထက်ကြီးလည်း ဒီ "လမ်း" တစ်ခုကို လျှောက်လှမ်းသွားနိုင်



www.burmeseclassic.com

www.burmeseclassic.com



ချေ ရှိနေပါသေးသည်ဆိုတဲ့ သဘောဘ ...။ အဲဒီလိုဆိုရင်တော့ ဘာလုပ်တော့မှာလဲနော် ...။ ချေမ်းကတော့ ကြံသိချင်သည်။ ဒါမှ ကိုယ်မသွားခင်လေးမှာ အားလုံး ... ကိုယ်နဲ့ ပတ်သက်သမျှ သော လူအပေါင်းကို ကိုယ့်အတွက်နဲ့ စိတ်လက်ချမ်းသာ ရှိခဲ့စေ ချင်သည်။

အဲဒါကြောင့်ပဲ ကိုယ့်ကျေးဇူးရှင် ကြီးတော်ကြီးကို လည်း အတိအကျတော့ မဟုတ်ပေမဲ့ မယုတ်မလွန်လေး ပြော ထားမိတဲ့ သဘောပါ ...။ ဒါကိုပဲ သင်းက သတင်းရ,ရပြန်ပြီး ကြာကြာနေရင် အားလုံးပဲ ပေါက်ကွဲကုန်တော့မလားတောင် မသိ။

ချေမ်းထံမှ အဖြေကို ချက်ချင်းပြန်မရလေသော အခါ ကိုငြိမ်းချမ်းမှာ အတော်ကြီးအံ့အားသင့်သွားပုံ ရပါသည်။ သူ့ကြည့်ရတာ ... "ဟာ ... မဟုတ်တာဘဲ ... ကြီးကြီးစိတ်ချမ်း သာအောင် ဆယ်ရက်လောက် ကုသိုလ်ယူမှာပါ ..."ဆိုတာမျိုးကိုပဲ စကြွန်မစိုင်း ပြန်ထွက်လာမှာပါလို့ မျှော်လင့်ထားပုံရသောအခါ ချေမ်းရဲ့ အကြောင်ကြောင် ငေါင်စီစီကို ဒေါသဖြစ်လာပုံလည်း ရသည်။ သို့သော် ကိစ္စကလည်း ဆူလောက်မာန်လောက်စရာ မဟုတ် ... ကုသိုလ်ရေးပဲ ဖြစ်နေလေသောအခါ ...

"မင်းနော် ... မင်း ... မင်း ..."

အဲဒီလောက်နဲ့ပဲ ကိုငြိမ်းချမ်းက ချေမ်း အပေါ်မှ လှည့်ထွက်သွားဖို့ ဟန်ပြင်သည်။ ဒါပေမဲ့ ချေမ်းကလည်း ကိုယ် သိချင်တာလေးတွေ ရှိနေသေးတာမို့ ...





"ဒါပဲလား ... ဒီပြင် ဘာတိုင်သေးလဲ ... ဒါအကုန်ပဲလား"

"အရှုး ... မင်းက ဘာမဟုတ်တာတွေများ ထပ်လုပ်ထား သေးလို့လဲ"

ချေမ်းမှာ နှုတ်ပိတ်ပိတ်ဘဲ နေလိုက်ပါတော့သည်။ ချိန်ရွယ်ပစ်သော မြားချက်တစ်ခုကတော့ မထိမ်ရောက်ဘဲ ဘယ် ရောက်သည်မသိ။ ဘယ်ကမှန်းမသိတဲ့ တစ်လွဲတစ်ချော်တွေက သာ လာရောက်ထိမှန် ထင်ပေါ်လို့ နေကြပါလား ...။ အေးလေ ... ဒါက သိပ်အရေးမကြီးလှသေးပါဘူး။ အရေးကြီးတာက ...

"ထက်ထက်ဆင့်နဲ့ တွေ့ကြဖို့ ရှိသေးလား ..."

"ရှိတယ်လေ ... ရှိဆို ... နေ့တိုင်းနီးပါး တွေ့နေကြရတဲ့ ဟာ ... မှာစရာရှိလို့လား ... ဘာလဲ ... မင်းနဲ့ မတွေ့ဖြစ် ကြလို့လား ... ဘာဖြစ်နေကြလို့လဲ ..."

ချေမ်းကား ဘာမှ စကားပြန်မနေနိုင်တော့ ...။ ထင်ချင်ရာထင် ... ကိုငြိမ်းချမ်းရဲ့ ရှေ့မှောက်ကနေ ရုတ်တရက် ကြီး ကျောခိုင်းလှည့်ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသဘောတူညီ ခွဲခွာစကား ဆိုခဲ့ကြပြီးသည့်နောက် ပထမဦးဆုံးအကြိမ်အဖြစ် မျက်နှာချင်းဆိုင်ကြီး ပြန်ဆုံကြရစဉ်မှာ ... ထက်ထက်ဆင့်၏ နံဘေး၌ ကိုငြိမ်းချမ်းနှင့် ... ချေမ်း၏ နံဘေး၌မူ အင်မတန် ချစ်ချင်စဖွယ် ရှိလှသော မိန်း... ပျိုလေးတစ်ယောက်နှင့်။

"ဟာ ... အဲဒါက ဘယ်လိုဖြစ်တာလဲ ..."

ကိုငြိမ်းချမ်းက သူ့ညီကိုသူ လက်သိုးထိုးကာ အ... လှမ်းသွားဖို့ ပြင်လေသောအခါ ထက်ထက်ဆင့်ကပဲ ခပ်မြန်မြ... ဖမ်းတား လှမ်းဆွဲထားလိုက်ရပါသည်။

"ဟိုမှာလေ ..."

ကိုငြိမ်းချမ်းက ထက်ထက်ဆင့် မမြင်သေးသ... အထင်နှင့် သူ့ညီတို့ စားပွဲရှိရာဘက် ပေါ်တင်ကြီး မေးငေါ့လ... ညှိုးလှမ်းထိုးပြသည်။ တခြား ကြားဖူးနားဝ လူတချို့လို ကိုယ့်... ဘက်က မကောင်းကွက်ကို တိတ်တဆိတ် ဝိုင်းဝန်းဖုံးကွယ်... လိုက်လိုစိတ် မရှိဘဲ ... မကောင်းဘူး မသင့်ဘူး ထင်တာကို ချ... ချင်းလက်ငင်း ဖြေရှင်းပေးဖို့ပဲ ဆန္ဒရှိပုံရသော ကိုငြိမ်းချမ်း... ထက်ထက်ဆင့်က လေးစားစွာ ခေါင်းညိတ်ပြလိုက်ပါသည်။





ဒီဆိုင်ထဲကို လှမ်းဝင်လာကတည်းက ထက်ထက်ဆင့်နှင့် ကိုငြိမ်းချမ်းတို့ကို မြင်သွားပြီး ဟန်ပျက်သွားရသော ချေမ်းမှာ ... အစ်ကိုဖြစ်သူရဲ့ပုံစံနှင့် ထက်ထက်ဆင့်ရဲ့ တားမြစ်မှုတွေကို မြင်လိုက်ရသော အခါမှာတော့ သူ့ဟန်သူ ပြန်ထိန်းကာ ဆိုင်ထဲ ဆက်ဝင်လာပါသည်။

ကိုငြိမ်းချမ်းက ထက်ထက်ဆင့်ကို မျက်မှောင်ကုတ်ကုတ်နှင့် ကြည့်၏။

"သူငယ်ချင်း တစ်ယောက်ရဲ့ ညီမလေးပါ"

ကိုငြိမ်းချမ်းကား ... ဤသို့ ပြောတိုင်းလည်း အလွယ်တကူ လက်သင့်ခံ ယုံကြည်လိုက်မည့်သူ မဟုတ်ချေ ...။ "ဟုတ်လို့လား" ဟူသည့် အကြည့်ကို တမင်ပင် သိသာစေကာ ...

"ဘယ်သူငယ်ချင်းလဲ ... ဘယ်သူ့ညီမလဲ ..."

"သော်ဇင် ..."

"မောင်သော်ဇင်မှာ ညီမရှိတယ်လို့ မကြားဖူးပါလား ... ဘယ်သူတဲ့လဲ ..."

"ဝမ်းကွဲပါ ... မြတ်စုတဲ့ ..."

ကိုငြိမ်းချမ်းက ချေမ်းတို့ဘက် တစ်ချက်လှည့်ကြည့်လိုက်ပြန်သည်။

"ဟိုကောင့် ကြည့်ရတာလည်း အပြစ်တော့ တစ်ခုက လေးမှ မရှိတဲ့ရုပ်နဲ့ပဲ ... ဒါပေမဲ့ ပုံမှန်တော့ မဟုတ်ပါဘူး ... ကဲ ... ကိုယ့်ကိုမှ လာလိမ်ချင်နေကြတဲ့ ကလေး

www.burmeseclassic.com



တွေအတွက် ဟာကွက်ကို ကိုယ်ကပဲ ထောက်ပြပါမယ် ... ချေမ်းက ဒီမှာ အစ်ကိုအရင်းကြီး ငုတ်တုတ်နဲ့ ညည်းနဲ့ကို ဘာ့ကြောင့် လာမခေါ် နှုတ်မဆက်နိုင်ရတာလဲ ... အမှန်ဆိုရင် တစ်ဝိုင်းတည်းတောင် လာဝိုင်း ထိုင်လိုက်ရမယ် ..."

ထက်ထက်ဆင့်မှာ ငုံ့ကျသွားချင်သည့် ခေါင်းကို မနည်းကြီး အကြောက်အကန် ပြန်လည်အားတင်း ထူမတ်ထားရသည်။

"ဟိုကလေးမဟာ တကယ်ပဲ မောင်သော်ဇင်ရဲ့ ညီမဆိုရင် ဟိုကောင်နဲ့တောင် ဒီလိုတွဲလာတဲ့အထိ ခင်မင်နေကြသေးတဲ့ဟာ ... ထက်ထက်နဲ့လည်း ဘယ်နည်းနဲ့မဆို ခင်ရမယ် ... မခင်ရင်တောင် သိနေရမယ် ..."

"သိပါတယ်"

"တော်စမ်းပါ ညီမရယ် ... ညည်းအနေနဲ့ ဟိုကောင့်ဘက်က ဘာမှ လိုက်ကာကွယ်နေစရာ အကြောင်းမရှိပါဘူး ... ကဲ ... ကဲ ... နောက်ဆုံးတစ်ချက်နဲ့ အသိသာဆုံးကတော့ ညည်းနဲ့ ဟိုကောင်နဲ့ လုံးဝမခေါ်ကြဘူး ... မငြင်းနဲ့"

ပြောပြီးသည်နှင့် တားဖို့မှ အချိန်မမီလိုက်နိုင်အောင် ကိုငြိမ်းချမ်းက ဖျတ်ခနဲ ထရပ် ... လျှောက်လှမ်းသွားတော့သောအခါ ထက်ထက်ဆင့် ခမျာ ကိုယ့်ကိုယ်ကိုယ်တောင် ဘာလုပ်ရမည်မှန်း မသိဘဲ နောက်ကနေ အပြေးကပ်ပါလာမိပါတော့သည်။



မ်းရဲ့ အမြင်မှာတော့ သူ့ကို ချောက်ချရန် တက်ညီလက်ညီ းလာကြပြီဟု မြင်ရင်မြင်မည်။

"ဟဲ ... ဟဲ ... ဟဲ ... အစ်ကို ..."

ချေမ်းက ကိုငြိမ်းချမ်းကို သူ့ မူဟန်မပျက် သွား ဖြဲသားလေးနှင့် ဆီးကြိုသည်။ ဘေးနားက ချစ်စဖွယ်လေးခမျာ ာ့ ခုနတည်းက "ဘာပါလိမ့်"ဟု သတိထားမိပြီးနေပုံနှင့်မို့ ာ်လုံးဝိုင်းကလေးနှင့် ရှိုးတိုးရှန့်တန့်လေး ဖြစ်နေရှာသည်။

"အစ်ကိုတို့ နှစ်ယောက် ဘယ်လာကြတာလဲ ... နှစ်ယောက် တည်းလား"

ကိုငြိမ်းချမ်း မျက်နှာကြီး ကတ္တရာသုတ် ခံလိုက်ရ လို မဲတူးရှုံ့တွလို့ သွားသည်။ ရုတ်တရက်မှာ အထက်စီးနေ ကို အလျင်အမြန် ... လျှပ်တစ်ပြက်အတွင်း ပြန်ယူလိုက်နိုင် လို့ ရှိသွားသော ချေမ်းက သူ့အနေအထားကို သူသဘောပေါက် ... ပြုံးဖြဲဖြဲမှ ခပ်တည်တည်သို့ ပြန်ပြောင်းသွားပါသည်။

ဒီတော့မှပင် ချေမ်းရဲ့ ဆိုလိုချင်သော အကြောင်း အရင်းအမြစ်ကို မှန်းဆနိုင်လိုက်တော့သည့် ထက်ထက်ဆင့် ပါးစပ်အဟောင်းသားလေးပင် ဖြစ်သွားရပါတော့သည်။

"ဘယ်လိုလဲ အထက်ဆင့် ... နင်နဲ့ ကိုငြိမ်းချမ်းနဲ့ တတွဲတွဲ ... တပွမ်ပွမ်နဲ့ စီးပွားရေးလောကကြီး တစ်ခုလုံးကို ကိုင်လှုပ်ကြတော့မလို့လား ... ဘာတွေ အကြောင်းထူး သေးလဲ"

www.burmeseclassic.com



ထက်ထက်ဆင့်သည် ရုတ်တရက်၌ ချေမ်း ဟူသည့် ငယ်ပေါင်း တနင်္ဂနွေသားကို အတော်ကြီး စိတ်ပျက်ချဉ်တူးသွားရပါသည်။ သူ့အပြစ်မရှိအောင် ဆွဲဖုံးအကာအကွယ်ယူပစ်လိုက်သော အချက်ကြီးက ကျော်မကောင်း ကြားမကောင်း ... ယုတ်ယုတ်မာမာ ရှိလိုက်တာ ...။

ထက်ထက်ဆင့်ကား ကိုငြိမ်းချမ်းကို ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် ... ကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ် ... ရုတ်တရက်ကြီး ဓွတ်တိုးဝင်ရောက် ပတ်သက်လိုက်ပြီးသည်၌ ဘယ်သူဘာပြော ပြော ဘာထင်ထင် ဂရုကိုမစိုက်တော့မည့်သူပဲဖြစ်ရာ ... ဒီလိုထင့်မြင်ချက် ယူဆချက်လောက်ကတော့ အမှန်မှာ "အပျော့"လောက်ပဲ ရှိရမည်။

သို့သော် ... အဲဒါကြီးက ချေမ်းဆီက ထွက်ပေါ်လာတာမို့လို့ကို ယုတ်မာလှချည့်လို့ သတ်မှတ်တာ ...။ လုပ်စရာ လား ...။ မှန်မှန်စိတ်ဓာတ်ရှိသူမှန်ရင် ကိုယ့်အစ်ကိုအရင်းခေါက်ခက်နှင့် ကိုယ်ချစ်သူရည်းစားတို့ကို ဒီလိုကြီး ပေါ်တင်ထုတ်ဖော် ခွပ်ထည့်လိုက်ဖို့ဝေးလို့ သံသယစိတ်စဝင်ပြီ ဆိုလျှင်တောင် ထိုအတွေးမှာ အောက်တန်းကျလှချေပြီ။ သူ့ဟာကတော့ သူ့အပြစ်ကို ဖုံးကွယ်ချင်စိတ်နှင့် ပြောခြင်းက သိသာနေသည်ဖြစ်ရာ ... အောက်တန်းကျသည့် အခွင့်ကိုပင် လွန်မြောက်၍ ယုတ်ယုတ်မာမာနိုင်သည့်ဘက်ကို ကူးပြောင်းလို့နေပြီ ...။



"ဘာကြောင်းထူးသလဲဆိုရင် ဟော်တော်ကြီးကို ထူးတယ် ဖိုးဂျူနီရဲ့ ... ဒါပေမဲ့ နင့်မှာကလည်း နင့်အရှုပ်တွေနဲ့ နင် မအားလှဘူး မဟုတ်လား ... ငါတို့ရဲ့ အထူးတွေကို နင် မသိလည်း အရေးမကြီးပါဘူး ..."

ချေမ်းရဲ့ သွားခေါခေါကလေး ပိုခေါသွားသလို ဖြစ်သွားသည်။ မဲ့မဲ့ရွဲ့ရွဲ့ ရှုံ့ရှုံ့တွတွနှင့်ဆိုလျှင် ဂျူနီတစ်ကောင်နှင့် ပိုတူလာသော ထိုသကောင့်သားသည် ... သူ့ဖြစ်အင်ကိုပင် ဂရုမစိုက်နိုင်တော့ဘဲ ရန်စွယ်ကြီးငေါငေါနှင့် ...

"ဪ ... ဒီလိုဆိုတော့ နင်က သုံးပတ်မပြည့်ခင်လည်း ပေါ်တင်ပဲဆိုတဲ့ သဘောလား ... နင့်ရဲ့ ခိုင်ခိုင်လုံလုံ အကြောင်းတရား ဆိုတာက အဲဒါလား ..."

ထက်ထက်ဆင့်နှင့် ချေမ်း နှစ်ဦးတည်းသာ နားလည်နိုင် မည်မှန်း သေချာသော်လည်း ထိုစကားအတွက် ထက်ထက်ဆင့် ၏ မျက်နှာကြီး ရဲခနဲနေအောင်ပင် ဖြစ်သွားရပါသည်။ တောက် ... အေး ... ဟုတ်တယ်ဟေ့"လို့ ပြောချလိုက်ရရင် မကောင်းဘဲ ဖြစ်တော့မယ် ...။ သူ့မှုလို့တော့ မဟုတ်ပါဘူး ...။ အစစအရာရာ မှာ လည်မွတ် ကွက်ကျော်မြင်တတ်တဲ့ ကိုငြိမ်းချမ်း ရိပ်မိသွား မှာ စိုးလို့ပါ။

ကိုငြိမ်းချမ်းနှင့် ထက်ထက်ဆင့်တို့ကြားမှာ လုပ်ကိုင်စရာတွေ တစ်ပုံကြီး ရှိနေသေးသည်လေ ... သူ့ကိုယ်ကမျက်နှာ ... ကိုယ့်သူက မျက်နှာပူနှင့် ရှောင်ကြရ တိမ်းကြရ ဆိုရင်

www.burmeseclassic.com



ကိုယ့်ရည်ရွယ်ချက်တွေပဲ အထမမြောက် မအောင်မမြင်ဖြစ်ရင်... ကိုယ်ပဲ အရှုံးပေါ့မှာ ...။ တောက် ... သည်းခံ ... သည်းခံ ...။

ထက်ထက်ဆင့်နှင့် ကိုငြိမ်းချမ်းတို့ရဲ့ ရုတ်တရက် ထနိုးစပ်မှုကို ယောက်မဖြစ်သူကလည်း ကျေနပ်ကြည့်ရလှတာ မဟုတ်ပါ။ အစ်ကိုကတော့ ဘာမှမပြော ...။ တဗျစ်တောက် တောက်နဲ့ မကျေမနပ်ကြီး လိုက်လံတားဆီးနေတဲ့ သူ့မိန်းမကို ပင် ...

"ထက်ဆင့်က ဦးနှောက်ရှိတယ်... ငြိမ်းချမ်းဆီက အကွက်အကွင်းတွေ ... ပညာတွေ ရအောင် သင်ယူနိုင်ရင် သူ့အတွက် အမြတ်ချည်းပဲဆိုတာ ညီမလေးက သဘောပေါက်ပါတယ် ..."ဟု နားချနေသံ ကြားရသည်။ ယောက်မကတော့ ...

"အို ... ကိုယ်လည်း တစ်သက်လုံး ဒီအလုပ်တွေပဲ လုပ်စားလာတာ ... ခုကျမှ သူ့ဆီမှာ ထသင်နေရဦးမှာလား... အဲဒီလိုလူမျိုးကကော ... မကောင်းတတ်လို့ ... ဟင်းစားသာ ပေးချင်ပေးမယ် ... ကွန်ချက်ကိုတော့ ပြပါ့မလား ... မဖြစ်နိုင်လိုက်တာ ... ပြီးကျတော့ လူပျိုနဲ့အပျို... အသက်အရွယ်ချင်းကလည်း သိပ်ကွာလှတာ မဟုတ်တော့ အေး ပတ်ဝန်းကျင်က ဘာပြောမလဲ ... အို ... ဘယ်ဘက်ကလှည့်တွက်လို့မှ အကောင်းမရှိပါဘူး ... ထက်ဆင့်ကလည်း ဘာသဘောနဲ့ ဒီလိုဆုံးဖြတ်တယ် မသိဘူး ... ခက်လိုက်တာ"



ထက်ဆင့်ရဲ့ သဘောကတော့ ရှင်းပါသည်။ ဥပမာကတော့ ရိုင်းချင်ရိုင်းနေလိမ့်မည်။ ခါးပိုက်နှိုက်နဲ့ သူငယ်ချင်းဖြစ်ထားရင် အနည်းဆုံးတော့ သူ့ရဲ့စက်ကွင်းမှာ ကိုယ်မပါ... ကိုယ်ကတော့ အနှိုက်မခံရတော့နိုင်တာမျိုးပေါ့ ...။ ယောက်မ ထင်သလို ကိုယ့်အပေါ် ဆက်တိုက်မကောင်းကြံနေတော့မယ်သာသူ ဆိုရင်လည်း ကိုယ်က အလွတ်မပေးစတမ်း အသေကပ်ထားလိုက်တဲ့အခါ သူ့အကြံအစည် မှန်သမျှကို ကိုယ်က ကျော်မြင်နေနိုင်သလို သူ့မလည်း လှုပ်ရှားဖို့ အခွင့်မသာနိုင်တော့ဘူးပေါ့ ...။

သူ့ဆီက ကိုယ်ရရှိနေမဲ့ စီးပွားရေးအကွက်အကွင်းနဲ့ ပညာတွေ ဆိုတာကလည်း ... လေးပုံသုံးပုံလောက် ဆရာစားချန်ထားသေးပါသည် ဆိုရင်တောင်မှ ကိုယ်ရရှိမဲ့ တစ်ပုံဟာ နည်းတာမှတ်လို့ ...။ ဘယ်ဘက်က လှည့်တွက်တွက် ... ကိုယ့်မှာ အရှုံးကတော့ မရှိနိုင် ...။ အဲဒီတော့ ယောက်မ မကြိုက်နိုင်တဲ့ တချို့ တချို့သော နစ်နာနိုင်စရာလေးတွေကို ထက်ထက်ဆင့်က ခေါင်းထဲတောင် ထည့်မနေချင်တော့ပါ။

ပြီးကျတော့လေ ဖိုးဂျွန်ရယ် ...။ နင်ကသာ အကောင်အထည် ထင်ထင်ရှားရှားကြီးနဲ့ သစ္စာမရှိနိုင်ရက်တာ... ငါမတော့ ... ဒီကိုငြိမ်းချမ်း တစ်ယောက်ရဲ့ ဘယ်လိုမဆိုသဘော မတူနိုင်တော့မဲ့ အချက်ဆိုတာကြီးနဲ့ပဲ ရင်နာနာနဲ့ ကြိုးစွန့်စားကြသ်ရတာမျိုးမို ငါ ဒီလိုစီးပွားရေးမှာ စွမ်းစွမ်းတမံ စိတ်ဝင်

www.burmeseclassic.com

www.burmeseclassic.com



တစားလေး ထက်ကြွတတ်တာကို သူမြင်ရင် ... "နိမ့်ကျသွားပြီ မို့ သဘောမတူနိုင်တော့ပါဘူး"ဆိုတဲ့ ခံယူချက်မျိုးကိုပဲ ပြောင်း လဲပစ်ချင်လာလေမလားလို့ ...။

တို့... အခုတော့ အားလုံးဟာ အပိုတွေချည်းပဲလို့ ဖြစ်နေပြီ။

"ပြီးရောလေ ချေမ်း ... နောက်သုံးပတ် ... ဒီအချိန် ... ဒီနေရာဆိုတဲ့ စကားက ငါပြောခဲ့တာ မဟုတ်ဘူးနော် ... နင့်ပါးစပ်ကသာလျှင် ထွက်ခဲ့တာ ..."

"အေးလေ ... ငါကတော့ လိုအပ်လိမ့်ဦးမယ်လို့ ထင်တာ ကိုး ..."

"တော်ပြီ ... ငါဘာမှ မပြောတော့ဘူး ... လိုအပ် ... မလို အပ်ဆိုတာ နင့်ဘာသာနင် ဆက်ဆုံးဖြတ်"

ထက်ထက်ဆင့်က အသာငြိမ် အကဲခတ်နေသော ကိုငြိမ်းချမ်းကို ... "သွားကြစို့ ကိုငြိမ်းချမ်း"ဟု ပြောကာ အရင် လှည့်ထွက်ခဲ့ပါသည်။ ထက်ဆင့်နှင့် ကိုငြိမ်းချမ်းတို့ စားပွဲဝိုင်း ပြန်ဝင်ထိုင်မိကြလျှင် ချေမ်းတို့စုံတွဲ ချက်ချင်း ထပြန်သွားကြတာ ကို လှည့်မကြည့်ဘဲ နောက်မျက်စိက ... မြင်နေရသလို သိရှိလိုက် ရသည်။ ဘယ်တုန်း ဘယ်အချိန်က ဒီကောင်မလေးတစ်ယောက် ပေါ်ပေါက်နေသည် မသိတဲ့လူကများ "လိုအပ်လိမ့်ဦးမယ်လို့ ထင်တာကိုး"တဲ့ ...။ သူမို့ လျှာအရိုးမရှိ ...။



"ထက်ထက်တို့ ဘာဖြစ်ထားကြလို့လဲ"

ဒီတစ်ခါ မေးခွန်းကိုတော့ ညာဖြီးဖော့တိမ်နေဖို့ အနေမရှိပါ။

"ပြတ်ထားကြတယ်"

"ဟာ ... ဘယ်လိုဖြစ်တာလဲ ... 'သုံးပတ်'ဆိုတာကကော ဘာသဘောလဲ မသိရဘူးလား ..."

"သိရပါတယ် ... စဖြတ်ကြတဲ့နေ့ကနေ ... နောက်သုံးပတ် အကြာကျမှ ဒီအဖြစ်ကို အသိအမှတ်ပြု၊ အတည်ဖြစ်ဖို့ အရင်တည်းက ကတိရှိဖူးကြတယ်"

"ကြည့်ရတာတော့ အတည်ပြုဖြစ်ကြတော့မဲ့ပုံမျိုးလား ... ဒါနဲ့ နေပါဦး ဟိုကောင်က စဖြတ်တာလား ... သူ့အကြောင်း သိလို့ ညီမက ဖြတ်ပစ်တာလား"

"ပြိုင်တူပဲ ကိုငြိမ်းချမ်း ..."

"ပြိုင်တူပဲ ... ဟာ ... ဘယ်လိုလဲ ... ဖြစ်နိုင်ပါ့မလား ..."

"ဟုတ်ပါတယ် ... သူကလာပြောတဲ့နေ့မှာ ထက်ဆင့်က လည်း သူ့ကို ပြောဖြစ်ဖို့ ရည်ရွယ်ထားပြီးချိန် ဖြစ်နေတော့ ပဲ ... ပြိုင်တူပဲ ပြောဖြစ်ကြတာ"

"ဒီကောင် အခြေပျက်ပြီမှန်း သိလို့ ညီမက စိတ်ပြတ်သွား တာပေါ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ကိုငြိမ်းချမ်း ... အခု ဒီတစ်ယောက်အကြော
ကိုသိတာ မနေ့တစ်နေ့ကမှပါ ... ပြတ်ပြီးကြမှ စသ
ကြားတာ ... မျက်စိနဲ့ မြင်ခွင့်ရတာတော့ ခုမှပဲ ...
"ဒါနဲ့များ သော်ဇင့် ညီမတွေ ဘာတွေ လုပ်နေသေးတ
ထက်ထက်ရယ် ... ညီမနဲ့ ပြတ်စကားဆိုပြီးကြမှ သ
တာ ဆိုရင်တော့ ဒါ သူ့ကို တစ်မျိုးစဉ်းစားပေးရမယ်
မဟုတ်ဘူးလား ..."

အရေးထဲ ... သူ့ညီဘက်ကပဲ သူပင်းပြီး ပြော
တော့တာလားဟု မျက်လွှာလေး လှန်ပင့်ကြည့်မိတော့ ... ကို
ချမ်းက ... ရိပ်မိလိုက်သလို ...

"ချမ်းဘက်က လိုက်ပြောတာ မဟုတ်ပါဘူး ... ညီ
ကိစ္စက ဒီလောက်နဲ့ ပြီးသွားမှာ မဟုတ်ဘူး ... ကိုယ်
လူကြီးတွေပါ သိနေ ပါနေကြပြီးတဲ့ သဘောဆို
လွယ်လွယ်ကြီး ပြီးပြီးပြတ်ပြတ် ဖြစ်သွားဖို့ဆိုတာ
သိပ်မဖြစ်နိုင်ဘူးလေ ... ဟုတ်တယ် မဟုတ်လား ...
တော့ ... ဟိုဘက် ဒီဘက် မှုပြီး နည်းမျိုးစုံနဲ့ လှည့်
စားပေးထားရမယ် ..."

ထက်ဆင့်က ကိုငြိမ်းချမ်းကို တစ်ချက်ကြည့်လို
ပြန်သည်။ "မင်းမြောင်းထဲရောက်ရင် ငါ့ကို လုံးဝမခေါ်နဲ့ ...
ဟု ပြောကာ ခုချိန်ထိ သိပ်ကြီး ဟက်ဟက်ပက်ပက် အ
အသွယ် ပြန်မလုပ်သည့် ဒီလိုလူက ... "လွယ်လွယ်ကြီးနဲ့



ပြီးပြတ်ပြတ် ဖြစ်သွားဖို့ဆိုတာတော့ သိပ်မဖြစ်နိုင်ဘူး ..." ဆိုတဲ့ စကားမျိုးကို ... ကိုယ့်စကားကိုယ် တကယ်ယုံကြည်လိုက်နာမှာ မို့ ပြောရဲတာမျိုးလား ...။

"ထက်ထက်ဘက်က အကြောင်းကိုရော မသိရဘူးလား"

ဒီတစ်ခါတော့ ပွင့်ပွင့်လင်းလင်း ခေါင်းပဲခါပြလိုက်သည်။ သူ့မကျေနပ်နေတဲ့ ကိစ္စကို သူ့ကိုပဲ မျက်နှာချင်းဆိုင်ကြီး ဘယ်လိုလုပ် ဖွင့်ပြောလို့ ရမှာလဲ ...။

"အေးလေ ... ဒါပေမဲ့ ကိုယ်ကတော့ ဒီလိုမြင်တယ် ... မဟုတ်ရင်လည်း ငြင်းနော် ... ကိုယ်နဲ့ ခုတလော ဖုန်းပြောဖြစ်ကြတာတို့ ... လူချင်းတွေ့ဖြစ်ကြတာတို့တွေမှာ ညီမနဲ့ ပြောကြတဲ့ စကားတွေအရ ... ညီမဘက်ကတော့ ဒီကောင့်ကို အလျှဉ်းမပြတ်လှပါဘူး ... ဒါ ကိုယ်မြင်တာနော် ... တမင်သက်သက် အနိုင်ယူပြောတာ မဟုတ်ဘူး ... မဟုတ်ရင် ငြင်း ..."

မငြင်းနိုင်ပါ ...။ ငိုချင်လာတာသာ ရှိပါသည်။ ကိုငြိမ်းချမ်းလိုလူကို ကိုယ့်ရှိတဲ့ ပညာလေး မတောက်တခေါက်နဲ့ ... လာရောက်ပူးပေါင်းနေရတဲ့ ထက်ထက်ဆင့်မှာ ... အကြောင်းအရာမျိုးစုံမှာတော့ ကိုယ့်စိတ်ထဲရှိတဲ့ အရင်းအမြစ်အမှန် အားလုံးကို လိုက်လံဖုံးထားလို့ မရနိုင်တာ သေချာပါသည်။ တစ်ခုကို မသိသာစေချင်လျှင် ... ကျန်အခုတော်တော်များများမှာတော့ မဖုံးမဖိနိုင် ပေါ်လွင်နေတာမျိုးကိုသာ ကြုံရမှာပါပဲ ...။ တခြား

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို နေရာမျိုးတွေမှာပါ သိသာပေါ်လွင်နေမလဲတော့ မသိ။ ဝမ်းနည်းစရာ ကောင်းလှသည်။

"ကဲ ... ပြန်ကြစို့ ... ချေမ်းနဲ့ ကိုယ်နဲ့ ဆွေးနွေးကြည့်ပါဦးမယ်လေ"

"ထက်ဆင့်က သူ့ကို ဖြတ်ထားပြီးပါပြီ ..."

"အေးပါ ... အေးပါ ... ထက်ထက်ဆင့် ဘက်ကပဲ ပြန်လည်ပြေလည်ချင်နေတယ် ဆိုတဲ့ စကားမျိုးကိုတော့ ကိုယ်က ဘယ်တော့မှ ပြောမှာမဟုတ်ပါဘူး ညီမရယ် ... မင်းဟာ စောလွင်တို့ နှင်းနှင်းတို့နဲ့ မတူဘူး ... သူတို့တစ်ဦးချင်းစီမှာ ရှိနေကြတဲ့ မကောင်းတဲ့ အကျင့်ဆိုးတွေ မင်းမှာ မရှိဘူး ... ဒါပေမဲ့ ညည်းကလေးကလည်း ညည်းဟာလေးနဲ့ညည်း ... ချိုကလေးနဲ့ ဆိုသလိုပေါ့ ... ဟုတ်လား ... အင်း ... ကောင်းပါတယ် ..."

ကိုငြိမ်းချမ်းနှင့် ထက်ထက်ဆင့်တို့ နှစ်ဦးလုံး တိတ်ဆိတ်စွာပင် ပြန်လာခဲ့ကြပါသည်။ အစ်ကိုနှင့် ယောက်မကို ပေါ်တင်ပင် မကောင်းပြောလိုက်သော ကိုငြိမ်းချမ်းရဲ့ သဘောဟာ ဘယ်လိုအနက်အဓိပ္ပာယ်ကို ဆောင်ပါလိမ့် ...။ ထက်ထက်ဆင့်မှာ တွေးရခက်လှဘိသည်။ "ကိုယ့်အတွက် အမြတ်ချည်းပဲလို့ ထင်နေပြီး ရှုံးမှန်းမသိ ရှုံးနေမိတော့တာမျိုးလည်း ဖြစ်နေပါဦးမယ် ထက်ဆင့်ရယ် ..." ဆိုတဲ့ ယောက်မရဲ့ စကားသံကလည်း အစဉ်အမြဲပင် ခြောက်လှန့်နေလွန်းပါသည်။



အင်း ... ပြတ်ကြစဲကြပြီးမှ စတွဲတော့ပါဆိုရင် ... တစ်မျိုးစဉ်းစားပေးသင့် စဉ်းစားပေးရဦးမယ် ဆိုပါလား ...။ ပြတ်ကြတာ တစ်ပတ်မျှပင် သေချာမပြည့်ချင်သေးပါဘူးနော် ...။ ဒီကနေ့ စပြတ်ပြီး လမ်းခွဲကြပြီဆိုမှ စလိုက်တယ်ပဲထားဦး ...။ တစ်ပတ်ပင်မပြည့်ခင် အဖြေပေး ... တွဲသွားတွဲလာ ရှိကြတယ်ဆိုတာမျိုးဟာ ဖြစ်ကော ဖြစ်နိုင်လို့လား ...။ တစ်ဖက်က မိန်းကလေးဘက်ကို အဲလောက်ကြီးတော့လည်း လျှော့တွေးမပစ်လိုက်ချင်ပါဘူး။

ဟင်း ... မှန်းစရာ ဂဠုန် ဆိုတဲ့ သတ္တဝါဟာ ... မီးချောင်းလောက်နီးနီး ဖြူဆွတ်ဖွေးနေတဲ့ မိန်းကလေးမျိုး သူမှ ရအောင်ရှာနိုင်ပလေတယ် ...။ အဲဒီလောက်ကြီး ဖြူဖွေးနေတော့ "အထက်ဆင်"လို့ အမည်ရနေတဲ့ ဒီကကိုပဲ တိုက်ရိုက်ကြီး လာရွဲ့ချလိုက်သလို ရှိနေတော့တာပေါ့ ...။ အလကားလူ ...။

www.burmeseclassic.com



လက်စသတ်တော့ ကိုယ့်ရဲ့ အပေါင်းအသင်းကျော် သုံးယောက်ဟာ ဟိုအထက်ဆင်မကို ဘယ်အချိန် ဘယ်အခါတည် ကများ အငြိုးထား အခဲမကျေ ဖြစ်နေကြရှာလေသည် မသိ… ကိုယ့်ဘက်က နည်းနည်းမျှ စကားဦးသမ်းလိုက်သည် ဆိုလျှ ပင် … ဖျောင်းဖျ နားချမည့်သူက တစ်ယောက်မျှမရှိ … အားလုံး ဟာ အဆင်းဘီးတပ်၊ ဆီဆိုးလို့ ခပ်သာသာလေး တွန်းချပစ်လိုက် မည့်သူချည်းပဲ ဖြစ်နေကြပါပေါ့လား …။

"အဲဒါပေါ့ … ငါပြောချင်နေတာ ကြာပြီလေ ချေမ်းရာ… ပြောလို့မကောင်းလို့ကွ … တော်ကြာ စေတနာနဲ့ပြောကာ မှ လက်သီးစာ ဖြစ်နေတော့မှာကိုလည်း ခပ်ကြောက် ကြောက်လေကွာ … ငါတို့က ပွဲရုံချင်း ကပ်နေကြတာ မင်း သဘောပေါက်ပေါ့ … ဟော့ကောင် … နေ့တိုင်းရောက်… ရောက်လာတာ မြင်ပါတယ် ဆိုကွာ … နေ့တိုင်းပဲ ဆိုရင် တော့ သဘောပေါက်တော့ …"

"ဒါပဲလေ ချေမ်းရာ … ဟိုက သူဌေးအစစ်လေ … မင်း က သူဌေးညီ … ကွာလိုက်တာကွာ ဂုဏ်ဒြပ်ချင်းက… မိန်းကလေးဆိုတာမျိုးက တကယ့်အရင်းအမြစ်ကိုပဲ လို



ရမယ်ဆိုတာကို မသင်အဲ တတ်ကြတဲ့ သတ္တဝါတွေ ဖြစ် ကုန်ကြပြီကွ … မိန်းမဟူသည် ဆောင်းလေပမာညီ …"

"တော်ကြပါတော့ကွာ … မင်းတို့ကို တိုင်ပင်လိုက်ကာမှ … မဖြစ်နိုင်ပါဘူးလို့ … အငြင်းဘက်ကရော တစ်ယောက်မှ မရှိကြတော့ဘူးလား …"

"အေး … မင်းက ဝိုင်းငြင်းပေးကြစေချင်တာလား … မသိပါ ဘူး … ထောက်ခံချက်များ လိုချင်နေတာမျိုးများ လားလို့ …"

"ကျွတ် …"

ဘယ်လိုကောင်တွေမှန်းကို မသိ …။ မျက်နှာရိပ် မျက်နှာကဲကြည့်ပြီး အလိုက်မသိတတ်ကြတာကလည်း ကမ်းကုန် ပါရော …။ တကယ်ဆို ကိုယ့်ဘာသာကိုယ် မထင်စကောင်း ဆင်စကောင်း … ခေါင်းထဲကို ထည့်မထားချင်တဲ့ သံသယတို့က သူ့ဘာသာ အတင်းတိုးဝင်လာပြီး လှိုက်စားလို့နေကြတော့ချိန် မှာ … "ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးကွာ … အစိုးရိမ်မရှိလိုက် ပါကြီး"ဆိုတဲ့ စကားမျိုးကသာ အခုလို အချိန်မျိုးမှာ ကိုယ့် အတွက် အလိုအပ်ဆုံး … ရင်အေးဖွယ် … ရေကြည်ပေါက်စကား မျိုး မဟုတ်ဘူးလား …။

အဲဒါကိုပဲ ဝိုင်းဖွန်းဆောတီးပေးလိုက်ကြပုံက ကိုယ့် မှာ ခုချက်ချင်းပဲ အစ်ကိုနဲ့ ရည်းစားဟောင်းတို့ရဲ့ မင်္ဂလာပွဲမှာ အတိုသားအရန် အဖြစ်ပဲ ချီးမြှင့်ရတော့မလိုလို …။ နကန်းတစ် လုံးမှ အခြေအနေ မသိတတ်ကြတဲ့ဟာတွေ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ကိုငြိမ်းချမ်းက အိမ်သို့ ပြန်ရောက်ရောက်လာချင်းပင် … ချေမ်းကို ရင်ဆိုင်တွေ့ကာ … "မင်းနဲ့ အဲဒီ မြတ်စု ဆိုတဲ့ မိန်းကလေးက ဘာလဲ …"တဲ့။ "ဘာမှမဟုတ်ပါဘူး"ဆိုတော့ … "အေး … ပြီးရော …"တဲ့ …။ ကဲ … ပြီးသွားရော …။ လည်မွှတ်သည့် သူကတော့ … သူ့ဘာသာ လည်လည်မွှတ်မွှတ်နှင့် လိုချင်တာ ရရှိသွားချိန်မှာ … ကိုယ့်မှာတော့ "ခတ်တက်ကြီးပြင်"နေတာနဲ့ပဲ … သူ့လို ရတ်တရက် (၃)ခွန်းနှင့် လိုတာရ ဘဝမျိုး မရောက်လိုက်။

ပြောပြီး ပြီးရော … လှည့်ထွက်သွားခဲ့ပြီဖြစ်သူ နောက်သို့ လိုက်ကာ ကိုယ်သိချင်ရာများကို မေးရရင်လည်း … "သိပ်တိမ်လွန်းသူ"အဖြစ် အထင်တသေး အကြည့်များကလွဲရင် … ကိုယ်လိုရာကို ပြန်လည်ရရှိမည်လည်း မထင်ပါ …။ ဘာတွေကွာနေပါလိမ့် …။

အဲဒီကွာဟချက်တွေကြောင့်ပဲ … ဦးနှောက်တွေ၊ အတွေးအခေါ်တွေ၊ ဆုံးဖြတ်ချက်တွေ အင်မတန် ကောင်းမွန်တော်တဲ့နေပါသည် ဆိုတဲ့ မိန်းကလေးက ရတ်တရက်ကြီး မျက်နှာပြောင်တိုက် သဘောထား ပြောင်းပစ်လိုက်ဝံ့တာလား။

အား … ဘယ်တုန်းကမှ မထင်ခဲ့ဘူးနော် အထက်ဆင်မ …။ အကြောင်းရင်းမှန်ကို ရှာလည်းရှာ … သိလည်းသိချင်ခဲ့သော်လည်း … ဒါကြီးကိုတော့ အကြောင်းတစ်ရပ်အဖြစ် တွေးလို့ကို မထားခဲ့မိသလို … ခုထိမျက်မြင်ဒိဋ္ဌကြီး ဖြစ်တာတောင်



ဆက်သင့်က မခံချင်တုန်း …။ အကြောင်းအရာကို ပြောင်းလို့ရရင် ပြောင်းချင်တုန်း …။

"မင်းကလည်း ဘေးမှာ မြတ်စုနဲ့ဆိုတော့ …"

"အေး … ဟုတ်တယ် … မြတ်စု ပါနေတယ် …"

"မင်းကလည်း မင်းပဲ … ဟား ဟား ဟား …"

"ဒါကတော့ အ,သူ ခံစတာမ်းလေ … အစ်ကိုရော … အထက်ဆင်ပါ သူတို့ကိုယ်သူတို့တော့ လည်လှပါပြီဆိုတဲ့ ဆရာကြီးရုပ်တွေနဲ့ … ငါမှာ ဒေါသဖြစ်ရတဲ့ ကြားက ရယ်ချင်လိုက်တာကလည်း အူကိုနာနေသေးတယ် …"

"မင်းမို့ အဲဒီလို ပေါ်တင်တွဲဖို့ စိတ်ကူးရဲတာယ် ချေမ်းရာ… အရှက်အကြောက် မရှိ … ဟား … အထင်မလွဲလွဲအောင် လုပ်ပြချင်တယ် ဆိုရင်လည်း ဒီလိုကြီး ဒက်ထိတိုးပါမယ်လို့ ဘယ်သူက အာမခံနိုင်လို့လဲ … ကိုယ့်ပဲ လူတကာက မတော်မတရား ထင်ချင် ထင်သွားကြဦးမယ် …"

"စိတ်ကူးမရှိပါဘူးကွာ … အဲဒီဟာကလည်း သူ့နည်းနည်းလောက် အကူအညီ တောင်းကြည့်မိတာနဲ့ပဲ ကပ်မခွာကွ… ငါ့ဘက်ကတော့ တစ်ကြိမ် နှစ်ကြိမ်လောက်ပဲ အထက်ဆင်သူငယ်ချင်း ဟိုသုံးကောင်ရဲ့ရှေ့က ဖြတ်ပြရုံလောက်ဆိုတော်ပြီလို့ သဘောထားတာ … သိပ်ကြီး မျက်မှန်းတန်းရုပ်မှတ်မိသွားကြရင်လည်း အကြောင်းက သိကုန်ကြဦးမှာစိုးလို့ …"

www.burmeseclassic.com



"ဒါဖြင့် အဲဒီနေ့က ဘယ်လိုဖြစ်တာလဲ"

"ငါက သူ့ကို အကူအညီ နှစ်ခါလောက် တောင်းပြီးရင် တစ်ခါလောက်တော့ ပြန်ကူညီသင့်တယ်တဲ့ ... သူကအကျီချုပ်ဆိုလား ... Designer သင်တန်းဆိုလား တက်နေတယ်လေ ... အဲဒီနေ့ကတော့ ကားအဆင်မပြေလို့ လိုက်ပို့ပေးစမ်းပါ ဆိုလို့ကွာ ..."

"အဲဒီလိုနဲ့ပဲ တစ်ရစ်ထက်တစ်ရစ် တိုးလို့သာရှည်တော့မှာသဘောပဲ ..."

"တော်ပြီ ... သူ့ဘာသာ ရှည်ချင်ရှည် ... ငါကတော့ တော့တာပဲ ... ဒက်ထိလည်း တိုးပြီးပြီ ... ဆရာကြီးကောဆရာမကြီးပါ မရိပ်မိဘဲ ဒေါသတွေပဲ ထွက်နေကြရုံဆိုရင် ရှည်မှန်းချက်က ပြည့်လွန်းလို့ နည်းနည်းလေးတောင် မိုပြီးသွားပြီဆိုတော့ အားလုံး ပြီးပြီဆိုရင် ငြမ်းကိုဖျက်ရုံပဲကွာ ... ပေရှည်နေစရာ မလိုဘူး ..."

"မင်းအထက်ဆင်က ရှုံးမှုကို ... သူ့ဘာသာ မင်းအစ်ကိုနဲ့ မကလို့ ဘကြီးတွေ အဘိုးတွေနဲ့ပါ တက်တွဲရင်တွဲမယ် ... မင်းရဲ့ အတွဲသစ်ကိစ္စအတွက်တော့ ငြိမ်ငြိမ်ကလေး ပြီးလိုက်နိုင်မယ် မထင်ပါဘူး ... ဆက်ပြီး မပြတ်နားစွင့်စုံစမ်းချင်နေဆဲ ဆိုရင်တော့ ..."

"သူ့ဘာသာ ဘာတွေပဲ ဆက်စုံစမ်း စုံစမ်းပါ တင်မောင်ဦးရာ ... ငါ့ရည်ရွယ်ချက်ကတော့ ငါ သူ့ကို ဖြတ်ရတဲ့ အကြောင်းရင်းဟာ မြတ်စု ကြောင့်လို့ သူထင်ရင် ပြီးပြီကွာ ... နောင်မှဆိုရင် အဲဒီ မြတ်စုနဲ့လည်း ကွဲချင်ကွဲမှာပေါ့ကွ ... သူ ဘာပြောနိုင်သလဲ ... ခုလောလောဆယ် အတွက်ကတော့ သူ့ကို ဖြတ်တာ မြတ်စုကြောင့် ... ဒါပဲ ပြီးပြီ ..."



သုံးယောက်သား ဘာပြောကြရမည်တောင် မသိ ...။ အကြောင်းရင်းမှန်ကို မသိစေချင်၍ ဇွတ်ကြီး အကြောင်းရှာ ပြသားသော ချေမ်း အတွက် အထက်ဆင်က ပြန်ပြလိုက်သော အကြောင်းကတော့ ... ယပ်တောင်ကလေးလောက်နှင့် စပြီးနောက်ပြီး ရွယ်မိသည့်သူကို လက်နက်ကြီးနှင့် ပြန်ထုစစ်လိုက်ရာမျိုးကြီး အထိတောင် ကျမနေပေဘူးလား ...။ မိန်းမ ... မိန်းမ ... ထိုမိန်းမကား ...။

သုံးယောက်သားရဲ့ အတွေးအိမ်ကို တယ်လီဖုန်းသံကျယ်ကျယ်တစ်ခုက ဖြိုခွင်းပစ်လိုက်သည်။ အိမ်ရှင် ချေမ်းကို ကြည့်တော့ မလှုပ် ...။ တင်မောင်ဦးက အနီးဆုံးလူ ဝင်းကျော်ကို မျက်စပစ်ပြလိုက်သဖြင့် ဝင်းကျော်မှာ ထကိုင်လိုက်ရလေသည်။

"ဟလို ..."

"ဘယ်သူလဲ ခုပြောနေတာ ... ချေမ်း ရှိလား ..."

ဟိုက် ... အထက်ဆင်မ ...။ ဝင်းကျော်က ဖုန်းခွက်ကို လက်ဝါးနှင့် အလျင်အမြန် ပိတ်အုပ်လျက် ... ဟိုကောင်



www.burmeseclassic.com

www.burmeseclassic.com



သုံးကောင်ဘက် လှည့်ကာ ... "အထက်ဆင်ကွ ... အထက်ဆင် ... ဟု သတင်းအမြန် ပေးလိုက်သည်။ ချေမ်းကား ဒိုင်စင်းစင်း ဘဝမှ ရုတ်ချည်း လှုပ်ရှားလာကာ ခုန်ပေါက်ထကိုင်လိုက်ရန် ဟန်ပြင်လိုက်သည်။ ပြီးမှ ... ဘာတွေးမိပြန်သည် မသိ ... ကပုံစံအတိုင်းပဲ ဒိုင်ဒိုင်ကြီး ပြန်ဖြစ်သွားကာ ... "မင်းပဲကြည့်က လုပ်လိုက်တော့ကွာ ..."ဟု လက်ဟန်ခြေဟန်ကို ပြလေသည်

"ဟော့ ... ထက်ထက်ဆင့် ... ငါဟ ... ဝင်းကျော် ...

"ချေမ်း ရှိတယ်မှတ်လား ... ဖုန်းပေးလိုက်လေ ..."

"အဲ ... ဒီလိုလေဟာ ... မရှိ ..."

"ဟာဟ ... အိမ်ရှင်မရှိဘဲ ဧည့်သည်ကြီးနင်က အဲဒီ ငုတ်တုတ် ဘာလုပ်နေတာလဲ ..."

"ဩော် ... နင်ကလည်း ရှိတော့ ရှိတာပေါ့ ... ဒါ ခုမရှိဘူးလေ ... ဟိုဒင်းဟာ ... ပြောရခက်လိုက်တာ ..."

"ကဲပါ ... ငါကပဲ အကြောင်းရှာပေးပါတော့မယ် အိမ်သာ သွားတက်နေတယ်ပဲ ထားလိုက်ပါ ..."

"အေး ... အေး ... အဲဒါပဲ ကောင်းပါတယ် ..."

"ဒါဖြင့် ... သူ့အိမ်သာတံခါးဝအထိ တံခါးလိုက်ခေါက် ပြီး သွားပြောချေစမ်း ... AIDS ဆိုတာ ကုရာနတ္ထိ ဆေး မရှိ ... လို့ ..."

"ဟာ ... နင်ကလည်း ... အဲဒီစကားကြီးက ချေမ်းနဲ့ ဆိုင်လို့လဲ ... ဘာမှ မပတ်သက်နိုင်တာကြီးကို ..."



"ဘာလို့ မပတ်သက်ရမှာလဲ ... မင်းသားကြီး ရော့(ခ)ဟတ်ဆန်ဟာ ဘာကြောင့် သေသွားရသလဲ ... ကဲ ... နင်ဖြေ"

"အဲဒီ AIDS ... အဲ ... အခြောက် ..."

"ဒါပဲပေါ့ ... နင်တို့လည်း ကျပ်ကျပ်လေး သတိထားကြ ... အခု ပုလဲကတောင် နင်တို့လေးယောက်စလုံးကို မသင်္ကာဘူး ... သော်ဇင်လည်း ဒီပုပ်ထဲက ဒီပဲပဲ ဖြစ်မှာပဲလို့ ပြောနေလေရဲ့ ... ငါ စိတ်မကောင်းပါဘူးဟာ ... သူက သူတကာထက် ထူးထူးခြားခြား ရွံတတ်တာလည်း နင်တို့အသိ ... ကဲ ... ကဲ ... ဒါပဲ ..."

"ဂွပ်"ခနဲ ဖုန်းချသွားခဲ့တဲ့အထိ ဝင်းကျော် ခများ အူတူတူ ...။ ခဏနေမှပင် အဖြေကို ရှာတွေ့ကာ ဝါးလုံးကွဲ ရယ်ချပစ်လိုက်မိသောအခါ ... ဝင်းကျော် တစ်ယောက်တော့ အာပြဲမရဲ့ အဆူအဆောင့်မှာ ခံလိုက်ရပြန်ပြီဟု တွေးနေကြသည့် သုံးယောက်ပင် ဘာမှန်းမသိ ဖြစ်သွားကြရပါသည်။

"အထက်ဆင်က စိန်ဂျူလည်းပဲကွ ... ခု သူသိသွားပြီ ... ဟား ဟား ..."

"ဘာလဲ ... ဘာလဲ ..."

"မြတ်စုက ဘာလဲ ... ဆိုတာကိုလေ ... ဟား ဟား ဟား ... AIDS ဆိုတာ ကုရာနတ္ထိ ဆေးမရှိတဲ့ ... ငါတို့ လေးယောက်လုံး ကျပ်ကျပ် သတိထားတဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



ဈမ်းမှာ "တောက်"ခနဲ အသံကျယ်တစ်ချက်နှင့် အခံရ ခက်သလို ဖြစ်သွားရပြီးမှ သော်ဇင့်ဘက် ဖျတ်ခနဲ လှည့် ကြည့်လိုက်လျှင် ... သော်ဇင်က ခြေကားယား လက်ကားယား နှင့် ... ခေါင်းကိုပါ အပြတ်ခါယမ်းပစ်လိုက်ကာ ...

"ငါ လုံးဝ မဟုတ်ဘူး ... လုံးဝ နှုတ်လုံခဲ့တဲ့အတွက် ခုလောက်ဆိုရင် ပုလဲကတောင် ငါ့ကို ထိမ်ချန်မှုနဲ့ ဒေါသ တွေ အထွက်ကြီး ထွက်နေလောက်ပြီ ..."

"ဒေါသထွက်တာထက် ရှုံသတဲ့ကွ ... မင်းလည်း ဒီပုပ်[…] က ဒီပဲပဲ နေမှာပဲတဲ့ ... အထက်ဆင်မကတောင် မင်း အတွက် စိတ်မကောင်းပါဘူးလို့ ပြောသွားသေးတယ် မောင် ..."

"ဟာ ..."

သော်ဇင် တစ်ယောက် ထိုင်နေရာမှ ခုန်၍ပင် ထ ရပ်လိုက်သလား ထင်ရသည်။ ပြီးလျှင်တော့ ဈမ်းဘက် လ[…] ညှိုးငေါက်ငေါက်ထိုးကာ ...

"မင်းထွင်တဲ့ စတန့်က နောက်ဆုံးကျတော့ ခံရတာ ငါ ဖြစ်နေပြီ ..."

"မင်းကလည်းကွာ ... ဒီလောက်ကြီးလည်း မဟုတ်[…] ဘူး"

"ဘာလို့ မဟုတ်ရမလဲ ... ပြောသွားတာ ကြားရဲ့လား[…] ရှုံနေပြီတဲ့ကွ"



"အထက်ဆင်က အဲဒီလိုပဲ အပိုဆာဒါးတွေလည်း ညှပ်တတ် ပါတယ်"

"သူ့ဘာသူ ဘာညှပ်ညှပ် ... အဲဒီလို အခြောက်ကောင်နဲ့မှ အထင်ခံရတာ ဂုဏ်ပျက်လှသကွာ ... ထို့ ... အစောကြီး ကတည်းက ရှာရှာကြံကြံလို့ ငါ မပြောခဲ့ဘူးလား ... ဓာတ်လမ်းလုပ်ပြချင်ရင်လည်း ... တွဲစရာမိန်းမတွေ ရိုက် သတ်လို့တောင်မှ မကုန်နိုင်ဘူးကွာ ..."

"ကဲ ... သွားပြေးရှင်းပြချင်ရင်လည်း ခုပဲ ပြေးပေတော့ ... ဘယ်သူမှ တားမထားဘူး ကိုယ့်လူ ... ငါ့ရှေ့တော့လာ ပြီး ဟန်ရေးကြွယ်မနေနဲ့ ... မင်း ဒီလိုအော်ဟစ်သောင်း ကျန်းနေတဲ့ လေသံကြီးမျိုးရဲ့ ဆယ်ပုံတစ်ပုံလောက် ပုလဲ ရှေ့မှာ လုပ်ပြရဲတယ် ဆိုရင်တောင် ငါ့မှာ ခံရတာကို ဂုဏ်ယူပြီး ပြုံးပြုံးကြီး ခံနေနိုင်ဦးမယ် ... ခုတော့ ..."သွား စမ်းကွာ ... သွား ... သွား ... ငါကလည်း သိပ်ကြည်လင် နေလှတဲ့ကောင်တော့ မဟုတ်ဘူးနော် ... မင်းသိထားဖို့က ..."

သော်ဇင်ကား အဟုတ်ပင် ထွက်သွားပါတော့သည်။

"ဒီကောင်လည်း နေရင်း ထိုင်ရင်း 'ရ–စ–က'အဖွဲ့ထဲ ဘယ်တုန်းက သွားဝင်လိုက်သလဲ မသိဘူး ... ကြည့်လိုက် တိုင်း ပျာနေ ပြာနေတာချည်းပဲ ... မိပုလဲတို့များ နိုင် ထားလိုက်တာဆိုတာ ... 'သော်ဇင်'လို့ ခေါ်နေဖို့တောင် မလိုဘူး ... သဝေထိုးကို အသံထွက်ဖို့ လျှာကိုဒိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရုံရှိသေး ... ဒီကကောင်က ဆီးတဖြန်းဖြန်းနဲ့ ဖြစ်နေပြီ ... ငါတို့ကောင် ချေမ်းပဲ ကောင်းတယ် ... ဟော့ကောင် ... ဝင်းကျော် ... မင်းက ဒါမျိုးတွေနဲ့ မကြုံသေးဘူး ... ဆရာ မမှားစေနဲ့ ... ချေမ်းကို အတုယူ ..."

ဖင်ငြိမ်ငြိမ်ကလေး ဘယ်လိုမှ ဆက်ထိုင်နေဖို့ မဖြစ်နိုင်တော့သဖြင့် အထက်ဆင်ဆီ ဖုန်းပြန်ဆက်ဖို့ရာ ထရပ်လိုက်သော ချေမ်း ခမျာ တင်မောင်ဦးရဲ့ စကားကြောင့် ... ဘာဆက်လုပ်ရမှန်း မသိ ... ဟိုလျှောက် ဒီလျှောက်ကြီး ဖြစ်သွားရပါသည် ...။ သူ့ကြောင့် ချေမ်း ဒုက္ခရောက်သွားပြီမှန်း ရိပ်မိလိုက်တဲ့ တင်မောင်ဦးက ကျိတ်ရယ်ချင်စိတ်ကို မျိုသိပ်လိုက်ရကာ ... ချေမ်းဘက် လှည့်ပြီး ...

"စုံတွဲလိုက် ... စုံတွဲလိုက် မျက်နှာချင်းဆိုင်တွေ တွေ့ကြရတဲ့ ကိစ္စမှာ သူ့ဘက်ကတော့ ကျော်ပြီး ဖုန်းဆက်သွားပြီးပြီ ... ခံမနေနဲ့ ချေမ်း ... ပြန်ဆက်ကွ ..."

ချေမ်း ခမျာ ခုမှပင် နေသာထိုင်သာ ရှိရတော့မလိုဖြစ်ကာ ...

"ဟုတ်တယ် ... ကိုငြိမ်းချမ်းနဲ့ ကိစ္စကတော့ တည့်ပဲမေးပစ်ရတော့မယ်"

"ဒါပဲပေါ့ကွ ... ဒါပဲ ရှိတာပေါ့ ..."

ဒီတစ်ခါ အဆင်းမှာ လာတပ်သည့် ဘီးကိုတော့ ချေမ်းက ခွန်အားအဖြစ်ပဲ သဘောထား သုံးစွဲပစ်လိုက်ကာ ...





က်ဆင်ရဲ့ အိမ်သို့ ဖုန်းလှည့်တော့ ... "ပွဲရုံမှာ ..." တဲ့ ...။ သို့ ဆက်ခေါ်တော့ ... "ခုလေးတင်ပဲ ကုန်အဝင်ရှိလို့ ကုန်နေတဲ့ ဆီမှာပါ" တဲ့။ ဖုန်းနံပါတ်တစ်ခုကို ပေးသည်။ အမယ် ... က်ဆင်က ... လက်ကိုင်ဖုန်းတွေ ဘာတွေနဲ့ ... ဘယ်တုန်းများ ဟန်ကျပန်ကျ ရှိသွားပြန်ပြီလဲဟု ... ကမန်းကတန်း ထားလိုက်ရသော ဖုန်းနံပါတ်ကို မမေ့အောင် အထပ်ထပ် ခါ ဆိုသလိုပင် ရွတ်ဆိုကြည့်နေဆဲ ...

ဟာ ... ဒါ ကိုငြိမ်းချမ်းရဲ့ Hand Phone နံပါတ် ပဲ ...။

ကိုငြိမ်းချမ်းရဲ့ Hand Phone ဟာ ဘယ်လိုလုပ်ပြီး တော့များ အထက်ဆင်ရဲ့ လက်တွင်းမှာ ရောက်ရှိနေရပါသလဲ။ ဘက် ... လုပ်လိုက်ကြပြန်ပြီဟော့ ...။

ချေမ်းရဲ့ မှုပျက်ဟန်ပျက်ပုံကိုကြည့်ပြီး ... ဝင်းကျော် နှင့် တင်မောင်ဦးတို့က ... "ဘာလဲ ... ဘာတဲ့လဲ" ဟု ဝိုင်းမေး ကြသည်။ ချေမ်းမှာ အဖြေပြန်ပေးချင်၊ ပြန်ပေးဝံ့သည့် ခွန်အား ကောင်မှ မကျန်ချင် ...။ "ကိုငြိမ်းချမ်းနဲ့ ကိစ္စကို တည့်ပဲမေးပစ် မယ်" ဟူ၍ ခုနစ်မောင်း ရှစ်မောင်း တင်ခဲ့သည့် သူ့ကိုမှ ... မေး မမေးရသေး ... "ဒါအဖြေပဲလေ" ဟု ခုတ်ချပြလိုက်သလို ဖြစ် ပါပြီ ...။

ဒါပေမဲ့ ကုန်ဆုံးသွားချင်ပြီဖြစ်သော အင်အား ကို ပြန်လည်စုစည်းယူလိုက်ပါဦး ...။ ပွဲရုံက ခင်ခင်လက်စ



www.burmeseclassic.com

www.burmeseclassic.com



ရှိသော ဖုန်းကိုင်တဲ့ ကောင်ကလေးဟာ ... ခုနကဆက်သည့်သူဟာ ချေမ်းမှန်း သိပြီးသွားခဲ့ပြီ။ "ကိုချေမ်း လှမ်းဆက်လို့ Hand Phone နံပါတ် ပေးလိုက်တယ် အစ်မ" ဆိုတဲ့ သတင်းဟာ အထက်ဆင်ဆီ အနေးနဲ့ အမြန် ဆိုသလိုပဲ ပြန်ပေါက်တော့မှာကတော့ မလွဲ ...။ ကိုငြိမ်းချမ်းရဲ့ နံပါတ်ကြီး ဖြစ်နေလို့ ချေမ်းတော့ အီခနဲ ထိုင်ဆင်းသွားရာပြီလို့ ဆရာမကြီးက သူ့ရဲ့နှိုင်ကွက်ကိုသူ အကြီးအကျယ် ဂုဏ်ယူပီတိဖြာနေပေဦးတော့မည် ...။

ချေမ်းမှာ နောက်ကျနေသည့်စိတ်နှင့်ပင် ဖုန်းကိုလှည့်လိုက်ရပါတော့သည်။

"ဘာလဲ ... AIDS အတွက် ဘယ်ဆရာဝန် ကောင်းမလဲလို့ စုံစမ်းချင်လို့လား ..."

သူကိုင်ထားသည့် ဖုန်းမှာ ကိုယ့်ရဲ့ဖုန်းလှည့်တဲ့ နံပါတ်က သွားပေါ်နေပြီးသားမို့ အထက်ဆင်မက ဖုန်းကိုကိုင်ကိုင်လိုက်ချင်းမှာပင် အတပ်သိစွာ ပြောလိုက်လေသည်။

"မဟုတ်ဘူး ... ကိုငြိမ်းချမ်း ကရော ... အစစ်လား ... ယောက်ျားရှာကြီးပဲလား ဆိုတာ သိချင်လို့ ..."

ချေမ်းရဲ့ တုံ့ပြန်မှုကြောင့် တစ်ဖက်မှ စကားသံတိခနဲ တိတ်ကျသွားပါသည်။ နံဘေးမှာ ကုန်တင်ကုန်ချ အလုပ်သမားတို့ရဲ့ အသံကျယ်ကျယ်တွေ ... ကားသံ၊ အော်သံတွေ ဆူညံစွာပင် ကြားနေရသည်။ ခဏတွင်းချင်းမှာပင် ဖုန်းကိုလက်ပြောင်းကိုင်လိုက်သလို ထင်လိုက်ရကာ ...





"ဟော့ကောင် ... ဘာလိုက်ရှုပ်နေတာလဲ ... ဒီမှာ လူတကာ အလုပ်လုပ်နေကြတယ် ဆိုတာ မသိဘူးလား ... မင်းဒီအချိန် ဘာသင်တန်းမှ မရှိဘူးလား ..."

"ပြန်လာပြီ ... ထက်ဆင့် ဆီပဲ ဖုန်းပြန်ပေးလိုက်ပါ ... ကျွန်တော်တို့ချင်း ပြောနေတာ မပြီးသေးဘူး ..."

"ကျွတ် ... ခက်တဲ့ကောင် ... တကယ်ဆို ဒီအချိန် ဒီနေရာမှာ ငါလာကူနေရဖို့တောင် မဟုတ်ဘူး ... ခုတော့ မင်းက မကူတဲ့အပြင် နှောင့်လိုနှောင့်ယှက်"

သူ့ ဘယ်သူက ကူခိုင်းလို့လဲ ...။ ဟိုက မိမဲ့ဘမဲ့ဘစ်ကောင်ကြွက်လည်း မဟုတ် ...။ အဖေနဲ့ အမေနဲ့ ... အစ်ကိုနဲ့ ယောက်မနဲ့ ဟာကို ...။ ဒီဖုန်းဟာ အတက်ဆင်ရဲ့လက်ထဲသို့ ချက်နှာလို မျက်နှာရ လက်ဆောင်သဘောမျိုး ပေးကိုင်ထားခြင်းမျိုးမဟုတ်ဘဲ ... ကိုငြိမ်းချမ်းပါ အနားမှာ ရောက်နေတုန်းမို့သာ ကောင်လေးက နံပါတ်ပေး ညွှန်လိုက်တာ မျိုး ဖြစ်နိုင်မှန်း ... အမှန်တရားကို အနီးစပ်ဆုံး စဉ်းစားနိုင်လိုက်တဲ့ အတွက်ကြောင့် တော့ ရင်ပူရတာက ထက်ဝက်နီးပါးမျှ သက်သာ သွားပါသည်။

ဒါပေမဲ့လေ ... အဲဒီလို လူအကောင်လိုက်ကြီး ရောက်နေပြန်တာကိုက အဓိပ္ပာယ်မရှိတာ ... ရောက်စရာလား ...။ သူ့မလည်း ကိုယ့်အလုပ်နဲ့အကိုင်နဲ့ဟာကို ... မျက်စိမှိတ်လဲ့ပစ်ခဲ့ပြီး ဒီဘက်က စီးပွားရေးထဲမှာပဲ ပူးယှဉ်ပြီး အတူလာ လာ ရှိနေ

www.burmeseclassic.com



ရရင်တော့ ကြာလာရင် ချေမ်းတို့တော့ ခွက်လက်ဆွဲကာ ထမင်းရည်ပဲ သောက်ရတော့မဲ့ ဘဝမျိုး ရောက်မယ်ထင်ပါရဲ့။

အထက်ဆင် ဘက်က အသံထပ်ထွက်မလာပေမဲ့ ဖုန်းကိုတော့ လက်လွှဲကိုင်လိုက်ပြီမှန်း သေချာသောအခါမှာ … ချေမ်းက ဒေါသသံကို စိုးစဉ်းမျှ မပါဝင်စေတော့ဘဲ ပုံမှန်အသံတည်တစ်ခုနှင့်သာ …

“ငါ နင့်ကို အကြောင်းပြချင်တဲ့အခါ … မြတ်စုလိုလူမျိုးကို သုံးခဲ့တယ် … မိန်းကလေး တစ်ယောက်ယောက်ကို အကူအညီ တောင်းခဲ့ရင် ဓာတ်ရှုပ်ကုန်မှာစိုးလို့ပါ …၊ နင့်ဘက်ကကျတော့ ဘယ်လိုလဲ … ကိုငြိမ်းချမ်းဟာ ယောက်ျားအစစ်ကြီး … ပြီးကျတော့ ငါ့အစ်ကိုအရင်းပါ … အကြောင်းပြချင်တာဆိုလည်း နင် လွန်တယ် … အဲဒါဟာ တကယ့် အကြောင်းအစစ်ပါဆိုရင်လည်း နင်လွန်တာပဲ … ဒါပဲ ငါပြောချင်တယ် …”

နင့်ရဲ့ သက်ပြင်းခိုးရှိုက်လိုက်သံဟာ အလန့်တကြားနိုင်နေမှန်း ငါ သိလိုက်တယ် အထက်ဆင် …။





အခန်း(၄)

ကိုယ့်ရှေ့က တစ်ယောက်ဟာ သူရဲတစ်ကောင်ပဲ
နေခဲ့ရင်တောင်မှ ချေမ်းဟာ ခုချိန်မှာ ဒီလောက်အံ့သြထိတ်
နေမိမည် မထင်ပေ …။ ခုဟာကတော့ သရဲထက်တောင်မှ
း လန့်ထိတ်စရာ ကောင်းနေတော့သော သူမှာ ကိုယ်အရင်က
ည်းက ရင်းနှီးကျွမ်းဝင် ခင်မင်မိခဲ့ပြီးသား တစ်ယောက်မှ
ပါလေစ ဆိုတာသည်ပင် အင်မတန်မှ အံ့သြ … သံသယ
စရာ ကောင်းနေပြီ။

“ကိုစောလွင်” …။ နံဘေးနားက သူ့မိန်းမ မမနှင်း
သာ မမြင်လျှင် ဒီလူတစ်ယောက်ဟာ “ကိုစောလွင်”ပါဆိုတာ
အနည်းဆုံး သုံးလေးခါမျှတော့ ပြန်စဉ်းစားနေရပေဦးမည်။
ကတော့ သူ့နံဘေးမှာ ဘယ်လိုမှ လူမမှားနိုင်သည့် … သူ့
ရုပ်ပြောင်းလို့လည်း မနေသည့် မမနှင်းကြီး ငုတ်တုတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တွဲလျက်သားမို့သာ "ဒီလူဟာ ကိုစောလွင်ပဲ ဖြစ်မှာပါ"ဆိုတာကို ပထမတစ်ခါမှာ မှန်းယူလိုက်နိုင်ခြင်း ဖြစ်ပေသည်။

ဘယ်လိုဖြစ်သွားရတာပါလိမ့်။

ရုပ်ပျက်သွားသည်ဆိုတာ ဒါမျိုးကို ခေါ်တာပဲဖြစ်ပေလိမ့်မည်။ အရင်ကဆို သူ့ညီမဖြစ်သူ အထက်ဆင်နှင့် တခြားစီပင် ဖြစ်သော ကိုစောလွင်ဟာ ... မဆိုစလောက် အနည်းငယ်လေးမျှပင် ဆူဖြိုးသည့်ဘက်သို့ ပါချင်သေးသည်ဟု ပြောရနိုင်တာမျိုးပါ။ ခုကျတော့ ... လူက အရင်ခန္ဓာကိုယ်ရဲ့ တစ်ဝက်မျှပင် မရှိချင်။ ကိုယ်ခန္ဓာထက် ပိုကြောက်ဖို့ ကောင်းနေတာက ရုပ်ရည်ပင် ...။

မှတ်မှတ်ရရ ...။ ချေမ်းဟာ ကိုစောလွင်ကို နောက်ဆုံးမျက်နှာချင်းဆိုင် တွေ့ဖြစ်ခဲ့ကြတာဟာ ... အထက်ဆင်ရဲ့အိမ်ကို ချေမ်း ရောက်ဖြစ်ခဲ့ချိန်က ...။ အဲဒီတုန်းက ပြတ်ကြစဲကြဖို့ကိုလည်း စိတ်ကူးထဲတောင် မရှိသေးချိန်မို့ ... သူငယ်ချင်းတွေနဲ့ ညစာထွက်စားကြဖို့ သွားခေါ်ခဲ့တုန်းကပါ။ မှတ်မှတ်ရရ ... လွန်ခဲ့တဲ့ တစ်လခွဲကျော်ကျော်လောက်က ...။ ကြာတော့ကြာပြီပေါ့ပါပဲ။ ဒီနောက်မှာတော့ ချေမ်းဟာ ကိုယ့်မလည်း ကိုယ့်ပြဿနာကြီးနှင့်ကိုယ် ဆိုတော့ အထက်ဆင်နှင့်သာ ပြတ်သွားကြရော ... အဲဒီအိမ်သို့ ထပ်မရောက်ဖြစ်တော့။

ဟုတ်သား;ပဲ ...။ အဲဒီနောက်ဆုံးတွေ့ကြတဲ့ နေ့ကလည်း ချေမ်း အဲဒီအိမ်ကို ရောက်သွားတော့ ... "ကိုစောလွင်





သိပ်နေမကောင်း"ဟု သိရသဖြင့် ... ချေမ်းတောင်မှ သူတို့အခန်းထဲအထိ သွားဝင်ကြည့်ပြီး သတင်းမေးကြည့်ခဲ့သေးသည်။ ဒါပေမဲ့ အဲဒီတုန်းက ဒီလိုရုပ်မျိုးကြီးနဲ့တော့ မဟုတ်သေးပါဘူးလေ ...။

အစားအသောက်ပျက်ကာ ဖျားနေသည်ဟုပဲ သိခဲ့ရကာ ... ကိုစောလွင်ကတောင်မှ ... "ဘာမှမဖြစ်ပါဘူးကွာ ... ခင်းအစ်မနဲ့ မင်းသူငယ်ချင်းတို့က ငါ့ကို အလုပ်ထဲ စိတ်နှစ်လွန်းလို့ဆိုပြီး နေရင်းထိုင်ရင်း ကြည့်မရချင် ဖြစ်နေကြတော့ ... နည်းနည်းလောက် ဖြစ်လိုက်ရင်ပဲ သူတို့က အိပ်ရာထဲကကို ထစေချင်ကြတော့တာ မဟုတ်ဘူးကွ ..."ဟုပင် ပြောခဲ့ပါသေးသည်။

ခုတော့ဖြင့် "ဘာမှမဖြစ်ပါဘူးကွာ" ... ဆိုသောသူရဲ့ မျက်နှာက အရိုးခေါင်းတစ်ခုကို ကြည့်နေရတော့သလို ပင်ဖြစ်နေပါပြီ။ ကြည့်လိုက်တာနဲ့ အသက်ရှုရခက်နေပုံလည်းရကာ ... မည်းပုပ်ဖြစ်တာ ကြာပြီဖြစ်ဟန်တူသော ဆံပင်ရှည်ပွပွတို့က ညှင်းဆိုးဆိုး ...။ အစဉ်အမြဲ ရွှန်းလက်တက်ကြွခဲ့သော မျက်ဝန်းတို့က ဝေသီသီ ...။

ဒုက္ခပါပဲ ...။ လူတစ်ယောက်ဟာ တစ်လခွဲ ဆိုတဲ့ အချိန်ကာလလေး အတွင်းမှာ ဒီလောက်ကြီးကိုပဲ ပြောင်းလဲသွားနိုင်တယ်တဲ့လား ...။

ချေမ်းမှာ ကိုယ့်လာရင်းကိစ္စကိုပင် ကိုယ်မေ့မြောက်သလို ဖြစ်သွားရပါသည်။ ချေမ်းက အထူးကုဆရာဝန်ကြီးတစ်ယောက်ယောက်ထံမှာ ကိုယ့်ရဲ့အခြေအနေကို အေးအေးဆေးဆေး

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးကာ ကိုယ့်ရောဂါအကြောင်းကို ခုကိုယ်သိထားတာထ
စုံစုံလင်လင် ခြေခြေမြစ်မြစ်များ ထပ်သိခွင့် ရနိုင်ဦးမလားလို့
ခုတော့ ကိုယ့်ကိစ္စထက် သူ့ကိစ္စကဆိုး ဆိုသလိုပင် … ကိုယ့်
ရင်းကိစ္စကို ပေလျာက်သာ သဘောထားလိုက်ကာ ကိုစောလွင်
ကြောင်းရင်းမှန်ကို တိတိကျကျ သိခွင့်ရခဲ့ဖို့ကိုပဲ ပိုပြီးစိတ်
သွားမိပါပြီ။

ဘာကြောင့်ရယ် မသိ။ ချမ်းအတွက် ဖြစ်သင့်လ
သင့်တာက ဒီအချိန်မှာ မမနှင်းနား သွားလိုက်ပြီး အကျိုးအကြော
မေးကြည့်ကူညီ … စသဖြင့်သာ ဖြစ်သင့်သော်လည်း ချမ်း
ကိုယ့်ကို မြင်သွားကြမှာကိုပင် အားနာစိတ်နှင့် ထပ်မံပြီး
ကွယ် လုံခြုံစေလိုက်သေးသည် ဆိုတော့ … ကိုယ့်စိတ်ကို ကို
ပင် နားမလည်နိုင်တော့ပြီ …။

တစ်ခုခုတော့ တစ်ခုခုပဲ … ဟု ထင်သည်။ အထ
ဆင်နှင့် ချမ်းတို့ကိစ္စက သုံးပတ်မပြည့်သေးသော်လည်း ပြတ်
စဲကြဆဲ ကာလမို့ ကိုယ့်ဆီကို ဒီသတင်းက အထက်ဆင်ကတစ်
မရောက်ရှိခဲ့တာကတော့ ထားပါတော့။ ဒါပေမဲ့ ဒီအသိုင်းအဝိုင်
နဲ့ ဒီအသိုင်းအဝိုင်း … ဒီလူနဲ့ ဒီလူတွေကြားထဲမှာ ဒီသတင်း
ဟာမျိုးဟာ ဒီလောက်ကြီး တိမ်မြုပ်ပျောက်ကွယ်နေစရာလား_
အထက်ဆင်နဲ့ ချမ်းတို့ ပြတ်ကြတာနဲ့ပဲ … နောက်ပိုင်း
ကိုယ့်လူသူ့လူ အသိုင်းအဝိုင်းကြီး တစ်ခုလုံးကပါ လိုက်ပြီးပြတ်
ပြတ်တောက်ပြီး ဆုံးသွားကြရရောလား …။



ကိုငြိမ်းချမ်း တစ်ယောက်ကတော့ ဘာလုပ်နေပါ
လိမ့်။ မသိသေးတာဆိုရင်လည်း အတော်ထူးဆန်းသည်။ သိပြီး
ဖြစ်ရက် ချမ်းကို ပြန်ပြောမပြခဲ့တာ ဆိုရင်လည်း ပိုလို့ပင်
ထူးဆန်းသည်။

ချမ်း ကြည့်နေဆဲမှာပင် … ကိုစောလွင်နှ နှင်း
တို့က ဆေးရုံကြီးရဲ့ ဟောလ်ခန်းမကြီး အတွင်းမှ အခန်းငယ်
တစ်ခုထဲသို့ ဝင်ရောက်သွားကြပါသည်။ ချမ်းလည်း မသိမသာ
ပင် လိုက်ပါသွားမိကာ … ထိုအခန်းငယ်ကလေးရဲ့ ထိပ်က
ဆရာဝန် "Specialist"၏ ဆိုင်းဘုတ်ကို လှမ်းဖတ်ကြည့်သည်။
ဆရာဝန်ကြီးရဲ့ နာမည် … ဘွဲ့ထူး ဂုဏ်ထူးတွေအပြင် … ချမ်း
သိပ်မသိတာ တစ်ခုကတော့ "Oncologist"ဆိုသည့် အသုံးအနှုန်း
ပင် …။ ဘာရောဂါကို အထူးကုများ ဖြစ်ပါလိမ့် …။

"ဆရာမ … Oncologist ဆိုတာက ဘာများလဲခင်ဗျ …"

ချမ်းက နံဘေးမှ ဖြတ်သွားသော ထဘီပြာနှင့်
ဆရာမလေး တစ်ယောက်ကို လှမ်းမေးကြည့်လိုက်ပါသည်။

"ဪ … Oncologist ဆိုတာ … ကင်ဆာရောဂါဝေဒနာ
သည်တွေအတွက် အထူးဆရာဝန်ကြီးပါ … တခြား
Physician တွေ အထူးကုတွေဆီမှာ ပြရင်းနဲ့ ရောဂါဟာ
ကင်ဆာရယ်လို့ အတိအကျ အဖြေထွက်လာပြီးပြီ ဆိုရင်
တော့ ဒီ Oncologist ဆရာဝန်ကြီးနဲ့ ဆက်ပြရပါတယ် …"

"ဪ …"

www.burmeseclassic.com



ချေမ်းရဲ့ ရင်ထဲ "ဒိန်း"ခနဲပင် ဖြစ်သွားရပါသည်။ နှုတ်ဆက်ထွက်ခွာသွားသော ဆရာမကလေးကိုပင် သေချာပြန် နှုတ်မဆက်လိုက်နိုင်တော့ဘဲ ချေမ်းရဲ့ စိတ်နှလုံးမှာ ညှိုးချုံးပြီး ကျန်ရစ်သည်။ ချေမ်းရဲ့ စိတ်ရင်းမှန်အရ ဆိုရင် ကင်ဆာဆိုသော ရောဂါ ဒုနာမျိုးဟာ သူ့ဟာနဲ့သူ ရှိချင်တဲ့ နေရာမှာ သွားရှိနေ သင့်တာမျိုးသာ ဖြစ်ပြီး ... ကိုယ့်အသိုင်းအဝိုင်း ... ပြီးကျတော့ ကိုယ့်ချစ်သူကလေးရဲ့ အသိုင်းအဝိုင်း ... ဒီနှစ်နေရာအတွင်းကို တော့ ဘယ်လိုမှ လာမပတ်သက်သင့်တဲ့ အခြေအနေ တစ်ရပ်ထဲ ပါပင် ...။

နက်ကျတော့ ဒီလို ခပ်ဝေးဝေးမှာသာ ရှိနေသင့်တဲ့ ရောဂါတစ်မျိုးဟာ ကိုစောလွင် ဆီမှာမှ လာရှိနေရသတဲ့ Oncologist နဲ့ ပြနေပြီဆိုတော့ ခပ်အအ ... ခပ်ထုံထုံ မဟုတ်တဲ့ ကိုစောလွင်ဟာ သူ့ကိုယ်သူ ကင်ဆာရောဂါရှင်မှန်း ကိုယ်တိုင် သိပြီးနေလောက်ပြီ။ အဲဒါကြောင့်ပဲ ချစ်သူကလေးဟာ ကိုယ့်ထံ ပဲ သင်တန်းပေါင်းစုံ လျှောက်တက်ကာ ကလေးဘဝလေးနဲ့ ပျော်ပိုက်နေရာက ရုတ်တရက် ... စီးပွားရေးလုပ်ငန်းတွေထဲ မှာ တစ်ကိုယ်လုံး ဖွတ်မြုပ်နံကာ လူကြီးမကြီး တစ်ယောက် အလား အမြန် ဖြစ်ပလိုက်ရတာမျိုးလား ...။

အထက်ဆင်တို့ရဲ့ မိဘနှစ်ပါးနဲ့တကွ တစ်အိမ်သား လုံးဟာ ဒီကိုစောလွင် တစ်ယောက် အပေါ်မှာပဲ ပုံအပ်အားကိုး နေရတာ ... ချေမ်း သိပါသည်။ သနားလိုက်တာ ... အထက်ဆင်

ယ် ... နင် အဲဒါကြောင့် ငါ့ကို ဖြတ်ပစ်ရတာလား ...။ ဒီလို ပြန်ကြည့်လိုက်ပြန်တော့ သနားကရုဏာမှာ မခံချင်စိတ်တို့က ဆောင်းခနဲ ထရပြန်သည်။

ကိုစောလွင်သာ မရှိတော့ရင် တစ်အိမ်သားလုံးရဲ့ စီးပွားရေးဟာ အထက်ဆင်ရဲ့ ခေါင်းပေါ်သို့သာ ကျရတော့မှာ များ ... အထက်ဆင်ဟာ သင်တန်းတွေကိုချည်း စိတ်ဝင်စား ဆဲ ခပ်ယောင်ယောင် ကောင်ကလေးတစ်ယောက်ကို ဖြတ်ထုတ် ပြီး ... အဓိကကျကျ တကယ်အားကိုးလို့ ရနိုင်မည်ဖြစ်သော ကိုငြိမ်းချမ်းလို လူကိုပဲ ... မျက်နှာပြောင်တိုက် ... မျက်နှာပြောင်း လိုက်တော့တာမျိုးလား ...။

ဘာပဲဖြစ်ဖြစ် ... ဒီပြဿနာကြီးကို ... ကိုငြိမ်းချမ်း ပြီး ... မသိပြီး ဆိုတာကို ချေမ်းက အရင်ဦးစွာ သိလိုသည်။ ချမ်းမှာ ... "အထက်ဆင်က ဖုန်းကို ကိုင်ထားရက်သားကြီးနဲ့ န်းမတိုးပါစေနဲ့ ..."ဟူသော ဆုတောင်းမျိုးကို အတန်တန် တောင်းကာ ... ကိုငြိမ်းချမ်းရဲ့ Hand Phone ကို လိုက်ဆက် ... ဆက်သွယ်ပါသည်။

"အစ်ကိုလား ... ကျွန်တော်ပါ ... ချေမ်း ... ဟုတ်ကဲ့ ... ပြောစရာရှိလို့ပါ ..."

ဖုန်းထဲက ပြောတာထက် မျက်နှာချင်းဆိုင် (မျက် လုံးထဲကိုပါ စိုက်ကြည့်ပြီး) ပြောခွင့်ရရင် ပိုကောင်းနိုင်မည်ဟု ချမ်းက ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လာခဲ့မလို့ ... ကိစ္စရှိလို့ ... အစ်ကို အ
ဘယ်ရောက်နေလဲ ..."

"ဘာလဲ ... ဘယ်လိုသင်တန်းမျိုး အသစ်ဖွင့်လိုက်လို့ ...
သင်တန်းကြေးက ဘယ်လောက်တဲ့လဲ ..."

ကျွတ် ... အဲဒါတွေ စိတ်ပျက်ဖို့ ကောင်းနေတော့
တာပေါ့ ...။ "မဟုတ်ပါဘူး ... ပိုက်ဆံတောင်းမလို့ မဟုတ်ဘူး
စိတ်ချ"ဟု ပြောလိုက်သော ချွမ်းရဲ့ အသံက မာဆတ်လို့နေသေ
သည်။ ကိုငြိမ်းချမ်းရဲ့ ရယ်သံက ခပ်သဲ့သဲ့။ ကိုငြိမ်းချမ်းက စက်
ထဲက လိပ်စာတစ်ခုကို ရွတ်ပြသည်။ "အဲဒီမှာ နောက်ထပ်နာ
ဝက်လောက်အထိပဲ ရှိတော့မယ်"ဆိုတော့ ချွမ်းက "ဆယ့်ငါး
မိနစ်အတွင်း ရောက်အောင်လာခဲ့မယ်"ဟု ပြောလိုက်လေသည်။

ချွမ်း ရောက်သွားချိန်မှာ ကိုငြိမ်းချမ်းက တတ
ပင် ထိုနေရာမှ ပြန်ထွက်တော့ဖို့ လုပ်နေလေပြီ။

"မင်း ... ဆယ့်ငါးမိနစ်ကလည်းကွာ ... ငါက ပြန်ထွက်
တော့မလို့တောင် လုပ်နေပြီ ... တက္ကစီနဲ့ လာတာလား
လာ ... ငါ့ကားပေါ် တက်လိုက် ... လိုက်ခဲ့တော့ ... မင်း
ပြောစရာရှိတာ ကားပေါ်မှာပဲ ပြီးအောင်ပြောကွာ ... ပြီး
မင်းကို ဘယ်နားချထားခဲ့ပေးရမလဲ ... ငါက အခု(၃)နာ
မှာ ပန်းဆိုးတန်းမှာ လူတစ်ယောက်နဲ့ တွေ့ဖို့ချိန်းထား
တယ် ... ပြီးရင် အဲဒီလူနဲ့ အဆင်ပြေရင် ... သီလဝါ
ပြန်သွားသင့် သွားရမယ် ..."





ချွမ်းရဲ့စိတ်ထဲ တအားကြီး အချဉ်ပေါက်လာသည်။
ကိုငြိမ်းချမ်း ဆိုသူ ကိုယ့်အစ်ကိုရဲ့ ခေါင်းထဲမှာ "အလုပ်နှင့်ငွေ"
ဆိုလျှင် ဘာမှကို ရှိမနေတော့ဘူးလား မသိ ...။ အဲ ... မဟုတ်
သေး ... ခုလောလောဆယ်မှာတော့ ... ဟို အထက်ဆင်မ,လည်း
အစ်ထောင့် တစ်နေရာလောက်မှာ ပါကောင်း ပါနေနိုင်မှာ
ဆို ...။

"ကဲ ... ကဲ ... ပြော ... ပြော ... မြန်မြန်ဟော့ကောင် ..."

"မဖြစ်နိုင်ဘူးဗျာ ... နေးနေးပဲ ပြောမယ် ... တစ်နေ့ကုန်
လည်း ကြာချင်ကြာမယ် ... အဲဒီအတွက် အစ်ကို့ရဲ့လုပ်
ငန်းတွေမှာ ဒီနေ့အဖို့ သိန်းဘယ်နှစ်ဆယ် ... ဘယ်နှစ်ရာ
လောက်များ ထိခိုက်နစ်နာသွားမလဲ ..."

"ဟ"

ကိုငြိမ်းချမ်းက ချွမ်းကို အံ့ဩသလို လှည့်ကြည့်လာ
သည်။ "မင်း ဘာဖြစ်နေတာလဲကွ" ဆိုရင်တော့ ချွမ်းက စိတ်
လှုပ်ရှားနေသည့် လေသံခပ်လောလောနှင့် ...

"အထက်ဆင်ရဲ့ အစ်ကို ကိုစောလွင် ခုဘာဖြစ်နေသလဲ
အစ်ကို သိသလား ..."

ကိုငြိမ်းချမ်းက မျက်ခုံးနှစ်ဖက်ကို မြှင့်တင်ကာ
နှုတ်ခမ်းကို တင်းတင်းစေ့လိုက်ရင်း သက်ပြင်းတစ်ချက်ကို
ချလိုက်ပါသည်။ ပြီးလျှင်တော့ ... "ပန်းဆိုးတန်းမှာ လူတစ်ယောက်
နဲ့ ချိန်းထားတယ်"ဆိုသောသူမှာ သူ မဟုတ်တော့သလိုပင် ...


www.burmeseclassic.com

www.burmeseclassic.com



ကားလမ်းမကြီးနံဘေးမှ ကြုံရာတွေ့ရာ စားသောက်ဆိုင်တစ်ခု ရှေ့သို့ ကားကို ဆိုးရပ်ပစ်လိုက်ရင်း ...

"ကဲ ... ဆင်း ... မင်းက အေးဆေးပြောရမှ ကျေနပ်မယ် ဆိုရင်လည်း အေးအေးဆေးဆေးပဲပေါ့ကွာ ..."

ကိုငြိမ်းချမ်းနှင့် ချေမ်းတို့ စားသောက်ဆိုင်တွင်းက စားပွဲတစ်ခုမှာ ဝင်ထိုင်ပြီးကြချိန်၌ ...

"ကဲ ... ဆို ... စောလွင်ကို မင်းတွေ့လာခဲ့ပြီလား ..."

ချေမ်း တစ်မျိုးဖြစ်သွားသည်။ ကိုငြိမ်းချမ်းရဲ့ စကား အသွားအလာအရဆိုရင် ချေမ်း အံ့အားသင့်လာခဲ့ရသည့် ကိုစောလွင်ရဲ့ ဖြစ်အင်ကို ... ကိုငြိမ်းချမ်းက အားလုံး ကြိုသိပြီးနေခဲ့ပင်။

"အစ်ကိုက ကိုစောလွင် ဘာဖြစ်နေသလဲဆိုတာ သိပြီးပြီမို့လို့လား ..."

"ဒေါက်တာ(---)နဲ့ ပြနေရတဲ့အထိ သိတယ်လေ ..."

"အဲဒါဆိုရင်တော့ အကုန်ပါပါပဲ ... ဘာလဲ ... ထက်ထက်ဆင့်က ပြောပြထားတာလား ..."

"ဟင့်အင်း ... ငါ့ကို မြှုထားကြတယ်ကွ ... ငါမှမဟုတ်ပါဘူး ... လူတိုင်းနီးပါး ... အသိုင်းအဝိုင်း တစ်ခုလုံးကို ဖုံးထားတယ် ဆိုပါတော့၊ ဒါပေမဲ့ အဓိက,က ငါပါ ... ငါ့ကို မသိစေချင်တာပါ ... ဒါကလည်း ဘယ်သူ့အစီအစဉ်လဲဆိုတာ သိသာပါတယ်ကွာ ... ငါ့ကိုမသိစေချင်ဘူး





တော့လည်း ငါမှာ သိရက်နဲ့ သိပြီးပါပြီလို့ ပြောခွင့်မရှိဘူးပေါ့ ... ငါကလည်း သိပါတယ်လို့ ထုတ်ပြောမနေတော့ဘူး"

"အဲဒါက ဘာသဘောလဲ ..."

ကိုငြိမ်းချမ်းက ခပ်နွမ်းနွမ်း ပြုံးရင်းသာ ငြိမ်နေသည်။

"အစ်ကိုနဲ့ အထက်ဆင့်နဲ့ကျတော့ ဒီလောက် အဆက်အသွယ် ရှိကြတာ ..."

"အဲဒါက ငါ ကူနေတာလေ ... စောလွင် ဒီလိုဆိုရင် ... အရင်ဦးဆုံး သူတို့ရဲ့ စီးပွားရေးထဲ ဝင်လာရမှာက ဘယ်သူလဲ ... ထက်ထက်ပဲပေါ့ ... အဲဒါ အမှန်တရားပဲ ... အဲဒီလို ဖြစ်သင့်တာကို လုပ်လိုက်မှုလည်း ထက်ထက်ဆင့်မှာက ဦးနှောက်ရှိတယ်လေ ... စောလွင်ရဲ့မိန်းမကတော့ သူ့ယောကျ်ားသူ ဂရုစိုက်ရဦးမှာနဲ့ လောလောလတ်လတ်တော့ ဘာအလုပ်မှ လုပ်နိုင်ဦးမှာ မဟုတ်ဘူး ...

အစက ကလေးလိုနေတဲ့ တစ်ယောက်က ဖြုန်းစားကြီး အလုပ်ထဲဝင်မယ်ဆိုတော့ ကသိတာပေါ့ ... သူ့ယောက်မနဲ့ တွဲစရရင်လည်း တော်သေးတယ်လေ ... ခုဟာကကျတော့ ယောက်မကလည်း မကူနိုင် ... အစ်ကိုကလည်း မသင်နိုင်နဲ့ ... ငါမှ မကူရင် သူ့မှာ ဘယ်သူရှိမှာလဲ ... အဲဒါကြောင့် သူက အသိဉာဏ်ရှိရှိနဲ့ ငါ့ကိုခေါ်ပြီး အကူညီတောင်းထားတာ ...

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေကောင်းတို့ မည်သည် သူတို့ မသိစေချင်တာကို မသိချင်ယောင်ပဲ ဆောင်ထားပြီး ... ကူညီစေချင်တဲ့ အပိုင်းကိုကျတော့ ဝင်ကူညီပေးနေလိုက်ရုံပဲပေါ့ ... ဒါပဲ ရှိတာပေါ့ ...”

ကိုငြိမ်းချမ်းက ချေမ်းကို ခပ်စိုက်စိုက်ပင် ကြည့်နေကာ ...

“အမှန်ကတော့ ဒီ့ထက်လုပ်သင့်တာတစ်ခု ရှိသေးတယ်ကွ ... အဲဒါကတော့ မင်းနဲ့ မိန်းကလေးနဲ့ လက်ထပ်လိုက်ကြပြီး ... မင်းရော သူပါ ခိုးတူပေါင်ဖက် စကြိုးစားသင့်တာမျိုးပေါ့ ... မငယ်ကြတော့ပါဘူးကွာ ... အရွယ်တွေလည်း တိုင်နေပါပြီ ...”

ချေမ်းက ကိုငြိမ်းချမ်း “ဘာသဘောနဲ့များ ပြောတာလဲ” ... ဆိုတာကို ခိုးကြောင်ခိုးဝှက် အကဲခတ်ရင်း စဉ်းစားသည်။ “မင်းတို့နှစ်ယောက် ပြတ်သွားကြပြီဆို ... ထက်ဆင့်ပြောတယ်ကွ ...”ဟု ဆိုခဲ့သူဟာ ... “လက်ထပ်လိုက်ကြပါလား” ဟု အကြံဉာဏ်ပြုခြင်းဟာ ... သူ့စကားသူ ပြန်မေ့သွားတာလား ...။ အခြေအနေကို ထပ်မံထောက်လှမ်း စကားစတာခြင်းလား ...။ တကယ့် စိတ်ရင်း စေတနာမှန်နှင့်ပဲလား ... ရှဲ့ချင်စိတ်က များသလား ...။ ဘာမှန်းကို အကဲမခတ်နိုင်ပါတော့ ...။

“အစ်ကိုက ဒီလောက် သူနဲ့တွေ့နေတာ ... ကိုစောလွင်



ကျတော့လည်း သူငယ်ချင်းတွေ ဖြစ်ရက်နဲ့ ကိုစောလွင်အကြောင်း တစ်လုံးမှ မမေးမြန်း ... စကားမစပ်မိဘူးဆိုတာဟာ သဘာဝကျစရာ ဖြစ်ပါ့မလား ... သူ့ဘက်ကကျတော့ တမင်ကြီး ဖုံးကွယ်ထားချင်တဲ့သူ ဆိုတော့ လုံးဝကို စကားထဲ မထည့်တာက အဓိပ္ပာယ်ရှိတယ်လေ ...”

“ငါနဲ့ စောလွင်နဲ့ ပြဿနာတစ်ခု ရှိထားကြလို့ အဆက်အသွယ် ပြတ်သလို ဖြစ်နေကြတာ သူတို့သိတယ်လေ ... ငါ့ဘက်က အပြောအဆို လွန်ထားတာလေးတွေ ရှိနေတာပါ ... အဲဒါကလည်း သူ့အပေါ်မှာ ကရုဏာဒေါသောနဲ့ပါ ... ဒီကောင်ကြီးက ခေါင်းမာတယ် ... ဒါပေမဲ့ ငါ့စေတနာကိုတော့ သူ သဘောပေါက်ပါတယ် ... ငါသိပါတယ် ... ငါက ပြောမိပြီးမှ လွန်သွားပြီဆိုပြီး ငါ့ဟာနဲ့ငါ ရှိန်နေတာပါ ... စောလွင်က နားလည်ပါတယ် ... မိန်းမတွေကတော့ စိတ်ထဲတစ်ခုခု ရှိချင်ရှိကြမှာပေါ့လေ ... မပြောတတ်ဘူး ...”

“ပြဿနာရှိလို့ အရင်က မခေါ်မပြောဆိုလည်း ... ခုလို အချိန်မျိုးမှာတော့ ရှိန်တာတွေ ဘာတွေလဲ ဖျောက်သင့်ပြီ မဟုတ်လား ... သူတို့ဘက်က ဘယ်လောက်ပဲ ဖုံးကွယ်ချင်ကွယ်ချင် ကိုယ်သွားတွေ့ပစ်လိုက်ရင်လည်း ဘာမှ လုပ်လို့မရပါဘူး ... အဲဒီလို ဖုံးကွယ်ထားကြတယ်ဆိုတဲ့ ကိစ္စကြီးက သူ့အလိုလို ပြီးသွားမှာပဲ ... မရဘူးလား ...”

www.burmeseclassic.com

www.burmeseclassic.com



ကိုငြိမ်းချမ်းက ခေါင်းကို ခပ်သွက်သွက် ခါယမ်း လိုက်သည်။

"ငါ သွားမတွေ့နိုင်သေးဘူး ချမ်း ... အဲဒီအတွက် ငါ့ မှာ နောက်ဆက်တွဲအဖြစ် ပြဿနာတွေ ... အထင်လွဲမှုတွေ ဖြစ်ရင်လည်း ဖြစ်လာပစေတော့ကွာ ... ငါစိတ်ဆင်းရဲလွန်း လို့ ... စောလွင်ကို ငါ အပြင်မှာ တွေ့ပြီးပါပြီ ... ဖြစ် ပျက်သွားလိုက်တာ ... လောကကြီးမှာ တရားကျဖို့ကောင်း တယ်ဆိုတာ အဲဒါတွေပဲ ... အဲဒီရုပ်ကြီးကို ငါ ရင်မဆိုင် နိုင်သေးဘူး ... အားပေးရမဲ့လူက အရင်စိတ်မာတာကျ ပြနေလို့ ကောင်းနိုင်ပါ့မလား ... သွားရမယ်ဆိုတာ ငါသိ ပါတယ် ... ကြာလေ မကောင်းလေဘဲ ဆိုတာကိုလည်း သိပါတယ် ... ဒါပေမဲ့ ငါ ဆုံးဖြတ်ချက် မကျသေးဘူး ..."

ချမ်းက သူ့အစ်ကို ငြိမ်းချမ်းကို အငေးသား ကြည့်နေမိသည်။ အထက်ဆင်နှင့် ချမ်းတို့ ပြေလည်ကြင်နာခဲ့ ကြစဉ် အချိန်တွေမှာ ... သူ့အစ်ကို ကိုစောလွင်နှင့် ပတ်သက် ပြီး ... ကိုငြိမ်းချမ်းကို အထက်ဆင်က မကျေလည်နိုင်သလို လေးတွေ ရှိနေလေတာကို ... အတိအကျတော့ ထုတ်မပြောခဲ့ မဲ့ ... သူ့စကားတွေထဲကနေ ဖမ်းကြည့်မြင်နိုင်ဖူးခဲ့ပါသည်။

ကိုငြိမ်းချမ်းကို "အောင်မြင်မှုကြောင့် လင်္ဂမထောင် ဂုဏ်လုပ်ချင်တတ်သူ ..."၊ "သူ့လို မအောင်မြင်တဲ့ လူတစ်ယောက် သားတွေကို နှိမ်ချတတ်သူ" တစ်ဦးအဖြစ် စွပ်စွဲချင်သလိုလို ရှိ



တာကို ... အဲဒီတုန်းကတော့ ချမ်းက မကန့်ကွက် မဖျောင်းဖျ လိုတဲ့အပြင် ကိုယ်ကိုယ်တိုင်ကတောင်မှ အဲဒီလို ထုတ်မပြောကောင်း လို့သာ ... သူများက အလိုက်တသိ ပြောလာတာကိုတော့ ထောက် ခံချင်သလိုလိုတောင်မှ ရှိခဲ့ပါသေး။

ခုတော့ဖြင့် အဲဒါတွေဟာ ပြန်လည်စဉ်းစားပေးကြည့် ဖို့ လိုအပ်လာသလိုလိုပင် ...။ ကိုငြိမ်းချမ်းဟာ သူ့ရဲ့စီးပွားရေး ပိုင်း ... ငွေရေးကြေးရေးပိုင်းတွေမှာတော့ သူ့ကို သူ့မိတ်ဆွေ ... ဆက်ဆံဖူးသူ အပေါင်းက မည်သို့သတ်မှတ်ချင်ကြမလည်းတော့ မသိ ...။ ဒီပြင်ကိစ္စများစွာတို့မှာတော့ ... သူ မကျေနပ်ရင် နှုတ် ဆိုးဆိုးနဲ့ ပေါ်တင်ဖွင့်ပြောချဲ့ချခြင်းမျိုးသာ ရှိနိုင်သော်လည်း မှင် သေသေနှင့် လိမ်လည်လှည့်ဖြားတတ်သူ တစ်ယောက်တော့ မဟုတ်ခဲ့ပါ။

ဒါကြောင့်ပင် ကိုစောလွင် အပေါ်မှာ ထားနေတဲ့ သူ့သဘောထား ဆိုတာကို သူ ပြောသလောက်တော့ဖြင့် ချမ်း က အကြွင်းမဲ့ လက်ခံယုံကြည်မိပါသည်။ "မင်းက လက်ထပ်ပြီး ဆောင့်ရှောက်လိုက်သင့်တာ ..."တဲ့ ...။ ချမ်းတော့ အထက်ဆင် ကို ဖြတ်မိတာသည်ပင် မှားများမှားသွားလေပြီလား မသိ ...။

အေးလေ ... မှားတယ်လည်း မခေါ်နိုင်ပါဘူး ... ဒီအချိန်မှာ ကိုယ်က မဖြတ်ရင်လည်း သူက ဖြတ်ခဲ့ပြီပဲဟာ ...။ သူရော ကိုယ်ပါ မဖြတ်ဖြစ်ကြဘူး ထားပါဦး ...။ ချမ်းရဲ့ အခြေအနေကရော ဘယ်လောက်များ အာမခံချက် ရှိမှာမို့လို့

www.burmeseclassic.com

www.burmeseclassic.com



လဲ ...။ တော်တော်ကြာကျ ... ရေနစ်တဲ့လူကို ဝါးကူလို့ထိုးရာပဲ ကျနေပါဦးမည်။

"မင်း ပြန်စဉ်းစားဦးလေ ... အခြောက်နဲ့ ဘာနဲ့ တွဲပြတယ် ဆိုတာကြီး အထိကတော့ကွာ ... ငါ့မှာ မင်းကို ဆူဖို့နေနေသာသာ ... ကြားလိုက်ရတော့လည်း 'ဟယ်'ခနဲပဲ ... ခုထက်ထိလည်း နားကိုမလည်နိုင်သေးပါဘူးကွာ ..."

နားမလည်နိုင်ကြတာချင်းကတော့ အတူတူပါပဲ ...။ သို့သော် ချေမ်း ဘက်ကတော့ ဒီ့ထက်ပြတ်သား သတ္တိရှိကာ ... စိတ်ကောင်းလေးတစ်ခု မွေးကြည့်တော့ဖို့ လိုပြီဟု ... ချေမ်းက ဆုံးဖြတ်ပါသည်။

ချေမ်းက မိန်းကလေးသုံးယောက်ကို ခေါ်တွေ့လိုက်သည်။ ဖောင်းပဲနရွဲနှင့် အာပြဲလိုက်မဟဲ့ ... အပြစ်တွေ တင်လိုက်မဟဲ့ ... ဝိုင်းအော်ထည့်လိုက်ကြမဟဲ့ ... နဲ့ ခုနစ်မောင်း ရှစ်မောင်းတင်ပြီး ရောက်ရှိလာကြသော ... ပုလဲ ... ယုနှင့် သင်းသင်းတို့ သုံးယောက်သားမှာ ချေမ်းကို မြင်လိုက်ကြရသည့် ခဏမှာတော့ သုံးယောက်လုံး မောင်းတွေလျော့ကျကုန်ကြရပါသည်။



စိတ်နှလုံးတွေ ညှိုးချုံးလွန်းအား ကြီးနေသည့်ပုံပေါက်နေတော့သော ချေမ်းရဲ့ ပုံစံမှာ အော်ဟစ်သောင်းကျန်းပစ်ဖို့ဝေးလို့ ... သူတို့တွေ ကိုယ်တိုင်ပင် ထိုင်ပြီး တစ်နေကုန်အောင် ချော့မော့ဖျောင်းဖျ နေရတော့မှာလားဟုပင် ထင်မိမှားစေစရာ ...။

"နင်ကလည်း ဘာပုံကြီး ပေါက်နေရတာလဲဟယ် ..."

"အေးလေ ... နင်ကလည်း ဖြိတ်သေး ... နင်က အဲလိုဖြစ်နေစရာလားဟဲ့ ..."

"သုံးပတ်နား တဖြည်းဖြည်း နီးနီးလာလို့ နောင်တရချင်လာတာလား ... အစပိုင်းရက်တွေကတော့ နင်လည်း ဒေါသတွေ၊ တက်ကြွမှုတွေနဲ့ပဲဆို ... ခုမှ ဘာဖြစ်ချင်ရပြန်တာလဲ ..."

"နင့်စိတ်ထဲ သိပ်မသေချာတော့ရင်လည်း ပြန်ဆက်ဖို့ကြိုးစားကြည့်ပါလား ... နင်တို့ဟာတွေက အတည်မဖြစ်သေးဘူးဆို ... သုံးပတ်ပြည့်တဲ့နေ့မှာ နှစ်ယောက်လုံးဟာကယ်ပဲ ပြတ်စဲချင်ကြပြီ ... ပြဿနာရှိရင်လည်း ဘယ်လိုနည်းနဲ့မှ မပြေလည်နိုင်တော့ဘူးဆိုမှ အဲဒီနေ့ကျမှ အတည်ဖြစ်မှာဆို ... ဘွာခတ်ပစ်လိုက်ပေါ့ဟယ် ..."

"နင် ချော့ကြည့်လိုက်ပါ ... ရမှာပါ ... ငယ်ပေါင်းတွေပဲဟာ ... ထက်ဆင့်က အဲလောက်ကြီးတော့လည်း ပြတ်သားမယ် မထင်ပါဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"ခုဟာက ဘာလဲ ... နင်က ထက်ဆင့်ကို ဖြတ်ချင်ရတဲ့ ကိစ္စက ဘာမှ အဓိပ္ပာယ်မရှိတော့လို့ ... နင်က ငါတို့က တစ်ဆင့် အဲဒါကို *အသိပေး ပြန်ရှင်းပြချင်တာမျိုးလား* ... ဟုတ်လား ..."

တစ်ယောက်တစ်မျိုး တက်ကြွနေကြတဲ့ သုံးယောက်တည်းမှာ ပုလဲကား အတက်ကြွဆုံးတည်း ...။ သူ့မှာက ဒီနှစ်ယောက်နဲ့ ပတ်သက်ပြီး စကားနိုင်လုရခြင်း၊ အပြန်အလှန် စကားနိုက်ခြင်း၊ အပြန်အလှန် သတင်းပေါက်ပြီးမှ ဒုက္ခရောက်ကြရခြင်း၊ တစ်ယောက်ရဲ့ ဖုံးကွယ်ထားမှုကို ကျန်တစ်ယောက်က တစ်နည်းနည်းနဲ့ ပြန်သိပါက ရန်ဖြစ်ကြရပြန်ခြင်း ... စတာတွေနဲ့ပဲ ... ကိုယ့်ချစ်သူနဲ့ကိုယ်ဟာ ပျော်ကြရမဲ့ ရက်ပိုင်းတွေမှာ ထင်သလောက် စိတ်ကြိုက်ပျော်ခွင့်မရ ဖြစ်နေတာကို မကျေနပ်နေရတာက ကြာပြီလေ။

"ငါသိချင်တာ တစ်ခုရှိလို့ပါ ... အခု ကိုဇောလွင် နေမကောင်းဘူး ... ဟုတ်တယ်မှတ်လား ..."

မိန်းကလေးသုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အဖြေကတော့ဖြင့် ပြန်ထွက်မလာပါ။

"အဲဒါ ငါ သိပြီးပါပြီ ... သူ Oncologist ဒေါက်တာ (---)ဆီ ဆေးခန်းလာပြတာကို ငါကိုယ်တိုင် မြင်တာပဲ ဟာ ... ငါသိချင်တာက နေကောင်းလား ... မကောင်းဘူးလား မဟုတ်ဘူး ... ကိုဇောလွင် နေမကောင်းလို့ ငါကိုသူက ဖြတ်ပစ်တာလား ဆိုတာကိုပဲ ..."



"ဟာ ... ဘာဆိုင်လို့လဲ ... အဲဒါ ဘာအဓိပ္ပာယ်ရှိလို့လဲ"

"ငါကိုယ်တိုင်လည်း ဘာအဓိပ္ပာယ်မှ ဆက်စပ်လို့ မရပါဘူး ... ဒါပေမဲ့ နင်တို့များ ဆက်စပ်သိနေမလားလို့"

"မဖြစ်နိုင်တာပဲ ချေမ်းရယ် ... တကယ်တမ်းဆိုရင် သူ့မှာ အားကိုးတစ်ခု လျော့တော့မယ်ဆိုရင် ရှိနေပြီးသားအားကိုးကိုပါ လျော့ချပစ်မဲ့အစား ပိုခိုင်မြဲအောင်သာလုပ်ရတော့မပေါ့ဟယ် ..."

"သူက ငါ့ကို အားကိုးစရာလို့မှ မယူဆချင်ဘဲ ထင်တယ်"

ယုယုက ချေမ်းကို မျက်စောင်းဖြင့် ရွယ်သည်။

"နင့်မလဲ တဆိတ်ရှိ ရွဲ့ဖို့ပဲ အကွက်ချောင်းနေပုံရတယ်"ဟု ဆိုသောအခါမှာ ချေမ်းက ...

"ကဲလေ ... ဒါဖြင့်လည်း ... ဘာဖြစ်လို့ ဖြတ်ရသလဲ ဆိုတာတော့ နင်တို့က ပြောမပြနိုင်ကြဘဲနဲ့ ..."

"ပြောမပြနိုင်တာ မဟုတ်ဘူးဟေ့ ... သိကို မသိတာဟဲ့ ..."

"သိနေရင် မတော်တဆ ပြောနေမိဦးမှာစိုးလို့ ဆိုပြီး အသိကို မပေးထားတာလေ ... ရှင်းရော ..."

"ကဲ ... အဲဒါနဲ့ပဲ လုံးလည်ချာလည်က လိုက်နေပြီ ချေမ်းရယ် ... သူဟာနဲ့သူ ဘာအကြောင်းပဲရှိရှိ ... အဲဒီရှိတာကို တစ်ကဏ္ဍ ထားလိုက်ဟာ ... အရေးကြီးတာက နင် သူ့ကို ဖြတ်ချင်ရတဲ့ ကိစ္စက ပြေလည်ပြီလား ... မပြေလည်ပြီ

www.burmeseclassic.com



ဆိုရင် ငါတို့ ကြားပြန်ဝင်ပေးမယ် ... သူ့အကြောင်းဆိုတာကို ဂရုစိုက်မနေနဲ့တော့ ... ထက်ဆင့်ကလည်း နင့်ကို ဒီလောက်ချစ်တာဟာ ... ငါတို့ လုံးဝသိတာပေါ့ ... ဘာကြီးပဲဖြစ်နေနေ ... နင် ပြန်တောင်းပန်ပြီး ချော့လိုက်ရင် ဒီပြဿနာက ပြေလည်သွားလိမ့်မယ် ... မကောင်းဘူးလား"

ဘက်တက်ကြွကြွ ပြောနေသော ပုလဲမှာ ကိုယ့်စကားအဆုံး ခေါင်းကလေးတစ်ချက်သာ ယမ်းလိုက်သော ချမ်းရဲ့ပုံကြောင့် ... အမောပင် ဆို့ချင်သွားရကာ ဘာတွေဖြစ်နေမှန်းမသိနိုင်တော့သည့် ချမ်းကိုပဲ ကုတ်ချင်ဖဲ့ချင်သလိုလို ဖြစ်လာရပါသည်။

"ဘာဖြစ်တာလဲ နင်က၊ ငါပြောတဲ့အထဲမှာ မကောင်းတာ မမှန်တာ ဘာပါလို့လဲ ..."

"ငါ့ပြဿနာ ငါကိစ္စကလည်း မပြေလည်သေးဘူးလေ ပုလဲ"

"နင့်အကြောင်းက ဘာမို့လဲ ... ပြောစမ်း ငါတို့ကို"

"မပြောနိုင်ဘူး ..."

"နင် ဖွင့်တိုင်ပင်ပစ်စမ်းပါ ... မျိုသိပ်ထားရင် ပိုဆိုးတယ် တော်ကြာ နင့်အကြောင်း ဆိုတာကြီးက များနေရင် နင်တစ်ယောက်တည်းဆို များလို့များနေမှန်းတောင် သိမှာမဟုတ်ဘူး ... ငါတို့ပါ ပါလာရင် ခေါင်းများများနဲ့ ဝိုင်းစဉ်းစားပေးလို့ ရတယ် ..."





"ဟုတ်တယ် ချမ်း ... နင် မပြောစေချင်သေးလို့ ... ထက်ဆင့် မသိအောင် ဖုံးထားကြဦး ဆိုရင်လည်း ... ငါတို့ လုံးဝကို သွားမပြောဘူး ... ဒါတော့ စိတ်ချ ..."

"မဖြစ်ပါဘူး ... အထက်ဆင်ကတောင်မှ နင်တို့အကြောင်းကိုသိလွန်းလို့ မတော်တဆ သွားပြောမိမှာစိုးလို့ အသိကို ပေးမထားဘူးဆိုရင် ငါကလည်း ဘာပြောစရာရှိရမှာလဲ ..."

"အောင်မာ ... ကြည့်စမ်း ... ပြောပုံကိုက ..."

"အေးလေ ... ဒါဖြင့် နင်က ငါတို့ကို ဘာခေါ်လုပ်တာလဲ ... နင်သိချင်တာလေး မေးရအောင်ပဲ ငါတို့က အခါစား ဝင်လာကြရတာလား ..."

"ဟုတ်ပ ... ထက်ဆင့်ကမှ သူ့အကြောင်း သိချင်ရင် တခြားကနေ လှည့်ပတ် စုံစမ်းတာမျိုးကိုပဲ လုပ်တာ ... သူ့ကျတော့မှ ငါတို့ကိုပဲ ပေါ်တင်ကြီး ခေါ်မေးရတယ်လို့ ... အံ့ရောပဲ ..."

မိန်းကလေးသုံးယောက်တို့ ဒေါသတွေ တငွေငွေနှင့် ဖြစ်လာကြသည်။ အကောင်းဘက်ကို ရှေ့ရှုလာပြီဟု သူတို့ထင်သမျှသည် ... ဘာတစ်ခုမှ ဖြစ်မလာဘဲ ... အပျက်ဘက်သို့သာ ရှေ့ရှုမြဲ ... ရှေ့ရှုဆဲ ဆိုတာကို သိလိုက်ရတော့ ... သူတို့သုံးယောက်ရဲ့ အပင်ပန်းခံရကျိုးက ဘာလဲ ... ဟု စဝေဝေါ်နှင့် နောက်ဆုံးမှာတော့ ဒေါသကသာ နေရာယူလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ... ငါ ပြောစရာလည်း ရှိလို့ပါ ..."

"ဘာလဲ နင်က ... ဘာပြောဦးမှာလဲ ... သုံးပတ်ပြည့်တဲ့အထိ ဆက်စောင့်မနေပါနဲ့တော့လို့ ... ငါတို့နဲ့ပဲ တစ်ခါတည်း အဆုံးသတ်စကားကို ပါးလိုက်တော့မလို့လား ..."

"မဟုတ်ပါဘူး ... ငါပြောတာကို အေးဆေးနားထောင်ကြစမ်းပါ ... ပြီးမှ ဒေါသတွေ ထွက်ချင်ထွက်ကြပါ ... ခုနကိုစောလွင်က အတော်ကြီးကို အခြေအနေ ဆိုးနေတဲ့သဘောမှာ ရှိနေပြီ ... ငါသိသလောက် ... ငါမြင်ခဲ့ရသလောက်ပုံစံနဲ့ ဆိုရင်တော့ စိတ်ပါကျနေသလောက်ရှိပြီဆိုရင် အဲဒါ နှစ်နဲ့ချီပြီးတောင် မခံနိုင်တော့ဘူး ... လပိုင်းပဲ"

စိတ်တိုနေကြသူတွေ ခေတ္တမျှ တိတ်သွားကြသည်။

"အဲဒါကြောင့် အခု အထက်ဆင် ခမျာ နင်တို့ ငါတို့လိုအေးအေးလေး နေ့,နေလို့ မရတော့ဘူး ... စီးပွားရေးဝင်ပါပြီး လူကြီးလုပ်နေရပြီ ... သူ့ကို အခု ငါ့အစ်ကိုကအကူအညီ ပေးနေတယ် ..."

ချေမ်းက သူတို့သိပြီးသားတွေကို ပြောပြနေသည်။ စိတ်မရှည်ချင် ဖြစ်လာကြတာကို လူမှုရေးအရ လိမ်ပိန်ထိန်းချုပ်ပေးနေကြပုံရသည့် သူငယ်ချင်းမ သုံးယောက်ကို တစ်ချက်အခတ်ကြည့်လိုက်ပြီးမှ ...





"သူ့မှာ အားကိုးလိုတယ် ..."

"အဲဒါကြောင့် နင့်ကို ငါတို့ကပြော ..."

"နေပါဦး ပုလဲရယ် ... ခုစကားကို ငါ့ရဲ့တာစောင်းတာမပါဘဲ တကယ့်စိတ်ရင်းမှန်နဲ့ပဲ ပြောမှာပါ ... ငါ့ကိုအားကိုးဖို့ဆိုတာက တကယ်တမ်း တွေးကြည့်ရင် မဖြစ်နိုင်ဘူး ... သူလည်း အတူတူ ... ငါလည်း အနူနူ ... တစ်ကစ,ကြရမဲ့ သူချင်းပဲ ..."

"ဒါပေမဲ့ ဒီလောကထဲက အချင်းချင်းပဲဟာ ... အတွေ့အကြုံ လိုသေးရင်တောင် မြင်ဖူး ကြားဖူး ... နည်းနည်းတော့ ဝင်ပါလုပ်ကိုင်ဖူးပြီးကြပြီပဲ ... ဒိုးတူပေါင်ဖက်လက်တွဲရင်ဆိုင်မယ် ဆိုရင် ဘာလို့ မဖြစ်နိုင်ရမှာလဲ ..."

"ငါ ပြောပြီးပြီလေ ... သူလိုအပ်နေတာက 'အားကိုး'ပါ ... 'ဒိုးတူပေါင်ဖက်'သမား မဟုတ်ဘူး ..."

"ဒါကတော့ နင် တမင်သက်သက် ကပ်ပြောတာပဲချေမ်း ..."

"အေး ... ဟုတ်တယ် ... ခေါင်းရှောင်ထွက်ချင်တဲ့ သဘောလို့တောင် ငါကတော့ ထင်တယ် ... ရှင်းရှင်းပဲ ..."

"အားမကိုးလောက်လို့ နောက်ဆုတ်တော့မယ်ဆိုတဲ့ စကားဟာ လုံးဝအရေးမပါတဲ့ စကား ... ခုကျမှ ကိုစောလွင်ရဲ့အခြေအနေကို သိလာလို့ ... ဘာပဲဖြစ်ဖြစ် ဒီထက်တော့နည်းနည်းတော့ ပိုနိမ့်ကျသွားမဲ့ ထက်ဆင့်နဲ့အတူ အနစ်

www.burmeseclassic.com

www.burmeseclassic.com



နာမခံနိုင်တော့လို့ ... နင် ဘာလိုလို ညာလိုလိုနဲ့ အပြ

ဖြတ်ချင်တာပဲ မဟုတ်လား ...”

သူငယ်ချင်းမများဟာ ဒေါသထွက်ကြတာကသ ထွက်ကြတာပဲ ဖြစ်ပေမဲ့ ဒီမျှလောက် နစ်နစ်နာနာ စကား ကိုတော့ တမင်သက်သက်ကို ပြောကြည့်ကြတာပဲ ဖြစ်နိုင်ပါသ သူတို့ရဲ့ လိုလားချက်ကတော့ သူတို့စကားတွေကြောင့် ချေ တစ်ယောက် ထပေါက်ကွဲပြီး အဖြစ်မှန်တွေ ထွက်လာစေဒ ဒါမှမဟုတ်လည်း “ဒီလိုမဟုတ်ဘူး ... ငါဟာ ယောကျ်ားကော ပဲ”ဆိုတာကို ပြချင်ဇောနဲ့ အထက်ဆင်ထံ မြန်မြန်နေ အပြေးပြန်သွားနိုင်စေဖို့ ...။

ဒါပေမဲ့လည်းပဲ သူတို့ခမျာ ရည်ရွယ်ချက် တစ်ခုမှ မအောင်မြင်ရှာပါ။ ဒီလိုအချိန်မျိုးမှာ သူတို့ ဘယ ကလိ ကလိ ခေါင်းငုံ့မခံချင်ရင် ထထွက်ပြေးရုံကလွဲပြီး တ ဘာကိုမှ စိတ်လိုက်မာန်ပါ ဆုံးဖြတ်ချင်လို့ မရနိုင်တော ချေမ်း ခမျာက ကိုယ်ဘာလုပ်သင့်သလဲ ... လုပ်ရမလဲ ... တော့မလဲ ဆိုတာကိုပါ တစ်ပါတည်း ဆုံးဖြတ်လာခဲ့ပြီးသ ဖြစ်သည်လေ ...။

ချေမ်းဘက်က သူတို့တွေရဲ့ စကားကို သိပ် နာကျင်ထိခိုက်ပုံ မပြသောအခါမှာ သူငယ်ချင်းမများမှာ အံ့ တကြီးနှင့် သူတို့ဘာသာပဲ ပြန်လည် ထိခိုက်ကုန်ကြ ကာ ...





“ဒါပဲလား ... နင် ပြောချင်တာ ဒါပဲဆိုရင် ... ငါတို့ပြန် မယ် ... စိတ်ချ ... နင့်စကားလုံးတွေကို တစ်လုံးမှမလွဲ စေရဘူး ... အကုန်အရင်းအတိုင်း ပြန်ပြောမယ် ...”

“ကျန်သေးတယ် ... အခုစကားကတော့ ... ထက်ဆင့်ရဲ့ သူငယ်ချင်းတစ်ယောက် နေရာကနေ ငါက ပြောချင်တာ ပါ ... အကြံပေး တိုက်တွန်းချင်တာဆိုရင် ပိုမှန်တယ် ... ငါက အားမကိုးလောက်ပေမဲ့ ... ငါ့ရဲ့ အစ်ကိုကတော့ ကောင်းကောင်း အားကိုးလောက်ပါတယ်လို့ ... သူဟာ အရည်အချင်းရော ... စိတ်ရင်းပါ ငါ့ထက်သာပါတယ် လို့ ...”

“ကြည့်စမ်း ... ကြည့်စမ်း ... ဒါ ဘာစကားလဲ ...”

“ချေမ်း ... ဒါ နင် ထက်ဆင့်ကို တမင်သက်သက် လှမ်း ကလိချင်တဲ့ စကားမျိုးပဲ မဟုတ်လား ... သူ နင့်အစ်ကို နဲ့ ဘတွဲတွဲ လုပ်နေရတာဟာ လိုအပ်လို့ ... ဒီလိုမှ အကူ အညီ မတောင်းရင် ... တစ်ကိုတောင် ဘယ်ကစရမယ်မှန်း မသိနိုင်လို့ပါဟဲ့ ...

ဒီပြင်လူ သူစိမ်းတစ်ယောက် ဆိုရင်တောင်မှ ... ထက်ဆင့် အနေနဲ့ ရိုးရိုးသားသား အကူအညီလိုလို့ပါလို့ ပြောရင် နင် ဘာမှ လက်မခံစရာ အကြောင်းမရှိဘူး ... မကျေနပ်ရင် နင်ပါတကပ်ကပ်လိုက်ပေါ့ ... ခုဟာကတော့

www.burmeseclassic.com



နင့်အစ်ကိုမှ အရင်းခေါက်ခက်ကြီးရယ် ... နင်ဘာမှ ဒီ
ကလိနေချင်စရာ အကြောင်းမရှိဘူးဟာ ..."

"ကလိတာ မဟုတ်ပါဘူးဟာ ..."

"ဒါဖြင့် ဘာလဲ ... နင်မလိမ်နဲ့ ... နင့်သဘောထား
အစောကြီးတည်းက သိပ်နေတာ ... ငါတို့ ငယ်ကတည်း
ရိပ်မိပြီးသား ..."

"ခက်နေပြီ ... နားလည်ကြမဲ့ ပုံတွေလည်း မရှိပါလား
စေတနာစကားပါဗျို့ ... ဆိုတာကို အော်လံနဲ့ အရပ်တ
လည်ပြီး အော်ပေးရဦးမှာလား ..."

သုံးယောက်လုံး ချမ်းကို ပြုံးပြုံးတွေတွေကြီး
နှင့် စိုက်ကြည့် အကဲခတ်လို့ နေကြပါသည်။ အတန်ငယ်ကြာ
သူတို့သုံးယောက်ထဲမှာ စိတ်သဘောထား အပျော့ပြောင်းဆုံးဖြ
သည့် သင်းသင်းက စတင်ပြီး ...

"နင် ရူးနေပြီလား ချမ်းရယ် ... နင်ကသာ စေတနာ
စကားလို့ ဆိုနေတယ် ... လူကြားလို့လည်း မကောင်းပေ
လား ... နင်က အဲဒီလို လက်ပြောင်းလက်လွှဲ လုပ်ချင်တိုင်
ကော ထက်ဆင့်က လက်ခံမှာလား ... နင့်အစ်ကိုကရော
ကိုယ့်ညီရဲ့ မိန်းကလေးကို အဲဒီလိုနည်းကြီးနဲ့တော့ စော
ရောက်ချင်ပါ့မလား ... မဖြစ်နိုင်တာပဲဟယ် ..."

"ငါ ရူးတော့ ရူးချင်နေသားပဲ ... ဒါပေမဲ့ ခုတော့ မရူး



သေးပါဘူး ... အထက်ဆင် လက်ခံလာအောင် ပြောဖို့က
နင်တို့တာဝန်ပေါ့ ... နင်တို့နဲ့မှ မရရင် ငါက သူ့အမေကြီး
ထိ တက်ပြောသင့် ပြောမယ် ... အစ်ကိုဘက်တော့ မပူနဲ့
ငါပြောရင် ရကိုရရမယ် ... ကိုစောလွင်ကို မကြည့်ရက်လို့
ဆိုပြီး သူ ကြွေနေတာ ... သေတောင်သေတော့မယ် ...
အဲဒီမှာမှ ငါက နောက်ထပ် အကြောင်းတစ်ချက်ကို ထပ်
ပြီး ထိထိမိမိနဲ့ တင်ပြလိုက်ရင် သူ လုံးဝ ... ဘယ်လိုမှ
ငြင်းနိုင်မှာ မဟုတ်တော့ဘူး ... သေချာတယ် ... ငါ့ဘက်
က ငါလုံးဝသေချာတယ် ... နင်တို့သာ သေချာအောင်
လုပ်ပေးကြပါ ..."

"နင်ရှူးတိုင်း ငါတို့ကပါ အရူးမ,ယိမ်းကို ဆင်တူကြီး
လိုက်ကရမှာလား ..."

သင်းသင်းက ဖျတ်ခနဲ ဝင်ပြောလိုက်သော ပုလဲကို
အသာလက်ကုတ်လိုက်သည်။

"အဲဒီလို ပြောရတဲ့အတွက် ... နင့်မှာ ... တစ်ကိုယ်ကောင်း
ဆန်ဆန် ခေါင်းရှောင်ချင်တာမျိုး မဟုတ်တဲ့ အကြောင်း
ရင်း နောက်တစ်ခုခု ခိုင်ခိုင်လုံလုံ ရှိတယ်ပေါ့ ..."

"ရှိတယ်ဟာ ..."

"ဘယ်လိုအကြောင်းလဲ ဆိုတာ ငါတို့ သိခွင့်မရှိဖြစ်ဘူး
ပေါ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ..."

"ဘာရှိရမှာလဲ ... ကိုစောလွင်လို အကြောင်းကလွဲ
ကခြား ဘာအကြောင်းကြောင့်မှ သူ ရှောင်ထွက်
မလိုဘူးဟာ ..."

ပုလဲက မဲ့ကာရွဲ့ကာနဲ့ ဝင်ပြောလိုက်ပေမဲ့ ...
စကားအဆုံး ချေမ်း ထံမှ ... "ဟုတ်တယ်ဟာ ... ကဲ ...
လို အကြောင်းပဲ ..." ဟူသော အောက်ဆတ်ဆတ်အသံ ထွက်
လျှင် ... မျက်လုံးကြီးပြူးကာ ယုံရမလို ... မယုံရမလို ... ထိ
လန့်ဟန်တော့ ပေါက်သွားပါသည်။ ယုကလည်း ချေမ်းရဲ့
ကိုယ်လုံးကို ထက်အောက်စုန်ဆန် အပြန်ပြန် အလှန်လှန်
ကြည့်နေတော့ကာ ... မျက်ခုံးလေးကတော့ ခပ်ရှုံ့ရှုံ့နှင့် ရှိ
သည်။

သင်းသင်း တစ်ယောက်သာ အံ့သြဟန်လည်း
မပြ ... ယုံကြည်ဟန်လည်း မရှိလှဘဲ ...

"ကောင်းပြီလေ ... အကုန်လုံး ပြောပြလိုက်မယ်
ဟုတ်ပြီလား"

"ပြောပြရုံတင် မကဘူးနော် ... တိုက်တွန်းဖို့ပါ ..."

"အဲဒါကတော့ အာမ,မခံနိုင်ဘူး ချေမ်း ... ထက်ဆင့်
ငါတို့ရဲ့ သမီးလည်း မဟုတ်ဘူးလေ ... သမီးရင်း ဆို
တောင်မှ ဒီလိုကိစ္စမျိုးကြီးမှာတော့ တိုက်တွန်းရမဲ့ အ
ရင်းလည်း သိပ်ကြီး အရေးပိုင်လှမယ် မထင်ပါဘူး ...



သူငယ်ချင်းမ သုံးယောက်တို့ ထပြန်သွားကြလျှင်
ချေမ်းသည် အစ်ကိုဖြစ်သူကို ဘာစကားလုံးနှင့်စပြီး နားချစကား
ပြောင်းရပါ့မလဲဟု ... စဉ်းစားရင်း အဖြေကောင်းမရရင်းနှင့် ရှိရ
ပါသည်။ ခုလောလောဆယ်မှာတော့ ကိုငြိမ်းချမ်းကို ဒီအကြောင်း
လောသုံးဆယ်ကြီး ပြောဖြစ်ဦးမှာ မဟုတ်တာကတော့ သေချာ
ပါသည်။

"သူ ဘယ်လိုဖြစ်နေသလဲ ... အဲဒါ သူ ခုမှမဟုတ်ဘူး ...
ကျူပ်ကို တရစပ်လိုက်ပြီး စွပ်စွဲနေတာ ကြာပြီ ... ခုကျ
တော့ သဘောပါ တူရပြန်ပြီတဲ့"

"မဟုတ်ဘူး ထက်ဆင့်ရဲ့ ခုဟာက အစကလိုက်စွပ်စွဲနေ
သလို မနာလိုလို့ ... ကြည့်မရလို့ ဆိုတာမျိုးသက်သက်ကို
မဟုတ်တော့ဘူး ... အဲဒီလိုဆိုရင်တောင် အကျင့်က တန်
လှပြီ ... စွပ်စွဲစရာလား ... ဒီလူနဲ့ ဒီလူ ... မနာလိုစရာ
လားဟဲ့ ... ခုဟာက ပိုဆိုးသွားတာ ... ခုဟာက ပုတ်
ခတ်တာ ... ပိုဘောလို့ ခေါ်တယ် ထက်ဆင့်ရဲ့ ..."

www.burmeseclassic.com



"ဟယ် ... ရှင်တို့ကလည်း နေစမ်းပါဦး ... အဆင်းဘီးတ
တွေ ..."

သင်းသင်းက ယုယုနှင့် ပုလဲတို့ကို အတင်းဝင်တ
ဆီးလိုက်ပါသည်။ သင်းသင်းရဲ့ စိတ်သဘောမှန်မှာ ချေမ်း
သံသယရှင်းလွန်း ... အကောင်းချည်း ထင်လွန်းနေလို့ မဟုတ်
ကာယကံရှင်တွေရဲ့ ဆန္ဒရင်းထက် ... ဘေးလူတွေ ဝင်တွန်းနေ
ပျက်ကြရသည် ဆိုတာမျိုးကို မဖြစ်စေချင်တာသာပါ ...။

ချေမ်းရဲ့သတင်းကို သယ်လာကြသည့် သုံးယော
သားထဲမှာ သင်းသင်းက ကျန်နှစ်ယောက်နှင့် "လေ"မတူလေ
အခါမှာ ထက်ထက်ဆင့်ရဲ့ စိတ်ဝင်စားမှုတို့က သင်းသင်း ဆီ
ရောက်ရှိလို့ လာပါသည်။

"ရှင်က ဘာပြောချင်တာလဲ မယ်သင်းရယ် ... ချေမ်း
ကောင်းပါတယ် ... ဗာညာနဲ့ ရှင်က ထောက်ခံချင်
သေးတာလား ... ရှင် ဘာများထပ်သိထားသေးလို့လဲ ...

"အဲဒီလိုတော့ မဟုတ်ဘူးလေ ..."

ထက်ထက်ဆင့်ရဲ့ မျက်ဝန်းတို့ အရောင်ပြန်မှိန်သွ
ကြသည်။

"သူက ကိုစောလွင် အကြောင်းကို သိသွားတဲ့အခါမှာ ...
ရှင်တို့မိသားစုအတွက် အားကိုးတစ်ခုတော့ လိုနေပြီ
ဆုံးဖြတ်လိုက်သတဲ့ ..."





"အဓိပ္ပာယ်မရှိတာ ... ကျုပ်အနေနဲ့က လက်ပြတ်ခြေပြတ်နဲ့ ဒုက္ခိတမကြီး တစ်ယောက်လည်း မဟုတ် ... သူ့အနေနဲ့ ဘယ်လိုပဲဖြစ်ဖြစ် ... ကျုပ်ကို သူ့အစ်ကိုနဲ့ သဘောတူပါပြီ ဆိုတဲ့ စကားမျိုးကိုတော့ မပြောသင့်ဘူး မဟုတ်လား"

"အဲဒါလည်း ဟုတ်တယ်လေ ... သူ့ဘက်က ရှေ့နေလိုက်ပေးနေတာတော့ မဟုတ်ဘူးနော် ... ကျုပ်အနေနဲ့ ဆိုရင်လည်း ချေမ်းကို သိပ်ကျေလည်လှတာ မဟုတ်ပါဘူး ... ဒါပေမဲ့ ကျုပ်တို့က ကြားလူလေ ... ကြားလူဆိုတာက တစ်ဖက်နဲ့ တစ်ဖက်ကို စကားသယ်မို့ပေးတဲ့ တာဝန်ကို မလွှဲမရှောင်သာဘဲ ယူထားရပြီဆိုရင်တော့ ... တစ်ဖက်က မပြောတဲ့ စကားအပို ... ကိုယ့်ထင်မြင်ချက်တွေကိုလည်း ထပ်မထည့်ကြေး ... ပြောလိုက်တဲ့ စကားမှန်သမျှကိုလည်း ဖြစ်နိုင် မဖြစ်နိုင် ဆိုတာက နောက်ထား ... တစ်လုံးတစ်ပိုဒ်မှတော့ ချန်မထားခဲ့ကြေး ... ဟုတ်တယ် မဟုတ်လား ..."

ယုနှင့် ပုလဲတို့က သင်းသင်းကို မျက်စောင်းကိုယ်စီနှင့် ရွယ်လိုက်ကြပါသည်။ သင်းသင်း ပြောနေတာတွေက အမှန်တွေချည်း ဖြစ်ပေမဲ့ ကိုယ်တို့နှစ်ယောက်ကိုပဲ စောင်းဖွဲ့ပြောနေသလိုလို မဟုတ်လား ...။

"သူပြောလိုက်တာကတော့ သူ့မှာလည်း သူ့အကြောင်းနဲ့သူဆိုတာက ကိုစောလွင်လို အဖြစ်မျိုးနဲ့ ထပ်တူပဲတဲ့ ..."

www.burmeseclassic.com



"အဲဒါကို ကျုပ်တို့က ပိုဒေါ်သထွက်တာ ... ဖြစ်နိုင်ပါ့မလားဟယ် ... သူ့လည်း ကြည့်ပါဦး ... ကျွဲကိုးစီးမဖြော ဝါနဲ့ ... ဘီလူးဆယ်ကောင် ဗိုင်းစားရင်တောင် ဘီလူးတွေသာ ဗိုက်တင်းသွားမယ် ... သူ့အသားတွေကတော့ ကုန်ဦးမှာ မဟုတ်တဲ့ ပုံကြီးကများ ..."

သင်းသင်းက ပခုံးကိုသာ တွန့်ပြလိုက်ရင်း "ယုံမယုံ ဆုံးဖြတ်ဖို့က ကျုပ်တို့တာဝန် မဟုတ်လှဘူးလို့ ပြောပြီးပြီလေ ..."ဟု ဆိုလိုက်ပါသည်။ ထက်ထက်ဆင့်မှာ သင်းသင်းရဲ့စကားကြောင့် စက္ကန့်ပိုင်းမျှတော့ မျက်မှောင်ခပ်ကုတ်ကုတ်နှင့် ငြိမ်ငြိမ်ကလေး ဖြစ်သွားသည်။ ပြီးမှ ဒေါသထွက် အခါရခက်ရ လွန်းသဖြင့် ထွက်ပေါ်လာရသော ရယ်သံကြီးမျိုးနှင့် ရယ်ချလိုက်ကာ ...

"အရှုံး ... သူပြောတိုင်း ယုံရမှာလား ..."

"အေးဟယ် ..."

"စိတ်ဓာတ်ကတော့ တစ်နေ့တခြား ပို၍ ပို၍တောင် အောက်တန်းက ကျကျလာတော့သလိုပဲ ... အခွင့်အရေး တစ်ခုကို ဆွဲဆက်အသုံးချချင်လို့ ... သေတော့မဲ့ ဝေဒနာသည်နဲ့တောင် ကိုယ့်ကိုယ်ကိုယ် နှိုင်းပြရက်တဲ့လူ ... ပြီး ကျလို့ အဟုတ်တကယ် သူ မသေရင် ကျုပ်တို့က သူ့ကို ဘာသွားလုပ်နိုင်မှာမို့လဲ ... မသေသေးလို့ဆိုပြီး ဓားနဲ့သွား ထိုးလို့လည်း ရနိုင်တာမဟုတ်"



ထက်ထက်ဆင့်ရဲ့ ဒေါသကို သူငယ်ချင်းမ သုံးယောက်က ရယ်စရာ ရှာတွေ့နေကြကာ ခပ်တိုးတိုးတွေ ရယ်နေကြလေသည်။

"ကောင်းပြီလေ ... အဲဒီလောက်တောင်မှ ဖြစ်နေရင်လည်း သူ့သဘောအတိုင်း ဖြစ်စေရမယ်လို့ အကြောင်းသာ ပြန်လိုက်ကြပေတော့ ..."

"ဟဲ့ ..."

"ဟာ ... မဟုတ်တာ ..."

ရယ်နေကြသည့် သုံးယောက်သား မျက်နှာတွေ ... တွန့်လိမ်ရှုံ့တွကုန်ကြကာ ... နှုတ်မှလည်း သံစုံတွေ ထွက်လာကြသည်။

"ဒီလိုလုပ်လို့ ဘယ်ရပါ့မလဲ အဲထက်ဆင့်ရဲ့ ... ဘယ့်နှယ့် ... မဟုတ်တာ ..."

"အေးလေ ... ကိုငြိမ်းချမ်းကလည်း သဘောတူလိမ့်မယ် မဟုတ်ဘူးလို့ ကျုပ်တော့ထင်တယ် ... သူကမတူဘဲ ရှင်ကတူတယ်ဆိုတော့ ရှက်စရာကြီး ..."

"နဂိုကမှ စွပ်စွဲချင်နေရတဲ့ ကြားထဲ ... ဒီလိုကြီးလုပ်ချလိုက်ရင် အားကိုးရာ ရှာချင်လို့ တစ်မျက်နှာက နှစ်မျက်နှာပြောင်းတယ် ဆိုတာကြီးက အတည်လို ဖြစ်သွားတော့မှာပေါ့ဟဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းရှင်းပဲ ပြောလိုက်ကြစမ်းပါ ... ကျုပ် အဲဒီလိုပြော လိုက်တော့ ရှင်တို့ကပါ ကျုပ်ကို သို့လော ဤလော ထင်ကုန်ကြတယ် မဟုတ်လား ... ရှင်တို့တောင် ထင်နိုင် တာ ... သင်းဆို ပိုထင်လိမ့်မယ် ... ထင်လေကောင်းလေ_"

"ဟယ် ... အဲဒီလောက်ကြီးတော့ မရွဲ့စေချင်ဘူး ထက်ဆင့် ရယ် ... ရှင်က ချေမ်းကို ရွဲ့ချင်လို့ လုပ်တာကတော့ ဟုတ်ပါပြီ ... ကိုငြိမ်းချမ်းက ဘယ်လိုထင်မလဲ ... လတ် စသတ်တော့ ... ဒီဟာမလေးက ငါ့ကို အကွက်ထွင်ပြီး ချဉ်းကပ်လာတာကိုး ... ဆိုရင်သွားပြီ ... ရှက်ဖို့ကောင်း လိုက်မဲ့ဖြစ်ချင်း ..."

"မလုပ်နဲ့ ... မလုပ်နဲ့ ... ကျုပ်တို့က ဒါမျိုးတော့ အား မပေးနိုင်ဘူး ... ချေမ်းကိုလည်း သွားပြန်ပြောမပေးနိုင် ဘူး ..."

"ရတယ်လေ ... ရှင်တို့ သွားပြောမပေးလည်း အစိကကျ ကိုငြိမ်းချမ်းပဲ ... ဟိုတစ်ယောက် ပြန်သိဖို့ကိစ္စမှာ ရှင်တို့ မပါလည်း ရပါတယ် ..."

သင်းသင်း၊ ယုနှင့် ပုလဲတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကုန်ကြပါသည်။ "မှားပြီထင်တယ်"ဟူသည့် ရုပ်မျိုးတွေကတော့ အသီးသီးရဲ့ ရုပ်တွေမှာ ပေါ်လွင်လို့ နေကြ သည်။ ထက်ဆင့်က ရုတ်တရက်ကြီးမှာ နောက်ထပ်ဆုံးဖြတ်ချက် တစ်ခုပါ ထပ်ကျသွားသလိုနှင့် ထိုင်ရာကနေ ထရပ်လိုက်သော



အခါ သုံးယောက်သားထံမှ "ဘာလုပ်မလို့လဲ"ဟု သံပြိုင်ကြီး တစ်ခု ထွက်ပေါ်လာပါသည်။

"ရှင်တို့ မတားကြနဲ့နော် ... ရုန်းရင်းဆန်ခတ်တွေ ဖြစ် နေကြတယ်ဆိုတာ တစ်ဖက်ကသိရင် ပိုရှက်စရာကောင်း လိမ့်မယ် ... ကျုပ်မှာ ဦးနှောက်ရှိပါတယ် ... အားလုံး ကျုပ်ကြည့်ကျက် လုပ်တတ်တယ် ... ကျုပ် ကိုငြိမ်းချမ်းဆီ ဖုန်းဆက်မလို့ ..."

"ဟယ်"ဟူသော အာမေဍိတ်သံကျယ်ကြီး ထွက် ပေါ်လာပြန်သည်။ "ရုန်းရင်းဆန်ခတ် မဖြစ်ချင်ဘူး ..."ဟုလည်း ဆိုထားသည်ဖြစ်ရာ ... သုံးယောက်သား အတင်းဝိုင်းပြီး ဖမ်းချုပ် ထားရင်လည်း ... လုပ်စရာရှိတာကတော့ လုပ်မှာပဲ ဆိုတာကိုပါ တစ်ပါတည်း ထည့်ပြောထားသလို ဖြစ်နေပြီ။ ခုနေမှာ "မဆက် ရ" ... ဟု ဝိုင်းတားထားနိုင်ကြတယ် ထားဦး ... ကိုယ်တွေက သူ့အိမ်သူ့ရာထိ မအိပ်မနေ လိုက်ထိန်း တားမြစ်နိုင်ကြမှာလည်း မဟုတ်။

ကိုယ်တို့ရှေ့တင် ဆက်ဖြစ်လိုက်တာကမှ ... စကား သုံးအမှားအယွင်း ရှိမယ်ဆိုရင် ဘေးကနေ မသိမသာ ဝိုင်းထောက် ပြင်ပေးလို့ ရချင်ရနိုင်နေဦးမည်။ သုံးယောက်သား တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကြရပြန်ကာ ... သက်ပြင်းကိုယ်စီ နှင့် ငြိမ်နေလိုက်ကြတော့ဖို့ကိုပဲ ဆုံးဖြတ်ချက် ကိုယ်စီချကြ သည်။

www.burmeseclassic.com



ထက်ထက်ဆင့်က သူငယ်ချင်းမများ၏ အရိပ်အခြ ကိုကြည့်ပြီး ... ထိုင်ရာမှထကာ ကြိုးမဲ့(cordless)ဖုန်းလေး လှမ်းထယူလိုက်သည်။

"ကိုငြိမ်းချမ်း ... ထက်ဆင့်ပါ ..."

"သြော် ... အေး ... ညီမ ပြော ... ဘာလိုလဲ ..."

"ချမ်းက သူ့မှာ ကုလို့သလို့ မရနိုင်တဲ့ ရောဂါအဆော အဉီကာစ်ခု ခိုင်ခိုင်မာမာ ရှိနေလို့ ... သေခါတော့်နီးနေ ပြီလို့ ဆိုနေပါလား ..."

"ဟာ ... ဒီကောင် ... လုပ်ပြန်ပြီ ... ဘာတွေလဲ ..."

"ဘာတွေလဲတော့ မသိဘူး ... အဲဒီလိုပဲ ပြောနေတယ် ..."

"မဟုတ်တာပဲကွာ ... သူ ထက်ထက်ကိုများ စချင်နော ချင်သလား"

"ဒီကိစ္စမျိုးဟာ စနေစရာလည်း မဟုတ်ဘူး ထင်ပါတယ် ကိုငြိမ်းချမ်းရယ် ... အထူးသဖြင့် ထက်ဆင့်ကိုတော့ သူ ပိုမစသင့်ဘူး ... ပိုပြီး အထူးသဖြင့်ကတော့ ဒီအချိန်မျိုး မှာ သူ မစသင့်ဘူး ..."

ကိုဇောလွင် အကြောင်းကို ချမ်း သိနေပြီဆိုမှတော ယောက်မဖြစ်သူရဲ့ ... "ကိုငြိမ်းချမ်း မသိစေရေး" စီမံချက်ကြီးဟာ လည်း ပျက်ပြားသွားခဲ့ပြီပဲဖြစ်ရာ ... ထက်ဆင့်က ... "သိပြီးပြီ" ဟူသော ယူဆလျက် ဒီလိုပဲ ပြောချလိုက်ပါသည်။ ထက်ဆင့်ရဲ့



စကားကြောင့် ကိုငြိမ်းချမ်း ဘက်မှ သက်ပြင်းတွေ တလှိုင်လှိုင် ထွက်ပေါ်လာကာ ... "ဟုတ်တာပေါ့ ... ဟုတ်ပါတယ်"ဟူသော ထပ်ကာ ထပ်ကာ ဆိုနေပေတော့သည်။

"ထက်ဆင့်ဖြင့် သူ ရူးနေပြီလားလို့တောင် ထင်မိတယ် ..."

"ဟုတ်တာပေါ့ ... အဲဒီလိုတောင် ပြောသင့်နေပြီ ..."

"အခြောက်နဲ့ တွဲပြလိုက် ... ဘုန်းကြီးဘဝနဲ့ပဲ အရိုးထုတ် တော့မယ် ပြောလိုက် ... ခုကျတော့ သေတော့မလောက် နီးနီး ပြောနေပြန်ပြီ ... သူဘာဖြစ်နေသလဲ ကိုငြိမ်းချမ်း ... သူ မရူးသေးရင် သူက ထက်ဆင့်တို့ကို ရူးနေပြီလို့များ ထင်နေသေးတာလား ..."

"ညီမကို ကိုယ်တော့ ဘယ်လိုပြောရမယ်တောင် မသိတော့ ဘူး ... အစ်ကို သူ့ကို အကျိုးအကြောင်း မေးကြည့်ပါ့မယ် လေ ... ရူးနေပြီဆိုလည်း ဆေးကုသင့် ကုရမှာပေါ့ မဟုတ် ဘူးလား ... ဟား ..."

"တကယ်ဆိုရင် သူနဲ့ ထက်ဆင့်နဲ့ ပြတ်ကြပြီဆိုရင်လည်း ဇာတ်လမ်းက 'ဤဘဝ ဤမျှသာ'ဆိုတာမျိုးနဲ့ပဲ ပြီးနေပြီ ပဲလေ ကိုငြိမ်းချမ်း ... သုံးပတ်ပြည့်လို့ "သေချာလား"ဆို ရင် နှစ်ယောက်လုံး 'သေချာတယ်'လို့ အော်လိုက်ကြရုံပဲ ရှိတာပဲ ... ခုတော့ သူ့ဟာက ဘာအလှည့်အပြောင်းတွေ ကလိမ်ကကျစ်တွေ ကြားဝင်ရှုပ်ချင်နေရတာလဲ ..."

www.burmeseclassic.com



"ဟုတ်တာပေါ့ ထက်ထက်ရယ် ..."

"ခုနောက်ဆုံးစကားတွေကတော့ အဆိုးဆုံးပဲ ... သူနဲ့ ထက်ဆင့်နဲ့ ပြတ်ပြီဆိုရင် သူလည်း သူလုပ်ချင်ရာကို ကြိုက်သလို လုပ်နိုင်တယ် ... ထက်ဆင့်လည်း ကိုယ့်ဘဝ ကိုယ့်အခြေအနေနဲ့ ကိုယ်ပဲပေါ့ ... အဲဒါကိုပဲ သူက ထက်ဆင့်ကို ... ကိုငြိမ်းချမ်းနဲ့ပဲ ယှဉ်လိုက်ပါလို့ အတင်း လိုက်တိုက်တွန်းနေတာ ... အဲဒါကကော ဘာလဲ ..."

ကိုငြိမ်းချမ်းထံမှ "ဟာ"ခနဲ အသံထွက်လာသည်။ ပြီးလျှင်တော့ နောက်ထပ် ထပ်မံပြီး တစ်ခုခု ထပ်ထွက်လာဖို့ရာ အရှိန်ယူ အားမွေးနေရသေးပုံနှင့် ခပ်တိတ်တိတ် ဖြစ်သွားလေသည်။ ထက်ဆင့်မှာလည်း ပြောချလိုက်ပြီးမှ ခပ်ရှက်ရှက်နှင့် တိတ်တိတ် လေး ခဏနေ ... နေမိတာမို့ ထက်ဆင့်နှင့် ကိုငြိမ်းချမ်းတို့ ကြားမှာ တိတ်ဆိတ်ခြင်းက အတော်ကြီး ကြီးစိုး လွှမ်းမိုးသွား သည်။

"ကျွတ် ... စိတ်ကုန်ဖို့ ကောင်းတဲ့ကောင်"

ခဏကြာမှ ကိုငြိမ်းချမ်းဘက်က (အကြာကြီးဆက် တိတ်နေရင် ပိုဆိုးကုန်မှာ စိုးသောကြောင့်ထင့်) အသံအရင်ပြန် ထွက်လာပါသည်။

"ထက်ဆင့်တို့ အခြေအနေက အဲလောက်ကြီးပဲ ဆိုးနေပြီ လား ... သူကတော့ သနားလို့ဆိုတဲ့ ပုံစံမျိုးနဲ့ ပြောသွား



တာပါ ... ဒါပေမဲ့လည်း သူ့သနားပုံက ထက်ဆင့်ကို လူမထင်သလိုကြီး ဖြစ်နေတယ် ကိုငြိမ်းချမ်းရဲ့ ..."

"ကိုယ်လာခဲ့ပါဦးမယ် ညီမရယ် ..."

"ရတယ် ... ကိုငြိမ်းချမ်း ... ကိုငြိမ်းချမ်းကို အဲလိုကြီး ရောက်လာစေချင်လို့ ပြောတာမဟုတ်ပါဘူး ..."

"ဒါပေမဲ့ ကိုယ်လာကို လာရဦးမှာပါ ... လာသင့်နေ တာ ကြာပြီ ... ဘယ်လိုခေါ်မလဲ ... ကိုယ့်ဘက်က ဝတ္တရား ပျက်နေတာဟာ အတော်ကြီး လွန်ကျူးထားမိတဲ့ ကိုယ့်နှုတ် ကို ကိုယ်ပြန်ဒေါသထွက်နေမိလို့ပါ ... အဲဒါကလည်း နည်းလမ်းတော့ သိပ်မကျဘူး ... ကိုယ်အခုပဲ လာခဲ့မယ် ညီမလေး ..."

"ဟိုရောဂါဝေဒနာသည်ကိုတော့ လုံးဝခေါ်မလာပါနဲ့ ..."

"ကောင်းပါပြီ ..."

"သူက ထက်ဆင့်ကို အဲဒီလို ပုတ်ထုတ်ပစ်ရအောင်လို့ ထက်ဆင့်က ဘာလုံးမဟုတ်ဘူး ကိုငြိမ်းချမ်းရဲ့ ... လူ ... လူ ... အခု ကြားထဲကနေ သူ့အမှာစကားကို သယ်လာတဲ့လူကို ထက်ဆင့် ပြန်ပြောလိုက်တယ် ... ကောင်းပြီလို့ သူ့အဘောအတိုင်း ဖြစ်စေရမယ်လို့ ..."

"ကဲ ... ကဲ ... ထက်ဆင့် ... တော်ပြီ ... စိတ်လိုက်မာန်ပါနဲ့ လျှောက်ပြောမနေနဲ့ ညီမရယ် ... ချမ်းလည်း အဲဒီလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ပြောရပြီးရော အကုန်လုံးလျှောက်, လျှောက်ပြောနေတာ... ပဲ ... အမှားတွေက အမှားကြီး ဖြစ်ကုန်တာလို့ ကိုယ်... တယ် ... စကားတွေက အားလုံးလွန်ကုန်ရင် မ... ဘူး ...

ဒီကောင်က ကိုယ့်ကိုလည်း အဲဒီလိုပဲ ညီမနဲ့ ... သက်လို့ ... ညီမကို ကိုယ်ကူညီနေရတာနဲ့ ပတ်သက်... Jealous ဖြစ်တဲ့သဘောပေါ့ ... လာရမ်းချင်သလိုလို ... မျိုး ရှိဖူးပါတယ် ... အဲဒါတွေက အလကားတွေပါ... သူ့က ကိုယ့်လို မကူညီနိုင်သေးဘူးလေ ... အဲဒီအထ... သူ ခံစားရတယ် ... ဒါလေးတွေပါ ...”

“မဟုတ်ဘူး ကိုငြိမ်းချမ်း ... ခုဟာက အဲဒီလို ရန်... တဲ့သဘော ... Jealousဖြစ်တဲ့သဘော မဟုတ်တော့ဘူ... သူက ဇွတ်ကြီး ရှောင်ထွက်ပြီး ကျော်မကောင်း ကြား... မကောင်း အဖြစ်တစ်ခုဆီကိုပဲ အတင်းတွန်းပို့ခဲ့ချင်တာမျိုး...

“ဖုန်းချလိုက်တော့ ညီမ ... ကိုယ်အခုပဲ ရောက်လာပြီ...

ထက်ဆင့်က ဖုန်းချချပြီးပြီးချင်း သူငယ်ချင်း... ဘက်သို့ ဖျက်ခနဲ ပြန်လှည့်ကြည့်လိုက်သည်။ အတင်းကြီး ... လုံးပြူး နားစွင့်နှင့် ကုန်းကိုင်းနေကြသော သုံးယောက်သား... ခုမှ ကိုယ့်ပုံစံတွေ ကိုယ်ပြင်ကြရကာ ... ယုယုက ခေါင်း... တည်းတိတ်ညိတ်နှင့် ...



“ဒီလောက်ဆိုရင်တော့ မဆိုးပါဘူး ...”

“ဒါပေမဲ့ ကျုပ် သိတယ် ... သူ့အစ်ကိုဟာ သူ့ညီကို ပြန်ပြောရင် ထိမ်ချန်ထားတဲ့ အပိုင်းတွေ အများကြီးနဲ့ ပြောမှာပဲ ...”

“ရှင့်ဘက်ကလည်း သိပ်တော့ လောဘမကြီးချင်နဲ့လေ ... ကိုယ်လုပ်ချင်တာ တစ်ခုကိုပဲ သိပြီး ... အန္တရာယ်ကို မမြင်နိုင်တာမျိုး ... ဘာဖြစ်ဖြစ်ဟယ်ဆိုတဲ့ ပုံစံမျိုးတွေကို တော့ ကျုပ်တို့က အားမပေးဘူး ...”

“ကျုပ် ပြန်တော့မယ် ... အိမ်ကို ကြိုရောက်နေဖို့ အရေးကြီးတယ် ... ကိုငြိမ်းချမ်းက ခုပဲ ကျုပ်အိမ်ကို လာခဲ့မလို့ တဲ့ ... ဟိုမှာ ယောက်မနဲ့ အရင်တန်းတိုးနေရင် ပေါက်ကရတွေ ဖြစ်ကုန်ဦးမယ် ... သူ့ကြည့်ရတာ ကျုပ်အစ်ကို အကြောင်းက သိပြီးနေပုံကြီးပဲဟာ ... ဖုံးကွယ်ထားချင်တယ်ဆိုတဲ့ ယောက်မရဲ့ ဆန္ဒက အစောတည်းက သိပ် အဓိပ္ပာယ်မှ မရှိလှတာ ... အဲဒါကို နားမလည်ဘဲ ... သူ ဖုံးထားတာ ပေါ်တော့မယ်ဆိုတဲ့စိတ်နဲ့ ယောက်မက တံခါး တောင်မှ ဖွင့်မပေးရင် ... ကျုပ်အစ်ကိုသိရင် အစ်ကိုပဲ စိတ်ဆင်းရဲရဦးမှာ ... ကျုပ် ကြိုရောက်နေမှ ဖြစ်မယ် ...”

ထက်ထက်ဆင့်က ကားသော့နှင့် ပိုက်ဆံအိတ်က... ...းကို ကောက်ကိုင်ကာ ထရပ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... နောက်ဆုံးအကြိမ် အဖြစ် ... Request ထပ်လုပ်ကြည့်ဦးမယ် ... ကျုပ် စိတ်ချမ်းသာအောင် ဘယ်သူကူညီနိုင်ကြမလဲ ... ပလိ(စ်) ..."

"ဘာကိုလဲ"

"ချေမ်းကို ကျုပ် ကိုငြိမ်းချမ်းနဲ့ ယူကိုယူမယ် ဆိုတာကို သွားပြန်ပြောပေးဖို့ ..."

"ကဲဟယ် ... ပြောမယ်ဟယ် ..."

ပုလဲက ထအော်ပစ်လိုက်သည်။ ထက်ဆင့်က အပျော်မပါသည့် အပြုံးကြီးနှင့် ပြုံးပြလိုက်ရင်း ... "Thank you" ဟုဆိုကာ အပြေးပင် ထွက်ခွာသွားပါတော့သည်။ ပုလဲမှာ သူ့ကို ဝိုင်းကြည့်လာသည့် နှစ်ယောက်သားကို မျက်လုံးပြူးကလေးနှင့် ပခုံးတွန့်ပြကာ ဖြေရှင်းချက်ထုတ်ပြီး ကျန်ရစ်ရလေသည်။

"ဟုတ်တယ်လေ ... ကျုပ်ကမှ အဲဒီလို မြန်မြန်ကတိမပေးလိုက်ရင် သူက ဟိုမှာ ကိုငြိမ်းချမ်းနဲ့ နှစ်ယောက်ချင်းတွေ့ကြတော့မှာ ... ကျုပ်တို့ကွယ်ရာကြီး ... ချေမ်း ပြန်မသိသိအောင် သူဘာတွေ လျှောက်လုပ်တော့မယ် မပြောနိုင်ဘူး ... ကျုပ်တို့ သွားပြန်ပြောပေးရရင်မှ အစုံ့တိုက်သလိုလို ဘာလိုလို ... ကြားလို့ကောင်းမဲ့ Version ဘက်က လှည့်ပြောလို့ ရဦးမယ် ... ကဲ ... ပြောကြပါဦး ဥက္ကဋ္ဌကြီးရှင်တို့ ... အဲဒီနှစ်ယောက်က သုံးပတ်ပြည့်ရင် ဘယ်လိုလဲ ..."



"ပြတ်မှာပဲ ..."

ယုယုရဲ့ အပြောကို သင်းသင်းကလည်း ခေါင်းညိတ်ကာ ထောက်ခံလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

"ငါ့ကို ခွင့်လွှတ်ပါ စောလွင်ရာ ... ခွင့်လွှတ်ပါ ..."

ပြောရင်းက ကိုငြိမ်းချမ်း မျက်ရည်ကျလေသောအ[illegible] ထက်ထက်ဆင့်သာမက ... ဟိုးခပ်ဝေးဝေး တစ်နေရာမှာ မျက်[illegible] ထိ မျက်နှာထားနှင့် ထိုင်နေသော ယောက်မပါ လှုပ်လှုပ်ရှားရှား[illegible] လေး ဖြစ်သွားရပါသည်။

"မင်းကို ငါက ဘာခွင့်လွှတ်စရာ ရှိရမှာမို့လဲ ငြိမ်းချ[illegible] ရာ ... ခွင့်လွှတ်ဖို့ဆိုတာ ပထမဦးဆုံးကတော့ အမှားအယွ[illegible] တစ်ခုခုရှိဖို့ လိုသေးတယ်လေကွာ ..."

"မင်းအပေါ်မှာ ငါတော်တော်ကြီး လွန်ပါတယ် စောလွင်[illegible]

"ဒါက ... ငါက သတ်မှတ်မှုရတာမျိုးပါ ... ငါကမှုစိ[illegible] ထဲမယ် အဲဒီလိုမရှိဘဲ ... မင်းမလွန်ဘူး ... မမှားဘူး[illegible] အစောကြီးကတည်းက ငါက အသိအမှတ်ရှိပြီးရင် တော[illegible]





ပန်နေစရာလည်း မလိုဘူး ... ထူးခွင့်လွှတ်နေဖို့လည်း ဘယ်လိုမလဲကွ ..."

ကိုစောလွင်ရဲ့ မျက်နှာက တကယ့်ကိုပဲ အရိုးခံ [illegible]ကတိနှင့် ရှိနေပြီး နှုတ်ထွက်စကားတွေကလည်း ဟန်ဆောင် [illegible]သား မပါဝင်မှုန်း မည်သူမဆို ရိပ်မိနေနိုင်သည်ပဲ ဖြစ်ရာ ... [illegible]ဒီလို အဖြစ်ကိုပဲ ကိုငြိမ်းချမ်းက ပြန်ပြီး ယူကျုံးမရ ...။

"မင်းက ငါ့အပေါ်မှာ ကောင်းစေချင်တဲ့ စေတနာနဲ့ ကရုဏာဒေါသော သဘောမျိုးပဲ ရှိခဲ့တာ ငါ နားလည်တာပေါ့ကွ ... ငါကလည်း မင်းကိုလူရာမသွင်းခဲ့တဲ့ သဘောမှ မဟုတ်ဘဲ ... ကိုယ်သန်ရာသန်ရာကို စိုက်လိုက်မတ်တတ် ခေါင်းမာတတ်တာက ငါ့အကျင့်ပဲလေကွာ ... ငါကမင်းကို နားလည်ပြီးသား ငါခေါင်းမာတာကိုသာ မင်းက နားမလည်ဘဲ မင်းကို ဂရုမစိုက်ဘူးလို့ ထင်နေမှာကိုပဲ ငါက ပူခဲ့တာ ငြိမ်းချမ်း ..."

ကိုစောလွင်နှင့် ကိုငြိမ်းချမ်းတို့ တစ်ယောက်ကို [illegible]တစ်ယောက် အားပါးတရကြီး ဖက်လိုက်ကြပါသည်။ ဒီအချိန် [illegible]ကျမှတော့ ... ကိုစောလွင် ဘက်က သူ့အကြောင်း သူ့သတင်းကို [illegible]ကိုငြိမ်းချမ်းထံ လှမ်းမပါး ... အကြောင်းမကြားခဲ့တာ ...။ [illegible]ကိုငြိမ်းချမ်း ဘက်ကလည်း သိသိကြီး ဖြစ်နိုင်နေရက်နှင့် ယခု အချိန်ကျမှ ... အချိန်ခပ်နှောင်းနှောင်းရောက်မှ ပေါ်လာတော့သလို [illegible]ဖြစ်နေတာ ...။ ဒါတွေဟာလည်း တစ်ယောက်နဲ့ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အတုံ့အလှည့် ပြန်လည်ဖြေရှင်းပြနေစရာ အကြောင်းတွေ မ
တော့ ...။"

ကိုယ့်ပါးပြင်လေး ပူနွေးလာ၍ ယောင်ယ
လက်နဲ့စမ်းကိုင်လိုက်မိမှ ငိုနေမိပြီ ဆိုတာကို ထက်ထက်ဆ
သိရှိသွားရကာ ပို့လို့လည်း ဝမ်းနည်းသွားရပါသည်။ အင်မ
မှ စိတ်ခါတ်နိုင်မှာ ပြတ်သားလှပါသည်ဆိုသော ယော
လျှင် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်ကာ အခန်းအပြင်သို့ မြ
လေး လှမ်းထွက်သွားတော့၏။ သူလည်း လူမမြင်ကွယ်ရာ
နေရာရာမှာ သွားငိုနေမိတာမျိုး ဖြစ်မှာပါဆိုတာ ... ထက်
ဆင့်က အတပ်သိသည်။

"ငါ့ ဆန္ဒတွေ ပြည့်ပါတယ် ငြိမ်းချမ်း ... ငါက ငါ
ခင် တစ်နေ့နေ့တော့ မင်း ငါ့ဆီကို ရောက်လာစေချင်
ဆန္ဒရှိနေခဲ့တယ် ..."

"စောလွင်ရာ ... အဲဒီလောက်ကြီးတော့ စိတ်ကိုချထ
မပြောစေချင်ဘူးကွာ"

"ဟာ ... ငါက ကင်ဆာလေကွ ငြိမ်းချမ်းရ ..."

"ဘာဖြစ်ဖြစ်ကွာ ... အဲဒီလောက်ကြီးတော့ ..."

ခုနောက်ပိုင်းရက်တွေမှာ အစ်ကို ကိုစောလွင်
ယောက် ဒီလောက် ထူထူထောင်ထောင်နှင့် စကားတွေ အ
ကြီး တရစပ် ပြောဖြစ်တာ ဒီနေ့တစ်နေ့ပဲ ရှိပါသေးသည
အသက်ရှူရတာကိုက အင်မတန်မှ ခဲယဉ်းပင်ပန်းနေပြီ ဖြစ်သ





အိမ်မှာတင် အောက်ဆီဂျင်ဘူးကို အသင့်ဆောင်ထားရချိန်မျိုး ဖြစ်နေကာ ... ခါတိုင်းများ စကားရယ်လို့ သုံးလုံးလောက်မပြည့်ခင်မှာတင် မောပန်းနေပြီး ... အသံကလည်း ခုလောက်ထိ ကြားသာအောင် မထွက်ပေါ်လာနိုင်ပါ ...။

"မင်း ... ညီမလေးကို ကူနေတာတော့ သိတယ် ... မင်း အဲဒီလို ကူနေလိမ့်မယ်ဆိုတာကိုတော့ ငါက ဘယ်လိုမဆို စိတ်ချယုံကြည်ထားပြီးသား ..."

"ထက်ထက်က သိပ်မပြရပါဘူး ... အရိပ်ပြရုံနဲ့ အကောင်မြင်တယ် ... အင်မတန် ဉာဏ်ပြေးတဲ့ ကလေးမလေးပါ ..."

"ဘယ်လိုပဲ ဖြစ်ဖြစ် မင်း ဝင်ကူနေတာတော့ ပိုကောင်းတာပေါ့ ... မင်းမှာက မင်းအလုပ်နဲ့မင်း ဆိုပေမဲ့ ... ငါက အားလည်းနာမနေနိုင်တော့ဘူး ... မင်းနဲ့ ဆိုရင်တော့ ဘယ်လိုမဆို စိတ်ချတယ်ကွာ ..."

ခုလေးတင် ချေမ်းရဲ့ ပြဿနာစကားတွေနဲ့ ...

"ချေမ်းက ထက်ဆင့်ကို ... ကိုငြိမ်းချမ်းနဲ့ပဲ ယှဉ်လိုက်ပါတဲ့ ..." ဟု စိတ်သွားတိုင်းကိုယ်ပါ ... စိက်ဆိုးမာန်ဆိုး တစ်ရှူးထိုးကြီး ဖွင့်ဟထားဖြစ်သော ထက်ဆင့် ခမျာ ... သဘောရိုးနှင့်ပဲ ပြောလိုက်တာမျိုးသာ ဖြစ်နိုင်သော အစ်ကို ဖြစ်သူရဲ့ စကားများမှာ မျက်နှာလေး နီရဲတွတ်သွားအောင်ပင် အနေရခက်သွားရပါသည်။ ကိုငြိမ်းချမ်းကို မသိမသာ ချောင်းကြည့်မိတော့ ... ပြန်ပင် မပျက်။

www.burmeseclassic.com



“ငါ စိတ်မချဘူး ငြိမ်းချမ်း ... ငါ မရှိတော့ရင် ... ငါ့မိအို ဘအိုတွေ ... ငါ့မိန်းမ ... ငါ့ညီမလေး ... စိတ်ကိုမချနိုင်ခဲ့ဘူး ... အခု မင်းကူညီလို့ ထက်ဆင့်က နည်းနည်းပါးပါး ဟုတ်သလိုလို ရှိလာနိုင်မှ ... ငါမှာ ရင်နည်းနည်းအေးရမလို ရှိနိုင်တာ ... နို့မို့ဆို ကျွတ်နိုင်မယ်တောင် တယ်မထင်ပါဘူးကွာ ...”

“ဟော့ကောင် ... အဲဒါတွေ ဘာလို့ လျှောက်ပြောနေမှာလဲ”

“မင်း နားလည်အောင် ပြောပြတာ ... ဘယ်တော့မှ မျက်နှာမလွှဲလိုက်စေချင်ဘူးကွာ ...”

“မင်းကလည်း စိတ်ချစမ်းပါ ... ထက်ထက်ရဲ့ တာဝန်ဟာ ငါ့တာဝန်ပဲ ... အဲဒီတော့ ထက်ထက်နဲ့ ပတ်သက်နေတဲ့ သူ့အဖေအမေ ... သူ့အစ်မ ... အားလုံးဟာ ငါ့တာဝန်တွေပဲလို့ ငါက သဘောမထားလို့ ရမလား ... ထက်ထက်ဟာ ဧချမ်းနဲ့ ယူပြီးကြရင် ငါ့ညီမ ဖြစ်ပြီလေ ... သူစိမ်းတစ်ယောက်ကို တမင်သက်သက်ကြီး ကူညီစောင့်ရှောက်နေရမှာမျိုးမှ မဟုတ်တော့ဘဲ ...”

ထက်ထက်ဆင့်ရဲ့ ရင်ထဲမှာ အမြောက်တစ်စင်းနှင့် ပစ်ဖောက်ချလိုက်သလို “ဒိန်း”ခနဲ အရင်ဖြစ်သွားပြီးမှ ... ဘာတွေမှန်းမသိနိုင်သော အရာများက လှိုက်,လှိုက် တက်လာပါသည်။ ရင်ထဲမှာ ပြည့်ကျပ်ပြီး ဆို့နင့်လို့ နေတော့သည်မို့ ... ထက်ဆင့်က ပျို့အန်ချင်သလိုလိုပင် ဖြစ်လာသည်။





“ကိုစောလွင်သာ စီးပွားရေးလောကမှာ ဝင်မဆန့်နိုင်တော့ရင် ... ဒီလောကကြီးထဲမှာပါ မရှိတော့ရင် ... ဒီကိုငြိမ်းချမ်းတစ်ယောက်ဟာ (ပိုက်ဆံမျက်နှာ၊ ငွေမျက်နှာကိုသာ ကြည့်တတ်သူမို့) ထက်ဆင့်နှင့်တကွ တစ်မိသားစုလုံးကို လူရာပင်သွင်းတော့မည် မထင် ... ထက်ဆင့်နဲ့ သူ့ညီ ဧချမ်းတို့ရဲ့ ကိစ္စကိုလည်း ဘယ်လိုနည်းနဲ့မျှ သဘောတူနိုင်တော့မည် မထင် ...”

ဒီလောက် ပေါက်ကရနိုင်လှတဲ့ အတွေးဆိုးကြီးမျိုးကို ထက်ဆင့်ဟာ ဘယ်လိုအသိဉာဏ်မျိုးနဲ့များ တွေးခဲ့မိပါလိမ့်မလဲ ...။ ယောက်မကစတဲ့ အထင်မှား၊ အမြင်မှားကြီး ဆိုပေမဲ့ ... ထက်ဆင့် ကိုယ်တိုင်ကလည်း “အဲဒီလိုပဲ ဖြစ်လာမှာပါ ...” ရယ်လို့ ကိုယ်တိုင်ယုံကြည်မိလို့သာ ... ဧချမ်း ဆိုတဲ့ ချစ်ရသူကို ဖြတ်ပစ်ဖို့အထိ စွန့်စားဝံ့ခဲ့တာပေါ့နော် ...။

ခုတော့ဖြင့် ထက်ဆင့်ဘက်က ဘယ်လိုပင် အရွဲ့တိုက်ကာ ပေါက်ကရစကားတွေကို ဆိုပါစေ ...။ “ထက်ဆင့်နဲ့ သူနဲ့ ပြတ်ကြပြီ ကိုငြိမ်းချမ်း”ဟု ဘယ်လောက်ပဲ အနိုင်အမာ ဆိုခဲ့ပါစေ ... ကိုငြိမ်းချမ်းကတော့ဖြင့် ... “ဧချမ်းနဲ့ ယူပြီးကြရင် ... ထက်ဆင့်ဟာ ငါ့ညီမပဲပေါ့ ...”တဲ့။ သူ့ရဲ့လေသံနဲ့ ဟန်ပန်ဟာ မကြာခင်မှာ လူ့လောကတွင်းမှာ ရှိနေမှာမဟုတ်တော့တဲ့ လူတစ်ယောက်ကို အသေဖြောင့်ရုံ ... ပါးစပ်ထဲရှိတာတွေကို လုပ်ကြံပြောပစ်လိုက်တဲ့ ပုံစံမျိုး တစ်စက်ကလေးမှကို ရှိမနေခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စကားကို ကိုယ်ယုံကြည်သော ... ကိုယ့်ကာယကို ကိုယ်အလေးထားမည်ဖြစ်သော လူမှန်တစ်ယောက်ရဲ့ ဟာ(န်)ပန်သိက္ခာမျိုး အပြည့်နှင့်သာ။

အဲဒီလို ဆိုရင် ... နင့်ကို ငါက ဘာကြောင့် ဖြတ်ပစ်ရမှာလဲ ချေမ်းရယ် ...။ အေးလေ ... ကိုယ်က မဖြတ်လည်း သူက ဖြတ်ကိုဖြတ်ပစ်မည်ဟု ဖြစ်နေလေတော့လည်း ... ထက်ဆင့်ရဲ့ နောင်တတို့ဟာ နောင်တနေရာမှာပဲ ရပ်တန့်နေရရုံဖြစ်လျက် – "ချေမ်းနဲ့ ယူပြီးကြရင် ငါ့ညီမ"ဆိုတဲ့ စကားဟာတော့ ဒီအချိန်မှာ ဘယ်လိုမှ မပြောင်းလဲနိုင်တော့မဲ့ ကံတရားရဲ့ အဖြေကောင်း ဖြစ်မလာနိုင်တော့ပါ။

တိတ်တခိုး ရှိုက်ငိုနေမိသော ထက်ဆင့်ရဲ့ အသံလေးတွေက မထိန်းနိုင်တော့သလို တစ်ချက် တစ်ချက်မှာ လွတ်ထွက်ကျယ်လောင်လို့ သွားကြလျှင် ကိုငြိမ်းချမ်းက ထက်ဆင့်ကို ကရုဏာ မကင်းသလို ... သတိပေးချင်သလို အကြည့်တို့နှင့် လှည့်ကြည့်လို့ လာပါသည်။ ကိုစောလွင်ကတော့ ကြားပဲမကြားတာလား ... ငိုချင်သလောက် ငိုပေ့စေတော့ဟု လွှတ်ပဲထားချင်တာလား မသိ ... ထက်ဆင့် ဘက်သို့ လှည့်ကြည့်မလာပါ။

"အေး ... မင်းပြောတော့လည်း အားရစရာကြီးပဲ – ဒါပေမဲ့ကွာ ငါ့မှာတော့ ကြံဖန်ဝမ်းနည်းနေရတယ် – အနှင်းကလည်း မင်းနဲ့ဆို တစောင်းစေးနဲ့ မျက်ချေး –





တစ်စက်ကလေးမှ မတည့် ... ချေမ်းနဲ့ ထက်ဆင့်ကလည်း ပြတ်သွားကြတယ် ဆိုလားကွာ ..."

"မင်း ဘယ်သူပြောလို့လဲ ... ထက်ထက် ပြောတာလား ..."

"မဟုတ်ပါဘူး ... အနှင်းနဲ့ အိမ်က မိန်းမကြီးနဲ့ ပြောနေကြတာကို ငါ့ဘာသာ ကြားတာပါ ..."

"ငါတော့ မကြားမိပါဘူး ... မဖြစ်နိုင်ပါဘူး ..."

"မင်း မသိလို့များလား ..."

"ငါ သူတို့နှစ်ယောက်စလုံးနဲ့ မျက်ခြည်မှ မပြတ်ဘဲ ... ငါ အသိဆုံးပဲ ဖြစ်ရမှာပေါ့ ... မင်းတောင် အိပ်ရာထဲက နေ သတင်းကြားရင် ... တကယ်သာဆိုရင် ငါ မသိလိုက်ဘူး ဆိုတာ ရှိနိုင်ပါ့မလား ... မင်းကလည်း ..."

"အေး ... ဟုတ်သားပဲ ... ဒီလိုဆိုရင်တော့ တော်ပါသေးရဲ့ကွာ ..."

"ဟိုမှာ မင်းညီမ ရှိနေတာပဲ ... ခေါ်မေးကြည့်လိုက်လေ ..."

ကိုစောလွင်က ထက်ထက်ဆင့် ဘက်သို့ ခေါင်းလေး အသာငဲ့ရုံ စောင်းကြည့်လိုက်ပြီးမှ ...

"တော်ပါပြီ ... မင်းစကားကို ငါက မယုံမရှိပါဘူး ... အရင်ကတော့ ညီမလေးကို သနားလို့ ခေါ်မမေးဝံ့တာ... ခုတော့ မင်းကို ယုံပြီးသားပဲကွာ ... မင်းပြောတာသာ အမှန်ဆုံး ဖြစ်ရမှာပေါ့ ..."

www.burmeseclassic.com

www.burmeseclassic.com



ထက်ဆင့်မှာ ကိုငြိမ်းချမ်းကိုသာ ငေးကြည့်နေမိပါသည်။ ဒီတစ်ခါ စကားတွေကတော့ ဝေဒနာသည် တစ်ယောက်ကို စိတ်ချလက်ချ မျက်စိမှိတ်နိုင်အောင် စေတနာ ကဲထားသော မုသားစကားများ။ ကိုစောလွင်လို ခွန်အား၊ စိတ်အား၊ ဉာဏ်အား အစစအရာရာမှာ အင်အားချည့်နဲ့နေသူတစ်ယောက် မဆိုထားနဲ့ ထက်ထက်ဆင့်လို လောလောလတ်လတ်မှာ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကြားမှာ ... ဒါနဲ့စား ပါဝင်နေရတဲ့ ကာယကံရှင်ကြီးသည်ပင်လျှင် ... ဇဝေဇဝါ ဖြစ်သွားရနိုင်လောက်တဲ့အထိ ခွန်အားပြည့် ပြတ်သားနေကြသော မုသားစကားများ ...။

ဒါဖြင့်ရင် ခုနက ပကတိ တည်ငြိမ်စွာ ပြောခဲ့သော "ဧချမ်းနဲ့ ယူပြီးကြရင် ငါ့ညီမပဲပေါ့ ..."ဆိုတာကကော ... ဒီလို ယုံကြည်လောက်စရာ မုသားကြီး ဖြစ်လို့နေလေမလား ကိုငြိမ်းချမ်းရယ်။

"မင်းကို ငါ ကတိနှစ်ခု ပေးလိုက်မယ် စောလွင် ... တစ်ချက်ကတော့ အနင်းနဲ့ ငါနဲ့ မတည့်ကြဘူးဆိုတာ မှန်တယ် ... သို့သော် အဲဒါဟာ ငါ့ဘက်က မဟုတ်ဘဲ သူ့ဘက်ကချည်း တစ်ဖက်သတ် ဆိုတော့ကာ ... မင်းကို ငါ ပေးမဲ့ ကတိက ... ငါ့ကြောင့်တော့ ... အနင်းဟာ ဘဝ တစ်သက်လုံး ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူး"

"ကြားရတာ စိတ်ချမ်းသာလိုက်တာကွာ ..."



"နောက်တစ်ချက်ကတော့ ... ဧချမ်းနဲ့ ထက်ထက်ဆင့်ကိစ္စ ... သူတို့နှစ်ယောက်ဟာ ထက်ထက်ဘက်ကစပြီး ... ဘယ်လိုမှ လက်မထပ်နိုင်တော့ပါဘူးလို့ ... ယုတ္တိရှိရှိ ... အကြောင်းပြချက် မှန်မှန်နဲ့ မပြောမချင်း ... ဘယ်တော့မှ မပျက်စေရဘူး ... ထက်ထက်ဟာ ဘယ်လိုနည်းနဲ့မဆို ... ငါ့ညီမပဲ ..."

"စိတ်ချသွားပြီကွာ ... ဝမ်းသာတယ်ကွာ ..."

"အေး ... ငါ့ကတိနှစ်ခု ပျက်ခဲ့သည် ရှိသော် ..."

"ဟာ ... ဟော့ ငြိမ်းချမ်း ... ဒါမျိုးတွေ မလိုပါဘူးကွာ"

"မင်းချည်းပဲ စိတ်ချမ်းသာနေလို့ မပြီးသေးဘူး ... ငါက လည်း ငါပြောချင်ရာ ပြောလိုက်ရမှ စိတ်ချမ်းသာနိုင်မယ်ကွာ ... မင်းအပေါ်မှာထားတဲ့ ငါ့ကတိနှစ်ခု ပျက်ခဲ့ရင် ... ငါ့ဘဝဟာ မီးလိုပူပြင်းပြီး တစ်စထက်တစ်စ စုံးစုံးမြုပ် ... ကျဆုံးပျောက်ကွယ်ပါစေကွာ ..."

ကိုငြိမ်းချမ်းနှင့် ကိုစောလွင်တို့ တစ်ယောက်နှင့်တစ်ယောက် အားပါးတရ ပွေ့ဖက်လိုက်ကြပြန်ပါသည်။ ထက်ထက်ဆင့်လည်း ကိုငြိမ်းချမ်းရဲ့ရှေ့မှာ ဒီ့ထက် မျက်နှာပြောင်ပြောင်ကြီးနှင့် ဆက်ထိုင်မနေဝံ့တော့တာနှင့်ပဲ ... ထိုင်နေရာက အသာလစ်ထလာခဲ့ရပါသည်။ လူတစ်ယောက်နဲ့ တစ်ယောက်တို့ရဲ့ ကြားမှာ တစ်ခါတစ်ရံ ကျရင်တော့ ... အဓိပ္ပာယ်မဲ့လှတဲ့

www.burmeseclassic.com

www.burmeseclassic.com



အမှောင့်ပယောဂနဲ့ နတ်ဆိုးတို့က ဖွတ်ကြီး ဝင်ရောက်နှောင့်ယှက်ကာ ... တစ်ဦးအပေါ်တစ်ဦးက လုံးဝပြောင်းပြန်ကြီး အထင်အမြင်တွေ လွဲနေတော့အောင် ပြုစားမွှေနှောက်နိုင်တတ်သည် ဆိုတာ ... ခုမှပင် ထက်ထက်ဆင့်က အတိအကျ သဘောပေါက်သည်။

ချမ်းရေ ... နှင်းရော ငါ့အပေါ်မှာ ဘာတွေလွဲချော်နေသလဲ။ ငါကရော နှင့်အပေါ်မှာ ဘာတွေများ ပြန်ပြီးလွဲမှားအထင်လွဲလို့ နေမလဲ ...။ ငါ့ဘက်ကတော့ မျက်နှာချင်းဆိုင် အတိအလင်းကြီး အမှားဝန်ခံ ရှင်းပြနိုင်နေပြီ ဖြစ်တဲ့အခါမှာ ... နှင့်ဘက်ကတော့ ဘယ်လောက်ထိ ဆက်လက်မှားယွင်း လွဲချော်လို့နေဦးမှာလဲဟယ် ...။

ဘယ်လောက်ကြီးပဲ ငယ်ကပေါင်းတဲ့ ငယ်ပေါင်းတွေဖြစ်ဖြစ် ... တစ်မိတည်းပေါက် အချင်းချင်း ဆိုရင်တောင် သူ့အတွက် ... ကိုယ့်အတွက် ...။ သူ့နေရာ ... ကိုယ့်နေရာ ...။ သူ့အထာ ... ကိုယ့်အထာကလေးတွေ ဆိုတာ ရှိကြစမြဲလေ ချမ်းရယ် ...။ နှင့်ဘက်က "အကြောင်းရင်း" ဆိုတာကြီးဟာ ခုထက်ထိ ဘာမှန်း ညာမှန်းလည်း မသိ ...။ ငါ့အပေါ်မှာ နှင့်အနေနဲ့ ပြန်ပြေလည်ချင်စိတ် ရှိမရှိကလည်း မသိဘဲနဲ့တော့ ...။ "ငါ့အကြောင်းရင်းက ရှင်းသွားပြီ ... ငါ့ဘက်ကတော့ ... လုံးဝ Clear ... မီးစိမ်းတွေချည်းပဲ ..." လို့ ပြေးပြောရဲတဲ့သတ္တိ ... ငါ့မှာ ဘယ်လိုလုပ် ရှိနိုင်ပါ့မလဲ ...။



ဒီလိုနည်းနဲ့ပဲ ပြီးဆုံးသွားကြရတော့မယ် ဆိုရင် ည်း ... ကံကြမ္မာသည်သာ အကောင်းဆုံး လက်ညှိုးထိုး၊ အပြစ် ချင်စရာ တစ်ခုအဖြစ် သဘောထားလိုက်ကြရမဲ့ ပုံပါပဲ ...။

ထက်ထက်ဆင့် တစ်ယောက် ကိုစောလွင်ရဲ့ အခန်း ထဲမှ အပြင်သို့ ထွက်လာပြီး ဧည့်ခန်းထဲမှာ တစ်ယောက်တည်း က်ထိုင်နေမိဆဲ ... ဧည့်သည်လာ၍ အပြင်ခေတ္တ ထွက်နေပေး သာ နေ့ဆရာမနှင့် ဘယ်ထောင့်တစ်နေရာကနေ မျက်နှာပြင် ... ပြန်လည်တည်ငြိမ်ပြီး ပြန်ပေါ်လာသည့် မသိသော ... နှင်းတို့ နှစ်ဦးသား အခန်းထဲသို့ ဝင်သွားကြပါသည်။ ခဏ ကြာတော့ အခန်းတွင်းမှ ကိုငြိမ်းချမ်းက အပြင်သို့ ထွက်လာ၏။

"ပြန်တော့မလား ကိုငြိမ်းချမ်း ..."

"အေး ... ညည်းနဲ့ ခဏလောက် စကားပြောပြီးရင်ပေါ့"

ရှောင်လွှဲလို့ မရနိုင်မည့် တူတူ ... ထက်ဆင့်က ငြိမ်းချမ်း ဦးဆောင်ခေါ်လာရာ ခြံထဲသို့ လိုက်ပါလာခဲ့ရပါသည်။

"ကဲ ... ညည်းဘက်က ချမ်းကို ဖြတ်ချင်ရတဲ့ အကြောင်း ဆိုတာကို ကိုယ့်ကို အခု ပြောပြနိုင်ပြီလား ..."

"အစ်ကို မရှိတော့ရင် ကိုငြိမ်းချမ်းက ထက်ဆင့်တို့ နှစ်ယောက်ကို ဘယ်လိုနည်းနဲ့မှ သဘောတူနိုင်တော့မယ်လို့ မထင်လို့ပါ ..."

www.burmeseclassic.com

www.burmeseclassic.com



"ထင်သားပဲ ... ညည်းယောက်မ ... ဒေါ်နှင်းနှင်းရဲ့အ
မှ ဟုတ်ရဲ့လား ..."

"မမနှင်းရော ... ထက်ဆင့် ကိုယ်တိုင်လည်း ပါပါတယ်
အဲလိုပဲ ထင်မိတယ် ..."

"အခုတော့ရော ..."

"ထက်ဆင့်တို့ အထင်မှားမိတာပါ ... အဲဒီအတွ
ကိုငြိမ်းချမ်းကို ထက်ဆင့် အများကြီး တောင်းပ
တယ် ... အဲလို ဖျတ်ခနဲလေး တစ်ခွန်းတည်းလေး တော
ပန်တာမျိုးနဲ့ ကြေကောကြေထိုက်ရဲ့လား မသိဘူး
ဘယ်လိုတောင်းပန်ရင် ကောင်းမလဲ ..."

"ကိုယ့်ကို ဘယ်လိုတောင်းပန်ရမလဲလို့ ကိုယ်နဲ့မျာ
တိုင်ပင်နေရသေးတယ် ... အစောတည်းက အခါတော်
ဒေါ်ပုည လုပ်ခဲ့တဲ့ ညည်းအစ်မနဲ့ညည်း ပြန်တိုင်ပ
လား ..."

"ဟုတ် ... ထက်ဆင့် မမနှင်းနဲ့ တိုင်ပင်လိုက်မယ်

"တော်ပါဟာ ... သူ့သွားတိုင်ပင်နေရင် ... ဓားနဲ့
လိုက်ပါလား ဆိုတဲ့ အဖြေမျိုးပဲ ရမှာပေါ့ ... ကိုယ်
အလကားပြောတာပါ ... ကဲ ... ဒါဖြင့် ချေမ်းကို ည
ဘက်ကနေ စဖြတ်တဲ့ကိစ္စကတော့ သုံးပတ်ပြည့်စရာ
မလိုတော့ဘူး ... ဒီမှာတင် ပြီးပြတ်ပြီပေါ့ ..."



"ဟင် ... ဒါပေမဲ့ သူ့တော့သွားမပြောပါနဲ့ ... သူ့ဘက်ကတော့ သုံးပတ်ပြည့်လည်း မပြောင်းလဲပါဘူး ထက်ဆင့်သိတယ် ... သူကဖြင့် မပြောင်းနိုင်ဘဲနဲ့ ထက်ဆင့်ကချည်း ပြီးသွားပြီဆိုရင် အောက်လိုက်တာ ..."

ကိုငြိမ်းချမ်းက ထက်ထက်ဆင့်ကို ငြိမ်းချမ်းစွာ ပြုံးပြီး စိုက်ကြည့်သည်။

"အဲဒီလို အောက်တယ်၊ မအောက်ဘူး ... ကိုယ့်ဘက်က ရှုံးတယ် ... မရှုံးဘူးနဲ့ လိုက်တွက်နေသေးသရွေ့ ညည်းတို့ချင်းက တကယ့်ချစ်သူတွေပါလို့ လက်မထောင် ပြောနိုင်မဲ့ အဆင့်မှာ မရှိသေးပါဘူး ညီမရယ် ... ညည်းတို့ချင်းက သူငယ်ချင်းနဲ့ ချစ်သူကြားက ဘာမှန်းမသိတဲ့ဟာ တစ်ခုခုပဲ ဖြစ်နေကြတာ ထင်ပါရဲ့ ...."

ထက်ထက်ဆင့်က ကိုငြိမ်းချမ်းကို ပါးစပ်အဟောင်းသားလေးနှင့် မော့ကြည့်လိုက်ပါသည်။ အဲဒီလိုဆိုရင် ... ကိုငြိမ်းချမ်း ဆိုရင်ကော ... အောက်တာတွေ ... ရှုံးတာတွေ မရှိဘူးပဲလား ...။ ကိုယ်ချစ်ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်က ကိုယ့်ကို "ဝိသမ" လို့ ပစ်ပစ်နှစ်နှစ်ခေါ်ပြီး အင်မတန်မှ မုန်းတီးနေခဲ့တာကိုကော ... အပြုံးမပျက်နိုင်စွာ ... မပြောင်းမလဲ ... ဆက်လက်၍ ဒီတိုင်းပဲ နေနိုင်များလား ...။

"ချေမ်းလည်း ညည်းလိုပဲ အမှားအယွင်း တစ်ခုခုနဲ့ ရင်ဆိုင်နေရတာ ဖြစ်ပါလိမ့်မယ် ညီမရယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မဖြစ်နိုင်ဘူး ... ထက်ဆင့်ဘက်က အထင် မှားတယ် ဆိုတာ ဘာမှ ကလိမ်ကကျစ် အလှည့်အကောက် တွေ မရှိဘူး ... သူကတော့ တစ်ဇာတ်လမ်းပြီး ... တစ် ဇာတ်လမ်း ... အဆုံးသတ်မှာတော့ ... ကိုငြိမ်းချမ်းဘက် ချည်း ဖွတ်ပို့တာပဲ ... အဲ ... ကန်တော့ ..."

"ရတယ် ... ကိစ္စမရှိဘူး ... ဒါပေမဲ့ ကိုယ်ခုနက စောလွင်ကို ပေးလိုက်တဲ့ ကတိကို ညီမ ကြားတယ်နော်_ ထက်ထက်ဘက်ကသာ မပြတ်ရင် ဘယ်တော့မှ မပျက် စေရပါဘူးဆိုတာ ... ခုတော့ ငါ့ညီမကိစ္စကလည်း ရှင်း ပြီ ... ကိုယ်ကတော့ ကိုယ့်ကတိအတိုင်း မဖြစ်ဖြစ်အောင် ဆောင်ရွက်ရမှာပဲ ..."

"ဟင် ... ဒါပေမဲ့ ..."

"ကိုယ်က ကိုယ့်ဘဝနဲ့ချီပြီးတော့တောင် ကျိန်လိုက်တာ နော် ..."

ထက်ထက်ဆင့် တစ်ယောက် မဲ့ရွဲ့ရွဲ့ကလေးနှင့် ခေါင်းကုတ်လိုက်မိပါသည်။ အဲဒါနဲ့ပဲ ထက်ဆင့်က ကိုယ့်ကို အတင်းကာရော ပုတ်ထုတ်ဖယ်ထုတ် ပစ်ချင်နေတဲ့ သူကြီး မျက်နှာလေး အောက်ချပြီး လက်ခံလိုက်ရတော့မှာလား။

"ဒါပေမဲ့နော် ကိုငြိမ်းချမ်း ... ထက်ဆင့် ကလည်း သူ့ ဘက်ကသာ သူ့အကြောင်းကို ဖွင့်မပြောနိုင် ... မပြော နိုင် ... မပြနိုင်ဆိုရင် ... ဘယ်တော့မှ ပြန်လက်မခံ



နော် ... အဲဒါဆိုရင် ကျိန်တာတွေ ဘာတွေနဲ့ မဆိုင်တော့ ဘူး ... ကိုငြိမ်းချမ်းရဲ့ ကတိထဲက ထက်ဆင့်ကသာ လက် မခံရင် ဆိုတဲ့ အချက်နဲ့ သွားငြိနေပြီပဲ ... ဒါပဲ ..."

ကိုငြိမ်းချမ်းက ခေါင်းကို သုံးချက်မျှ ခပ်မြန်မြန် ခပ်ဆတ်ဆတ် ညိတ်ပြလိုက်ပြီး ...

"ကိုယ့်ကို အထင်တွေ တအားစွတ်လွဲနေရက်နဲ့များ ... အလုပ်ထဲကျတော့ အတင်းကြီးလာခေါ်ထည့် ဆရာတင် နေသေးတယ် ... ဘာကြောင့်လဲ ... အဲဒါကျတော့ ညည်း အံ့စိမကာ မတားဘူးလား ..."

"ပထမတော့ တားတာပေါ့ ... ဒါပေမဲ့လည်း လူဆိုတာ က ဘယ်သူမဆို ကိုယ့်အတွက် ဘယ်လိုဆိုရင် အကောင်း ဆုံး ဖြစ်နိုင်မလဲ ဆိုတာကိုတော့ သိကြတဲ့ လူတွေချည်းပဲ ဟာ ..."

ထက်ထက်ဆင့်က ပြောရင်း ခပ်ရှက်ရှက်နှင့် မျက် စောင်းကြီး ပိတ်ထိုးပစ်လိုက်လျှင် ကိုငြိမ်းချမ်းက သဘောတကျ နှင့် ရယ်နေလေတော့သည်။

www.burmeseclassic.com



"ဪ … သူက အဲဒါကြောင့် ဖြတ်လိုက်ရတာတဲ့လား … ဟုတ်မှာ … အထက်ဆင်ဟာ ကျွန်တော့်ကို အနိုင်ယူတတ်တာတွေ … သူချည်း သာချင်တာမျိုးတွေ ရှိတတ်ပေမဲ့ … ကျွန်တော် စိတ်ဆင်းရဲမယ်ထင်တဲ့ ဟာတွေကို အတတ်နိုင်ဆုံး ရှောင်ရှားချင်တတ်တာကတော့ သူ့စေတနာပဲ … ကျွန်တော် သိတယ် …"

ကိုငြိမ်းချမ်းက ခပ်ငိုင်ငိုင်နှင့် ရှိနေသော ညီငယ်ဖြစ်သူကို မမှိတ်မသုန်ပင် အကဲခတ်နေဖြစ်ပါသည်။ ရုပ်ရှင်ရိုက်ဖို့ အမူအရာ ကျင့်နေတာမျိုးတော့ မဟုတ်လောက်သည့် ညီငယ်ရဲ့ မျက်နှာဟာ ထက်ထက်ဆင့်ရဲ့ သတင်းစကားကို ကြားအပြီးမှာ အများကြီး ညှိုးမှိုင်ပျက်ယွင်းနေတော့တာ အမှန်ပင်။

"အေးလေ … ပြီးတာပဲ … သူ့စေတနာမှန်ကို မင်းသိတယ်ဆိုရင် ကိစ္စက ပြတ်နေပြီပေါ့ … အဓိကလိုရင်းက အဲဒါပဲ မဟုတ်လား …"

"ဒါပေမဲ့ …"



"ဟော့ … ဟော့ … ဒါပေမဲ့တွေ ဘာတွေ ခုချိန်မှာ လာနေလို့ မရတော့ဘူးနော် … ငါက ကိုဇောလွင်ကို လုံးဝ ကတိပေးပြီးခဲ့ပြီးသား … ဖြစ်အောင်မလုပ်နိုင်ရင် စိတ်လျှော့လိုက်မိမှာစိုးလို့တောင်မှ … ငါကိုယ်ငါ ဘာဖြစ်ပါစေ … ညာဖြစ်ပါစေနဲ့ … ဘဝနဲ့ချီပြီးတော့တောင်မှ ကျိန်ပစ်ခဲ့သေးတယ် …"

"ဟာ … အစ်ကိုက … ဘာကိစ္စ သွားကျိန်ရတာလဲ"

"ကျိန်ရတာပေါ့ကွ … ဒီကိစ္စဟာ ဖြစ်ကိုဖြစ်ရမယ်ဆိုတာ ငါ သေချာတာပဲဟာ …"

"ဘယ်လိုလုပ် သေချာမလဲ … အဓိက,ကု ကာယကံရှင်နှစ်ယောက်ရဲ့ ဆန္ဒပဲဟာ … အဲဒီဆန္ဒတွေကို အစ်ကိုကအားကနေ ဝင်သေချာနေလို့ ရပါ့မလား"

"ဟော့ကောင် … ခုကိစ္စမှာ ကောင်မလေးက တော်တော်ရယ် မင်းက ကဲကဲလား … ဟုတ်သလား …"

"မဟုတ်ဘူး … သူကလည်း ကျွန်တော့်ကို သူငယ်ချင်းတွေကတစ်ဆင့် ပြောခိုင်းလိုက်ပြီးပြီ …"

"ဘာတဲ့လဲ"

"ငါ ကိုငြိမ်းချမ်းနဲ့ ယူကိုယူမယ် … ဒါပဲ … တဲ့ …"

"ဟာ … အရှုံးတွေပဲ …"

"ကဲ … အစ်ကိုက ကိုယ့်ဘက်လှည့်လာတော့ … 'ဟာ … အရှုံးပဲ' ဆိုတဲ့ စကားတစ်ခွန်းနဲ့ မပြီးလိုက်နဲ့လေ …

www.burmeseclassic.com



ထက်ထက် ဆင့်က အစ်ကို့ကို အားကိုးလို့ အစ်ကို့ကိုး ယူနိုင်ပါမယ် ဆိုရင် ... အစ်ကို့အနေနဲ့ ဘာကြောင့် ငြင်း နိုင်ရမှာလဲ ...”

“ဘာလို့ မငြင်းရမှာလဲ ... အဲဒါ မင်းကို အမြင်ကတ်လို့ တမင်သက်သက် အရွဲ့တိုက်ပြီး ပြောတဲ့စကားပဲ ...”

“ရွဲ့ပြီးပဲ ပြောပြော ... စိတ်ရင်းအတိုင်းပဲ ထွက်ထွက် ... သူ့ဘက်က အစ်ကို့ကို ယူမယ်ဆိုရင်တော့ အစ်ကို မငြင်း သင့်ဘူးလို့ ကျွန်တော် ထင်တယ် ... အစ်ကို့ အနေနဲ့ ကိုဇော်လွင်ကို ပေးလိုက်တဲ့ကတိလည်း ဖောက်ဖျက်ပစ်ရာ မကျပါဘူးဗျာ ... သူက သူ့ညီမနဲ့ မိသားစုကို ခိုကိုးရာခဲ့ ကျန်ခဲ့မှာကိုသာ ပူတာမျိုးပဲ ... အဲဒီလို မဖြစ်စေဘူးဆိုရင် အစ်ကို့ကတိက တည်ပြီးသားပဲ ...”

ငြိမ်းချမ်းက ညီဖြစ်သူကို ဘာမှတောင် ထပ်မပြော တတ်တော့သလို စိတ်ပျက်လက်ပျက်ကြီးနှင့်သာ စိုက်ကြည့်လို့နေ သည်။ လုံးဝကို ခါးခါးသီး ငြင်းပယ်ထုတ်ချင်နေသည့် သဘော ထားကိုလည်း တကယ့်ကိုပင် နားမလည်နိုင်စွာ အံ့ဩရသည်။ ဒီကောင့်ပုံစံက မနာလိုလို့ ... တတွဲတွဲကြီး ဆိုတာမျိုးကို ကြည့် မရတော့လို့ ဂျစ်ကန်ကန် ဖြစ်ချင်နေတဲ့ သဘောမျိုးမှ မဟုတ် တော့ဘဲ ...။ ထက်ထက်ဆင့် ပြောသလို ... “လူကိုဘောလုံးကျ လို့”ဆိုတဲ့ ပုံစံမျိုးပဲ ဖြစ်နေပြီ။ တစ်ဖက်မှ ပြဿနာတွေ ပြီးဆုံး



သွားခဲ့ပါပြီဆိုရင် ... ကိုယ့်ညီအနေနဲ့က ဒီလောက်တော့ ဆက် ငြင်း ပြဿနာတက်နေမှာ မဟုတ်တော့ဘူးပဲ ထင်ခဲ့သည်။

“မင်းကို ငါ အစကတည်းက ‘သေချာလား ... ကိုယ့် အချင်းချင်းတွေ ဖြစ်နေတယ်နော် ... သေချာမှလုပ်’ ... လို့ မပြောခဲ့ဘူးလား ...”

“အစ်ကိုရာ ... ပြီးခဲ့တာတွေ ပြန်လှန်ပြမနေပါနဲ့တော့ ... ကျွန်တော့် အပြစ်တွေချည်းပဲလို့ အစ်ကို ယူဆရင် ... အစ်ကို ဆုံးမချင်သလို ဆုံးမပါ ... ကျွန်တော့်ဘဝတစ် လျှောက်လုံးမှာလည်း မွေးကတည်းက ဖေဖေ မေမေတို့ ထက် ... အစ်ကိုနဲ့သာ ကြီးခဲ့ရတာပါ ... အစ်ကို ဆုံးမ တာကိုပဲ ခံခဲ့ရတာပါ ...”

“ဟေး ... အပိုတွေ ဘာတွေရပ်ပြီး ... လိုရင်းပဲပြော ...”

“အစ်ကို သတ်ရင်လည်း သေလိုက်ရုံပဲ ... လက်သီးနဲ့ လောက်ပဲ ထိုးမယ်ဆိုလည်း ခံရုံပဲ ...”

“ဘာ ... အဲဒါတွေပဲ ခံလိုက်ပြီး ထက်ထက်ဆင့်နဲ့ကျတော့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူးဆိုတဲ့ သဘောပေါ့ ...”

“ဟုတ် ...”

လက်သီးနှင့် တစ်ချက်လောက် ထထိုးချပစ်လိုက် ချင်သော်လည်း ငြိမ်းချမ်းက အံတကြိတ်ကြိတ် ... သွားချင်းပွတ်သံ တကျွိကျွိနှင့် စိတ်ကို ထိန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း နောက်တစ်ယောက် တွေ့လို့လား ..."

"လုံးဝမဟုတ်ဘူး ... သေချာတယ်"

"သူ့မှာ အပြစ်အနာအဆာတစ်ခု ကြီးကြီးမားမား ရှိတာကို မင်း သိထားလို့လား"

"ဟင့်အင်း ... သူ အထင်လွှဲခဲ့တဲ့ကိစ္စ အကြောင်းရင်းကြီး ရှင်းလင်းသွားချိန်မှာ သူ့မှာ ဘာအပြစ်မှ မရှိတော့ပါဘူး"

"သူ မဟုတ်ရင် ... ဒါဖြင့် မင်းပဲပေါ့ ..."

ချွမ်းက နှုတ်ခမ်းကို ခပ်နာနာကိုက်ကာ ကိုယ့်ရဲ့ အဖြစ်မှန်ကို အစ်ကိုဖြစ်သူကို ဖွင့်ပြောလိုက်ရကောင်းနိုး၊ မကောင်းနိုး ချီတုံချတုံ အပြင်းအထန် စဉ်းစားနေဖြစ်ပါသည်။ ပြောလိုက်ရင်တော့ ကိုစောလွင် ကိစ္စနဲ့ဘဲ အတော်ကြီး စိတ်နောက်ကျ ထိခိုက်နေရတဲ့ အစ်ကိုငြိမ်းချမ်း ခမျာ ... တစ်ခါတည်း 'ဟိုက်' ခနဲကို ဖြစ်သွားရှာမှာပဲ ...။

အစ်ကို့ထက် ပိုဆိုးမှာက အထက်ဆင် ...။ သူ့ အစ်ကိုအရင်းခေါက်ခေါက်ကြီး တစ်ယောက်လုံးက နေ့သေမလား ... ညသေမလား ဖြစ်နေချိန်မှာ မြွေမှုံရာကင်းမှောင့် သဘောတော့ ထပ်မဖြစ်စေချင် ...။ အစ်ကို့ကို ပြောပြလိုက်ရင် အစ်ကိုဟာ သူ့ နှုတ်ကတိ သူ ဖျက်ပစ်ရာမကျအောင် ဘယ်နည်းနဲ့မဆို ဒီအကြောင်း ကို အထက်ဆင်တို့ထံ ပြောကိုပြောရတော့မှာပဲ မဟုတ်လား ...။

"သူ့ယောက်မကို သူက သိပ်သဘောကျပြီး သူ့ရဲ့တကယ့် ဟီးရိုးတစ်ယောက်လိုကို ကြည်ညိုလေးစားတာမျိုးလည်း



ဖြစ်နေတယ်တဲ့ကွ ... သူ့ယောက်မဟာ သူ့အစ်ကိုရဲ့ရောဂါ ဝေဒနာကြီးကို စိတ်ထဲ ဘာမှမရှိသလို အင်မတန်တည်ငြိမ် အေးဆေးစွာ ရင်ဆိုင်နိုင်သတဲ့ ...

သေတော့မယ် ဆိုတာကို လက်ခံထားပြီးချိန်မှာ ... ခုလောလောဆယ်အတွက် ဘယ်လိုအနစ်နာခံလိုက်မယ် ... ပေးဆပ် ကြင်နာပြလိုက်မယ် ဆိုတာပဲ ရှိသတဲ့ ... လူမမာကြီး စိတ်ဆင်းရဲရအောင် တငိုငို တမှိုင်မှိုင် ဆိုတာမျိုး တစ်စက်မှ မရှိဘဲ ... သူ့ကြည့်လိုက်တာနဲ့ လူနာက စိတ် ဓာတ်တက်ကြွပြီး ရှင်လန်းစိတ်ရှင်လာအောင် သူမို့နေတတ် ပါပေရဲ့လို့ အရမ်းလည်းချီးကျူး ... အရိုမ်းလည်းကျေးဇူး တင် ..."

ကိုစောလွင်ရဲ့ ရောဂါအခြေအနေအဆိုးကြီးကို သိခဲ့ ပြီးမှ သော်ဇင့်ဆီက ထပ်ကြားလာခဲ့ရတဲ့ သတင်းပါ။ အဲဒီသတင်း အရဆိုရင်တော့ ယောက်မ ဖြစ်သူကို ဟီးရိုးတစ်ယောက်လို ခတရား သဘောကျလေးစားနေပါတယ် ဆိုတဲ့ အထက်ဆင်ဟာ ... Hepatitis (B) ပိုး (+) veဖြစ်နေတဲ့ ချွမ်းကို ဘယ်နည်းနဲ့မဆို နှုတ်မိုက်လက်ထပ်ပစ်ပြီး သူ့ "ဟီးရိုး" ... သူ့ရဲ့ 'စံ'တစ်ယောက် ဖြစ်သော သူ့ယောက်မနည်းတူ ထပ်တူလုပ်ရှား ချစ်ပြတော့မည် ဆိုတာကို ... ချွမ်းက ဆယ်လေးတာစီလေးနှင့်တောင် လောင်းပြ လိုက်ဝံ့ပါသည်။

အထက်ဆင်အကြောင်းကို ချွမ်းက သိသည်လေ ...။

www.burmeseclassic.com



မနှစ်ရက်ပါဘူး အထက်ဆင်ရယ် ...။ ကျိုးလန့်စ စားနဲ့ ကိုယ်တို့ ဘယ်နနှစ် ပျော်နိုင်ကြမလဲ ...။ "ကဲ ... ကလေး မယူကြကြေးကွာ ..."လို့ ဘယ်နနှစ်လောက်များ တင်းခံနိုင်မယ် ထင်သလဲ ...။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်းကိုပါ ကူးပြီလို့ သိရတဲ့အခါ ... ကိုယ့်အပြစ်ကို ကိုယ်ဘယ်လို ရင်ဆိုင်ရတော့ မလဲ။

"ချေမ်း ... ငါတို့မှာ ဒီညီအစ်ကိုနှစ်ယောက်ပဲ တစ်လောက လုံးမှာ အရင်းနှီးဆုံးရယ်လို့ ရှိကြတဲ့ဟာ ... ငါ့ကို ပွင့်ပွင့် လင်းလင်း ပြောပြဆွေးနွေးဖို့ အချိန်တန်ပြီလို့ မင်းက ခုထိ မထင်သေးဘူးလား ..."

ချေမ်းကား ခေါင်းမာပြီဆိုရင် သံတုတ်နှင့် ရိုက်ခွဲ လျှင်တောင် တင်းခံဆက်မာနေဦးမည့် ကောင်ကလေးဆိုတာကို ငယ်ကတည်းက ထိန်းလာခဲ့ရသော ငြိမ်းချမ်းက အကြောင်းသိပင် ဖြစ်ပါသည်။ ခုလည်း ဒီကောင် စတင်ခေါင်းမာစပြုပြီဆိုတာ ငြိမ်းချမ်းက ရိပ်မိသည်။

"မင်းကို ငါဆိုလိုတာက ကိုစောလွင် ကိစ္စကလည်း ရှိနေ သေးတာဆိုတော့ ... မင်းတို့ကလေးချင်း ပြေလည်လို့ ခု ချက်ချင်း စိစဉ်ချင်ပါပြီ ဆိုရင်တောင် ငါတို့က ဘယ်လိုနည်း နဲ့မှ ခွင့်ပြုနိုင်ဦးမှာလည်း မဟုတ်ဘူး ... အနည်းဆုံးတော့ ခြောက်လ၊ တစ်နှစ် ... မင်းတို့ချင်း ညှိကြဖို့ အချိန်တွေ အများကြီး ရှိနေသေးတာပဲ ... ခုလောလောဆယ်ကလေးက



မင်းတို့နှစ်ယောက်ပဲ ထွင်ထားကြတဲ့ အချိန်ဆိုတာက ပြည့်တော့မယ် ... ဟုတ်တယ် မဟုတ်လား ... အဲဒီအချိန် ရောက်ရင်သာ မင်းဘက်က ပြေလည်ပါပြီလို့ လုပ်လိုက် ... သူကလည်း ပြေလည်နေပြီ ... ကဲ ... ဆက်ညှိကြရုံပဲ ... လွယ်လွယ်ကလေး ..."

ဘယ်ဖြစ်ပါ့မလဲ ... ပြန်ပြေလည်လိုက်ရင် သံယော ဇဉ်က ထပ်ဆင့်နွယ်မယ် ... အဆိုးဆုံးကတော့ ကျွန်တော်ကိုယ် တိုင်က မစွန့်လွှတ်နိုင်တော့မှာကို အကြောက်ဆုံးပါပဲ ...။ ချေမ်း က ခေါင်းပဲခါပြလိုက်သည်။ ငြိမ်းချမ်းက ချေမ်းရဲ့ မျက်စိနှစ် လုံးကို ပြတင်းပေါက်များသဖွယ် သဘောထားကာ ထိုပြတင်း ပေါက်များမှတစ်ဆင့် ဖြတ်သန်းဝင်ရောက်လျက် ဟိုး ... ရင်ထဲ အသည်းထဲ ... ဦးနှောက်ထဲ ... စိတ်ထဲအထိဝင်ပြီး ကြည့်နိုင် မလား ... ဆိုတာကို ကြိုးစားချင်နေသည်။

- တစ်ခုခုတော့ ရှိကိုရှိနေတာ သေချာသည်။ သို့သော် ဘာမှန်း လုံးဝအစအန မမြင် ... အရိပ်အမြွက်မျှ မသိရ ...။ ဟိုး ငယ်ငယ်လေးတုန်းက စာကျက်ပျင်းလှသော ချေမ်း တစ်ယောက် အတန်းထဲမှာစစ်သည့် လပတ်စာမေးပွဲငယ် တစ်ခုမှာ တစ်ဘာသာ ကျနေခဲ့တုန်းက အဖြစ်အပျက်ကို ... ငြိမ်းချမ်းက ပြန်အမှတ်ရလာ သည်။

တစ်ဘာသာမှာ မင်နီကြီး အဝိုင်းသားနှင့် ဖြစ်သော Report Card(အရည်အချင်းပြ မှတ်တမ်းကတ်ပြား)ကို ကျောင်းက

www.burmeseclassic.com

ဆရာမက အိမ်သို့ ထည့်ပေးလိုက်စဉ်မှာ ငြိမ်းချမ်း ထံမှ အချ အမ်နှင့် လက်သံတို့ကို မျှော်လင့်ပြီးဖြစ်တဲ့ ချေမ်းက အိမ်မှာပြ မပြ ...။ ဆရာမကလည်း တတောင်းတည်း ပြန်တောင်းလှပြီ ငြိမ်းချမ်းကလည်း "ဒီလအတွက် Report Card လည်း ပေါ်မလာ သေးပါလားကွ"ဟု တစ်မေးတည်း မေးလှပြီ။

ခုလောက်ဆို အဲဒီကတ်ပြားဟာ ချေမ်းဆီမှာ ရောက် နေလောက်ပြီမှန်း ငြိမ်းချမ်းက မှန်းဆနိုင်ခဲ့သည်။ ရောက်ရဲ့သား အိမ်မှာပြန်မပြ ဆိုကတည်းက တစ်ခုခုမှာတော့ မှားယွင်းကျ လို့နေပြီ ဆိုတာကိုလည်း ရိပ်မိပြီးပြီ။ ဒီတော့ ချော့တောင်း ခြောက်တောင်း ... တကျီကျီတောင်းသော်လည်း အဖွက်အသိမ်း လုံခြုံလှသည့် ချေမ်းထံမှ ကတ်ကတော့ ထွက်မလာခဲ့ပါ။ နောက် ဆုံးမှာတော့ ငြိမ်းချမ်းမှာ ချေမ်းရဲ့ အတန်းပိုင်ဆရာမထံသို့သာ အလည်ရောက်ရတော့သည်ပေါ့ ...။

ကျောင်းကို အစ်ကိုလိုက်လာပြီး ဆရာမနဲ့စကားပြော ကြတာကို မြင်သည်ဆိုလျှင် ညနေအိမ်ပြန်ရောက်ရင် Repo Cart ဟာ မပြမဖြစ် ပြကိုပြရတော့မည်ဆိုတာ ချေမ်း သိပြီ ...။ ဘယ်လိုစီမံပြီး ဘာများလုပ်ချလိုက်သည် ထင်ပါသနည်း ...။ "ဖြစ်ချင်ရာဖြစ်ဟာ" ဆိုတဲ့ သဘောထားလေးဟာ ငယ်ရွယ်သေး တဲ့ ကလေးငယ်တစ်ယောက်ထံမှာ ရှိနေလေတာကို ... ငြိမ်းချမ်း က စိတ်မကောင်းပါ ...။ အံ့ဩထိတ်လန့် စိတ်လည်း ဝင်ခဲ့ သည်။



ငြိမ်းချမ်းနှင့် ပြန်လည်ရင်မဆိုင်ရသေးခင်မှာပဲ ချေမ်း ဟာ အဲဒီအရည်အချင်းပြ မှတ်တမ်းကတ်ပြားကို ... လက်သည်း မွှလေးတွေပမာအမှုပင် မကြီးချင်ဖော်ကာအောင် တစ်စစီ ဆုတ် ဆွဲဖြဲပစ်လိုက်ခဲ့လေပြီ ...။ ငြိမ်းချမ်းက တောင်းယူသောအခါ ခြံ ထဲက စက္ကူမှုမွှလေးတွေကိုသာ ညွှန်ပြခဲ့တော့၏။ ငြိမ်းချမ်းမှာ ကျောင်းကို ထပ်လိုက်ရ ... အတန်းပိုင်ဆရာမနှင့်သာမက ... ကျောင်းအုပ်ကြီးနှင့်ပါ တက်တွေ့ရပြုရ ...။ ကိစ္စတွေများလိုက် ရတာ ဆိုတာ ...။

အဲဒါက ဥပမာတစ်ခုကလေးမျှသာ ရှိပါသေးသည်။ နောက်ပိုင်းတွေမှာလည်း အဲဒီလိုပဲ သူခေါင်းမာပြီ ... ဖြစ်ချင်ရာ ဖြစ်ဟာဟု ဆုံးဖြတ်လိုက်ပြီဆိုရင် ငြိမ်းချမ်းမှာ ခြံထောင့်က စက္ကူမှုမွှ အပုံကလေးလိုဟာမျိုးနှင့်ပဲ အမြဲရင်ဆိုင် နိဂုံးချုပ်ရတော့ တဲ့ ... ဥပမာသာဓကပေါင်း မြောက်မြားစွာပင် ရှိပါသေးသည်။ ခုကိစ္စမှာလည်း ... သူ့ဘက်က အကြောင်းရင်းတစ်ခုခုကို ညီအစ်ကို အရင်းခေါက်ခက် အချင်းချင်းကိုတောင် ဖွင့်မပြောချင်သေးဘဲ ခေါင်းမာစ ပြုလာပြီဆိုတော့ ငြိမ်းချမ်းမှာ ခြံထောင့်က စက္ကူအပိုင်း အစလေးများကို ပြန်ပြေးမြင်သည်။

ဒီကိစ္စမှာတော့ နောက်မှ ပြန်လိုက်ပြင်ကြခြား ဆိုရင်တောင် ... Report Card အသစ်တစ်စောင် ပြန်ထွက်လာဖို့ အရေးလောက် လွယ်ကူသင့်တော်မှာ မဟုတ်တဲ့အတွက် ... ငြိမ်း

www.burmeseclassic.com



ချမ်းကအပိုင်းအစကလေးပေါင်း မြောက်မြားစွာနဲ့ ပြီးဆုံးပျောက်ပျက်သွားရမည့် အထိတော့ အဖြစ်မခံနိုင် ...။ ကိုယ့်ဘက်က ခေတ္တခဏ နောက်ပြန်ဆုတ် အရှိန်ယူထားသင့်တာမျိုးပဲဟု သာ ဆုံးဖြတ်ပါသည်။

"ကဲ ... ကောင်းပြီ ... ဒါဖြင့် ... ငါလည်း စောလွင်ဆီ နောက်တစ်ခေါက် ရောက်ရဦးတော့မှာပေါ့ ..."

"ကတိသွားဖျက်ဖို့လား ..."

"ဘာလို့ ကတိဖျက်ရမှာလဲ ... ငါ့ဘဝတွေ တစ်စစီပျက်သုန်းဆုတ်နစ်သွားပါစေလို့ကို ကျိန်ထားမိတဲ့ဟာ ... ကတိတော့ မပျက်နိုင်ဘူး ... လူပဲသွားပြောင်းရုံရှိတော့တာပဲ ..."

ခေါင်းကို အောက်ငုံ့စိုက်ထားပြီးမှ မျက်လွှာကြီးပြန်လှန်ကာ ကြည့်နေပုံမှာ ကလေးကြီးတစ်ယောက်နှင့်သာ တူ့တူနေသေးတော့သည်။ မင်း ... ကောင်မလေးကို ပြတ်လည်းမပြတ်နိုင်ဘဲနဲ့ ညိုငယ်ရာ ...။

"ဟိုပုံပြင်ထဲက ဗေဒင်ဆရာလိုပေါ့ကွာ ... အမျိုးသမီးကို တစ်လအတွင်း အိမ်ထောင်ကျမယ်လို့ကလည်း ဟောမိပြီ ... ကျကလည်း မကျနိုင် ... ကိုယ့်ဗေဒင်ပညာကိုလည်း ရယ်သွမ်းသွေးတာ မခံနိုင်ဘူး မဟုတ်လား ... ဒီတော့ ဘာလုပ်ရမလဲ ... ရွေးချယ်စရာက တစ်လမ်းပဲ ရှိတယ်လေကွာ ..."

"ငါပဲ စောင့်ရှောက်တော့မယ်လို့ သွားပြောမှာလား ..."



"ဒါပဲရှိတော့တာပေါ့ ... ထက်ထက် ဆိုတာကလည်း ငါ့မျက်စိရှေ့ အောက်တင်ကြီးလာတာ ... ငါက အိမ်ထောင်မပြုချင်တော့လို့သာပါ ... ပြုမယ်ဆိုရင်တော့ ထက်ထက်နဲ့ဆို အတွင်းသိ အစဉ်းသိ ... သူ့လည်း စောင့်ရှောက်ရာကျ ... ငါ့ဘဝမှာလည်း တခြားမိန်းမတစ်ယောက်ကို ကောက်ယူရတာလောက်တော့ အခြေအနေတွေက ... ကပြောင်းတိကပြောင်းပြန်ကြီးတွေ ဖြစ်မကုန်လောက်ဘူး ထင်တာပဲ ... မင်းပဲပြောတော့ ကောင်မလေးကလည်း သဘောတူတယ်ဆို ... အဆင်ပြေတာပေါ့ကွာ ...

အရင်က မင်းနဲ့ ... အခုပဲ ငါနဲ့ဆိုတာကတော့ ပြောရပြုရတာ နည်းနည်းမျက်နှာပူဖို့ ကောင်းမှာပေါ့ ... ဒါပေမဲ့ ကိစ္စတော့ သိပ်မရှိပါဘူး ... စောလွင်က လူတစ်ဖက်သားကို သိပ်နားလည်ပေးတတ်တဲ့ကောင်ပဲ ... အဘိုးကြီး အဘွားကြီးတွေကလည်း သားနဲ့သမီးပြီးရင်ပြီးမှာပါ ... အေးကြပါတယ် ..."

"ဟိုတစ်ယောက်ကရော ..."

"ဘယ်တစ်ယောက်လဲ"

"မမနှင်း ..."

"အင်း ... သူကတော့ ပြဿနာလုပ်ရင် လုပ်မယ် ... ဒါပေမဲ့ သူ့ညီမအရင်းမှ မဟုတ်ဘဲ ... သူ့အနေနဲ့က ဆိုင်သာဆိုင် ... မပိုင်ပါဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ... 'သူ့တစ်ယောက်ပဲ ... ရင်ထဲတွယ်ငြိ' ဘာဘာညာညာတွေလေ ... အဲဒီကိစ္စတွေ ...။ 'အစားမထိုးနိုင်တာ'တို့ ... 'ဘယ်တော့မှ အချစ်မပြယ်တာ'တို့ ... အဲဒါတွေ ... အဲဒါတွေ ..."

"ဟာ ..."

ကိုငြိမ်းချမ်း၏ မျက်နှာမှာ နီရဲသွားရာမှ တဖြည်းဖြည်း မည်းပုပ်မှောင်လို့ သွားပါသည်။ ပြီးမှ ဇွတ်ကြီး ...

"မင်းက ခုနကတော့ မင်းပဲ လိုက်တိုက်တွန်း ... ခုတော့ မင်းပဲ လိုက်ဖျက် ... ဘယ်လိုလဲကွ ... ငါက ဘာလုပ်ရမှာလဲ ..."

"မဖျက်ပါဘူး ... ဖျက်ဖို့ ... စိတ်ကူးစိတ်သန်း လုံးဝမရှိဘူး ... ရှင်းရှင်းလင်းလင်းနဲ့ တည်တည်မြဲမြဲ ဖြစ်စေချင်တာပဲ ရှိတယ် ... ကတိမပျက်ရဲ ... ယူတုန်းကတော့ယူပြီး ... ပြီးမှ လက်ထပ်ထားတာက တစ်ယောက် ... ရင်ထဲက မထုတ်နိုင်သေးတာက တစ်ယောက် ဆိုတာမျိုးတော့ မဖြစ်စေချင်ဘူး ... ကိုယ်ကဘယ်လိုပဲ သစ္စာရှိရှိ ... မိန်းကလေးတစ်ယောက် အဖို့မှာတော့ နစ်နာပါတယ် ..."

ငြိမ်းချမ်းမှာ ကိုယ့်နဖူးကိုယ်သာ ဖြန်းခနဲ ရိုက်ချလိုက်ချင်မိတော့သည်။ တစ်သက်လုံး ကိုယ်ဆုံးမမှုနဲ့ လူဖြစ်လာတဲ့ ညီငယ်က ကိုယ့်ကိုပဲ ပြန်ပြီးဆုံးမစကားတွေဆိုလို့ ...။ မနှာလိုရို့



က် တည်မြဲဖို့ကိုသာ ဆန္ဒရှိပါတယ်တဲ့ ...။ ကဲ ... သေလိုက်တော့ ...။ သူ့ပုံကြည့်လိုက်ရုံနဲ့ ဘယ်လိုမှ မပြတ်နိုင်သေးတာက သချာနေသည်ပဲမို့ ကိုယ်က လှည့်ကွက်လေးသုံးပြီး ... သူ့မနှာလုံးတွေများ ကြွလာလေမလားလို့ ဖော်ထုတ်တူးဆွကြည့်ချင်သက်သက်။

ခုကျတော့ သူက ကိုယ့်ငယ်ကျိုး ငယ်နာတွေကိုသာ ဖော်ထုတ် ပြန်လှန်ပြီး ... ဆုံးဆုံးမမနှင့် တည်တည်တံ့တံ့ရှိချင်စိတ်ကသာ မနှာလိုစိတ်ထက် ပိုကဲဖုံးလွှမ်းနေပေတော့သည်။

ငြိမ်းချမ်းရဲ့ သက်ပြင်းတစ်လုံးဟာ ဘယ်သူ့အတွက် ဖြစ်လိုက်သည်တောင် မသိ ...။

"ဖြဲ"ခနဲ အော်ဝိုလိုက်သံကြီးတစ်ခု ထွက်ပေါ်လာ နှင့်လျှင် ထက်ထက်ဆင့်က Paracetamol(ပါရာစီတမော) ဆေးလင်းထဲမှ ဆေးနှစ်လုံးကို အမြန်ဆုံး နှိုက်ယူပြီး ပါးစပ်ထဲသို့ ပစ်မြန်မြန်ပဲ ပစ်သွင်းလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး ... ပါရာတွေ သောက်မယ်ဆိုရင်တော့ ရေနဲ့မသောက် နဲ့ ... ဒီဟောလစ်ကလေးနဲ့ပဲ သောက်လိုက်ပါ ... ဗိုက်ထဲ မှာ အစာမရှိရင် သမီး ဒုက္ခရောက်လိမ့်မယ် ... ခုချိန်မှာ အားလုံးအတွက် သမီးတစ်ယောက်ပဲ အားကိုးစရာရှိတာ ပါ ... လူတိုင်းလိုလိုက သမီးမျက်နှာပဲ ကြည့်နေကြရတာ_ သမီးလဲ သွားလို့မဖြစ်ဘူး ..."

ထက်ထက်ဆင့်က ကိုယ့်နားမှာ တတွတ်တွတ်နှင့် လာနားချနေသော ကြီးမေကြီးကို လက်ကာပြလိုက်ရင်း သူ့လက် ထဲက ဟောလစ်ခွက်ကို ခပ်မြန်မြန် ဆွဲယူကောက်မော့ပစ်လိုက် ပါသည်။ ဟောလစ် ဆိုသော အရာကို ဘယ်တုန်းကမှ ပါးစပ် ထဲထည့်ဖို့ စိတ်ကူးမရှိပေမဲ့ ဒီတစ်ချိန်မှာတော့ ဟောလစ်ရဲ့ အရသာတွေ ... အနံ့တွေက ထက်ထက်ဆင့်ကို ဘယ်လိုမှထူးပြီး အနှောင့်အယှက် ဖြစ်မနေစေနိုင်တော့ ...။

ထက်ထက်ဆင့်ရဲ့ ရင်ထဲ ... နှလုံးသားထဲမှာ ကြီး မားလှစွာသော စိတ်အနှောင့်အယှက်ကြီးက တော်ရုံနဲ့ ပြန်မပြေနိုင် တော့အောင် အမြစ်စွဲမြဲခိုင်ပြီးသွားခဲ့ပြီလေ ...။ အကြောင်းရင်း ကတော့ ... "ခြောက်လကနေ တစ်နှစ်အတွင်းပေါ့"ဟု လူတကာ က လက်ခံစိတ်ဖြေထားကြပြီးသား ကိုစောလွင်ဟာ ... ရုတ်တရက် ဖြုန်းစားကြီး ဆိုသလို 'ကောက်'ခနဲ ထဖြစ်သွားလို့ပါပဲ ...။

ဒါကြီးကို မျှော်တော့ မျှော်လင့်ထားပြီးသား ...





က်သင့်ခံနိုင်ဖို့လည်း ကြိုးစားပြင်ဆင်ထားကြပြီးသားပါလေ။ ပြီးသော် ... အားလုံးရဲ့ မျှော်လင့်ချက်နဲ့ ခံနိုင်ရည်တွေထဲမှာ ခုလို ဖြုန်းစားကြီး ဖြစ်ပျက်သွားရတာမျိုး မပါပါ။ ကိုစောလွင် ာ တစ်ခုခုကိုများ စိတ်ချကျေနပ်သွားခဲ့တာလား ...။ သူ့ကိုယ် သူလည်း သိပြီးသား ဖြစ်နေချိန်မှာ ... သူ မျှော်လင့်စောင့်စား ခဲ့တဲ့ တစ်စုံတစ်ရာကလည်း ပြည့်ဝသွားခဲ့ပြီမို့ စိတ်ကို အစွမ်း ကုန်အထိ လျှော့ချပစ်လိုက်တာမျိုးလား ...။

မျက်ခြည်တစ်စက်မျှ အပြတ်မခံဘဲ အနီးကပ်ပြုစု ယနေသော မမနှင်းပင် မသိလိုက်ရ။ ညစဉ်ရက်ဆက် အိပ်ပျက် င်ပန်းနေသော ညသူနာပြုဆရာမရော ... မမနှင်းပါ မှေးခနဲ အိပ်ပျော်သွားကြချိန်မှာပင် ကိုစောလွင်က အားလုံးကို တိတ်တ ဆိတ် နှုတ်ဆက်သွားခဲ့ခြင်း ဖြစ်သည်။ ဆရာမရော မမနှင်းပါ ာ်တရက် ပြိုင်တူ အနှိုးခံလိုက်ရသလို ဆတ်ခနဲတွေ ကိုယ်စီ လာကြချိန်မှာ ... ကိုစောလွင်ဟာ အိပ်ပျော်နေသကဲ့သို့ ပွပွ နွေး ပျော့ပျော့ပျောင်းပျောင်းကလေးသာ ရှိနေဆဲ ...။

အဲဒီအချိန် (ညနှစ်ချက်တီးလောက်ကြီး)ကစလို့ က်ထိ ဘာတွေမှန်းမသိ တတောက်တောက် မရပ်မနားကြီး ရပ် အလုပ်ရှုပ်လာလိုက်ရတာ ... ခုချိန်မှာတော့ ထက်ထက် င့်ဟာ အလွန်တရာမှကို ပင်ပန်းစပြုပြီ။ ကိုစောလွင်ရဲ့ ကိစ္စမှာ က်ထက်ဆင့်တို့အိမ်က အိမ်သားအရင်းအချာတွေ ဖြစ်ကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



အဖေ _ အမေ ... ထက်ထက်ဆင့်နဲ့ မမနှင်းတို့ လေးယော
စလုံးဟာ အသာအယာလေးတွေပဲ စီးကျနေကြတဲ့ မျက်ရည်တ
တွေတို့ကို တို့ရုံ၊ သုတ်ရုံကလွဲပြီး အကြီးအကျယ်ကြီး သော
ကျန်းအော်ဟစ် ငိုယိုမည့်သူ မရှိ ...။

အဖေနဲ့ အမေကတော့ အသက်ကြီးပြီဖြစ်တဲ့ တ
ရှင်တွေမို့ ...၊ မမနှင်းနဲ့ ထက်ထက်ဆင့်ကတော့ ရှေ့ရေးနောင်
တွေကို ချောက်ကိုးတွက်ဆ နေရတာနဲ့ပဲ အော်ဟစ်ငိုပစ်ဖို့ အင်အ
မရှိနိုင်တော့လို့ ...။

"သိပ်မငိုကြပါလားဟဲ့ ... ဒါတောင် ကင်ဆာဆိုတာ သိ
ရှင်း တစ်လလောက်အတွင်းမှာပဲ ဆုံးသွားလို့နော် ... ကံ
တာလား ... ကြံဖန်ကံကောင်းတယ်ပဲ ပြောရမလား
အရမ်းမြန်တာ ... အဲဒီလောက် မြန်မယ်လို့ ထင်မထား
တော့ ... သိပ်ပြုလိုက်ရတာတောင် မဟုတ်ဘူး ... နှစ်
လများသာ ပြုနေရရင် ... မျက်ရည်က ဒီလောက်တော
ထွက်တော့မယ် မထင်ဘူး ..."

မင်္ဂလာဆောင်နှင့် အသုဘဆိုတာ ... ကိုယ့်အခ
အနားမှာ ကိုယ့်ကိုပြန်ပြီး အတင်းတုတ် အခံရဆုံးပွဲမျိုးတွေ
ဖြစ်ပါသည်။ ထက်ထက်ဆင့်တို့ရဲ့ ဆွေတော်ရှစ်သောင်းမျိုးတော
ပေါင်းတို့ဟာ (ကိုစောလွှင်ရဲ့ ကျေးဇူးနဲ့ မကင်းကြသူတွေရော
ကင်းကြသူတွေပါ ...) သူတို့ပဲ ဝမ်းနည်းဝက်လက်တွေ ဖြစ်



အော်ငိုကြ ...။ သူတို့ပဲ မျက်ရည်စဲချိန် တစ်ခဏမှာ အတင်းတွေ
တုတ်ကြ ...။

"ရုတ်တရက် ဖြန်းစားကြီး ဖြစ်သွားတာလေ ... ကောင်း
တယ် ... ကောင်းတယ် ... အိမ်ကလူတွေကိုလည်း ဒုက္ခ
ပေးမသွားဘူး ... ကိုယ်တိုင်လည်း ဝဋ်ဒုက္ခကို အကြာကြီး
ခံစားမသွားရဘူး ... အင်မတန်မှ ကုသိုလ်ကြီးတယ်လို့
ခေါ်နိုင်တယ် ... မောင်စောလွှင်ဟာ ရှာနိုင်သမျှကို အလှူ
ရေစက် လက်နဲ့မကွာ ရှိခဲ့တာ မဟုတ်လား ... ဒါနသီလ
က ကောင်းခဲ့တော့ ဘဝကူးတာ မြန်ပေမဲ့ အများကြီး
ကောင်းတယ် ... အဲဒါမျိုး ဖြစ်ချင်တာ ..."

အမျိုးထဲက ဘကြီးတစ်ယောက်မှာ ဒိုင်ခံစကားပြော
သေးနိုင်၍သာ တော်ပါသေးသည်။ နို့မို့ဆိုလို့ကတော့ "အသုဘ
ရှင်"ဆိုတဲ့ အိမ်သားတို့ခမျာ ... ကိုယ်တိုင်က စိတ်နှလုံးမကြည်
လင်နိုင်စွာ ညှိုးချုံးနေကြရတဲ့ကြားထဲ ... ဧည့်သည်တွေပေါ်လာ
တိုင်း ... တစ်ယောက်လာလည်း ဒါ ... နောက်တစ်ယောက်လာ
လည်း ဒါ ... ဖြစ်ကြောင်းရယ် ကုန်စင်ကို ... ဒါချည်းအဖန်ဖန်
တလဲလဲ ပြန်လှန်ပြောပြနေရတာကလည်း အတော်အားအင်ကုန်
ဝမ်းနည်းဖွယ် ကောင်းလှတဲ့ အမှု ...။ ပြောလိုသမျှစကားတို့ကို
ကက်ဆက်ထဲ သွင်းထည့်ထားပြီး Side A နှင့် Side B ဒီအကြောင်း
ချည်းကိုပဲ အပြန်အလှန် ဖွင့်ပြထားရတော့မလို ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးတွေ ပေါ်လာလိုက် ... ငိုလိုက်ကြ၊ ညှော်သည်တွေ ပေါ်လာလိုက် စိတ်မကောင်းဖြစ်လိုက် ... စုတ်သပ်လိုက်ကြနှင့် ထက်ထက်ဆင့်မှာ ပိတ်လှောင်မှုအောက်ပြီး လူက အန်ချင်သလိုလို ... နေထိုင်မကောင်းချင်သလိုလို ဖြစ်လာရသည်။ ဒါတောင်ကိုယ့်မှာက အိမ်မှာရော ... ဆိုင်မှာပါ အလုပ်သမားတွေ တစ်လှေတစ်ပုံကြီးနှင့် ဝေယျာဝစ္စ ... အလုပ်ကိစ္စမှန်သမျှကို ကိုယ်တိုင်က လုပ်နေစရာ မလိုဘဲ ... ပါးစပ်တစ်ပေါက်နှင့်သာ ထိုင်စီမံနေနိုင်သည်မို့ပါ ...။ နို့မို့ဆို ပိုလို့ဆိုးမည်။

ကိုယ်က အတော်ကြီး နေထိုင်မကောင်းချင် ဖြစ်နေချိန်မှာ အဖေ ... အမေနှင့် မမနှင်းတို့ကိုလည်း မျက်ခြည်မပြတ်အကဲခတ်နေရပါသေးသည်။ ဒါကလည်း ထက်ထက်ဆင့် တစ်ယောက်တည်းတော့ ဟုတ်မည်မထင်ပါ။ ဒီလေးယောက်ထဲကတစ်ယောက်ဟာ ကိုယ်တိုင် ညှိုးချုံးခွေနွမ်းနေပေမဲ့ ကိုယ်မဟုတ်တဲ့ ကျန်သုံးယောက်အတွက် ပြန်ဟန်ဆည်ထားရကာ ... အဲဒီသုံးယောက်ကိုပဲ အရိပ်တကြည့်ကြည့်နဲ့ အကဲခတ်နေမိမှာကတော့ သဘာဝပဲ မဟုတ်လား ...။

"ကျွန်မနဲ့ မနေ့ကမှ စကားပြောလိုက်သေးတာ ... ကျွန်မကိုတောင် သွေးတိုးစာတွေ သိပ်စားမနေနဲ့ ... ရှောင်တော့လို့ ပြောသွားသေးတယ် ... အမယ်လေး ... သူကိုယ်တိုင်နေထိုင်မကောင်းတာတောင် သူများအတွက် လိုက်ပူပြီးသတိပေးသွားနိုင်သေးတယ် ..."





"ကျွန်တော့်ကိုတော့ စာရင်းအင်းနဲ့ ပတ်သက်တဲ့စာအုပ်တစ်အုပ် ရှာခိုင်းထားတာ ... မနေ့ကမှရလို့ ဒီနေ့ပဲ လာပေးဖို့ဆဲဆဲ ... အိမ်က ထွက်ခါနီးမှာပဲ ဖုန်းကဝင်လာတာပဲ ..."

လူတစ်ယောက် မရှိတော့ဘူး ဆိုရင် အရင်က
အမှတ်တမဲ့ အပြုအမူ၊ အခြေအနေလေးတွေဟာ အားလုံးအမှတ်
တရချည်းသာ ဖြစ်ကုန်ကြရကာ ... ဘယ်အရာမဆိုဟာ စကား
ထဲထည့်ပြော၊ စကားလုပ်စရာချည်း ဖြစ်နေရတော့သည်။ အမျိုး
င်အား တောင့်တင်းတာကတော့ ဒီနေရာမှာခပ်ကောင်းကောင်း ...။
ာသမျှညှော်သည်အပေါင်းကို (သိသိမသိသိ) အမျိုးတွေနဲ့ချည်း
ွတ်ပေးထားလိုက်ရင် ... ကိုယ်က (အိပ်ခန်းထဲ ဝင်ခွေလှဲနေရ
ောက်အောင်တော့ မကောင်းတတ်လှသော်လည်း) တစ်ထောင့်
တစ်နေရာမှာ မျက်နှာကလေး ထိုင်ပြနေရုံ ... ငြိမ်ငြိမ်ကလေးနေ
နိုင် ရနိုင်ပေသည်။

ယော ...။

ညှော်ခန်းနှင့် ထမင်းစားခန်းကို ကန့်ကာထားသော
ခစ်သားပါတေးရှင်း (Partition) အကာအရံလေးကို ဖြတ်သိမ်း
ားလိုက်ပြီဖြစ်၍ ဒလဟောကြီး ကျယ်ပြန့်နေသော အခန်းကျယ်
ကြီးတစ်ခုရဲ့ ထောင့်စွန်းလေးမှာ ကွယ်ထိုင်နေသည့် ထက်ထက်ဆင့်
ဝင်ပေါက်တံခါးမကြီးကို ဖြတ်၍ ဝင်လာကြသူတွေကို မှိမ်း
င်လိုက်ရတာမို့ ... "ယော" ဟု အသံပင် ထွက်သွားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုညီအစ်ကိုနှစ်ယောက် ရောက်လာကြပါပြီ။

ခုနေခါမှာများ ထက်ထက်ဆင့်ကို ရင်ထဲရှိတဲ့ စိတ်ရင်းမှန်အတိုင်း လုပ်လိုက်ချေစမ်းဆိုရင် ... အမျိုးတွေ အဆွေတွေအကြီး၊ ကြီးတော်ညီအစ်ကိုမောင်နှမတွေ ပေါ်လာကြတာတောင်မှ မျက်ရည်တဝဲဝဲနှင့်သာ အေးဆေးစွာ ကြိုဆိုခဲ့တဲ့ ထက်ထက်ဆင့်ဟာ သူတို့နှစ်ယောက်ထံ အပြေးပင် ချဉ်းကပ်သွားပြီး ဖက်တွယ်အားကိုးလို့သာ ဟီးချင်ငိုပစ်လိုက်ချင်ပါရဲ့ ...။ ချေမ်း တစ်ယောက်တည်းကိုလည်း မဟုတ် ...။ ကိုငြိမ်းချမ်း တစ်ဦးတည်းကိုလည်း မဟုတ်ဘဲ ... နှစ်ယောက်စလုံးတို့ကိုသာ စုံဖက်ချလိုက်ချင်တာမျိုးပင် ...။

ချေမ်းရော ... ကိုငြိမ်းချမ်းပါ ခန်းမကျယ်ကြီးကိုဖြတ်၍ ဝေ့ဝဲကြည့်လိုက်လျှင် တစ်ထောင့်တစ်နေရာမှ ထက်ထက်ဆင့်ကိုသာ အရင်ဦးဆုံး လှမ်းမြင်သွားကြပုံ ရပါသည်။ သို့သော် နှစ်ယောက်စလုံး ထက်ထက်ဆင့် ထံသို့ ဦးစွာရောက်မလာကြပါ။ သူ့သူငယ်ချင်း၊ အမျိုးအဆွေပုံကြီးကြားမှာ နစ်မြုပ်နေသည့် မမနှင်းကိုသာ မရမက လိုက်ဖွေရှာပြီး မျက်နှာပြဖို့ ဟန်ပြင်ကြလေသည်။

ချေမ်းနှင့် ကိုငြိမ်းချမ်းတို့ ထိုလူပုံကြီးနားသို့ ရောက်လျှင် လူလုံးကြီးမှာ "ရဲ"ခနဲ ဘေးကပ်ပေးလိုက်ကြပါသည်။ ထိုအခါ မြှပ်နေသော မမနှင်းလည်း "ဘွား"ခနဲ အပေါ် ...။ မမနှင်းက ချေမ်းကိုတော့ ပြုံးမလိုလို ... အသိအမှတ်ပြုသလိုလို မျက်



ဝန်းများနှင့် ကြည့်လိုက်ပါသည်။ ပြီးလျှင်တော့ နာကျင်စူးရှရိပ် ရုတ်တရက် သမ်းသွားသော မျက်လုံးတို့က ကိုငြိမ်းချမ်းကို စူးစူးရဲရဲကြီး မော့ကြည့်ရင်ဆိုင်လိုက်ပြီး ...

"တောက်"

ဒလဟော ကျယ်ပြန့်နေသော အခန်းကြီး ဖြစ်နေပေမဲ့ ... သေဆုံးသူရဲ့ ဇနီးထံမှ စိတ်လိုက်မာန်ပါကြီး ထွက်ပေါ်လာတဲ့ တောက်ခေါက်သံကိုတော့ဖြင့် ရှိရှိသမျှ လူအပေါင်း ... အယောက်တိုင်းဇွေနီးပါးက ကြားလိုက်ကြပုံ ရပါသည်။ အခန်းကြီးက ... ရုတ်တရက်ကြီး စကားသံတွေ ရပ်တန့်ကာ ဆိတ်ငြိမ်လို့ သွားသည်။

မမနှင်းမှာ စိတ်မထိန်းနိုင်လိုက်သည့် သူ့အဖြစ်ကို သူပြန်ရိပ်မိသွားပုံရသည်။ ချက်ချင်းပင် မျက်နှာထားကို ပြန်ပြင်ယော်လည်း၊ အခဲမကျေ ... ခါးသီးလှတဲ့ အရိပ်အယောင်တို့က မျက်လုံးထဲမှ မလျော့ ...။ ထက်ထက်ဆင့်က သက်ပြင်းတစ်ချက်ကို "ဟီး"ခနဲ ချလိုက်မိချိန်မှာ မမနှင်းက ထိုင်နေရာမှ ထရပ်ပြီး အခန်းတစ်ခုထဲ လှမ်းဝင်ပျောက်ကွယ်လို့ သွားပါတော့သည်။

"ကိုငြိမ်းချမ်း ... ဒီလာလေ ..."

ထက်ထက်ဆင့်က လှမ်းခေါ်လိုက်သည်။ မမနှင်းရဲ့ အပြုအမူတွေကိုတော့ ဝေဖန်သုံးသပ်နေချင်စိတ် မရှိ။ လူဆိုတာက တစ်ယောက်ချင်းစီမှာ ရှိနေကြတဲ့ "အစွဲတွေအခံ"ချင်း မတူ

www.burmeseclassic.com

www.burmeseclassic.com



ညီနိုင်ကြတာမို့ ... သူ့မှာ ဘာအကြောင်းပြချက် တစ်ခုခု ခိုင်ခိုင်မာမာ ရှိနေဦးမည် မသိဘဲ ကိုယ်က သွားဝေဖန်ပြစ်တင်နေဖို့ မသင့်တော်ပေ ...။

သို့သော် မမနှင်းက ကိုငြိမ်းချမ်း အပေါ် ခါးခါးသီးသီး ရှိလှပေမဲ့ ထက်ထက်ဆင့်ကတော့ အဲဒီလို ဖြစ်မနေခဲ့ဘဲ နားလည်နိုင်နေပြီပဲ မဟုတ်လား ...။ သူ ညှော်မခံလိုလျှင် ကိစ္စမရှိ ...။ ထက်ထက်ဆင့်ကတော့ ညှော်ခံရမည်။ ထက်ထက်ဆင့်က ကိုငြိမ်းချမ်း တစ်ယောက်တည်းကို ကွက်ခေါ်လိုက်သောအခါ ချမ်းမှာ အလိုလိုပင် သူ့အစ်ကိုနံဘေးမှ ခွဲထွက်လျက် ... ထက်ထက်ဆင့်ရဲ့ မိခင်ကြီးရှိရာ နံဘေးသို့သာ လှမ်းသွားလိုက်ပါတော့သည်။ ကိုငြိမ်းချမ်းကတော့ ထက်ထက်ဆင့်ရဲ့ အပါးသို့ ...။

"ကိုယ်မနက်အစောကြီးတည်းက သိတယ် ညီမ ... ဒါနဲ့ ဒီကိုတန်းမလာသေးဘဲ ... ဘုရင့်နောင်ပဲ အရင်သွားလိုက်တယ် ... ဒီနေ့ညီမ ပဲသမားတွေနဲ့ ချိန်းထားတာ ကိုယ်သိတယ်လေ ..."

"ကျေးဇူးပါပဲ ကိုငြိမ်းချမ်းရယ် ... ထက်ဆင့်ဖြင့် ခေါင်းထဲမှာတောင် မရှိတော့ဘူး ... အလုပ်သမားရော ရှိရဲ့လား ... မနက်က အဲဒီကိစ္စကို ခေါင်းထဲမှာ မရှိဘဲ ... အဲဒီကလူတွေ ဒီကို အကုန်လာဖို့ လှမ်းခေါ်ထားမိလိုက်သေးတယ်"



"ရတယ် ... အဲလိုဖြစ်နိုင်တယ်ဆိုတာ တွက်မိလို့ ... ကိုယ့်ကောင်တွေကိုပါ ကြိုခေါ်သွားလိုက်တယ် ... အဆင်ပြေပါတယ် ... တစ်ခါတည်းပဲ ပြီးအောင်ဖြတ်ပစ်ခဲ့တယ် ... ချမ်းကတောင် အစ်ကိုသွားရင်သွား ... သူ အဲဒီမှာ စောင့်ကျန်ရစ်မယ် ပြောပါတယ် ... ဒါပေမဲ့ မကောင်းဘူးလေ ... သူလည်း ဒီမှာရှိနေဖို့ လိုတာပဲ ... တစ်ခါတည်းပဲ ပြီးအောင် စောင့်ခေါ်ခဲ့တယ် ..."

"ကိုငြိမ်းချမ်းကို ဘယ်သူလှမ်းပြောလဲ ... ထက်ဆင့်တော့ မပြောမိဘူးထင်တယ် ..."

"ကြီးမေကြီး လှမ်းဆက်တယ်လေ ... ထက်ထက် ဆက်နိုင်တာလား ..."

"မဟုတ်ဘူး ... အမေလား မမ်နှင်းလား ... တစ်ယောက်ယောက် ဖြစ်လိမ့်မယ်"

အမေနာမည်ပါ ထည့်လိုက်ရပေမဲ့ ... အမေဟာ မနက်စောစောကြီးမှာ ကိုငြိမ်းချမ်းဆီ ဖုန်းလှမ်းဆက်နိုင်းဖို့အထိ သတိရနေနိုင်မှာ မဟုတ်တာ ထက်ဆင့် သိပါသည်။ ကြီးမေကြီးရဲ့ ပင်ကိုယ်ဉာဏ်လည်း ဟုတ်ပုံမရသောအခါ ... မမနှင်းပဲ ဖြစ်နိုင်တာဟာ သိပ်ကြီးတွေးနေဖို့မရှိ ...။ ထက်ထက်ဆင့်ကတော့ အကြောင်းကြားဖို့ထက် ... သူ့အလိုလိုသိပြီး ပေါ်လာမှာပဲဆိုတာကိုသာ (ကိုယ့်ရဲ့မသိစိတ်ထဲနေ သိရှိ) ယုံကြည် မျှော်လင့်နေမိတာ ဖြစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းလှမ်းကြားဖို့ကိုတော့ ခေါင်းထဲရှိခဲ့ရက်နဲ့ ပေါ်လည်းလာရော ... ခေါင်းပဲနှုတ်နဲ့ ဘာကို စိတ်တိုပြန်သည်မသိတာက ဘာသဘောပါလဲ မမနှင်းရယ် ...။ ပြောပြောချင်း ချက်ချင်းရောက်ချမလာတာကိုပဲ နာကြည်းပြန်တဲ့ သဘောလား။ ဘုရင့်နောင်ကို အရင်တန်းသွား စိမ်နေခဲ့ရတာကို မသိမသာနဲ့ နားသွင်းဦးမှဟုသာ ... တေးထားလိုက်ရပါတော့သည်။

"ဒီည ချွမ်း ဒီမှာ အိပ်လိမ့်မယ် ..."

ထက်ထက်ဆင့်ရဲ့ မျက်မှောင်တို့ ခပ်ကုတ်ကုတ်ဖြစ်သွားကြသောအခါ ကိုငြိမ်းချမ်းက ..."ကိုယ်ကတော့ မကောင်းဘူးလေ ... ချွမ်းကတော့ မောင်ဝင်းကျော်တို့နဲ့ ချိန်းပြီး လာနေလိုက်မယ်တဲ့ ..."ဟု ပြော၏။

"နေပါစေ ... ဝမ်းကွဲအစ်ကိုတွေ မောင်တွေ လာကြလိမ့်မယ်တဲ့ ... မမနှင်းရဲ့ အမျိုးတွေလည်း လာမယ်ပြောနေတယ် ..."

"ချွမ်း ရှိနေဖို့ လိုမယ်မထင်ဘူးလား ..."

ထက်ထက်ဆင့်က ခေါင်းကို ခပ်ကြာကြာပဲ ခါယမ်းပြလိုက်သည်။

"အခြေအနေ မတူတော့ဘူး ကိုငြိမ်းချမ်း ... အရင်လိုအခြေအနေ ဆိုရင်တော့ ... ထက်ဆင့်က ကိုငြိမ်းချမ်းကိုခွင့်တောင်းပြီး ... ရက်လည်တဲ့အထိလည်း ခေါ်ချင်ခေါ်



ထားမိမှာပါ ... ဟုတ်တယ် ... ရက်လည်ပြီးမှ ပြန်လွှတ်မှာကျိန်းသေပဲ ... ဒါပေမဲ့ ခုတော့ ..."

"မောင်သော်ဇင်တို့ ... မောင်ဝင်းကျော်တို့ပါ လာနေကြမယ်ဆိုရင်ကော ... ဘာပဲဖြစ်ဖြစ် ငယ်သူငယ်ချင်းတွေ အနေနဲ့ပဲ ဆိုရင်လည်း ..."

"သူ ဆန္ဒရှိမယ် မထင်ဘူး ကိုငြိမ်းချမ်း ... အတင်းအကျပ်ဖိအားပေးပြီး မတိုက်တွန်းပါနဲ့ ... ထားလိုက်ပါ ..."

"ကိုယ်ကတော့ ... အနှင်းက ကိုယ့်ကို မြင်နေရရင် ပိုဆိုးလိမ့်မယ်ဆိုတာ ခုပဲသိလိုက်တယ် ... ဒီငတော့ လာလိုက်ပြန်လိုက်ပဲရှိမှ ကောင်းလိမ့်မယ် ..."

"ဟုတ် ..."

"ဒါဖြင့် ဘာတွေ စီစဉ်ပြီးပြီလဲ ... ဘာတွေ လိုနေဦးမလဲဆိုတာ ကြီးမေကြီးတို့ ဘကြီးတို့နဲ့ပဲ တိုင်ပင်ပြီး ဆက်လုပ်လိုက်တော့မယ်နော် ..."

"ဟုတ်ကဲ့ ..."ဟု ပြောအပြီး ... (ကိုငြိမ်းချမ်းရဲ့ တိုက်တွန်းချက်ကြောင့်လား ... သူ့ဆန္ဒအရပဲလားတော့ မသိ) ဒီည ဒီမှာ လာအိပ်ပေးပါမည် ... ဟုတော့ ပြောထွက်လာသော ချွမ်းကို မျက်စိဝေ့ဝဲမှေ့ရှာကာ ကြည့်မိပါသည်။ မျက်ရည်စက်းတွေ စမ်းစမ်း ... စမ်းစမ်းနှင့် ငြိမ်သက်စွာ ထိုင်နေကြသော လူနမ်ပါးတို့ရဲ့ကြားမှာ ... ထိုမောင်ချွမ်းက ခလယ်တည့်တည့်

www.burmeseclassic.com



ကြီးမှာ နေရာယူလျက် ...။ ကိုငြိမ်းချမ်းကိုတော့ သားကြီးရဲ့စိတ်ဆွေ စီးပွားဖက်အဖြစ် အားကိုးရုံ အားကိုးကြပြီး ... သင်းကိုတော့ အငယ်မလေးနဲ့မှ ရွယ်တူငယ်ပေါင်းအဖြစ် ... ချစ်ကိုချစ်ခဲ့ကြသော ထက်ဆင့်ရဲ့ မိဘနှစ်ပါးဟာ သင်းရဲ့လက်နှစ်ဖက်ကို တစ်ယောက်တစ်ဖက်စီ ပြိုင်တူဆွဲလို့ ရင်ခွင်ထဲ ဆွဲထည့်ထားကြလျက်။

ထိုမြင်ကွင်းကို တွေ့လိုက်ရတော့ ဝမ်းနည်းအားငယ်နေမိတဲ့ ထက်ထက်ဆင့်ရဲ့ ရင်ထဲမှာ ဝမ်းနည်းမှုတွေက တမျှင်မျှင် ပျောက်ကွယ်ကာ ဒေါသတွေကသာ တဖြည်းဖြည်း အစားထိုးဝင်ရောက်လို့ လာပါသည်။ ကြည့်စမ်းလေ ... အဖေတို့ အမေတို့ ကတော့ သင်းကို ချစ်လိုက်ကြရတာ ...။

ဖြစ်ပွားနေတဲ့ အခြေအနေမှန်တွေကို အလျှဉ်းသိမထားကြရှာတဲ့ အဘိုးကြီး အဘွားကြီးတွေ ဆိုတော့ သားတစ်ယောက် ဆုံးရှုံးသွားတဲ့နေရာမှာ ... ဒီတစ်ယောက်ကိုပဲ ချက်ချင်းအစားထိုးထည့် စိတ်နှစ်ပစ်ကြဖို့ ခုပင် ကြံစည်ရည်ရွယ်နေကြလောက်ပြီပေါ့ ...။ သင်းကလည်း ဒါကိုပဲ အတပ်ရိပ်မိနိုင်ကာ ဘယ်လိုရုန်းထွက် အကြောင်းပြရပ့ါ ဆိုတာကိုတစ်ထိုင်တည်းမှာပင် ခေါင်းသုံးကာ တွက်ချက်နေရလောက်ပြီ။

ဖြစ်များသာ ဖြစ်နိုင်ရင် ... (အဲလိုလုပ်လို့သာ တင်တယ်မယ်ဆိုရင်) သင်းဟာ ကိုငြိမ်းချမ်းကိုပဲ လှမ်းအော်ခေါ်ကာ



နေရာချင်းလဲ ... သူ့လက်နှစ်ဖက်ရဲ့ နေရာတွေမှာ ... ကိုငြိမ်းချမ်းရဲ့ လက်နှစ်ဖက်ကိုပဲ အစားထိုးထည့်။

ထက်ထက်ဆင့် ခမျာ ... "တောက်"သံကျယ်တစ်ချက် ထွက်မိတော့လုဆဲဆဲမှာ ကိုယ့်ပါးစပ်ကို ကိုယ်အမြန်ဆုံးဘရိတ်အုပ်ကာ လှမ်းပိတ်ထားလိုက်ရပါသည်။ ယောက်မရဲ့ "တောက်"ခေါက်သံ အကြောင်းနဲ့ ရင်တွင်းခံစားချက်တို့ကိုလည်း ရေးရေးမျှ ရိပ်မိသိမြင်လာသယောင် ရှိလေသည် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

"သူက ဘာဖြစ်နေတာလဲ ဟင် ..."

ထက်ထက်ဆင့်က တစ်စက်မျှ ... လုံးဝနားမလ
နိုင်လွန်း၍ မေးမြန်းစပ်စုကြည့်လိုက်မိခြင်း ဖြစ်ပါသည်။ ကိုစော
ကိစ္စ ပြီးပြတ်သွားပြီးကတည်းက အိပ်ရာပေါ်မှ ပြန်မဆင်း
တော့သော မမနှင်းဟာ ... ကြည့်လိုက်တော့လည်းပဲ ဘာရောဂ
မယ်မယ်ရရ ရှိပုံလည်းမပေါ် ...။ (သူကိုယ်တိုင်ကလည်း "ဆရာ
ခေါ်စရာ မလိုပါ"ဟု ပြောထားလေသည်။)

ဒါပေမဲ့လည်းပဲ ထက်ထက်ဆင့် ကတော့ စိုး
ပူပန်ပြီး ဆရာဝန်တွေ ဘာတွေ ခေါ်ခက်ပြလိုက်ပါသေးသည်
သို့သော် "အိပ်ပျက်၊ အားနည်း၊ စိတ်ဓာတ်ကျ" ဒါမျိုးတွေက
ပြီး ဆရာဝန်ခများလည်း ရောဂါနာမည်တစ်ခု တိတိကျ





တတ်နိုင်သည့် အခြေအနေမှာ မရှိပါ။ အဲဒီလိုနဲ့ပဲ ရက်လည်ပြီး တစ်ရက် နှစ်ရက် ရှိသည်နှင့်ပင် ... အိပ်ရာပေါ်၌ စန့်စန့်ကြီး ရှိနေသော မမနှင်းဟာ ကိုစောလွှင် မဆုံးခင်က ရုပ်မျိုးကြီးနှင့်ပင် တူလာကာ ... မျက်လုံးကြီးပြူးထွက် ... အရိုးငေါက်ဂက် ... မလှုပ်မယှက်ကြီးနှင့် ရှိနေတော့ပြီ ...။

"မလှုပ်နိုင်တာလား ... မလှုပ်ချင်လို့ မလှုပ်တာလား ..."

"မလှုပ်ချင်လို့ မလှုပ်ရာကနေ မလှုပ်နိုင်တော့တာ ထင်တယ် ..."

ပထမတော့ ထက်ထက်ဆင့်ခမျာ လူပန်းစိတ်ပန်း ဒဏ်ကြောင့် အဖျားသွေးလေးတွေ ကိုယ်စီဝင်လာကြတဲ့ မိဘနှစ်ပါးအတွက်လည်း ပူပန်ရ ...။ ဘာကြီးဖြစ်သွားမှန်း မသိတဲ့ ယောက်မအတွက်လည်း ပူပန်ရ။ အဖေနဲ့ အမေကမှ အဖျားပျောက်အောင်ကုပြီး နားနားနေနေ ထားပေးလိုက်ရင် ပြန်လည် သက်သာအဆင်ပြေလာစရာ အကြောင်းရှိသည်။ ယောက်မကား ဘာမှန်းမသိ ...။

ပထမဆုံး နေ့ကတည်းက ကိုငြိမ်းချမ်းကို နာကြည်းခါးသီးစက်ဆုပ်စွာ တစ်ချက်ကြည့်အပြီး အိမ်ခန်းထဲ တန်းဝင်သွားတော့တဲ့ ယောက်မဟာ အဲဒီတစ်နေ့လုံးလည်း အိမ်ခန်းထဲက ပြန်မထွက် ...။ နောက်နေ့မှာလည်း ကိုငြိမ်းချမ်း မရှိခိုက် တစ်ခဏသာ ထွက်ပြီး ... သူရောက်လာတာနဲ့ ပြန်ဝင် ...။ အဲဒီအစလို့ အဲဒီအခန်းထဲက လုံးလုံးကို မထွက်တော့တာဟာ ...

www.burmeseclassic.com

www.burmeseclassic.com



အသုဘချသည့်အချိန် တစ်ခဏအတွက်ကိုပင် သူ့ဆွေမျိုးမိတ်ဆွေ
များက ထိုအခန်းထဲမှ အတင်းဆွဲထုတ် ခေါ်ယူခဲ့ရခြင်း ဖြစ်ပေ
သတဲ့။

ထက်ထက်ဆင့်ဟာ ယောက်မကို အဲဒီလိုကြ
စိတ္တဇဆန်ဆန် စိတ်ဓာတ်ပျော့ကျသွားလိမ့်မည်ဟုများ ဘယ်တု
ကမှကို မထင်မိခဲ့တာပါ ...။ ဒါကြောင့်မို့လည်း ကိုစောလွင်ဆုံး
ပြီးရင် ခရီးလေး ဘာလေး ထွက် ... စိတ်ပြေလက်ပျောက် တ
ပတ်နှစ်ပတ်လောက် အနားယူလိုက်ပြီးတာနဲ့ သမီးယောက်မ ဉ
အစ်မနှစ်ယောက် တက်ညီလက်ညီနဲ့ ဒီအိမ်ကြီး ... ဒီစီးပွားရေ
ကြီးကို ပြန်လည်ဦးဆောင်ကြမည်ဟုပဲ တွက်ထားခဲ့မိတာ ...။

စိတ်ဓာတ်က ပြတ်သားတည်ငြိမ်နိုင်လွန်းလို့တော
ပြန်လည်နာလန်ထချိန် မြန်ဆန်နေရင် ... ပတ်ဝန်းကျင်ရဲ့အတင်
စကားတို့နှင့်ပင် ရင်ဆိုင်ရလောက်သည်ဟုတောင် တွက်ထား
သေးတာ။ ဘယ်လိုပဲဖြစ်ဖြစ် မမနှင်းဟာ ထက်ထက်ဆင့်
ဟီးရိုးတစ်ယောက်ပဲ ဖြစ်ခဲ့တာပါ ...။ ခုဟာကကျတော့ ထိုဟီး
ဟာ ဘယ်ပျောက်သွားမှန်း မသိဘဲ ... လုံးဝ သူနဲ့မတူတဲ့ ...
သစ်ကြီး တစ်ယောက်ယောက်ကပဲ အစားထိုး ဝင်ရောက်
သယောင်ယောင် ...။

ထက်ထက်ဆင့်တို့နဲ့ လုံးဝစကားမပြောတော့
လည်း မဟုတ် ... ထက်ဆင့်က သွားပြောရင် ... မျက်နှာကြ
ကို ပြုံးပြုံးကြီး စိုက်ကြည့်လျက်သား ပက်လက်အိပ်ရက်သ



အနေအထားကြီးကနေ တစ်စက်မှ မပြောင်းလဲဘဲ ဖြေစရာရှိတာ
တွေကို ပြန်ဖြေမည်။

အဲဒီလိုနဲ့ပဲ တစ်ယောက်စကား၊ တစ်ယောက်နားနဲ့
ကြားကြားသမျှ သိသိသမျှ အမျိုးအဆွေ မိတ်ဆွေသင်္ဂဟတို့လည်း
သတင်းမေးသလိုလိုနဲ့ စပ်စုတဲ့လူကစု ...၊ အကြံဉာဏ်ပေးသလိုလို
နဲ့ ဆရာလုပ်တဲ့လူကလုပ် ...။ "မကျတ်တာ"... တဲ့။ "မပြတ်
တာ"... တဲ့။ ကိုယ့်အစ်ကိုကို ချိုးချိုးဖဲ့ဖဲ့နဲ့ သရဲဘဝရောက်အောင်
ပြောကြတဲ့သူတွေကိုတော့ ထက်ထက်ဆင့်က စိတ်ဆိုးရင်ဆိုး၊
ခပ်ပြတ်ပြတ်ပဲ ပြောလွှတ်ပစ်လိုက်သည်။

"စိတ္တဇဝေဒနာတစ်ခုခု စွဲကပ်သွားတာ နေမှာ" ...တဲ့။

အဲဒါကိုတော့ လက်သင့်ခံနိုင်သည်မို့ ထက်ထက်
ဆင့်က အခြေအနေ မပြောင်းလဲရင်တော့ စိတ်ရောဂါအထူးကု
ဆရာဝန်နဲ့ ပြကြည့်ဖို့ကို ယောက်မရဲ့ အမျိုးအဆွေ သူငယ်ချင်း
တချို့နှင့် တိုင်ပင်ပြီးပါပြီ။ ယောက်မဖြစ်သူက အင်မတန် ခင်
တွယ်ကာ တိုင်ပင်ဖော် တိုင်ပင်ဖက်ဖြစ်သည်ဟု ဆိုသော သူ့ရဲ့
တစ်ဝမ်းကွဲ အစ်မကြီးတစ်ယောက်နှင့် သူငယ်ချင်းမ တစ်ယောက်
တို့ကိုလည်း တောင်းတောင်းပန်ပန်နှင့် အကူအညီတောင်းကာ
ဒီရက်အတွင်းတော့ အိမ်မှာပဲ တစ်လကိုးသီတင်းလောက် လာနေ
ပေးကြဖို့ကိုလည်း ဖိတ်ခေါ်ထားခဲ့သည်။

အဲဒီအစ်မကြီး နှစ်ယောက်နဲ့တော့ ယောက်မက
အတော်ကြီး စကားပြောပါသည်။ ဒါပေမဲ့လည်းပဲ ဆိုခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ... ပက်လက်ပြူးပြူးကြီးဟာ ထိုအစ်မကြီးနှစ်ယောက် ထကိပင် မျက်နှာကြက်ကို ပိုစိတ်ဝင်စားနေတော့ပုံနှင့် ခေါင်းထ လေးကတော့ တစ်ချက်မျှပင် မစောင်း ...။

"စိတ်ရောဂါအထူးကုနဲ့ ပြပြီးရင်တောင် Physiotherapist တစ်ယောက်ယောက်နဲ့ ထပ်ပြပြီး လေ့ကျင့်ခန်းတွေ အတော် ကြီးပြန်လုပ်ပေးမှ မူလပုံမှန်ကို ပြန်ရောက်နိုင်မယ် ထင် တယ် ညီမလေးရဲ့ ..."

"ထက်ဆင့်ကလေ ... စိတ်ရောဂါနဲ့ ခုလို မလှုပ်နိုင်တော့ တာမျိုးကြီးထိ ဖြစ်ရတာမျိုး တစ်ခါမှ မမြင်ဖူးဘူး ... ကြားတောင် မကြားဖူးဘူး ..."

"အေး ... သူကလည်း ညီမလေးတို့ကို သိပ်အားနာနေ တယ် ... ဒါပေမဲ့ သူ့မှာကလည်း သိတဲ့အတိုင်း ညီမ လေးတို့ မိဘတွေကလွဲရင် ဘယ်သူ့အားကိုးစရာ ရှိလို့လဲ ... နဂိုတည်းကမှ တစ်ကောင်ကြွက်လို ဆိုတော့"

"မဟုတ်ဘူး ... ထက်ဆင့်တို့ကတော့ အစ်ကိုမိန်းမဟာ အမေတို့ရဲ့ သမီး ... ထက်ဆင့်ရဲ့ အစ်မပါပဲ ... သူ့မှာ မိဘကလည်း ရှိတော့တာမဟုတ် ... ခုချိန်မှာ သူ့အမျိုး တွေထဲက တာဝန်ယူချင်တဲ့လူမျိုး ရှိပါတယ် ဆိုရင်တောင် ဒီလိုကြီးနဲ့တော့ မထည့်ပေးနိုင်ဘူး ... သူမျှားအပြောခံရမှာ စိုးလို့ မဟုတ်ပါဘူး ... အစ်ကိုရှိရှိ မရှိရှိ သေတစ်ပန် သက်တစ်ဆုံး ကောင်းလည်းအတူ ... ဆိုးလည်းအတူလို့



သဘောထားပြီး ထားတာမို့ပါ ... သူနဲ့အတူ ဒိုးတူပေါင် ဖက်နဲ့ လုပ်လိုက်ကိုင်လိုက်မဟဲ့လို့ ဆုံးဖြတ်ထားတာတွေ ဖြစ်မလာတော့တာ တစ်ခုကိုပဲ ဝမ်းနည်းတာ ..."

"ညီမလေးတို့ မိသားစုအားလုံးရဲ့ စေတနာကိုတော့ အစ်မ တို့တွေ သိလည်းသိကြပါတယ် ... ကျေးဇူးတင်ပြီးတော့ လည်း ချီးကျူးစကားကို အမြဲပြောဖြစ်ကြပါတယ် ..."

"သူကလေ စိတ်ဓာတ်က အရမ်းမာကျောပြတ်သားတော့ ဒီလိုဖြစ်သွားမယ်ဆိုတာ ယောင်လို့တောင် မထင်မိဘူး ..."

"သူလား စိတ်ဓာတ်မာကျောပြတ်သားတာ ..."

"ဟင် ... မဟုတ်ဘူးလား ... ထက်ဆင့်တော့ အဲလိုပဲ မြင် တာပဲ ... သူက သဘောကောင်းပေမဲ့ စိတ်ကတော့ မာ ပါတယ် ... အစ်ကိုနဲ့ အလုပ်အတူတွဲလုပ်တုန်းကလည်း လူတိုင်းချီးကျူး လက်ဖျားခါရတယ် ... အစ်ကို ဒီလိုဖြစ် လာပြီး ... သုံးလေးလလောက် လုံနဲ့ချီ မမာနေတော့လည်း ဝေဒနာသည်တစ်ယောက်ရဲ့ မိန်းမနဲ့တောင်မှ မတူဘူး ... ထက်ဆင့်ဆို ကိုယ်တိုင်က စိတ်ဓာတ်ကျချင်လာရင် သူ့ ကြည့်ပြီး အင်အားယူရတယ် ..."

"အဲဒါကိုက သူ့စိတ်မှာ ရောဂါတစ်ခုလို စွဲကပ်နေတဲ့ ဟန်ဆောင်ဖုံးကွယ်လိုခြင်းပဲ ညီမရေ ..."

ထက်ထက်ဆင့်မှာ အံ့သြတကြီးနှင့် ထိုအစ်မကြီး နှစ်ယောက်ကို အငေးသားပင် ကြည့်နေမိပါသည်။ ဘယ်တုန်း

www.burmeseclassic.com



ကမှ မကြားဘူးခဲ့တဲ့ အကြောင်းအရာအသစ် ...၊ သတင်းအသစ် အဆန်း တစ်ခုပါလား ...။ သူတို့ချင်းလည်း အတော်ကြီးခင်မင် ကြသော သူငယ်ချင်းနှစ်ယောက် ဖြစ်ဟန်တူသည့် ထိုအစ်မကြီး နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ခပ်ကြာကြာတွေစိုက် ကြည့် အကဲခတ်နေကြပြီးလျှင် ... အချင်းချင်း ခေါင်းတွေတညိတ် ညိတ်နှင့် ဖြစ်ကုန်ကြကာ ...

"စိတ်ရောဂါကု ဆရာဝန်ကိုလည်း ခေါ်ပြတော့မယ် ဆို တော့ ... အနာသိမှ ဆေးချက်ထိရောက်နိုင်အောင် နှင်းနှင်း ရဲ့ အကြောင်းတွေကို ဆရာဝန်ကိုလည်း ပြောပြရတော့ မှာ တူတူတော့ ထက်ဆင့်ကို ခုပဲ အရင်ဦးအောင် ဖွင့်ပြော ထားလိုက်တော့မယ်ကွယ် ..."

"ဘာလဲဟင် ..."

"နှင်းနှင်းရဲ့ အကြောင်းပေါ့ ... သူဟာ ငယ်ငယ်လေး တည်းက မိဘတွေလည်း မရှိတော့တဲ့ တစ်ကောင်ကြွက် ဆိုတော့ အင်မတန် စိတ်အားငယ်တတ်တယ် ... စိတ်ဓာတ် က ဘယ်တော့မှ မပြတ်သားဘဲ အမြဲတွေဝေတတ်တယ် ... အကြောင်းအရာ တစ်ခုကို ဆုံးဖြတ်ရတော့မယ်ဆိုရင် ကောင်းရာကောင်းကြောင်းကို အရင်တွေးမိ ဆုံးဖြတ်မိတာ မျိုး များပေမဲ့ ... သူ့စိတ်ကို သူ မယုံကြည်တော့ ဟုတ် ပါ့မလား ဆိုတဲ့ သံသယက အမြဲဒွန်တွဲနေတတ်တယ် ... ဒီတော့ ဆုံးဖြတ်ချက်တွေက မပြတ်သား၊ တွေဝေ၊ အဲဒါ



နဲ့ပဲ မှားသွားတတ်တာ များပြီဆိုရင်တော့ ... သူ့စိတ်ကို သူပြန်လိမ်ပြီး ... ခုရရှိထားတဲ့ အဖြေကပဲ သူ့အတွက် အကောင်းဆုံးလိုလိုနဲ့ ဟန်ဆောင်ပြနေတတ်တယ် ...

လူကွယ်ရာရောက်ရင်တော့ တကယ် သူကြိုက်တဲ့ ရလဒ်မှ မဟုတ်ဘဲ ... အရမ်းထိခိုက်ခံစားရတာပေါ့ ... အပြင်မှာပိုဟန်ဆောင်ပြရလေ ... ကွယ်ရာမှာ ပိုခံစားရလေ"

"ဟင် ... ထက်ဆင့်ဖြင့် တစ်ခါမှ မရိပ်မိဘူး ... ဒါဖြင့် သူ့ရဲ့ပြတ်သားမာကျောသမျှတို့ဟာ ... လူကွယ်ရာကျရင် တော့ သူ့ကို အရမ်းခံစားရစေတဲ့ အဖြစ်တွေချည်းပဲပေါ့ နော် ..."

"ဒါပေါ့ကွယ် ..."

"အစ်ကိုနဲ့ ပတ်သက်လို့ ဝေဒနာသည် တစ်ယောက်ရဲ့မိန်းမ နဲ့မှ မတူအောင် စိတ်ဓာတ်တည်ငြိမ်နိုင်ခဲ့တာတွေ ..."

"သီချင်းစာသားထဲကလို ပြောရရင်တော့ သူ့အကြောင်း သူ့ခေါင်းအုံးလေးကသာ အသိဆုံးပါ ဆိုသလိုပေါ့ကွယ် ..."

"ဩော် ..."

"ညီမလေးရဲ့ အစ်ကိုနဲ့ ပတ်သက်လို့ကတော့ ... ကိုယ့် ယောက်ျားက ဒီလိုမျိုးကြီး ဆုံးရှုံးမှုတွေ ... ဝေဒနာတွေ ခံစားနေရပါလားဆိုတဲ့ စိတ်ညစ်စရာမျိုးထက်တောင်ပိုပြီး ဆိုးသေးတဲ့ ခံစားချက်တစ်ခုက သူ့မှာ ခိုင်ခိုင်မာမာကြီး ရှိနေခဲ့သေးတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ထက်ထက်ဆင့်ရဲ့ ရင်ထဲ တဒိတ်ဒိတ် ခုန်ပေါက်ပြီး ပြုလာချိန်မှာပင် ... "မပြောမပြီး ... မတီးမမြည် ... အားလုံးဖွင့်ပြောလိုက်တာသည်သာ အကောင်းဆုံး"ဟု သတ်မှတ်ထားလိုက်ကြပြီးဟန်တူသူ နှစ်ယောက်က ...

"တကယ့်ကို တိတိကျကျ ဆုံးဖြတ်ရမဲ့ အရေးတွေမှာ အမြဲလိုတွေဝေမပြတ်သားတတ်တဲ့ နှင်းနှင်းဟာ ... သူ့ဘဝတစ်သက်တာမှာ ပြန်ပြင်လို့ မရတော့တဲ့ မဟာအမှားကြီးတစ်ခုအဖြစ် ဆုံးဖြတ်ချက် အကြီးအကျယ် မှားခဲ့တာကတော့ ညီမရဲ့ အစ်ကိုကိုမှ ရွေးချယ်လက်ထပ်မိခဲ့တာပါပဲကွယ်"

"သူ ... သူက အမှန်မှာ ... ကိုငြိမ်းချမ်းကိုသာ ..."

"ဟုတ်တယ် ညီမ ... သူဟာ ကိုငြိမ်းချမ်းကိုသာ ချစ်ခင်နှစ်လိုနေတယ် ဆိုတာကို ဘေးကနေ အစ်မတို့နှစ်ယောက်တောင်မှ ရိပ်မိလိုက်ရက်နဲ့ ... သူ အဖြေ ပြန်ပေးလိုက်ပြီဆိုတော့ ကိုစောလွင် ဖြစ်နေတော့ အစ်မတို့တောင် 'ဟယ် ...'ခနဲ တအားဝမ်းနည်းသွားခဲ့ကြရတယ် ...

တကယ်တော့ အဲဒီကတည်းက ကိုစောလွင်နဲ့ ကိုငြိမ်းချမ်းနဲ့ ယှဉ်လိုက်ရင် ကိုငြိမ်းချမ်းကပဲ ဘယ်လိုမဆိုပိုသာနေတော့ ... ပိုသာလို့ ရွေးတယ်လို့ ဖြစ်မှာကိုလည်း သူက ကြဲဖန်ပူပင်တယ် ... ပြီးတော့ ... အတူတူချင်းယှဉ်ရင် နည်းနည်းပိုနိမ့်သလို ဖြစ်နေတဲ့ ကိုစောလွင်ကိုကျ



တော့ သူက သနားတယ် ... သနားတာဟာ အချစ်မဟုတ်ဘူးနော်လို့ အစ်မတို့ အတုန်တန် ပြောခဲ့ကြပါတယ် ... ဒါပေမဲ့ ကိုယ်ကြိုက်တာကို ကိုယ်ကိုယ်တိုင်လည်း သိပါရက်နဲ့ ကောင်းပါ့မလား ... သင့်ပါ့မလားနဲ့ ... တွေဝေမပြတ်သားပြီး ... သူ အဖြေပြန်ပေးလိုက်မိတာကတော့ ကိုစောလွင်ပဲ ဖြစ်နေတယ် ..."

"အဲဒီနောက်မှာတော့ သူမှားသွားပြီ ဆိုတာကို သူသိသွားတဲ့အခါ ... အစ်မတို့ ပြောကြသလို ဟန်ဆောင်နေတော့မှာပဲနော် ..."

"ဟုတ်တယ် ... လက်မထပ် ဖြစ်ကြသေးခင်မှာတင် ... 'ကျွန်မ မှားသွားလို့ပါ'... လို့ မျက်နှာပြောင်တိုက်ပြီး ပြန်ပြင်ဖို့အထိတောင် အစ်မတို့က တိုက်တွန်းမိကြပါသေးတယ် ... ဒါပေမဲ့ မြန်မာမိန်းကလေးပီပီ တစ်မျက်နှာက နှစ်မျက်နှာ မပြောင်းချင်တဲ့စိတ်နဲ့ သူက အမှားမပြင်ဘဲ... ဟန်ဆောင်တယ် ... ဒါပေမဲ့ ကိုစောလွင် အပေါ်မှာ သစ္စာရှိရှိနဲ့ မယားဝတ္တရားအပြည့် ကျေပွန်ခဲ့တာကတော့ ဟန်ဆောင်မှု မပါပါဘူး ညီမရယ် ..."

"ဒါကိုတော့ ထက်ဆင့် ယုံကြည်ပါတယ် ..."

"ဘာတွေဟန်ဆောင်သလဲဆိုတော့ သူရလိုက်တဲ့ အခြေအနေက ကောင်းတယ် ... ကောင်းတယ်လို့ သူ့ဖာသာ သတ်မှတ် မာန်တင်းတယ် ... တကယ်ပဲ ကောင်းနေခဲ့ရင်တော့

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်အခြေအနေဟာ ခုလောက်ကြီး ဆိုးသွားစရာ အကြောင်းရှိမယ် မထင်ပါဘူး ... ဒါပေမဲ့ ကိုစောလွင် ခမျာ မှာကလည်း ကံကဆက်တိုက်ဆိုးသလို မကောင်းလေတော့ ... စီးပွားရေးတွေ ဘာတွေကကျ ... နောက်ဆုံး ကုမရနိုင်တဲ့ ဝဋ်နာကံနာကြီးနဲ့ သေနေ့စောင့်နေရတဲ့အထိဖြစ် ...

အဲ ... ဒါပေမဲ့ တစ်ဖက်ကိုကျတော့ သူ မရွေး လိုက်မိတာ မကောင်းလို့ဆိုတဲ့ အတွေးနဲ့ ဇွတ်မာန်တင်း တယ် ... သူ့ကိုယ်သူ ဟန်ပြန်ဆောင်ရင်း ဆောင်ရင်းနဲ့ပဲ သူ့စိတ်ထဲမှာ ကိုငြိမ်းချမ်းကိုပဲ လူဆိုးကြီးလုံးလုံးလို သတ် မှတ်ယုံကြည်လာတယ် ... ကိုစောလွင်က ကံဆက်တိုက် ဆိုးနေချိန်မှာ ကိုငြိမ်းချမ်းကတော့ လုပ်သမျှ အောင်မြင် ပြီး ပိုတက်နေတာကိုး ... အဲဒီလိုဖြစ်လေ ... သူ့စိတ်ထဲ မှာ အဲဒီလူဆိုးကြီး တစ်ယောက်ကို ပိုပိုမုန်းတီးလာသလို ဖြစ်လေ ...”

အဲဒါကြောင့်ပဲ ယောက်မဟာ ကိုငြိမ်းချမ်းကို “ဝိသမ”လို့ နာမည်ပေးကာ ဘာလုပ်လုပ် အကောင်းမထင်တော့ တာမျိုး၊ ကိုငြိမ်းချမ်းဟာ ကိုစောလွင်ရဲ့ ပျက်စီးရာ ပျက်စီးကြောင်း ကိုပဲ လိုက်လုပ်နေတော့သလိုမျိုး ထင်မြင်ယုံကြည်လာတော့တာ ကိုး ...။ ကိုငြိမ်းချမ်းဘက်က အမှားတွေကတော့ ဘာလုပ်လုပ် အောင်မြင်နေတဲ့ အချိန်ဆိုတော့ လေသံက မြင့်လိုက်မိတာမျိုး ... ကရုဏာဒေါသောနဲ့ ပြောသည်ပဲ ဖြစ်ပါစေ ... နိမ့်နေတဲ့သူနဲ့



မြင့်နေတဲ့သူတို့ရဲ့ ကြားမှာ မပြောသင့် မသုံးသင့်တဲ့ စကားလုံး အပြုအမူမျိုးကို ပြောမိလုပ်မိတာမျိုး ...။ ဒါမျိုးတွေ ရှိခဲ့မည်။ အဲဒီမှာတင် ယောက်မရဲ့ စိတ်တွေက ပိုမိုဆိုးလို့သာ လာတော့ မှာပေါ့လေ။

“သူ့အတွက် တစ်သက်လုံး ယူကျုံးမရ ဖြစ်ကျန်ခဲ့ရတာက တော့ ကိုစောလွင်ဟာ သူ့မိန်းမအကြောင်းကို တစ်ချိန်လုံး ရိပ်မိနေခဲ့တယ်တဲ့ ... သူဆုံးခါနီး တစ်ရက် နှစ်ရက်ကမှ နှင်းနှင်းကို အဲဒါတွေ အကုန်ဖွင့်ပြောပြသွားခဲ့ပြီး ... စိတ် ကိုပြင်ယူတော့ဖို့လည်း ဆုံးမတယ် ... ခွင့်လွှတ်ပါတယ် ... လို့လည်း ပြောတယ် ... ပြီးကျတော့ သူ မရှိတော့ချိန်မှာ ကိုငြိမ်းချမ်းဘက်ကသာ အကယ်၍ ဆက်လက်လိုလား နေဦးမယ်ဆိုရင် ... ထက်ထက်ဆင့်တို့ကိစ္စပြီးရင် စီစဉ်ချင် စီစဉ်ပါလို့လည်း ခွင့်ပြုသွားခဲ့တယ် ... အဲဒီလောက် စိတ် နှလုံးကောင်း ပြသွားနိုင်တာကိုပဲ နှင်းနှင်းမှာ Guilty ဖြစ် (အပြစ်မကင်းသလို ခံစားရ)ပြီး ယူကျုံးမရ ဖြစ်ကျန်ရစ်ရ တာလေ ...”

ထက်ထက်ဆင့်မှာ ထိုအစ်မကြီးရဲ့ စကားအပြီးမှာ စက္ကန့်ပင်မဆိုင်း ချက်ချင်းဆိုသလိုပင် ...

“ထက်ဆင့်က အငယ်ဆိုတော့ ပြောရတာတော့ တစ်မျိုး ကြီးပဲ ... ဒါပေမဲ့ ထက်ဆင့်လည်း ခွင့်ပြုပါတယ် ... အဲဒါကို မမနှင်းကို ပြောပြပေးပါ ... အစ်ကိုအသေမှာလည်း

www.burmeseclassic.com



တာဝန်ကျေခဲ့တဲ့အတွက် ဘာမှ Guiltyဖြစ်နေစရာ မလိုပါဘူး ဆိုတာကိုပါ ထည့်ပြောပေးပါ … အမေနဲ့ အမေက လည်း ဒီသတင်းကိုသာ သိရင် ခွင့်ပြုနိုင်ကြမှာပါပဲ … သူတို့ကလည်း နားလည်တတ်ပါတယ် …”

“ညီမတို့ မိသားစုတစ်စုလုံး စိတ်နှလုံးကောင်း ရှိကြတာ အစ်မတို့ သိပါတယ် … ဒါပေမဲ့ အဲဒီကိစ္စကြီးကတော့ လွယ်ချင်မှ လွယ်မယ် … ဖြစ်မလာဖို့ များပါတယ် … ကိုငြိမ်းချမ်း ဘက်ကိုတော့ အစ်မတို့က မသိဘူး … မမှန်းနိုင်ဘူးပေါ့နော် … ဒါပေမဲ့ သူ့ဘက်ကလည်း ခုထိလိုလားနှစ်သက်နေတုန်းပါ ဆိုရင်တောင်မှ သူ့အပေါ်မှာ နေရင်းထိုင်ရင်း အဆိုးသတ်မှတ် နာကြည်းနေခဲ့တဲ့ နှင်းနှင်းရဲ့ အရိုးစွဲ အထင်အမြင်တွေက တော်ရုံနဲ့ ဖျောက်လို့ရနိုင်မယ် မထင်ဘူး …”

“ဒါပေမဲ့ ငါ ထင်တယ် … မနေ့ကပဲ ပြောတယ်လေ … သူ့ကိုယ်သူ တစ်နေ့ တစ်နေ့ ကံငါးပါးမှ လုံရဲ့လား … မယားဝတ္တရားငါးပါးနဲ့ ပြည့်စုံရဲ့လား ဆိုတာ အမြဲသံသယ ဖြစ်ပြီး စိတ်အနှောင့်အယှက် အမြဲဖြစ်နေခဲ့ရတယ်တဲ့ … အဲဒီလို ဖြစ်နေပုံထောက်ရင် … သေချာတယ် … သူ ကိုငြိမ်းချမ်းကို ချစ်ကို ချစ်နေနိုင်သေးတယ် …

ယောက်မရဲ့ သူငယ်ချင်းက ပြောနေရင်းမှ ထက်ထက်ဆင့်ကို အားနာလာသလို စောင်းငဲ့ကာ ကြည့်ပါသည်။





ထက်ထက်ဆင့်မှာ သူ အနေရမခက်ရလေအောင် … “ဟုတ်နိုင်တယ်နော် အစ်မ …”ဟု စကားဝင် ထောက်ပေးလိုက်ရပါသည်။

“တို့တွေ ဒါတွေကို ဆွေးနွေးရတာ အင်မတန်မှတော့ စောနေတယ်ဟယ် … ရက်လည်ပြီးတာမှ နှစ်ရက်ရှိသေးတာဆိုတော့ … ဒါပေမဲ့လည်း ညီမလေးတို့ အနေနဲ့က သူ့လည်း ဆေးကုရဦးမှာ … ရှေ့လျှောက် နေထိုင်လှုပ်ရှားနေရဦးမှာတွေနဲ့ဆိုရင် စောစောသိထားလေ ကောင်းလေပဲ မဟုတ်လား …”

“ဟုတ်ပါတယ် အစ်မရယ် … ကျေးဇူးတင်ပါတယ် …”

မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို အင်မတန်မှ ချစ်မြတ်နိုးနေပါရက်နဲ့ … သနားရုံ သနားမိတဲ့ နောက်ထပ် ယောကျ်ားတစ်ယောက်ကိုပဲ ရွေးချယ်လိုက်မိတဲ့ “အံ့ဖွယ်သုတ”တွေလည်း ဤလောကကြီးထဲမှာ ရှိနေခဲ့တာကိုး နော် …။ ပိုသာလို့ ရွေးတာလို့ ဖြစ်မှာစိုးတဲ့ ကြံဖန်ပူပန်တတ်စိတ်ဟာ ချစ်တဲ့စိတ်ကိုတောင်မှ ဖုံးလွှမ်းပစ်လိုက်နိုင်သတဲ့ …။

“အချစ်”ဆိုသော ဤအရာဟာ တစ်ခါတစ်ရံကျတော့လည်း သူ နဲ့ပတ်သက်နေရတဲ့ လူသားတချို့ရဲ့ ဘဝတွေကို ပြောင်းပြန် လှန်ပစ်လိုက်နိုင်တဲ့အထိ ကမောက်ကမလည်း ဖြစ်စေနိုင်တတ်ပါတယ် …။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ရဲ့ အကြောင်းကို အံ့ဖွယ်သုတ သိရှိလာရတဲ့အခါ ... ယောကျ်ားတွေမှာလည်း အဲဒီလို အံ့ဖွယ်သုတ ဖြစ်လောက်စရာတွေ ရှိများရှိနိုင်နေလေမလား ... လို့ တွေးကြည့်ဖို့ကို သတိရလာခဲ့မိပါသည်။ အထူးသဖြင့်ကတော့ ... အကြောင်းရင်း သေချာမပြနိုင်ဘဲ ဖြတ်တောက်ပစ်ခဲ့တဲ့ သူ့ချစ်သူကောင်မလေးကို ... သူ့အစ်ကိုအရင်းနဲ့မှ ပြန်သဘောတူ စိမ်းနေချင်ပြန်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အကြောင်း ...။

မိန်းမတစ်ယောက်ဟာ ချစ်သူကို ယခုတိုင် ချစ်နေပါရက်နဲ့ ဖွတ်မိုတ်ပြီး သနားရုံသနားတဲ့ ယောကျ်ားတစ်ယောက်ကိုတောင် လက်ထပ်ယူနိုင်ခဲ့သေးရင် ...။ ယောကျ်ားတစ်ယောက်ဟာလည်း ချစ်သူမိန်းကလေးကို ယခုတိုင် ချစ်နေပါရက်နဲ့ နောက်တစ်ယောက်ရဲ့လက်ထဲ ဖွတ်မိုတ်ပြီး အပ်နှံဖို့ ကြံနေတော့တာမျိုးဟာ ... "မဖြစ်နိုင်ပါဘူး"လို့ အတိအကျကြီး ငြင်းပယ်ဝံ့တဲ့သူ ရှိရင် ... ထက်ထက်ဆင့်နဲ့ စကားလာပြိုင်ပြောကြနိုင်ပါတယ် ...။

တင်မောင်ဦး၊ ဝင်းကျော်၊ သော်ဇင် ...။

ဒီသုံးယောက်ထဲမှာ တင်မောင်ဦးဟာ ထက်ထက်ဆင့်တို့ ဆယ်တန်းရောက်မှ ဖိုးဂျွန်က ခေါ်လာ မိတ်ဆက်ပေး





လို့ သိခဲ့ရတဲ့ သူငယ်ချင်း ...။ ဒီတော့ကာ ဘယ်လိုမဆို သူ့သူငယ်ချင်း ဖိုးဂျွန်ဘက်ပဲ ပိုပါမှာဆိုတာဟာ သေချာလှသလို ... ဇိတ်ဓာတ်ရေးရာအရလည်း သော်ဇင်တို့ ဝင်းကျော်တို့ထက် ပိုခိုင်မာသလိုလို ရှိတာမို့ ... နှုတ်လည်း ပိုလုံနိုင်လောက်မည့် သတ္တဝါပဲ ...။

ထက်ထက်ဆင့်က နိုင်ကွက် ဒေါ်ပုလဲကြီး တစ်ယောက်လုံး ခိုင်ခိုင်မာမာရှိသော သော်ဇင့်ကို အစကနဦး ဗျူးကြည့်ဖို့အတွက် ရွေးချယ်လိုက်ပါသည်။

"ဒီမှာ သော်ဇင် ... နင် ... နင့်ပုလဲကို ဘယ်လိုအခြေအနေအချိန်အခါမျိုးမှာ ချစ်သူအဖြစ်က စွန့်ခွာပစ်ချင်မလဲ ..."

"ဟာ ... ဘာတွေ လာမေးနေတာလဲ"

နံဘေးမှာလည်း ဒေါ်ပုလဲကြီး တစ်ယောက်လုံးက ငုတ်တုတ်ဆိုသောအခါ ... သော်ဇင့် ခမျာ အတော်အကျပ်အတည်းတွေ့ရပုံ ပေါ်ပါသည်။

"ကဲ ... ဖြေလေဟာ ... ဥပမာဟယ် ... ပုလဲက အက်ဆီးဒန့် (Accident)တွေ ဘာတွေဖြစ်လို့ ကျိုးကန်းသွားမယ် ..."

"ဟာ ... ဖွဟဲ့ ... ဘာလို့ ဖြစ်ရမှာလဲ ..."

"ဥပမာ ပြောတာ ... သိပ်ပိုမနေနဲ့ ... ဖြေ ... အဲဒီလိုဆိုရင် ဖြတ်မလား"

"မဖြတ်ပါဘူး ... ငါက တစ်ကိုယ်ကောင်းသမား မဟုတ်ဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"ပြီးရော ... ဒါဖြင့် နူပြီး တစ်ဆစ်စီ ပြတ်ကျကုန်ပြီဆိုရင် ကော"

သော်ဇင် နည်းနည်းတော့ တွန့်သွားပုံ ပေါ်သေး... အဲဒီလို တကယ်နူသွားဖို့က တော်ရုံနဲ့တော့ ဖြစ်လာနိုင်မှာ မဟုတ်ဘဲ ... ဘေးနားက ရန်စွယ်ကြီးကသာ အခုလောလောဆယ်မှာ အတော်လေး ကြီးနေတာမို့ ...

"မဖြစ်ဘူး ... ဒါပေမဲ့ အဲဒီလို ပြတ်ကျကုန်တဲ့အခါ လည်း မစောင့်ပါဘူး ... တီဗီမှာ အနာကြီးရောဂါအတွက် ဇာတ်လမ်းပြတာ မမြင်ဘူးလား ... "ဆေးပေါင်း"ဆိုတာ အလွန် အစွမ်းထက်သတဲ့ ... နည်းနည်းလေး နီလာတာနဲ့ ဖမ်းပြီး ဆေးပေါင်းတိုက်ပစ်လိုက်မယ် ... ဟဲ ဟဲ ဟဲ ..."

ပုလဲက "အောင်မာ"ဆိုပြီး လက်တစ်ဖက် မြှောက် တက်လာပါသည်။ သူတို့အချင်းချင်း ရိုက်ပုတ်ဖမ်းချုပ် ကလူကျီ စယ်နေကြရင် ကိုယ့်လိုရင်းက ပျောက်တော့မှာမို့ ပုလဲရဲ့ လက် ကို ထက်ထက်ဆင့်ကသာ ရိုက်ချလိုက်ရပြီး ...

"နောက်တစ်ယောက် အသစ်ရှာတယ် ဆိုရင်ကော ..."

"ပုလဲ စိတ်မဆိုးနဲ့နော် ... အဲဒီလိုဆိုရင်တော့ ငါက သိ... ခွင့်လွှတ်နိုင်မယ် မထင်ဘူး ... ဒါပေမဲ့ ... ဒါပေမဲ့ နော် ... ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ တိကျတဲ့ သတင်းတော့ ဖြစ်ရမယ် ... အထင်တို့ အကြားတို့နဲ့တော့ ရမ်းသန်း မဆုံးဖြတ်ဘူး ..."



"အမှတ်တွေက နေရင်းထိုင်ရင်း တက်နေရပြန်ပြီ ... ဒါဖြင့် ပုလဲတို့ မိသားစုကြီး ရုတ်တရက် ဆင်းရဲသွားပြီး ခွက်လက်ဆွဲရပါပြီ ဆိုရင်ကော ..."

ပုလဲက ထက်ဆင့်ကို လာဆိတ်ပြီး ... သော်ဇင်က တော့ ရင်ဘတ်ကလေးကိုပင် ခပ်ကော့ကော့နှင့် ... "ငါယောကျ်ား ပါဟ"ဟု ဝင့်ကြွားစွာ ပြောလေသည်။

"ကောင်းပြီ ... ဒါဖြင့် မိန်းကလေးဘက်ကတော့ အကြောင်း အရာ စုံသလောက်ရှိပြီ ... နင်တို့ဘက်ကကော ဘယ်လို အခြေအနေ အချိန်အခါမျိုး ... ဘယ်လိုပြောင်းလဲချက်မျိုး တွေ ရှိနေရင် ပုလဲကို ဖြတ်ပစ်ချင်မလဲ ..."

သော်ဇင်က ထက်ထက်ဆင့်ကို ပေစောင်းစောင်း နှင့် ကြည့်လာပါသည်။ ပထမပိုင်းတုန်းကတော့ ပုလဲနဲ့ နှစ်ယောက် တိုင်ပင်ပြီး သူ့ကို နေရင်း ထိုင်ရင်း လာကျပ်နေသည်ပဲ ထင် ထားခဲ့ရာက ခုမှ ဘာကိုဆိုလိုချင်လို့လဲ ဆိုတာ ရေးတေးတေးမျှ သဘောပေါက်သွားပုံရသည်။

"ငါ့အိမ်က သဘောမတူပါဘူး ဆိုရင်တောင် ငါမဖြတ် ဘူး ... စိတ်ကုန်လို့ အသစ်တွေ့လို့ ဆိုတာမျိုးလည်း ဘယ်တော့မှ ဖြစ်လာနိုင်မှာ မဟုတ်တဲ့အတွက် အဲဒါတွေ အတွက်လည်း ဖြတ်စရာအကြောင်း ရှိလာမှာ မဟုတ်ဘူး ... ဒါပေမဲ့ တစ်ခုတော့ရှိတယ် ထက်ထက်ဆင့် ... ငါကြောင့် ပုလဲပါ တစ်ခုခု ဒုက္ခရောက်ရတော့မယ်ဆိုတဲ့ အခြေအနေမျိုး

www.burmeseclassic.com



ရှိလာပြီ ဆိုရင်တော့ ငါ သူ့ကို ဖြတ်ချင် ဖြတ်မိလိမ့်မယ် ..."

"အေး ... ဟုတ်လာပြီ ... ပုလဲကိုပါ ဒုက္ခရောက်နိုင်တဲ့ အခြေအနေ ဆိုတာတွေဟာ ဘာတွေ ဖြစ်နိုင်မလဲ ... ပြောပြစမ်းပါ ..."

"ဥပမာ ... ငါ့ကို လူဆိုးဂိုဏ်းကြီး တစ်ဂိုဏ်းက နောက်ယောင်ခံပြီး လိုက်သတ်နေပြီဆိုတဲ့ အခါမျိုး ..."

"ဟာ ... သွားစမ်းပါ ... ရုပ်ရှင်တွေထဲကဟာတွေ ..."

"ဘာပဲဖြစ်ဖြစ်လေ ... ဒါကလည်း အကြောင်းတစ်ချက်ပဲ ..."

"နောက်တစ်ချက် ပြောဦး ..."

"နောက်တစ်ချက်ကတော့ ငါဟာ မကြာခင်မှာ သေရတော့မယ်ဆိုရင်"

"ဘာလို့ သေရမှာလဲ ... ငယ်ငယ်လေးနဲ့ အကောင်းကြီး ရှိသေးတဲ့ဟာ ..."

"ဟာ ... နင်ကလည်း ... HIV, Hepatitis (B) (C), ကင်ဆာ ... Leukaemia ..."

"ကဲ ... ကဲ ... တော်ပါတော့ ... နောက်တစ်ချက် ပြောဦး"

"ငါ အကြောင်းတစ်စုံတစ်ရာနဲ့ ထောင်ကျတော့မယ်ဆိုရင် ဥပမာ ... ငါ အခုဝင်လိုက်တဲ့ အလုပ်မှာ ငွေကျပြီး ရှင်း



မရ ဖြစ်နေတာမျိုး ... သူများအမှုထဲမှာ ဓားစာခံရာလက်လွှဲ ကျဉ်းထဲကျပ်ထဲကျပြီး ကိုယ်ပဲ တရားခံဖြစ်တော့မှာမျိုး ... စိတ်လိုက်မာန်ပါနဲ့ လူသတ်လိုက်မိတာမျိုး ..."

"အေး ... စိတ်ဝင်စားဖို့ ကောင်းတယ်နော် ..."

"ဪ ... ရှင်က ခုမှ စိတ်ဝင်စားရုံ ရှိသေးလား ... ကျုပ်မှာဖြင့် ကြားနေရတာနဲ့တင် အသက်က ထွက်ချင်လာပြီ ... စိတ်ဆင်းရဲရလွန်းလို့ပါ"

ထက်ဆင့်က အကဲလာဝင်ပိုနေသည့် မိန်းမကို မျက်တောင်းတစ်ချက်ထိုးလိုက်ရင်းက သော်ဇင့်ကို မျက်လုံးထဲအထိ စိုက်စိုက်ကြီး ကြည့်ပစ်ရင်း ...

"နင့်မှာ အကြောင်းပြချက် ကုန်ပြီလား ..."

"ကုန်သလောက်ရှိပြီ ..."

"ဒါဖြင့် မိုးကဋ္ဌုန်ဟာ နင့်အကြောင်းပြချက်တွေထဲက ဘယ်တစ်ချက်နဲ့များ ငြိနေသလဲ ..."

"ဟာ ... လာပြီဟာ ... ငါ တကယ်မသိတာပါ ထက်ထက်ဆင့်ရာ ... သိရင် ခုလောက်ရှိ ပြောလိုက်မိပါပြီ ... ပုလဲက နေ့တိုင်း နှိုက်ထုတ်နေတဲ့ဟာ"

"အတိအကျ မသိရင် ထင်တာကိုပဲပြော ..."

"ဘယ်လိုလုပ် ထင်တတ်ပါ့မလဲဟ ..."

"နင့်အတွက်နဲ့ ပုလဲပါ ဒုက္ခရောက်သွားနိုင်တဲ့အချက်ကို သုံးချက်ပဲ နင် ပြောခဲ့တာလေ ... အဲဒီ သုံးချက်မှာမှ ...

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးဂိုဏ်းကြီးက နောက်ယောင်ခံလိုက်နေလို့ ဆိုတာမျိုးက တော့ ငါတို့ တိုင်းပြည်အခြေအနေနဲ့ လုံးဝဥဿုံ ဆက်စပ်မှု မရှိနိုင်ဘူး မဟုတ်လား ...”

“ထက်ထက်ဆင့်ရာ နှစ်ခုတည်း ကျန်တော့တာပဲဟာ ... ငါ တကယ်ကို မသိတာပါ ... အဖြေကို တိုက်ရိုက် မပြောဘဲ သွယ်ဝိုက် ပြောပြနေတာလည်း မဟုတ်ပါ ဘူး ...”

“ဒီမှာ သူ ခုတလောအတွင်း ဆေးခန်းတွေ ဆေးရုံတွေ သွားတာမျိုး ကြားမိသလား ...”

“ကြားမိတယ် ... အဲဒီလိုသွားရင်းနဲ့ နှင့်အစ်ကိုအကြောင်း သူ သိလာတာလေ ...”

“အစ်ကို့အကြောင်းကို သိလို့သွားတာ မဟုတ်ဘူးနော် ... သွားရင်းနဲ့သာ သိလာတာ မဟုတ်လား ...”

“ဟုတ်တယ်လေ ...”

“ဒါဖြင့် ဘာကိစ္စနဲ့ အဲဒီကို သွားရတာတဲ့လဲ ...”

“ဒါတော့ ဘယ်သိပါ့မလဲဟ ... အဲ ... နေဦး ... အဲဒီ တလောအတွင်းကတော့ သူ့သင်တန်းက ဆရာတစ်ယောက်ရဲ့ မိန်းမ ကလေးမွေးတယ်ကြားတာပဲ ... အဲဒါကို သတင်းသွားမေးတာ ဖြစ်ချင်ဖြစ်မှာပေါ့ ...”

“ကျွတ် ... ဒါဖြင့် အဲဒီအရင်ကနဲ့ ဒီနောက်မှာရော ဆေးခန်းသွားတာမျိုး ...”



“ငါ ဘယ်သိပါ့မလဲ ထက်ထက်ဆင့်ရာ ... ဘာလဲ ... နှင်က ချမ်းကို ရောဂါတစ်ခုခု မဖြစ်မနေကို ရှိရတော့မယ် ဆိုတဲ့ သဘောလား ...”

“တော်ပြီဟာ ...”

“အေး ... တော်တာပဲ ကောင်းပါတယ် ... ဒါပေမဲ့ ငါ ပြောမယ် ... တင်မောင်ဦးကိုသာ မရရအောင် ကပ်သာမေး ... ဒီကောင် တစ်ခုခုတော့ သိတယ် ... အဲဒါ အသေချာဆုံးပဲ ...”

ထိုတင်မောင်ဦးဟာ ကိုစောလွင် ဆုံးပါးစဉ်က တစ်ရက်တလေလေးမျှတောင် ပေါ်လို့မလာခဲ့တာမို့ ထက်ထက်ဆင့်က စိတ်ထဲမှာ အဲဒါကိုပဲ တေးမှတ်ထားခဲ့တာမျိုး ရှိနေသူဖြစ်ပါသည်။ ဖြစ်နိုင်ရင်တော့ သွားကို မမေးချင် ...။ အသုဘလိုကိစ္စမျိုးမှာ ပေါ်မလာခဲ့ခြင်းဟာ လူမှုရေးအသိစိတ်ဓာတ် ခေါင်းပါးလွန်းလို့ဆိုတာထက် ... အဲဒီ“အသုဘရှင်”ဆိုတဲ့ အခွင့်ကောင်းတစ်ခုကို လက်ကိုင်ထားပြီး သူ့ဆီက သတင်းအစ်လာခဲ့ရင် လူမှုရေးအရ လိမ်လို့ ညာလို့လည်း မကောင်းတာတ်ချိန်မို့ ... အမှန်အတိုင်း မဖြေချင်တိုင်း မျက်နှာချင်းကို လာမဆိုင်တော့တာ ... ဟု ထက်ထက်ဆင့်က ယုံကြည်ထားမိသည်လေ ...။

www.burmeseclassic.com



"သော်ဇင်က ပြောတော့ ရောဂါတစ်ခုခု ရှိနေတယ် ထင်တယ် ... တဲ့"

ဝင်းကျော်ရဲ့ မျက်နှာမှာ ကွက်ခနဲ ပျက်သွားသလိုလို ထက်ထက်ဆင့် စိတ်ထဲ ထင်လိုက်မိသည်။

"ဟာ ... ဟုတ်လို့လား ... အဲဒီလို ပြောပါ့မလား ..."

"အမယ် ... ငါကပဲ လိမ်ပြောနေဦးမှာလား ..."

"ဒါပေမဲ့ နင့်ရုပ်ကြည့်ရတာ လိမ်နေသလိုပဲ ..."

ထက်ထက်ဆင့်က ကိုယ့်မျက်နှာထားကို အရိုးခံပုံစံလေးသို့ အချိန်မီ ပြန်လည်ပြီး ပြုပြင်လိုက်ပါသည်။ လိမ်နေမကျဘူးတော့ ဘယ်ဟုတ်ပါ့မလဲ ... လူတိုင်း လူတိုင်း မည်သူမဆိုဟာ မုသာဝါဒနှင့် ကင်းနိုင်ကြတာမှတ်လို့။ ဒါပေမဲ့ ဒီတစ်ခါ လိမ်ရတာကကျတော့ လုံးဝကြီး မပြောတာတစ်ခုကို 'ပြောတယ်'ဟု ပြောရခြင်းမျိုးမို့ ... အနည်းငယ် လျှာယားလှသည်။

"ငါက ဘာလိမ်နေစရာရှိသလဲ ဝင်းကျော်ရယ် ..."

"နင်က ငါတို့ဆီက စကားအစ်ချင်နေတယ်လေ ..."

"ဒါဖြင့် ချေမ်းမှာ ရောဂါတစ်ခုခု ရှိနေတာမျိုးတော့ မဟုတ်ဘူးပေါ့ ..."





"မဟုတ်လောက်ပါဘူး ..."ဟု ပြန်ပြောလိုက်သော ဝင်းကျော်ရဲ့ ရုပ်မှာ 'သိပ်ကြီး မပီရိလှဘူး'ဟု ကိုယ့်ဘာသာ ထင်လိုက်မိလျှင် ထက်ထက်ဆင့် ရင်ထဲ ဒိန်းခနဲ ဖြစ်သွားရပါသည်။ 'သော်ဇင် မသိလောက်ဘူး'ဆိုတာကို ပုလဲက ယုံကြည်ပေမဲ့ ထက်ထက်ဆင့်က မယုံပေ ...။ ဒါကြောင့်မို့ သူ့ရဲ့ အကြောင်းပြချက်တွေဟာ ... "မပြောလိုက်ပါဘူး"ဟု ငြင်းဆိုနိုင်ရုံ ... အာပတ်လွတ်ရုံ ရည်ရွယ်၍ တစ်ဖက်လှည့်နှင့် ပြောလိုက်တာမျိုးတွေများလားဟုသာ ထင်မိသည်။

'လူဆိုးဂိုဏ်းကြီး လိုက်နေတာ'နှင့် 'ထောင်ကျတော့မှာ'ဆိုတာမျိုးတွေကတော့ ဖိုးဂျွန်ခေါ် ဤတနင်္ဂနွေသားနှင့် ဘယ်လိုမှ မပတ်သက်လောက်သောအခါ ... ထက်ထက်ဆင့်ရဲ့ ရင်ထဲမှာ စွဲမြဲအမြစ်တွယ်သွားရတာကတော့ "သူ ရောဂါတစ်ခုခုများ ခြေခြေမြစ်မြစ် ခိုင်ခိုင်မာမာကြီး ရှိနေသလား"ဆိုတာကိုပါပဲ။ သူကိုယ်တိုင်ကိုက "သူ့မှာကုသလို့မရလောက်တဲ့ ရောဂါအဆောက်အဦတစ်ခု ခိုင်ခိုင်မာမာ ရှိနေလို့ပါ"လို့ ပုလဲတို့သုံးယောက်ကို ဖွင့်ပြောပြခဲ့ဖူးသည်လေ ...။

အဲသည်တုန်းကတော့ ကိုစောလွင်ရဲ့ ကိစ္စကို သံယောင်လိုက်ပြီး ဖြီးဖြန်းပြီပဲ ထင်မိတာပေါ့ ...။ ခုကျမှ သေချာပြန်စဉ်းစားတော့ ဟုတ်မယ်ဆိုရင် ဟုတ်လောက်စရာ အခြေအနေရှိသည်ဟု စိတ်ထဲမှာ (အကြောင်းပြချက်မဲ့) ထင်မြင်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အဲဒီ ရောဂါအတွက် ဆေးခန်းတွေ တစ်ခုပြီးတစ်ခု သွားနေရတယ် ဆိုတာကကော ..."

"ဟာ ... ဒီကောင် သော်ဇင်က အရှုးလား ... ဘာတွေ လျှောက်ပြောနေတာလဲ ..."

"ဒါဖြင့် သူ ဘာဖြစ်လို့ ခုထက်ထိ ဘုန်းကြီးမဝတ်ရသေးသလဲ ..."

"ဟ ... သုံးပတ်မှ မပြည့်သေးပဲ ... နင်တို့ချင်းက ပြန်တွေ့ရဦးမှာဆို ... ဘုန်းကြီးဝတ်ကြီးနဲ့ တွေ့လို့ကောင်းပါ့မလား ..."

"သုံးပတ်ပြည့်ဖို့ နှစ်ရက်ပဲ လိုတော့တယ် ..."

ထက်ထက်ဆင့်ရဲ့ လေသံက စိတ်လိုက်မာန်ပါနှင့် အင်မတန်မှ ထန်မာသွားသောအခါ ဝင်းကျော်ထံမှ သက်ပြင်းသံကြီးတစ်ချက် ထွက်လာလေသည်။

"ငါ ဘာမှ အကြောင်းမသိလိုက်ရဘဲ သုံးပတ်ပြည့် ... ဖြတ်ခနဲ ကွဲဆိုတာမျိုးကြီးတော့ ငါ လုံးဝ အဖြစ်မခံနိုင်ဘူး ဝင်းကျော် ... ငါ့ကို ဘာမှတ်နေလို့လဲ ... အဲဒီလို ဆိုလို့ကတော့ အဲဒီကောင်ကိုလည်း သတ်မယ် ... နင်တို့ကိုလည်း လိုက်ကိုသတ်ရမှ ..."

"အဲ ... နင့်ကိုယ်နင်နဲ့ ... ဟိုမိန်းမသုံးယောက်တို့ကိုကော ..."

"သူတို့တွေက ဘာဆိုင်လို့လဲ ... ငါကိုယ်ငါလည်း သတ်မသေရဲပါဘူး ..."



"ဟင်း ... သူတို့အလှည့်ကျတော့ သိတတ်လိုက်တာ ..."

"ကိုယ့်ကိုယ်ကိုယ် မသတ်ရဲပေမဲ့ နင့်တို့ကိုတော့ သတ်ရဲတယ်နော် ... နင် မယုံဘူးလား ..."

ဝင်းကျော်က စကားနည်းရန်စဲ ... "ယုံပြီးသားပါဟာ ..."ဟု ပြောလိုက်သည်။ အမှန်တကယ်ကတော့ လုံးလုံးမဖြစ်နိုင်မှန်း သိပြီးသားပါဝင် ...။

"သူ နိုင်ငံခြားသွားမဲ့ အလုပ်ကိစ္စ ဆိုတာကကော ... သုံးပတ်မပြည့်သေးလို့ပဲ တန့်ထားသလား ..."

"ဟာ ... အဲဒါကတော့ ပြီးသွားပြီ ... သူ လူတွေ့ကျတယ်လေ ..."

ဝင်းကျော်က ပြောပြီးပြီးချင်းပင် သူ့ပါးစပ်သူပိတ်လျက် ... "အဲ ... ပြောမိသွားပြီ ..."ဟု ယောင်ယမ်းအော်ဟစ်လိုက်သည်။ ထက်ထက်ဆင့်က အခြေအနေကို အလွတ်မပေးဘဲ ... ချက်ချင်းပင် ...

"လူတွေ့ကျတယ်ဆိုတာ ... ဆေးကျတာ မဟုတ်လား ..."

"တုတ္တုပဲ နေမှာပေါ့ဟ ... ဟာ ... ပြောမိပြန်ပြီ ..."

"ဒါဖြင့် အဲဒီလူတွေ့မှာ ဆေးအောင်ဖို့အတွက် ဘာတွေစစ်ရသလဲ ..."

"နင်ကလည်း အတင်းကြီးကို နင်းလိုက်နေတော့တာပဲ ... ငါက ဘုတ်အဖွဲ့ဝင်မှ မဟုတ်တဲ့တာ ... ဘယ်လိုလုပ် သိမှာလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း … ဖုံးကွယ်ဖို့ ကြိုးစားလိုက်ပြီ … ခုနကလေသံနဲ့ မတူတော့ဘူး …"

"မဟုတ်ရပါဘူးဟာ …"

"ဆေးစစ်ချက်ကျတယ် … အင်း … ဆေးစစ်ချက်ကျတယ်ဆိုတော့ …"

"ဟော့ … ဟော့ … အဲဒီလို ငါ လုံးဝ မပြောမိဘူးနော် … လူတွေ့ကျတယ်လို့ပဲ ပြောတာပါ …"

"အတူတူပဲဆို …"

"ထင်တာပြောတာပါဟာ နင်ကလည်း … ဟုတ်ရင်လည်း ဟုတ်မယ် … မဟုတ်ရင်လည်း မဟုတ်ဘူး …"

"ဟုတ်တယ်လို့ပဲ အရင်ထားလိုက်မယ် … ကဲ … လာ … နင် ငါနဲ့လိုက်ခဲ့ပေး … ငါတို့ တင်မောင်ဦးဆီ သွားကြမယ်"

"ဟာ … နင်ကလည်း … ငါက ဘာလိုက်လုပ်ရမှာလဲ … နင်နဲ့ တင်မောင်ဦးနဲ့လည်း လူခြင်းတွေချင်းပဲဟာ … ငါမပါလည်း ရပါတယ် … ဒါပေမဲ့ ငါက ဘာမှ မပြောလိုက်ဘဲနဲ့ ဟိုရောက်တော့မှ ငါက ပြောပါတယ်လို့ စကားတစ်မျိုးတော့ ဖြစ်မနေစေနဲ့ဦးနော် …"

"အဲဒါကို စိတ်မချရင် လိုက်ခဲ့ပေါ့ … ဟာ … ဘယ်လိုပဲ ဖြစ်ဖြစ် လိုက်ခဲ့စမ်းပါ … အဲဒီ တင်မောင်ဦးနဲ့ ငါနဲ့ အကြာမတည့်ပါဘူး … ငါက သူ့ကို သိပ်ကျေလည်လှတာ မဟုတ်ဘူး …"



"ဘာဖြစ်ကြပြန်လို့လဲ …"

"ကိုဇော်လွင် ကိစ္စကို သူ မလာဘူးလေ …"

"ဟာ … လာပါတယ် …"

"မလာပါဘူး … ငါနဲ့မှ မတွေ့ဘဲ … ငါနဲ့တွေ့ရင် သူသိထားတာတွေ ငါက အစ်မှာစိုးလို့ … အသုဘကိစ္စကြီးတစ်ခုမှာ လူမှုရေးအရ လိမ်လည်းလာလိမ်မနေချင်တော့လို့ မတွေ့ကြတာပဲ အကောင်းဆုံးဆိုပြီး ပေါ်မလာတာ …"

"လာပါတယ် ထက်ထက်ဆင့်ရယ် … ချတဲ့နေ့ကလည်း လိုက်ပို့တယ် … ညဘက်ကြီးတစ်ခါလည်း လာသေးတာပဲ၊ ငါနဲ့ အတူပဲဟာ ငါ သိတာပေါ့ … နင် ခဏ ဝင်အိပ်နေတယ်တဲ့ … အဲဒါကြောင့် မတွေ့လိုက်တာ …"

"ဒါဖြင့် ငါ မနိုးခင် ပြန်ပြေးတာက ဘာသဘောလဲ …"

"တစ်မျိုးအပြစ်ဖြစ်ရပြန်ပြီ … နင် ဘယ်တော့နိုးမယ် မနိုးဘူး ငါတို့က ဘယ်လိုလုပ်သိမှာလဲ … ညသိပ်နက်နေမှာစိုးလို့သာ ထပြန်ခဲ့ကြတာပဲ …"

"ဒါဖြင့်ရင်လည်း နင်ရော … သော်ဇင်ရော … ဟိုတနင်္ဂနွေ သွားပါ နေ့တိုင်း ရောက်လာကြရက် … သူ့ကျကာမှ တစ်ညလောက် လှစ်ခနဲ လေးပဲ ကြွလာရတာကကော … ဘာ့ကြောင့်လဲ …"

"နင်ကလည်းဟာ ဘာမဆို အပြစ်ဘက်ကချည်းပဲ တွေးနေတယ် … ဒီလိုပါဟာ … တင်မောင်ဦးက ဟိုဘလောလေးက

www.burmeseclassic.com



မှ ဆေးကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လိုက်တာ နင်လည်း သိလိုက်တယ် မဟုတ်လား ... အလုပ်ထဲမှာ လူသစ်ကလည်း ဖြစ်နေ ... အလုပ်ရှင် နိုင်ငံခြားသားကလည်း သူ့ဆေးပစ္စည်းတွေ Promotion ကိစ္စနဲ့ မြန်မာနိုင်ငံကို ရောက်လာတုန်း အချိန်နဲ့လည်း ကြုံနေတော့ ခွင့်ယူလို့လည်းမရ ... ညဘက်ဆိုလည်း အစည်းအဝေးတွေ ... ဒင်နာတွေ ဆက်နေတာ ညခုနစ်နာရီ ရှစ်နာရီက အစောဆုံးလောက်ပဲလေဟာ ... တကယ် အဆင်မပြေလို့ပါ ..."

"ငါ့ကို ရှောင်ချင်လို့ တမင်အကြောင်းပြတာ မဟုတ်ဘူးပေါ့ ..."

"မဟုတ်ပါဘူး ... ပြီးကျတော့ ဒီကောင့်စိတ်ဓာတ်ကလည်း နင့်ကို ပြောချင်ပြောမယ် ... ဖုံးချင်ဖုံးမယ် ... သူ့ဆုံးဖြတ်ချက်နဲ့သူ ပဲ ဖြစ်မှာပါ ... အသုဘရှင်ကို မလိမ်ရဘူးဆိုတဲ့ လူမှုရေးဥပဒေမျိုးတော့ ဒီကောင် မပြောနဲ့ ... ငါတောင် ဘယ်မှာမှ ... တစ်ခါမှ မကြားဖူးပါဘူး ..."

"အောင်မှာ ... ဒါဖြင့် အခု ပြောနေတာတွေဟာ နင် လိမ်နေတာ ..."

"မလိမ်ရပါဘူး ထက်ထက်ဆင့်ရယ် ... ဒီမှာ ကြည့်ဦးနော် ... လက်မောင်းမှာ ဆေးထိုးထားတာ ... ဒဏ်ရာတောင် အကင်းမသေချင်သေးဘူး ..."

"ဘာဆိုင်လဲ ..."



"ဆိုင်တာပေါ့ ... တင်မောင်ဦး ခမျာ တကယ် နိုင်ငံခြားသား ရောက်ပြီး တကယ် ဆေး Promotion လုပ်တာပါ ... သူ့ဆေးကုမ္ပဏီက ဆေးတွေက Promotion အချိန်မှာ ဈေးတန်လွန်းလို့ ... ငါတို့တောင် ဝယ်ပြီး ထိုးကြတာလေ"

"နင်တို့ အရွူးတွေလား ... ဈေးပေါတာနဲ့ပဲ ဆေးဝယ်ထိုးရတယ်လို့ ... နင်တို့ဟာက အလကားရရင် ရေတောင် အဝသောက်မယ်ဆိုတဲ့ လူထက်တောင် ဆိုးနေပြီ ..."

"ဒီလောက်တော့မ,အပါဘူး ထက်ထက်ဆင့်ရယ် ... ကာကွယ်ဆေးပါ ... အဲဒီ ကုမ္ပဏီက သွေးဖောက်စစ်ပေးတာနဲ့ ဆေးရောင်းတာကို တစ်ခါတည်း ဈေးပေါပေါနဲ့ လုပ်ပေးတာလေ ... သွေးအရင်စစ် ... ရောဂါမရှိဘူး ဆိုတာနဲ့ ဆေးဝယ်ထိုး ... ဒါတစ်ကြိမ်ပဲ ရှိသေးတာ ... နောက်ထပ် နှစ်ကြိမ်ထပ်ထိုးရဦးမယ် ... တစ်ခါတည်းဝယ်ပြီး အိမ်က ရေခဲသေတ္တာထဲမှာ သိမ်းထားရတယ် ..."

"ဘာဆေးလဲ ..."

"(B) ပိုးဆေး ... (B) ပိုး ကာကွယ်ဆေး ..."

"ကြည့်စမ်း ... နင်တို့ချည်း ကျိတ်လုပ်တယ် ... ငါ့ကို လေးယောက်ကျတော့ မပါရဘူး ..."

"Promotion Period က ဒီလကုန်အထိ ရှိဦးမှာပါ ... နင့်ကျတော့ ကိုစောလွင်ကိစ္စနဲ့ဆိုတော့ ငါတို့က မပြောချင်

www.burmeseclassic.com

www.burmeseclassic.com



တော့တာနဲ့ … ဟိုသုံးယောက်ကိုပါ ရှင်းရှင်းလင်းလင်း ဖြစ်မှပဲ ပြောတော့မယ်လို့ …”

“နင်တို့လေးယောက်လုံး ထိုးကြတယ်ပေါ့ …”

“ဟင့်အင်း … ငါနဲ့ တင်မောင်ဦး နှစ်ယောက်တည်းပဲ … သော်ဇင်က ဟိုးရှေးယခင်ကတည်းက ထိုးပြီးသားတဲ့ … ငါးနှစ်ပြည့်လို့ နောက်ဆုံးအကြိမ်အဖြစ် ထပ်ထိုးရမဲ့ အချိန်တောင် ရောက်ခါနီးနေပြီတဲ့ …”

“ဒါဖြင့် … ဟိုသတ္တဝါကကော ဘာဖြစ်လို့လဲ … အလကား … ကျန်းမာရေး ဗဟုသုတ မရှိတဲ့ စကြောက် …”

“ကျန်းမာရေးဗဟုသုတလည်း နည်းတဲ့ ပုံမရပါဘူးဟာ … ငါတို့ကို ထိုးကြ … ထိုးကြလို့ သူပဲ တိုက်တွန်းတာ … စကြောက်ဆိုတာကလည်း ဆေးထိုးတာပဲ ကြောက်စရာလား … ဒီအရွယ်ယောကျ်ားကြီးတွေ …”

“ဒါဖြင့် ဘာဖြစ်လို့ …”

“သူက ထိုးဖို့ မလိုတော့ဘူးတဲ့ …”

“ဘယ်တုန်းက ထိုးထားလို့လဲ … သူ့ အဲဒါမျိုး လုံးဝ မထိုးရသေးပါဘူး … ငါအသိဆုံးပဲ … ဒါဆို ဘာကိစ္စကြောင့် မထိုးရမှာလဲ … သွေးရောစစ်သလား …”

“မစစ်ဘူး … သွေးစစ်နဲ့ ဆေးထိုးက ဝမ်းဆက်တစ်ခါတည်း ပိုက်ဆံသွင်းပြီး လုပ်ရတာလေ … သွေးချည်းပဲစစ် … ဆေးချည်းပဲ ထိုး … ကွက်ပြီး မလုပ်ပေးဘူး …”



ထက်ထက်ဆင့်ရဲ့ မျက်မှောင်လေးမှာ ဘုမသိဘမသိ ဖြစ်ရပြန်သည့် အချက်တစ်ခုကြောင့် အတွန့်ချိုးကာ ခပ်ကုပ်ကုပ် …။ အဲဒီ တနင်္ဂနွေသားဟာ လုပ်လိုက်မှဖြင့် လိုက်မမီနားမလည်ချင်စရာ ချည်းပဲ …။ စိတ်ကုန်ဖို့ကောင်းလိုက်တာ …။ ဘာကိစ္စ ထိုးဖို့မလို ရမှာလဲ …။ သူက ရောဂါပြီးနေတာမို့လား …။ လိုလို မလိုလို ကာကွယ်ထားရင် အကောင်းဆုံးပဲဟာ ထိုးလိုက်ပါလား သူများနဲ့ အတူတူ …။ ကျွတ် …။ တစ်ခုခုဆိုရင် အများတန်းတူ မလုပ်ချင်ဘဲ … သင်းက ကပ်ဖဲ့ကို တိုက်ရမှ …။

“ပြီးရော … ပြီးရော … ဒါဖြင့် နင် နေ့ခဲ့ချင်လည်း နေခဲ့တော့ … ငါ တစ်ယောက်တည်းပဲ တင်မောင်ဦးဆီ သွားတော့မယ် … ခုလောက်ဆို သူ ရုံးက ပြန်ရောက်လောက်ပြီလား … စနေနေ့ သူတို့ ရုံးဖွင့်သလား …”

“ရောက်လောက်ပြီထင်တယ် … မုန့်ကြိုဆက်ပြီးမှ သွားချင် သွားပေါ့ … ငါ့ဆီက ဘာတွေ … ဘာတွေ သိလာရတယ်လို့ ငါ မပြောတဲ့ဟာတွေလည်း လျှောက်ပြောမနေနဲ့ဦးနော် … ဟာ … ရှုပ်ပါတယ် … နင်က သိပ်စိတ်ချရတာ မဟုတ်ဘူး … ငါဘာသာပဲ မုန့်ကြိုဆက်ထားလိုက်မယ် …”

လုပ်ချင်ရာလုပ်ပါဟယ် …။ ဒီမှာဖြင့် ဟိုတစ်ယောက် ဘာကိစ္စနဲ့ ဆေးမထိုးချင်ရသလဲဆိုတာကို နားလည်အောင် စဉ်းစားသော်လို့ မရရတဲ့ကြားတည်း …။

www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဦးထံ ရောက်တော့ တင်မောင်ဦးက "ကြာလိုက်တာ ... ဝင်းကျော် ဖုန်းလှမ်းဆက်ကတည်းက ချင်းရောက်လာမှာပဲထင်ပြီး ငါက ထိုင်စောင့်နေတာ ..."ဟု ပြောသည်။

"ငါ့ဝမ်းကွဲညီမတစ်ယောက်ဆီ ခဏဝင်နေလို့ ... သူ ဆေးကျောင်းသူလေ ... ငါ့စိတ်ထဲမှာ ဟိုတစ်ယော ဆေးမထိုးဘူးဆိုတဲ့ ကိစ္စဟာ ရှင်းကိုမရှင်းဘူး ... သူ တော့ ပြီးပြီးရော ဒီလိုပဲ ပေါ့ပေါ့လေး လုပ်လိုက်တာလည်း ဖြစ်ချင်ဖြစ်မယ် ... ငါကတော့ ဘာလဲလို့ သိချင်တာ ထ မရဘူး ... အသည်းယားတယ် ..."

"အဲဒါနဲ့ပဲ နင့်ကို ဖြတ်ရတဲ့အကြောင်းရင်းကနေ ဆေးမ ရတဲ့ အကြောင်းရင်းဆီ အာရုံရောက်သွားရော ဆို တော့ ..."

"ဟုတ်တယ် ... ငါ့ညီမက ပြောတယ်လေ ... မထိုးချင် မထိုးတာကပဲ တစ်အချက် အများဆုံးဖြစ်နိုင်တယ်တဲ့ ... တချို့က ကာကွယ်ဆေးဆိုတာ အယုံအကြည် မရှိကြဘူ တချို့က ဖျားမှာ ပြုမှာ ကြောက်ကြတယ်တဲ့ ... တချို့ ထိုးရကောင်းမှန်း မသိလို့ မထိုးတာ ... ဥပမာ ငါတို့ရ



မျိုး ... နင်တို့ ထိုးကြတယ်ဆိုမှ ... ဩ ... ဒီလိုထိုးလို့ ရပါလား ... ထိုးရင် ကောင်းပါလား ဆိုတာကို သိနိုင်ကြ တာလေ ...

သူ့ကျတော့ သိသိကြီးနဲ့ သူများကိုတောင် ထိုး ... ထိုး ... လို့ ပြောပြီး သူ့အလှည့်ကျမှ မထိုးတာ ... အယုံအကြည် မရှိလို့တို့ ... ဖျားမှာကြောက်လို့တို့က သိပ်မဖြစ်နိုင်တော့ဘူး ... ပြီးကျတော့ သူက ထိုးဖို့မလိုတော့ဘူးလို့လည်း ပြောသတဲ့ ..."

"နင်ကတော့ စကားအကျအနကို အတိအကျကို လိုက်ကောက်နေတော့တာပဲ ... နင်နဲ့ စကားပြောရင် သတိထား ပြောရမယ် ..."

"သတိထားပြောစရာ မလိုပါဘူး ... ဝင်းကျော်က ပြောလိုက်တယ် ... နင်က လုံချင်ရင် သိပ်လုံသတဲ့ ... ပြောချင်စိတ်ရှိရင်တော့ အားလုံးကို ဖွင့်ပြောချပစ်မဲ့ လူမျိုးတဲ့ ... အဲဒီတော့ ငါ့ကံပဲ ... အစွန်းနှစ်ဖက်မှာ တစ်စွန်းစွန်းနဲ့တော့ ငါနဲ့ ဆုံရမှာပဲ ... တွေးလာပြီးသား ..."

"ဟား ... ဒါဖြင့် နင့်ကံကြမ္မာက ဒီနေ့ ဘယ်လိုရှိသလဲ ..."

"စနေနေ့က ငါ့မွေးနေ့ဆိုတော့ Lucky day ပဲ ... အနီနဲ့ အနက်ကလည်း ငါ့ရဲ့ Lucky colour ... ငါ့လက်စွပ်က ကျတော့ တွေ့လား အဲဒါ 'ကြောင်'လို့ခေါ်တယ် ... ငါ့ရဲ့ Lucky Stone ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဘုရား ... ဘုရား ... ဘုရား ... တစ်ကိုယ်လုံး ကံကောင်းခြင်းတွေပဲ ဒီလောက်ဖိတ်ဖိတ်လက်နေရင် ငါ့ဝဲ ရွှံ့ရတော့မယ်ဆိုတဲ့ သဘောများလား ..."

"ဒါပေါ့ ..."

တင်မောင်ဦးက ထက်ထက်ဆင့်ကို ကရုဏာပြုံးတို့နှင့် စိုက်ကြည့်နေဖြစ်ပါသည်။ ချေမ်းထံမှ တစ်ဆင့် ... ချေမ်းကို ထက်ထက်ဆင့်က ဖြတ်ပစ်ရခြင်းအကြောင်းရင်းဆိုတာကို သိရပြီးတဲ့ အခါမှာ ... တင်မောင်ဦးရဲ့ ကရုဏာတို့က နဂိုမူလစိတ်ထား အခြေခံကို တဖြည်းဖြည်းတရွေ့ရွေ့နှင့် လှုပ်နှဲ့တိုက်စားလာသလို ဖြစ်လာသည်။

"သုံးပတ်ပြည့်တော့မှာမို့ပါ ..."တဲ့။ ဗြုန်းစားကြီးဆို သလို မျှော်လင့်မထားတဲ့ အနိစ္စသဘောတရားကြီးတစ်ခုနဲ့ ရင်ဆိုင် လိုက်ရတဲ့အခါမှာ သူတို့ရဲ့ သတ်မှတ်ချိန်ကာလကြီးဖြစ်တဲ့ သုံးပတ် ဆိုတာကြီးကိုပါ ဂရုမထားမိနိုင်တော့ဘဲ လျစ်လျူရှုပစ်ထားလိုက် ရတဲ့အခါ ... ရက်လည်ကိစ္စ ပြီးဆုံးတာနဲ့ ... ဒီသုံးပတ်ကြီးက အတော်ကြီးကို နီးကပ်လို့နေပြီ ...။

"သုံးပတ်ပြည့်ဖို့ နှစ်ရက်တည်း လိုတော့တယ်တဲ့ကွ ... ပြောလိုက်ပုံကလေးက တကယ်သနားစရာလေးပါ တင် မောင်ဦးရာ ... မင်း ငါတို့ထက် ပိုသိထားတာ နည်းနည်း ပါးပါးများ ထပ်ရှိသေးရင် ပြောပြလိုက်ပါတော့လား တင်မောင်ဦးရာ ...



မင်းနဲ့ ချေမ်းနဲ့ပူးပေါင်းပြီး ငါနဲ့သော်ဇင့်ကို နည်း နည်းထပ်မြှုထားတာမျိုး ရှိကိုရှိနေသေးတယ် မဟုတ်လား ... အေး ... ဖုံးရင်လည်း ဖုံးထားချင်စရာပဲကိုးကွ ... ငါသာ သိထားရင် ခုလောက်ရှိ ပြောလိုက်မိပြီးပြီ ... သော်ဇင်လည်း ဒီတိုင်းပဲရှိမှာပဲ ... သေချာတယ် ..."

ဝင်းကျော်ကလည်း မှန်းကြိုဆက်ထားပြီး ... သိထား သမျှကို ဖွင့်သာချပစ်လိုက်တော့ဖို့ကိုပါ တိုက်တွန်းပါသည်။ ခုချိန်မှာ တင်မောင်ဦးဟာ အရာရာကို သိရှိပြီးထားပြီးသူ ဆိုတာ တော့ တကယ်ပဲ ဖြစ်ပါသည်။ ဒါကလည်း တိုက်ဆိုင်မှုတစ်ခု ကြောင့်သာ ...။ ချေမ်းဟာ သူ့မှာ ရောဂါတစ်ခုခု ရှိနေကြောင်း ကိုသာ ဖွင့်ပြောထားပြီး ဘာရောဂါဆိုတာကိုတော့ ပြောပြခဲ့တာမှ မဟုတ်ဘဲ ...။

သို့သော် တင်မောင်ဦးတို့ရဲ့ ဆေးကုမ္ပဏီမှာ သွေး ဝင်မစစ် ... ဆေးဝင်မထိုးကတည်းက ... ချေမ်းဟာ တင်မောင်ဦး ကိုတော့ ဆက်လှည့်ထား၍ မရနိုင်တော့ပြီ။ သော်ဇင်နဲ့ ဝင်းကျော် တို့ကတော့ နဂိုတည်းက ရောဂါအခံရှိနေသည် ဆိုတာကိုပါ ကြားဖူးမထားကြလို့လား ...။ တွေ့ကြုံဖြစ်ပျက်နေသမျှတို့ကို ဆက်စပ် တွေးခေါ်ယူကြည့်ရတဲ့ ဦးနှောက်ဉာဏ်မျိုး မထက်သန်ကြ လို့ပဲလားတော့မသိ ...။ တင်မောင်ဦးလို အစမှအဆုံး တစ်ခါတည်း တန်းသိသွားတော့တာမျိုး မရှိကြပါ။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြောနေတဲ့ မင်းရဲ့ ရောဂါဆိုတာ (B) ပိုး ရှိနေတာပဲ မဟုတ်လား ချေမ်း"

တင်မောင်ဦးက ဟိုနှစ်ယောက်ရဲ့ ကြွယ်ရာမှာဒက်ခနဲပင် မေးချပစ်လိုက်ပါသည်။ အတိအကျကြီး စွပ်စွဲနိုင်သည်မို့ ချေမ်းခများလည်း ဆက်လက်ဖုံးကွယ်ထားဖို့ရာ မစွမ်းသာ ..။

"ဟုတ်တယ်ကွာ ..."

"ဒါများ ချေမ်းရယ် ..."

"ဟော့ကောင် ... မိန်းမနဲ့ ကလေးကို ဘယ်လိုမဆို ကူးနိုင်တယ်ကွာ ..."

"ကူးတော့ ဘာဖြစ်သေးလဲကွ ..."

"ဟော့ကောင် ... မင်းမှာ ပိုးရော .. ရည်းစားပါ မရှိတိုင်းလွယ်လွယ်ကူကူလေး မပြောပါနဲ့ ... ဒါကိုယ်တွေ့မဟုတ်လို့ ကိုယ်ချင်းမစာနိုင်တဲ့ စကားမျိုးပဲ ..."

"မဟုတ်ဘူး အေးချမ်း .. အခု ငါက ဆေးကုမ္ပဏီမှာအလုပ်ဝင်လိုက်လို့သာ ဒီအကြံဉာဏ်မျိုး ပေးနိုင်တာပါ ... ခု ငါတို့ ဆေးထိုးထားကြသလို အထက်ဆင်လည်း ဆေးထိုးပြီးမှ မင်းနဲ့ ယူမယ်ကွာ ... ဘာဖြစ်သေးလဲ ... ဆေးသုံးလုံးထိုးပြီးတဲ့အထိ စိတ်မချသေးရင် ... နောက်ငါးနှစ်ကြာမှ နောက်ဆုံးဆေးကို ထိုးပြီးမှ ယူပေါ့ကွ .. လက်ထပ်ဖို့အချိန်ကို ငါးနှစ် နောက်ဆွဲ ထားလိုက်ပေါ့ .. ဒါပေမဲ့ အဲလောက်ကြီး မလိုပါဘူး .. ခြောက်လပြည့်ပြီးလို့ သုံး





လုံးထိုးပြီးချိန်ဆို အိုကေနေပြီ .. ယူကြပေါ့ .. ကလေးယူမယ်ဆိုရင်လည်း အမေ့ဗိုက်ထဲက ထွက်ထွက်ချင်း ဆေးထိုးထည့်ကွာ ... ကဲ"

"မင်း ပြောမှ ဆေးကြိုထိုးပြီးမှ လက်ထပ်လို့ ရနိုင်တယ်ဆိုတဲ့ ဗဟုသုတကို ငါသိလာခဲ့ရတာပါ ... ကျေးဇူးပဲ တင်မောင်ဦး ... ဒါပေမဲ့ အထက်ဆင်ကိုရော ကလေးကိုပါ မကူးစက်နိုင်အောင် ဆေးကြိုထိုးလို့ ရနိုင်တာက သတ်သတ် .. ငါ့မှာ အဲဒါကြီး ရှိနေတာကတော့ သတ်သတ်ပဲကွာ ..."

"အေးလေ .. ငါကလည်း အထက်ဆင်ကို ဆေးထိုးလိုက်ရင် မင်းမှာပါ ရောဂါပျောက်သွားနိုင်မယ်လို့ ပြောသေးလို့လား ... ဗရုတ်သုတ်ခတွေကွာ ..."

"အဲဒါပေါ့ကွ .. တကယ်လို့များ ငါဟာ ရောဂါပိုးရှိနေတဲ့ လူတွေထဲမှာမှ ကံမကောင်းသူ စာရင်းမှာ ပါခဲ့ရင် ... အထက်ဆင်ဟာ အရွယ်မတိုင်ခင်မှာ မုဆိုးမ,ဖြစ် ... ကလေးဟာလည်း အခြေမကျခင် အဖေမဲ့ဖြစ် ... ကဲ ... ဘယ်လိုလုပ်ကြမလဲ ..."

"မင်း ဆရာဝန်တစ်ယောက်ယောက်နဲ့ သေချာပြန်ပြပြီး သွေးထပ်စစ်ပါဦး .. (B) ပိုးဟာ တစ်ခါတလေကျ ပြန်ပျောက်သွားနိုင်တယ်လို့ ငါ သိထားတယ်ကွ ..."

"ငါ့ကို အစိမ်းပြွယ်မဲ့ မျှော်လင့်ချက်တွေ တယ်လာစေမဲ့

www.burmeseclassic.com

www.burmeseclassic.com



စကားမျိုးတော့ မပြောနဲ့ကွာ ... မျှော်လင့်ထားပြီးမှ ဖြစ်မလာတော့တာက ... ဘာမှ မျှော်လင့်မထားမိတာထက် ပိုဆိုးသေးတယ်ဆိုတာ မင်း မသိဘူးလား ... ပြီးတော့ ငါ မင်းကို ပြောနေတာတွေဟာ ရမ်းပြီးပြောနေတာ မဟုတ်ဘူးကွ ... ငါလည်း ဆရာဝန်တစ်ယောက်နဲ့ပြပြီးမှ ဒါတွေကို ဆုံးဖြတ်ခဲ့တာ ...”

“ဟ ... အဲဒါ ငါတကယ် ကြားဖူးတာပါ ...”

“ဒါဖြင့်လည်း မင်း မသိထားတာကို ငါ ထပ်ဖွင့်ပြောဦး မယ် ... ငါ နောက်တစ်ကြိမ် ထပ်စစ်ပြီးပါပြီ ... Hbs Antigen (+) ve ... ပေါ့စတစ်(ဗ)ဟာ ပေါ့စတစ်(ဗ)ပဲကွ ... ကဲ ... မင်း ဘာထပ်ပြောဦးမလဲ ...”

ထပ်တောင်စစ်ကြည့်ပြီးပါပြီဆိုတော့ တင်မောင်ဦးမှာ ပြောစရာအင်အားကလည်း ခပ်လျော့လျော့နှင့် ...

“ဒါပေမဲ့ကွာ မင်း တိုင်ပင်ခဲ့တယ်ဆိုတဲ့ ဆရာဝန်ကလည်း (B) ပိုးမှာ Acuteနဲ့ Chronic ... ဝင်ပြီး ပြန်ပျောက်နိုင်တဲ့ဟာနဲ့ အမြဲရောဂါရှိသွားနိုင်တဲ့ဟာရယ်လို့ နှစ်မျိုးခွဲရှိတာ တောင်မှ ရှင်းမပြလိုက်ပါလားကွ ... ဘယ်လိုလဲ ... ငါ တောင် ဆရာဝန်မဟုတ်ဘဲ အလုပ်နဲ့ ပတ်သက်ပြီးတော့ ဒါကို ကြားဖူးနေသေးတာ ... ဘာပဲဖြစ်ဖြစ် ဆရာဝန် တစ်ယောက်ယောက်နဲ့တော့ ထပ်ပြသင့်ပါတယ် ... မပြတော့ဘူးကွာလို့ စိတ်လျှော့ပြီး ဒုံးဒုံးချပစ်လိုက်တာမျိုးတော့ မဖြစ်စေချင်ဘူး ... ငါတို့ ဘော့(စ်)ရဲ့ အစည်းအဝေးမိန့်ခွန်းထဲမှာ ငါ ကြားမိလိုက်တာကတော့ (B)ပိုးကို ပြန်ပျောက်နိုင်တဲ့ဆေးတွေ ရှိနေပြီတဲ့ ... Interferon နဲ့ Lamivudine ဆိုလားပဲ ...

ခုလောလောဆယ်တော့ ငါတို့ကုမ္ပဏီက အဲဒါတွေကို မသွင်းသေးဘူး ... ဒါပေမဲ့ မင်းသုံးကြည့်မယ်ဆိုရင် ... ငါ သီးသန့်မှာပေးနိုင်ဖို့ ကြိုးစားကြည့်မယ်ကွာ ... နှစ်နဲ့ချီပြီးတော့,တော့ ဈေးသောက်ရမယ် ထင်တယ် ... ဒါပေမဲ့ မင်းတို့က တတ်နိုင်တာပဲဟာ ... မတတ်နိုင်ရင်တောင် ကိုယ့်ရောဂါပျောက်ဖို့ဆိုရင် ကိုယ့်ဘာသာကိုယ်ပဲ အပေါင်ထားပြီး ဝယ်သောက်ရ သောက်ရပေါ့ကွ ...“

“လက်စသတ်တော့ ငါ့ကို ဆွေးနွေးပေးနေသလိုလိုနဲ့ ... မင်းက မင်းတို့ကုမ္ပဏီကဆေးကို ကြော်ငြာဝင်ထိုးနေတာပဲ ကိုးကွ ...”

တင်မောင်ဦးမှာ ဒေါသထွက်ထွက်နှင့် ခပ်မဆိတ်သာ နေလိုက်ပါတော့သည်။ ပထမတော့ ဒေါသထွက်လို့ ထပ်မပြောတော့တာ ဖြစ်ပေမဲ့ ... နောက်တော့ တဖြည်းဖြည်း ကိုယ်ချင်းစာတရားလေးနဲ့ ပြန်တွေးပေးကြည့်မိတော့ ကိုယ်ကသာ ဆေးကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်မိလို့ ... ဆရာဝန်မဟုတ် ... ဆေးကျောင်းသားမဟုတ်ဘဲနဲ့ ဒီလောက် Medical Knowledge (ဆေးပညာဗဟုသုတ)လေး နည်းနည်းပါးပါး ရှိလာပေတာကိုး ...။

www.burmeseclassic.com



လောကကြီးမှာက ချေမ်းတို့လို ဘယ်လောက်ပဲ ပညာတတ်ဘွဲ့ရ တွေပဲ ဖြစ်ပါစေ ...။ ဆေးပညာဗဟုသုတ နည်းပါးကြ ... လုံးဝ မရှိကြတဲ့ သူတွေဆိုတာ တစ်ပုံကြီးပဲ နေမှာပါ။

အဲဒီလို သူလိုကိုယ်လို သာမန်လူပြိန်း ဗဟုသုတ လောက်နဲ့ လူပေါင်းများစွာဟာ ... ဆေးပညာအသိ မရှိလို့ ဘယ် အရာမဆိုမှာ ဂရုကိုမစိုက် ... အကြောက်အလန့်ကို မရှိကြတော့ ဘဲ ဖြစ်ချင်ရာဖြစ် ... လုပ်ချင်ရာ လုပ်မယ်ဆိုတဲ့ လူမျိုးတွေက တချို့ ...။ တချို့ကျပြန်တော့ (ဥပမာ ... အခု ချေမ်းလို လူမျိုး) နည်းနည်းလောက်ကလေး ... ပိစိကွေးလောက်သိရုံလေးနဲ့ ကိုယ့် အသိလေးကိုပဲ အဟုတ်ကြီးထင် ကြောက်လန့်ဆင်ခြင်ကန်ကြတာ နဲ့ပဲ ... ကျန်းမာရေးပါမက ... လူမှုရေး ... ပတ်ဝန်းကျင်နဲ့ ဆက် ဆံရေး ... အဘက်ဘက်မှာပါ ဘက်စုံလိုက်ထိခိုက် ... လူရာမဝင် ကြတော့သလို ဖြစ်နေကုန်တာကတချို့ ...။

တကယ်တော့ အဲဒီလို အစွန်းနှစ်ဖက်ကိုချည်း ရောက်နေဖို့ထက် ... တကယ်တတ်ကျွမ်းနားလည်သူ ဆရာဝန်တစ် ယောက်ယောက်နဲ့ တွေ့ဆုံကာ တိတိကျကျ ဆွေးနွေးပြီး ဆောင်ရန် ရှောင်ရန်တွေကို တိတိကျကျ လိုက်နာဖို့ကသာ အကောင်းဆုံးဆို တာကို လူတော်တော်များများက နားမလည်နိုင်ကြပဲလေ ...။

ရှိစေတော့ ... တစ်ခါနှင့်မရရင် နှစ်ခါ ...။ နှစ်ခါ နဲ့မရရင် သုံးလေးငါးခါ ... ဆယ်ခါ ... အကြိမ်တစ်ရာ ...။ အခါ ခါ ကြိုးစားဆွဲဆောင်ကြည့်ဖို့ကိုပဲ တင်မောင်ဦးက စိတ်ထဲ တေး



ထားခဲ့မိပါသည်။ သို့သော် အထက်ဆင်ထံကို ဖြစ်အင်အထွေထွေ ကို ဖွင့်ပြောရကောင်းနိုး ... မကောင်းနိုးဆိုတာကိုတော့ တင်မောင်ဦး က မဆုံးဖြတ်နိုင်သေး ...။

ကိုယ့်ရဲ့ သဘောကတော့ ဒီလိုကြီးနဲ့ပဲ သုံးပတ်က ပြည့်သွားကာ ပြီးသွားကြရမှာနဲ့စာရင် ... အထက်ဆင်ကိုပါ အသိ ပေးဖွင့်ပြောထားပြီး အထက်ဆင်ကလည်း နားလည်မှုတွေနဲ့ ဆောင်ရန်ရှောင်ရန်တွေကိုပါ အတိအကျ လိုက်နာနိုင်ရင် ကောင်း မည်ဟုလည်း ယူဆပါသည်။ ကာကွယ်ဆေးလည်းရှိ ...။ ပြန်လည် ပျောက်ကင်းနိုင်သောဆေးနှင့် အခြေအနေလည်းရှိ ... ကင်ဆာတို့ လို ... မသေမဖြစ် ... သေကိုသေမည့် ... ကြိုးစီနဲ့ကျထားသလို လူမှုရေး ရောဂါကြီးမျိုးထဲမှာမှ မပါဝင်ဘဲ ...။

ဒါပေမဲ့လည်းပဲ အထက်ဆင်ရဲ့ ဦးနှောက်အဆင့် အတန်းနှင့် ဉာဏ်အမြော်အမြင်ကတော့ ဘယ်လောက်မြင့်သလဲ ... နိမ့်သလဲမှ မသိနိုင်ဘဲ ...။ ခုနေခါမှာ မပြတ်နိုင်ဘဲ အကြောင်း ရင်း သိရဖို့သာ တန်းတန်းစွဲ ဖြစ်နေပေမဲ့ ... အကြောင်းရင်းကို သိလိုက်တာနဲ့တစ်ပြိုင်နက် စွတ်ကြောက်သွားမဲ့အုပ်စုထဲ မပါ ဝင်ဘူးဟုမှ မဆိုနိုင်ဘဲ ...။ တော်ကြာ သိတာနဲ့ ထွက်ပြေးချင်ပါ ပြီဆိုရင် ... မသိမသာလေး မျောထားပြီး အဆင်ပြေစေတာကမှ ဟုတ်ဦးမည် ...။ တော်တော်ကြာ သူ့ဘာသာနဲ့သူ ပြေလည်နိုင်မည့် အရာက ကိုယ်ပြောလိုက်မှ အဟုတ်ပြတ်တောက်ထွက်ပြေးသည့် အဆင့် ဆိုက်ရောက်သွားရင် ဘယ်နှယ့်လုပ်ပါမလဲ ...။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဆရာ ... ကျွန်မလေ ... ရှင့်ကို ဒီတိုင်းလေးဝဲ လက်ပိုက်ပြီး ကြည့်ပေးနေတာ ဆယ်မိနစ်တောင် ရှိပါပြီနော် ... ဆယ်မိနစ်ဆိုတာ ဆရာအတွက်တော့ ဆုံးဖြတ်ချက် တစ်ခုခုကို တိတိကျကျ ချနိုင်ပြီးလောက်တဲ့ လုံလောက်တဲ့ အချိန်အတိုင်းအတာလို့ပဲ ကျွန်မ ထင်မိပါရဲ့ ..."

အတွေးတွေနဲ့ ငြိမ်နေဖြစ်သည့် တင်မောင်ဦးကို ထက်ထက်ဆင့်က ခပ်ရွဲ့ရွဲ့ စကားလေးတွေနဲ့ လှုပ်နှိုးလိုက်ပါသည်။ ပြီးလျှင်တော့ သူ့ဟာနဲ့သူတော့ အပြတ်အသတ်ကို ယုံကြည်ခိုင်မာနေတော့သည့် လေသံနှင့် ... "ကဲ ... ပြောတော့"တဲ့ ...။ တင်မောင်ဦးလည်း ခေါင်းတညိတ်ညိတ်နှင့် ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ကြီး ချလိုက်နိုင်ကာ ...

"ချေမ်းက နင့်ကို မယုံဘူး ထက်ထက်ဆင့် ..."

"အောင်မာ ... ဘာကိစ္စမှာ မယုံတာလဲ ..."

"နေပါဦး ... စကားကို ဆုံးတဲ့အထိလည်း နားထောင်ပေးစမ်းပါဦး ... ဒီကောင်က ပြောတယ် ... နင်ဟာ သူ့ကို ချစ်လွန်းလို့ ... သူ့မှာ နစ်နာနေတာ တစ်ခုခုရှိရင် ... အဲဒီနစ်နာမှုဟာ နင့်ကိုပါ ကူးစက်ပြီး နင်ပါ တစ်ခုခု ဒုက္ခရောက်နိုင်စရာ ရှိရင်တောင် ... နင် ရှောင်ထွက်လိမ့်မှာ မဟုတ်ဘူးတဲ့ ... ဖွတ်တိုးပြီး နစ်နာရင်လည်း နစ်နာပါစေတော့လို့ပဲ ဆုံးဖြတ်မယ်တဲ့ ..."



တင်မောင်ဦးကား အထက်ဆင်ကို အရင်ဦးစွာ ချည်တုပ်ပစ်လိုက်ပါသည်။ ဒါပေမဲ့လည်းပဲ ကိုယ့်စကားကြောင့် အထက်ဆင်ရဲ့ မျက်ဝန်းလေးတွေဟာ တလက်လက်တောက်ပလာကာ ... အဲဒီစကားမှာပဲ အကြီးအကျယ် ကျေနပ်ဂုဏ်ယူနေတော့ပုံပေါက်နေလျှင်တော့ ... ကိုယ့်ရဲ့ နှုတ်ကတိ ချိုးဖျက်ဖောက်ဖျက်မှုဟာ ... ဘယ်နည်းနဲ့မှ အကျိုးယုတ်သွားနိုင်စရာ မရှိနိုင်တော့တာကို ယုံကြည်လို့ ရပေပြီ ...။

"နင်ဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ သူ့ရဲ့စကားတွေ ဆုံးဖြတ်ချက်တွေကို အေးအေးသက်သာနဲ့ လက်ခံလိုက်လိမ့်မယ်လို့ မယုံကြည်ဘူး ... နင့်ဟာနင် ... နင့်သဘော တစ်ခုနဲ့ပဲ ဖွတ်တိုးမိုက်မဲနေမှာပဲလို့ သူ ထင်နေတယ် ..."

"သူ ထင်နေတာ မှန်တယ် ... လူဘာဖြစ်ဖြစ် ... အို ... ကုန်ကုန်ပြောမယ်ဟာ ... ဘာကြီးပဲဖြစ်ဖြစ် ... သူက ငါ့ကို ဒီလိုသဘောနဲ့ ရှောင်ခွာချင်တာပါ ဆိုရင်တော့ ရရိုးလား ဖိုးဂဠုန်ရယ် ... ငါ့ကို သူ အချိန်ပေးပြီး ချိန်းထားတဲ့ သုံးပတ်ပြည့်ပြီးတဲ့ နောက်တစ်ရက်မှာ သူသေမယ် ဆိုရင်တောင် ... ဒီစနေ၊ တနင်္ဂနွေသုံးရက်ဟာ ငါတို့နှစ်ယောက်ရဲ့ တစ်ဘဝ ဖြစ်စေရမယ် ... သူ့စိတ်ကြိုက်ချည်းပဲ သူ ဆုံးဖြတ်သွားလို့ မရစေရဘူး တင်မောင်ဦး ..."

ပြောရင်းပြောရင်းက အတော်ကြီးဝမ်းနည်းလာဟန်ရှိသော ထက်ထက်ဆင့်သည် ... ဝမ်းနည်းရာကနေ ဒေါသထွက်

www.burmeseclassic.com



လာတော့တဲ့အထိပါ ကူးပြောင်းလာပြီဆိုလျှင်တော့ ... "တောင်" တွေဘာတွေပင် ခေါက်ကာ ... သူ့လက်ထဲက ပိုက်ဆံအိပ်မာခေါက် ခေါက်ထူထူရာစ်ခုနှင့် တင်မောင်ဦးကိုလည်း ဆက်ကာ ဆက်ကာ မရပ်မနားစတမ်း ဆိုသလို ...။

"အား ... နာတယ်ဟာ ... ဘယ်နှယ့်ကြောင့် ငါ့လာရိုက် နေရတာလဲ ... ငါက ချေမ်းလည်းမဟုတ် ... သူ လုပ်ချင် ရာလုပ်နေတာ ... ငါပေးတဲ့အကြံဉာဏ်လည်း မဟုတ် ... နင်က ဘာလို့ ငါ့ကိုမှ မဲနေရတာလဲဟ ..."

"နင် ဘာလို့ ငါ့ကို စောစောတည်းက သတင်းမပေးသလဲ ကဲ ... ကဲ ... ခုတော့ ဖိုးဂျွန်ခမျာ သနားစရာကောင်းလိုက် တာ ..."

"ငါ့အပြစ်ပဲ ဖြစ်ရပြန်ပြီ ... ငါ့မှာ နင့်အကြောင်းရော ... သူ့အကြောင်းပါ ... နှစ်ခုစလုံးကို မနေ့တစ်နေ့လောက်ကမှ သေချာသိရတာပါ ထက်ထက်ဆင့်ရယ် ..."

"မနေ့တစ်နေ့ကမှ သိရင်လည်း သိသိချင်း ငါ့ဆီပြေးလာ ပြောရမယ် မဟုတ်လား ... ခုတော့ ငါလာမေးမိလို့သာ တော်တော့တာ ... ငါသာ စိတ်တိုတိုနဲ့ ဆက်ပစ်ထားမိရင် ဒီလိုနဲ့ပဲ သုံးပတ်ပြည့်သွားတော့ ဘယ်လိုလုပ်မလဲ ... ဟင် ... ပြောစမ်း ... ငါသာ လာမမေးမိရင် နင့်ဘာသာ နင်တော့ ငါ့အိမ်ထိရောက်လာပြီး လာပြောမှာမဟုတ်ဘူး မဟုတ်လား အကောင်စုတ်ရဲ့ ... ဟင် ..."



"တော်ပြီ ... တော်ပြီ ... ခုလည်းပဲ ဘာမှ မပြောရသေးပါ ဘူး ... ပြောမယ် ... ပြောမယ် ... ရပ်မှပြောမှာနော် ... တော်ပြီ ရပ်တော့ ..."

အတန်တန် အော်ဟစ်တားမြစ်တော့မှပင် ထက်ထက် ဆင့်ရဲ့ ရိုက်မောင်းပုတ်မောင်းတို့က တဖြည်းဖြည်း အရှိန်လျော့ကျ ကာ ရပ်တန့်သွားရပါတော့သည်။ အဟုတ်ကို နာကျင်ညိုမည်းသွား ပေမဲ့ ထင်မောင်ဦးက ... ကြည်ကြည်နူးနူးနှင့် "တဟားဟား" ပဲ အော်ရယ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

အိမ်ပေါ်သို့ တက်တက်လိုက်ချင်းမှာပင် ဖိနပ်ချွတ်ရှိ ဖိနပ်စင်ကလေးပေါ်၌ ရင်းနှီးကျွမ်းဝင်ပြီးသား စိန်ဓားမောက်ကတ္တီပါနက်ပြာ နံပါတ်(၇)ကလေးကို တန်းတန်းမတ်မတ်ပင် လှမ်းမြင်လိုက်ရပါသည်။ ချေမ်း ရင်ထဲ ဒိန်းခနဲ ဖြစ်သွားမိသည့် အချက်မှာ ဒီဖိနပ်ပိုင်ရှင်ဆိုလျှင်တော့ "ထက်ထက်ဆင့်"များလားဟု ဇဝေဇဝါ ဖြစ်သွားရ၍ မဟုတ်ပါ။ ဘယ်လိုနည်းနဲ့မဆို ... ထက်ထက်ဆင့်ပဲ ဖြစ်နေတော့မှာ သေချာသည့် ဒီဖိနပ်ပိုင်ရှင်မလေးဟာ ... ဘာအကြောင်းကြောင့်များ ကိုယ့်ရဲ့ အိမ်ဂေဟာကို ဆိုက်ရောက်လာနေရပါလိမ့် ... ဟူသော အတွေးကြောင့်သာတည်း။

နေရာတင် ရပ်ကြောင်သွားမိသလို ဖြစ်သွားရသော ချေမ်းခမျာ ... ဘာရယ်မဟုတ် ခြံထဲသို့ သမင်လည်ပြန်ပါ လှည့်



ကြည့်မိပြန်လျှင်တော့ ... နောက်ထပ် ဒိန်းတစ်လုံးက ရင်ညွှန့်ကို ရုတ်တရက် ဝင်ဆောင့်လိုက်သလို ရှိရပြန်ပါသည်။

ခါတိုင်းဆို စနေရယ် ... တနင်္ဂနွေရယ်လို့ အမှုမထားသူ့အလုပ်ကိစ္စများ ရှိနေလျှင် ... အစိုးရရုံးပိတ်ရက်တွေ ... ဥပုသ်ရက်တွေပါမရှောင် မနေမနား အပတ်တကုပ် အလုပ်ပဲလုပ်နိုင်လွန်းလှသည့် ကိုငြိမ်းချမ်းရဲ့ စီးတော်ယာဉ် မော်တော်ကားဟာလည်း ကားဂိုဒေါင်ရှေ့မှာ အခန့်သားကလေးပါလား ...။

ဒါ ... ဒါဆိုရင် ... စိန်ဓားမောက်ပိုင်ရှင်နဲ့ မော်တော်ကားပိုင်ရှင်တို့ဟာ ... ဒီအိမ်ထဲမှာတော့ အတူတကွ တွေ့ဆုံလို့နေကြပြီပေါ့ ...။ ဒါ ဘာသဘောလဲ ...။ "အထက်ဆင်ဟာ ကိုယ့်ဆီများ ရောက်လာတာများလား"ဟု ယောင်လို့တောင် တွေးခွင့်မရှိတော့သည့် သူတစ်ယောက်အနေနှင့် တွေးရလျှင် ... ချေမ်းရဲ့ နေအိမ်သို့ (ဟိုးယခင့်ယခင်တွေကတည်းက) ရောက်ခဲ့လှတဲ့ အထက်ဆင်ဟာ ... ကိုငြိမ်းချမ်းအတွက်ဆိုလျှင်တော့ ... ဤအိမ်သို့ ဘယ်လိုမျက်နှာမျိုးနဲ့ပဲဖြစ်ဖြစ် ... ရောက်ရ ... ရောက်ရ ... ဆိုတဲ့သဘောကို ရှင်းရှင်းပဲ ပြလိုက်ပြီလား ...။

ချေမ်းရဲ့ မျက်နှာပြင်တစ်ခုလုံး ပူပူထူထူကြီး ဖြစ်ကာ ခေါင်းနပန်းကြီးလာသည်ဟူသည့် ခံစားချက်ကို ခုမှပင် ရော်ရော်မှားလည်လိုက်သလို ရှိပါသည်။ ကိုယ်တိုင်က ဖြစ်စေချင်သည့်၊ ကိုယ်ခွင့်ပြု ကြည်ဖြူပြီးထားသည့် ဇာတ်လမ်းဟုပဲ ပြောကြပါစို့

www.burmeseclassic.com



နော် ...။ သို့သော် တကယ်တမ်း ရင်ဆိုင်ရမည့် ဆိုလျှင်တော့ ချေမ်းမှာ ခံနိုင်ရည်အင်အား မပြည့်ဝလှသေး။ ဘယ်လိုနည်းနဲ့ မျက်နှာချင်းဆိုင်ကြီး နေလို့ရဦးမှာ မဟုတ်မှန်း သေချာလာသော အခါ ချေမ်းက ချက်ချင်း နောက်ပြန်လှည့်ကာ အိမ်ပြင်ဖြစ်ထွက် ဖို့ ဟန်ပြင်လိုက်ပါသည်။

သို့သော် ... မမီပါလေတော့ ...။

ကလင် ... ကလောင် အသံလေးတွေမြူးစုံ မြည်ဟီး လို့သွားခြင်းမှာ ... ညှော်ခန်းမှ ဖိနပ်ချွတ်အခန်းလေးသို့ လှမ်းထွက် သည့် ခြင်စကားတံခါးကို တွန်းဖွင့်လိုက်သဖြင့် ... တံခါးထိပ်မှာ ချိတ်ဆွဲထားကြသော ခြူလုံး ... ခေါင်းလောင်းလေးများ လှုပ်ယမ်း ခါသွားကြခြင်းကြောင့် ဖြစ်ပါသည်။

ထွက်လာသူကား ... ထက်ထက်ဆင့် ...။ နောက် ဘက်သို့ ဆက်မျှော်လိုက်မိသေးသော်ငြား ကိုငြိမ်းချမ်းပါ တစ်ပါ တည်းပါမလာသဖြင့် သုံးယောက်ဆိုင်ကြီး မျက်နှာပူရခြင်းမျိုး တော့ အနည်းငယ် သက်သာရလိုရှိကာ ... နှစ်ဦးတည်း မျက်နှာ ချင်းဆိုင် ပူရပုံမျိုးမှတော့ မကင်းလွတ်နိုင် ...။

ထက်ထက်ဆင့်မှာတော့ ချေမ်းလို မျက်နှာပူ ပူနေရတော့တာမျိုး မရှိဘူးလား မသိ ...။ ချေမ်းကို ရုတ်တရက် ကြီး မမျှော်လင့်ဘဲ မြင်လိုက်ရသည်ဆိုဆိုချင်းပင် ... ထက်ထက်ဆင့် ရဲ့ မျက်နှာက ချက်ချင်းကြီး စူပုပ်ထော်လန်လို့သွားကာ ...



ဓောင့်ခနဲ ဆောင့်ကြီးအောင့်ကြီး ထိုးချပစ်လိုက်သော မျက်စောင်း ကြီး၌ ငယ်ပေါင်းတို့ရဲ့ ရင်းနှီးကျွမ်းဝင်မှုတို့ကို အတိအလင်း ဖော်ပြမြင်သာနေဆဲ ...။

ဒါပေမဲ့လည်းပဲ ... ထိုမျက်စောင်းကြီး အဆင့်မှာ သာလျှင်ပဲ ပြီးပြတ်သွားခဲ့၍ ... ထက်ထက်ဆင့်ထံမှ ဘာစကား တစ်ခွန်းတစ်ပါဒမျှတော့ ထပ်ထွက်လို့မလာပါ ...။ သူ့ဖိနပ်ကို သာသူ ဖိနပ်စင်ကလေးမှ သွားဆွဲယူလိုက်ကာ ... စီးနင်းလိုက် ပြီး ... ပေစောင်းစောင်း မျက်နှာပေးကြီးနှင့် အိမ်ပေါ်မှ ဆင်းချ သွားခဲ့ပါတော့သည်။

ဘာနဲ့ လာပါလိမ့် ...။ ကားလည်းမမြင် ...။ နောက်ဆုံးတော့ ချေမ်းဟာ ဖွတ်ပေပြီး ဆက်ရပ်နေလို့ကလည်း မကောင်း ...။ ခြံထဲလိုက်ဆင်းသွားဖို့ကလည်း ပို၍ပင် မကောင်း ...။ ကိုယ့်အတွက် တစ်ခုတည်းသော ရွေးချယ်နိုင်စရာဟာ အိမ်ထဲ ပြန်ဝင်ဖို့သာပဲမို့ ... အိမ်ထဲသို့ ပြန်လှမ်းဝင်ခဲ့ရပါတော့သည်။

ညှော်ခန်းထဲရောက်တော့ ... ချေမ်းတို့ ငယ်ကတည်း က အထိန်းတော်ကြီးလည်းဖြစ် ... အိမ်စိုးကြီးလည်းဖြစ် ... စားဖိုမှူးကြီးလည်းဖြစ် ... အမျိုးမျိုး အဖုံဖုံ အားကိုးခဲ့ရပြီး ခုကျတော့ သူလည်း အသက်ကြီးပြီမို့ ဘာမှ သေချာမလုပ်နိုင် တော့ပေမဲ့ ... လူကြီးသူမတစ်ယောက် အနေနှင့်တော့ အိမ်လုံဖို့ အားကိုးရဆဲဖြစ်သည့် "ဦးမော်ကြီး" နှင့် ဆုံလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှသာ မလုပ်နိုင်တော့ပေမဲ့ ... စပ်စုဖို့တစ်ခု ကိုတော့ သေချာကြီး လုပ်နိုင်သေးပုံပေါ်သော ဦးမော်ကြီးကား တံခါးဘဲလ်သံလေးတွေကြောင့် အိမ်ရှေ့သို့ ပြေးထွက်လာကြည့် ပုံပေါ်ပါသည်။ ဒါပေမဲ့ သူ မျှော်လင့်သလို ကိုငြိမ်းချမ်းနှင့် ထက်ထက်ဆင့်တို့ကို မတွေ့ရဘဲ ချမ်းကိုသာ ညှော့ခန်းအလယ် မှာ ဆုံလိုက်ရလျှင် ...

"အဲ ... ပြန်လာပြီလား ..."

ဦးမော်ကြီးရဲ့ မျက်နှာမှာ တစ်မျိုးကြီး ဖြစ်နေပါ သည်။ အပေါ်ထပ်သို့တက်သော လှေကားကိုလည်း ခိုးကြောင် ခိုးဝှက်နှင့် မော့မော့ကြည့်နေလေရာ ... အဘိုးကြီးရဲ့ ခံစားချက် ကိုပါ တစ်ဆက်တည်း ရိပ်မိလိုက်ရသည့် ချမ်းကပဲ ...

"ပြန်လာပါပြီ ... ဦးမော်ကြီးက ညှော့သည်ပြန်တာထင်လို့ တံခါးထွက်ပိတ်မလို့လား ... ညှော့သည်ကဖြင့် ခြံထဲရောက် နေပြီ ..."

"အဲ ... ပြန်သွားပြီလား ... ဟိုဒင်းလေးပါ ... ကလေးမလေး ကွယ် ... ထက်ထက်ဆင့် ..."

"ကျွန်တော်နဲ့ တွေ့လိုက်ပါတယ် ..."

ဦးမော်ကြီးရဲ့ မျက်ဝန်းအကြည့်များ အပေါ်ထပ်သို့ ချည်း ရောက်နေလျှင် ... ထိုညှော့သည်ကလေးဟာ ထိုအပေါ်ထပ်မှ ဆင်းချလာခဲ့ခြင်းပဲ ဖြစ်ရတော့မည် ဆိုတာကို ချမ်းက ရိပ်စားမိ



လိုက်ရပါပြီ။ တစ်လုံးပြီးတစ်လုံး တဒိန်းဒိန်း တက်တက်ဆောင့် နေသော တုန်လှုပ်ရခြင်းများဟာ ... အတွေ့အကြုံရှိ ... ခံရဖန်များ လာတော့လည်း လူကို သိပ်ကြီး အောင့်သက်နာကျင်မှုတွေ မများစေတော့သလိုလို ...။

ချမ်းမှာ အပေါ်ထပ်မှာတင် ကျန်ရစ်နိုင်ဆဲဖြစ်သော ကိုငြိမ်းချမ်းပါ ထပ်ဆင်းလာမလာကို ဦးမော်ကြီး နည်းတူ အကဲခတ် လှမ်းမျှော်ကြည့်လိုက်ပြီးမှ ...

"ညှော့သည်က ရောက်တာကြာပြီလား ..."

"မိုးလင်းလောက်ကတည်းကပဲ ..."

ဦးမော်ကြီးရဲ့ စကားသံက ခပ်ရွံ့ရွံ့နှင့် သိပ်မကျေနပ် ချင်တော့သည့် အချိုးအချိတ်ကိုပါ မသိမသာ ထည့်သွင်းလာတော့ သည်။ ပုံမှန်အတိုင်း တွက်ကြည့်ကြကြေးဆိုရင် ... ချမ်းနဲ့ မြန်းထားကြပြီးပြီဆိုတာလောက်အထိ သူတို့ သိခွင့်ရထားပြီးသား မိန်းကလေးကို ... ခုလိုကြီး ကိုငြိမ်းချမ်းနှင့် နှစ်ယောက်တည်း အိမ်ပေါ်ထိ လာရောက်နေရခြင်း၌ ရှေးလူကြီးသူမတစ်ယောက်အနေ နဲ့ ဦးမော်ကြီးမှာလည်း ဘယ်လိုလုပ် ကြည့်ရှုနေစ်လိုနိုင်ပါ့မလဲလေ ...။

"သားငယ် သင်တန်းထွက်သွားကတည်းက ရောက်လာတာ ပဲ ... ကိုငြိမ်းချမ်းလည်း အိမ်မှာရှိတယ်လေ ... မနက်က တည်းက အပေါ်ကနေ အောက်ကို ဆင်းတောင်မလာသေး ဘူးကွဲ့ ... အပေါ်ထပ်မှာပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးမော်ကြီးရဲ့ မျက်နှာမှာ မထိန်းနိုင်တော့အောင် အပျက်လွှန်နေပြီမို့ ချေမ်းမှာ သူ့သနားတာနဲ့ပဲ ကိုယ့်မျက်နှာကိုယ် ထိန်းချုပ်ပြုပြင်ထားရပါသည်။

"အိမ်ရှင်းကြတယ်နဲ့ တူတယ်ကွဲ့ ... စားသောက်စရာတွေ တစ်မျိုးပြီးတစ်မျိုး စီစဉ်ပြီး ပို့ပေးနေတော့ ရှင်းလင်းနေကြတာချည်း တွေ့တာပဲ ..."

"ဘာလုပ်နေကြတယ်ထင်လဲ" ဟူသော မေးခွန်းမျိုးမှာ ဘယ်လိုမှ မေးမကောင်း ... မေးမဖြစ်နိုင်သည့် မေးခွန်းမျိုးပါ။ ဒါပေမဲ့ ချေမ်းက မေးစရာလည်းမလို ... သိချင်မည် ဆိုတာကို အတပ်သိပြီးဟန်နှင့် ဦးမော်ကြီးက အလိုက်တသိပင် ပြောရှာပါသည်။ "အစားအသောက်တွေ တစ်မျိုးပြီးတစ်မျိုး တက်တက်ပို့တာပဲ" ဆိုတာကတော့ သဘောကျစရာ ...။ ဦးမော်ကြီးကား ဤသို့သော ဦးမော်ကြီးပင် ဖြစ်ပါသည်။

"ငါ့ကိုတော့ တက်မလာခိုင်းဘူးကွ ... အိမ်က ကလေးတွေလည်း တစ်ယောက်ကိုမှ ခေါ်မခိုင်းဘူး ... တက်မလာနိုင်းပေမဲ့ ခဏခဏ တက်တက်သွားတော့လည်း မကျေမနပ် မကြည်ဖြူဟန် မရှိပါဘူး ... ရှင်းတာကတော့ ရှင်းသဟေ့ ... သဲကြီးမဲကြီးကို ရှင်းနေကြတာပဲ ..."

ဦးမော်ကြီးကား သူကိုယ်တိုင်က မနှစ်သက်ပုံရှိသည့် အခြေအနေတစ်ခုကို ချေမ်းအနေနှင့်တော့ သိပ်ကြီး အခံရမခက်ရလေအောင် ထိန်းထိန်းသိမ်းသိမ်း ပြောပေးနေဟန် ရှိပါသည်။



"ဘာတွေကို ဒီလောက် ရှင်းနေကြတာလဲ ..."

"မသိပေါင်ကွာ ... အပေါ်ထပ်တစ်ထပ်လုံးမှာက သားငယ်အခန်းရှိယ် ... ဘုရားခန်းရှိယ် ... ကိုငြိမ်းချမ်း အခန်းရှိယ် ... သုံးခန်းသာရှိတာပဲ ... ကိုငြိမ်းချမ်း အခန်းတော့ မပြောတတ်ဘူး ... ပိတ်ထားတော့ မမြင်ရဘူး ... ဘုရားခန်းနဲ့ သားငယ်အခန်းကတော့ ရှင်းပြောင်သပ်ရပ်နေလိုက်တာ ... တက်ကြည့်ပါ ... ကိုယ့်ဟာကိုယ်တောင် မမှတ်မိဘဲ အံ့ဩယူသွားရမယ် ..."

ချေမ်း တစ်ယောက် မျက်မှောင်ကြီးတွန့်ချိုးကာ ခေါင်းပင်ခဲသွားရပါသည်။ ကိုယ့်အခန်းကိုယ်တောင် မမှတ်မိလောက်အောင် ရှင်းလင်းပေးထားကြသည်ဆိုလျှင် သူတို့ ဒီနေ့ ဒီလို ရှင်းလင်းဖြစ်ကြသည်ဆိုတာကို ချေမ်း မသိအောင် ဖုံးကွယ်ထားစရာအကြောင်း မရှိလှပုံပင် ...။ ဘာသဘောလဲ ... ဘာလဲ ...။

နဝေတိမ်တောင် ဖြစ်နေရဆဲမှာပင် ... ကိုငြိမ်းချမ်းက လှေကားမှတစ်ဆင့် အောက်သို့ ဆင်းချလာပါသည်။ သူ ဆင်းအလာကို အသင့်စောင့်မျှော် မော့ကြည့်နေကြပုံတွေ ဖြစ်နေကြသော ဦးမော်ကြီးနှင့် ချေမ်းတို့ကို မြင်လိုက်ရလျှင် ကိုငြိမ်းချမ်းရဲ့ ပုံစံက တစ်မျိုးလေးတော့ ဖြစ်သွားသည် ...။ ဘာတစ်မျိုး ... ဘာအဓိပ္ပာယ်နှင့်လဲတော့မသိ ...။

"ချေမ်းက ပြန်ရောက်လာပြီလား ..."

"ဟုတ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဆန်းဒေးမဟုတ်ဘူးလား ... ခါတိုင်းဆို ဆန်းဒေး သင်တန်းက တစ်ချက်တီးအထိ ရှိတာမဟုတ်ဘူးလား ..."

"ဒုတိယတစ်ချိန်က Lecturer ကနိုင်ငံခြားကို နှစ်ပတ်သွားနေရလို့ ..."

ကိုငြိမ်းချမ်းရဲ့ ပုံစံက သူတို့ရဲ့ ထူးခြားဆန်းပြားသော အဖြစ်သနစ်ကို ချမ်းအနေနှင့် တစ်ဆင့်ပြောမှ ပြန်ကြားရခြင်းမျိုး မဟုတ်ဘဲ ... တန်းတိုးကာ မျက်မြင်ကိုယ်တွေ့ကြီးလိုမို့ မနေတတ် မထိုင်တတ်ပုံမျိုး ပေါက်နေတာများလား ...။

ထက်ထက်ဆင့် အိမ်ရောက်လာတာ၊ အိမ်ပေါ်ထပ်ကြီးမှာ နှစ်ယောက်တည်း ဝုန်းဒိုင်းကြဲ ရှင်းကြလင်းကြတာ ... ဒါတွေကို ချမ်းဟာ ဘယ်လိုနည်းနဲ့မှမဆို ပြန်သိမှာသာလျှင် ဖြစ်ပေမဲ့ ဒီလိုတန်းတိုးဖို့ကိုတော့ သူတို့ ဘယ်လိုမှ မျှော်လင့်မထားကြတာ အသိသာကြီးပင် ...။

"ခြံထဲမှာတောင် မင်းသူငယ်ချင်း ရှိနေတယ်လေ ..."

"အဝမှာ ဆုံလိုက်ပါတယ် ..."

"သြော် ... အေး ... ပြန်လိုက်ပို့လိုက်ဦးမယ် ... မနက်တည်းက ရောက်နေတာ ... သူရောက်လာတော့ ငါမှာ ရေတောင် မချိုးရသေးဘူး ... အခုမှ အောက်ကစောင့်နေမယ်ဆိုမှ ရေအမြန်ချိုးပြီး အဝတ်အစားလဲရတော့တယ် ..."

ကိုငြိမ်းချမ်း ပဲလေ ... သူများမှ မဟုတ်တာ ...။ ခဏတွင်းချင်းနှင့်ပင် ... နဂိုမူလပုံစံအတိုင်း ... ဟန်ဆောင်တည်



ငြိမ်မှုတွေ အပြည့်ရှိသော ပုံစံကြီးနှင့် ပြန်ဖြစ်သွားပါပြီ ...။ ထက်ထက်ဆင့် တစ်ယောက် ချမ်းလည်း မရှိချိန်ကြီးမှာ ပေါက်ချလာပြီး အပေါ်ထပ်ကြီးတစ်ခုလုံးမှာ သူတို့နှစ်ယောက်တည်း ဝုန်းဒိုင်းကြဲ ရှင်းကြလင်းကြခြင်းဟာ အံ့သြစရာ ဘာမှမရှိ ... ပုံမှန်သာမန်လုပ်ရိုးလုပ်စဉ် ... အေးအေးဆေးဆေး ကိစ္စလုပ်တစ်ခုလို ဖြစ်အောင် ကိုငြိမ်းချမ်းက သူ့လေသံဟန်ပန်များနဲ့ ပြုလုပ်ယူလိုက်နိုင်ပါပြီ။

သို့သော်လည်းပဲ ချမ်းသည်လည်း ထိုကိုငြိမ်းချမ်းရဲ့ ညီပဲလေ ...။ ကိုယ်ကိုယ်တိုင် ဖန်တီးတိုက်တွန်း သဘောတူပြထားပြီးသား ကိစ္စတစ်ခုဖြစ်ပေမဲ့ ဒီလို သဘောတူခွင့်ပြုပြီးရုံနှင့် ဒီလောက်ထူးခြားသည့် အဖြစ်ကြီးတစ်ခုကို မသိချင်ယောင်ဆောင်ကာ မအံ့သြဘဲ နေရမည်ဟုတော့ ဘယ်ပညာရှိကမှ မိန့်မြွက်ခဲ့မယ် မထင်ပါဘူး ...။

"ဘယ်လိုလဲ ... အိမ်တွေ ရှင်းနေကြတာဆို ... ဘာလို့လဲ ..."

ကိုငြိမ်းချမ်းက ဦးမော်ကြီးဘက် တစ်ချက် ဖျတ်ခနဲကြည့်လိုက်ရင်း ... ခပ်ပြုံးပြုံး ဖြစ်သွားကာ ...

"အိမ်ဆိုတာ ရှင်းလေ ကောင်းလေ မဟုတ်ဘူးလား ..."

"ဦးမော်ကြီးကို ပြောပြီး အိမ်က ကလေးတွေနဲ့ ရှင်းခိုင်းလို့လည်း ရတာပဲ ..."

"ဟုတ်တယ် ... ဒါပေမဲ့ ကိုယ့်ဘာသာကိုယ် ရှင်းလည်း ရတာပဲ မဟုတ်လား ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ... ထူးခြားတယ် ... ထူးခြားမှုတစ်ခုခု ရှိလို့ ထရှင်းကြသလို ဖြစ်နေတယ် ..."

"ထူးခြားချင်လည်း ထူးခြားမှာပေါ့ကွာ ..."

ချေမ်းရဲ့ မျက်နှာမှာ ခပ်တင်းတင်းနှင့် မျက်ခုံးနှစ်ဖက်တို့ကလည်း ခပ်ပင့်ပင့် ဖြစ်သွားရကာ ...

"သုံးခန်းလုံး ရှင်းတာလား ..."

"ဆိုပါတော့ကွာ ..."

"အပေါ်ထပ်မှာ ဘုရားခန်းတစ်ခုပဲ ချန်ထားပြီး ကျန်နှစ်ခန်းကို အလယ်က အကန့်ပါ ဖြုတ်ပြီး အခန်းကျယ်ကြီး လုပ်လိုက်တော့မလို့လား ..."

ကိုငြိမ်းချမ်းကား ပထမတော့ သိပ်နားမလည်ဟန် ...။ ပြီးကျမှ သဘောပေါက်သွားပုံနှင့် တဟားဟားတဟီးဟီး အတော်ကြီး သဘောကျနေတော့ကာ ... ရယ်သံတွေ ဗလုံးဗထွေးနှင့်ပင် ...

"မင်း ပြောပုံက မင်းဖြစ်ဖြစ် ငါဖြစ်ဖြစ်တော့ တစ်ယောက်ယောက်က အောက်ထပ်ဆင်းပေးရတော့ မလိုလို ဖြစ်နေတယ် ... ဟား ဟား ဟား"

"ကျုန်တော်နဲ့ မဆိုင်ပါဘူး"

"အေး ... အေး ... မဆိုင်ဘူးဆိုရင်လည်း ... အောက်ထပ်က အခန်းတွေလည်း ကျယ်သားပဲကွ ... မင်း ပြောသလို နှစ်ခန်းပေါင်းပစ်လို့ ရနိုင်လောက်တဲ့ နှစ်ခန်းတွဲတစ်ခုလည်း



ရှိနေတာပဲ ... မင်း ကြိုက်တဲ့ အခန်းတစ်ခုလောက် ရွေးရင်ရွေးထားလေ ... ဟား ဟား ..."

"အဲဒီလို အခန်းတွေ ပြန်ချဲ့ပြုပြင်ပြောင်းရွှေ့ကြရအောင် ထက်ထက်ဆင့်က ဒီအိမ်ကို လိုက်လာမှာမို့လား ... သူ့အိမ်မှာဖြင့် နေမကောင်းတဲ့ ယောက်မနဲ့ ... အဘိုးကြီး အဘွားကြီး လှုပ်လီလှုပ်လဲ့တို့ပဲ ရှိတာများ ..."

ပြောပြီးမှပင် ... "ထိုနေမကောင်းသောယောက်မ" ဆိုတဲ့ ကိစ္စတစ်ခုကြောင့်ပင် ထက်ထက်ဆင့်ဟာ ကိုငြိမ်းချမ်းနဲ့ ယူပြီးတာနဲ့ ဤအိမ်သို့သာ မဖြစ်မနေ ပါလာရမှာ ဖြစ်မှာပဲဆိုတာကိုပါ တွေးလိုက်မိပါသည်။ မမနှင်းနှင်းနဲ့ 'ကိုငြိမ်းချမ်းတို့ဟာ နိစ္စဓူဝ မျက်နှာချင်းကြီးတွေ ဆိုင်နေလို့ မဖြစ်နိုင်လို့သာ ဒီလို စီမံလိုက်ကြတာနေမှာပေါ့ ...။

ဟင် ...။ ဒီလိုဆိုရင်တော့ ချေမ်းရဲ့အစ်ကို ကိုငြိမ်းချမ်းဟာ အတော်ကြီးကို မတရားသည့်သူတစ်ယောက်ပဲ ... သူ့ကျတော့ မျက်နှာပူစရာကြီးနှင့် ရင်မဆိုင်ဘူး ...။ အဲဒီအတွက်ကြောင့် ချေမ်းနှင့် ထက်ထက်ဆင့်တို့ကျတော့ မျက်နှာပူစရာကြီးတွေနှင့် ရင်ဆိုင်ချေကြ ...။ အဲဒီလိုလား ...။

"ဟား ဟား ဟား ... ဒါတော့ မသိဘူးဗျာ ... ဟုတ်သားပဲကွနော် ... သူ့အဘိုးကြီး အဘွားကြီးတွေနဲ့ သူ့ယောက်မကို ပစ်ပြီးတော့တော့ ထက်ထက်ဆင့်ဟာ အိမ်ပြောင်းအိမ်ရွှေ့ လုပ်လိမ့်မယ် မထင်ဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းမတ်တတ်နှင့်ပင် ကိုငြိမ်းချမ်းက ခြံထဲသို့ လှမ်းစပြုချိန်တွင် ... ဧချမ်းမှာလည်း ဘာလိုလို ညာလိုလိုနှင့် ... ကိုယ့်ဘာသာနေခဲ့လည်း ဖြစ်ရက်နှင့် ... ကိုငြိမ်းချမ်းရဲ့ နောက်ပါး ကနေ ကပ်မခွာကြီးလိုလို ... စိတ်ညို့ခံထားရသလိုလို ပုံစံကြီးနှင့် လိုက်ပါလာခဲ့မိပါသည်။ ခြံထဲက ကိုငြိမ်းချမ်းရဲ့ကားပေါ်မှာတော့ ... မျက်နှာကလေးခပ်နီနီ (အမှန်ကတော့ ခပ်မဲမဲ)နှင့် အထက်ဆင်ဟာ ငြိမ်သက်စွာ ထိုင်စောင့်နေလျက် ...။

ကိုငြိမ်းချမ်းရဲ့ နောက်က ဧချမ်းပါ ပါလာတာကို မြင်လျှင်တော့ မကောင်းဘဲ မကောင်းတတ်လို့လား ... ကိုငြိမ်းချမ်း နှင့် ပေါင်းတာကြာလာပြီး ကိုငြိမ်းချမ်း ကတော်ပါ ဖြစ်တော့မှာ မို့လားတော့ မသိ ...။ အင်မတိအင်မတန်မှကို "ဘာမှ မဖြစ်ပါဘူး ... ပုံမှန်ပါပဲ"ဟူသည့် မျက်နှာပေးလေးနှင့် အထက်ဆင်က ...

"ဟဲ့ ... ဧချမ်း ... မနက်ဖြန် ဘာနေ့လဲ ..."

သိပါသည်။ သို့သော် ...

"တနင်္လာနေ့ ..."

"ကျွတ် ... ဒုံးဝေးပြန်ပြီ ... နင် ငါ့ကို ချိန်းထားတာ နက်ဖြန်ဆို သုံးပတ်ပြည့်ပြီဟဲ့ ..."

"ငါကချည်း ချိန်းထားတာလား ... နင်လည်း ငါ့ကို ချိန်းထားတယ် ..."

"အေးပါ ... အေးပါ ... စကားကလည်း ကပ်လိုက်တာ ... ဒီမှာ ... ငါ ပြောမယ် ... နင်ပြောထားတဲ့ အချိန်တော့



ငါရောက်မယ် မထင်ဘူး ... ငါ ကိုငြိမ်းချမ်းနဲ့ရော ... ဟိုမိန်းမသုံးယောက်နဲ့ပါ ချိန်းထားတာ တစ်ခုရှိလို့ ... သွားစရာလေး တစ်နေရာ ရှိနေတယ် ... ကိစ္စက အဲဒီ အချိန်မှာ ပြတ်ဦးမယ် မထင်လို့ ..."

မနက်ခပ်စောစော အစ်ကိုနဲ့ ချိန်း ...။ ပြီးရင် ညီနဲ့ ချိန်း ... တစ်ကိစ္စက ပေါင်းဖက်ရေး ... ကျန်တစ်ကိစ္စက ပြတ်တောက်ကွဲကွာရေး ...။ အင်း ... ကောင်းရောကွာ ...။ သူမို့လို့ မျက်နှာလည်း မပူပေတယ် ...။ သူ့ရဲ့ အကြောင်းပြချက်ဆိုတာ ဟာ ရှင်းလင်း ပြီးဆုံးသွားခဲ့ပြီ ဆိုပေမဲ့ ... ခုချိန်မှာတော့ ထက်ထက်ဆင့်ဟာ ကိုစောလွင်နဲ့ ကိုငြိမ်းချမ်း ... နှစ်ဦးသားတို့ရဲ့ စကားတွေကိုသာ စိတ်ဒုံးဒုံးချ ခေါင်းညိတ်လိုက်ပြီးပုံနဲ့ ... ဘယ်လိုမှကို ခံစားမနေရတော့တဲ့ အချိုးအချိတ်နဲ့ပါလား ...။

ပြောရင်တော့ ..."ငါ့ကိစ္စက ပြီးသွားပြီ ဆိုပေမဲ့ နင်ကတော့ ရက်စေ့ရင် ငါ့ကို ပြတ်ကိုပြတ်မှာပဲ မဟုတ်လား ဧချမ်းရယ် ... အဲဒီတော့ ငါလည်း ငါ့အစ်ကိုနဲ့ ... ငါ့ဆရာလည်းဖြစ် ကျေးဇူးရှင်လည်းဖြစ်တဲ့ ကိုငြိမ်းချမ်းတို့ရဲ့ စကားကိုပဲ အေးဆေး ခေါင်းညိတ်လိုက်တော့တာပေါ့ ... ဘာဖြစ်သလဲဟယ် ..."ဆိုတဲ့ အဖြေမျိုးပဲ ပြန်ရမည်ထင်သည်။

"တော်ပါတော့ ... နင့်မှာ အဲဒီလောက် ရှုပ်ပြီး မအားလပ်ကြီး ဖြစ်နေရင်လည်း ... ငါနဲ့ ချိန်းထားကြတယ်ဆိုတဲ့ ကိစ္စက ဖျက်လိုက်လည်း ရပါတယ် ... သပ်သပ်ကြီး ထပ်ချိန်း

www.burmeseclassic.com

www.burmeseclassic.com



မနေတော့ဘဲနဲ့ ခုပဲတစ်ခါတည်း ကိစ္စဖြတ် ... လက်စသတ်လိုက်ကြရင်လည်း ရတာပဲ ... မဟုတ်ဘူးလား" ... လို့ ... ပြောချလိုက်ရင်တော့ မကောင်းဘဲ ရှိတော့မယ် ...။

"ဟိုဟာပါ ... ကိုစောလွင် ကိစ္စဖြစ်နေတုန်းက ... နင်တို့ယောက်ျားလေး လေးယောက်က ငါတို့ မိန်းကလေးတွေကိုတော့ မစောင့်ဘဲ နင်တို့ချည်း ကျိတ်ကြံပြီး ကုမ္ပဏီက ဆေးတွေ သွားထိုးထားကြတယ် မဟုတ်လား ... အဲဒါအားကျမခံ ငါတို့လေးယောက်လည်း နက်ဖြန် ထိုးမယ် ... ငါကတော့ နင့်လို တစ်ကိုယ်ကောင်း မဆန်တတ်တော့ ကိုငြိမ်းချမ်းကိုပါ ပြောပြီး ခေါ်ထားတယ် ... အဲဒါ သွားထိုးကြမလို့ ..."

ချမ်းမှာ မျက်နှာမပျက်အောင် မနည်းတင်းထားလိုက်ရပါသည်။ အထက်ဆင်ရဲ့ ပြောနေပုံ အရကတော့ ... ချမ်းရော သော်ဇင်ပါ ဆေးအတူထိုးဖြစ်ကြသည်ဟု ထင်နေတဲ့ပုံပင် ...။ ချမ်းက ဟန်မပျက် ...

"ဪ ... ဒါလား ... မြန်မှာပါ ... တစ်ခါတည်း ဆေးမထိုးခဲ့ရသေးဘူးလေ ... ငွေသွင်းပြီး သွေးဖောက်ခဲ့ရုံပဲ ... လာထိုးရမဲ့ ရက်က သွေးအဖြေရမဲ့နေ့ကျမှ ... သူတို့ ပြန်ချိန်းလိမ့်မယ် ..."

"မဟုတ်ဘူး ... ငါတို့က လမ်း(---)က ကိုငြိမ်းချမ်းရဲ့ အသိဆေးခန်းကြီးမှာ ဒီညပဲ သွေးသွားစစ်ကြမှာ ... အဲဒီ



ဆေးခန်းက ဒီညဖောက်ရင် နက်ဖြန်နေ့လယ်ဆို အဖြေရပြီ ... ငါ စုံစမ်းပြီးပြီ ... သွေးစစ်ပြီးတဲ့ အဖြေစာရွက်တွေ ပါလာရင်လည်း ဆေးကို ခွဲရောင်းပေးပါတယ်တဲ့ ... ဒီဈေးပဲ ... ဈေးမတင်ဘူး ... သွေးချည်းပဲ သပ်သပ်လာစစ်လို့သာ မရတာ ... ဆေးချည်းပဲ သပ်သပ်လာဝယ်ထိုးလို့တော့ ရတယ်တဲ့ ..."

"အဲဒီမှာပဲ တစ်ခါတည်း ဖောက်စစ်ထိုး ... လုပ်ရင်လည်း ဈေးက ပိုမသက်သာဘူးလား ... ကိုငြိမ်းချမ်းရဲ့ အသိဆိုင်ကို ငါလည်း သိပါတယ် ... အဖြေ (Result)ရတာ မြန်တယ် ... တိကျတယ် ... ဒါပေမဲ့ ဈေးကတော့ သိပ်ရိုက်တာပဲလေ ... မဟုတ်ဘူးလား ..."

"ဟုတ်တော့ဟုတ်တာပေါ့ ... ဒါပေမဲ့ သူတို့ ကုမ္ပဏီက ဆေးစစ်ပေးတယ်ဆိုတာ Antigen ကိုပဲ စစ်ပေးတာ ... ဘယ်မှာမဆို အဲလိုပဲ ဆေးစစ်ပြီဆိုရင် Hbs Antigen ကိုပဲ စစ်ကြတာချည်းပဲ ... Anti Body ကိုတော့ ဘယ်သူမှ စစ်မပေးဘူး ... မစစ်ဖြစ်ကြဘူး ... အဲဒါကြောင့် ငါတို့က ကုမ္ပဏီမှာ မစစ်ဘဲ ကိုယ့်ဘာသာ အပြင်မှာ သတ်သတ်စစ်ကြမှာ ... နှစ်ခုစလုံး စစ်ချင်လို့ ..."

"Antibody ... အဲဒါ ဘာလဲ ..."

"ငါတို့လည်း သိပ်တော့ နားလည်လှတာ မဟုတ်ဘူး ... ဒီလိုပဲ လိုက်မေးထားတာပဲ ... အရှင်းဆုံးပြောရရင်တော့ဟာ

www.burmeseclassic.com

www.burmeseclassic.com



Antigenဆိုတာက အဲဒီပိုးပေါ့ ... ဆေးထိုးတယ်ဆိုတာက လည်း လူထဲကို ပိုးလေးနည်းနည်းသွင်းပေးလိုက်တာလေ ... အဲလို ပိုးဝင်လာရင် အဲဒီပိုးကို တိုက်ထုတ်ဖို့ လူထဲကနေ အော်တိုမက်တစ် ပြန်ထွက်လာတာက ပိုးကို တိုက်ခိုက်ဖို့ စစ်သည်ပေါ့ ... Anti Hbsလို့လည်းခေါ်တဲ့ ... Antibody ..."

ကိုယ့်မှာ အဲဒီပိုး ရှိမှန်းသိသိကြီး ဖြစ်ပြီးပါရက် ... အခု အထက်ဆင့် ပြောပြနေတဲ့ဟာကိုတော့ သိမထားမိသည့် အတွက် ချေမ်း တစ်ယောက် အံ့သြတကြီး ဖြစ်နေမိပါသည်။ Antigenဆိုတာတော့ သူ သိသည်။ ချေမ်းကို လူတွေ့ခေါ်စစ်သည့် ဘုတ်အဖွဲ့မှ စစ်ဆေးပေးလိုက်သည်မှာ ထို 'Antigen'ဆိုသော အရာပင် ဖြစ်ပါသည်။ အဲဒါကြောင့်ပင် ချေမ်းက နောက်တစ်ကြိမ် ထပ်စစ်ကြည့်သောအခါမှာလည်း ပထမစာရွက်ကိုပင်ပြပြီး ထို Antigen ဆိုသောအရာ ရှိမရှိကိုပဲ ပြန်စစ်ခဲ့ပါသည်။ Antibody ဟုခေါ်သည့် 'စစ်သည်'ဆိုတာကိုတော့ ခု အထက်ဆင့် ပြောမှပင် ကြားဖူးတော့သည်။

"ပိုးဝင်လာပြီဆိုတာနဲ့ အချိန်အတိုင်းအတာတစ်ခုကို ရောက် ရင် ... Antibodyစစ်သည်တွေက ထွက်လာပြီး တိုက်တာပဲ၊ အဲဒါကြောင့် ဆေးက သုံးခါထိုးပြီးရင် စစ်သည်တွေက သုံးလကနေ ခြောက်လအတွင်းမှာ ... စထွက်လာပြီး တိုက်တာပေါ့ ... နောက်ဆုံးကျတော့ ပိုးတွေကုန်ပြီး လူထဲမှာ ကောင်းတဲ့စစ်သည်တွေချည်းပဲ ကျန်ရော ...



အင်အားလည်း ပြည့်နေပြီ ... အကယ်၍ မတော်တဆ ပိုးထပ်ဝင်လာရင် ကောင်းကောင်းတိုက်ပစ်နိုင်တဲ့ အနေ အထားမှာ ရှိနေရော ... ရောဂါမကူးတော့ဘူးပေါ့ ..."

တင်မောင်ဦး ပြောပြဖူးသည့် ထက်ထက်ဆင့်သာ ဆေးကြိုထိုးထားရင် မကူးနိုင်ဆိုတာ ဒါမျိုးကို ပြောတာပဲဖြစ်မည်။ ချေမ်းကို ပထမဦးဆုံးအကြိမ်မှာ ရှင်းပြလိုက်တဲ့ ဆရာဝန်ဟာ သူ့ကိုယ်တိုင်ပဲ မေ့ကျန်ခဲ့တာလား ... ချေမ်းကပဲ ထူပူနေပြီး မကြားမိတာလားတော့မသိ ... ဒီအချက်ကို တင်မောင်ဦး မပြော ခင်က ချေမ်း ကြိုမသိခဲ့တာတော့ သေချာသည်။ ထက်ထက်ဆင့် ပြောသည့် Antibody ဆိုတာတော့ ခုထိ လုံးဝကို မသိခဲ့ရသည့် အကြောင်းအရာသာပင် ...။

အဲဒါကိုပဲ တင်မောင်ဦးက မကျေမနပ်နှင့် ... "ဘယ်မလဲ ... မင်း တိုင်ပင်ခဲ့တဲ့ ဆရာဝန်ရဲ့ ဆေးခန်းဆိုတာ ... Acute ကိစ္စကိုတော့ တစ်စက်မှ ရှင်းမပြလိုက်ပဲ ... ရောဂါဖြစ်မဲ့ Chronicကိုချည်း လိမ့်ပြောပြီး ခြောက်လွှတ်လိုက်တဲ့လူ ... ကြည့်၊ ကြည့်ရအောင်ကွာ ..." ဆိုလို့ ရပ်ကွက်တစ်ခုအတွင်းမှ ဆေးခန်းငယ် တစ်ခုကို ပြန်လိုက်ပြကာမှ ကောင်းကောင်းကြီး အဟားခံရတော့တဲ့ အဖြစ်ပါပဲ ...။

"ဘာမှ မရေရာတဲ့ကောင် ... ဆရာဝန်ပြတာတောင် မရေရာဘူးရယ်လို့ပဲ ... ဂျူတီကုတ်အဖြူဝတ်ထားတိုင်း ဆရာဝန် ဖြစ်နိုင်ပါ့မလားကွ ... Technician ရှိတယ် ... ကွန်ပေါင်ဒါ ရှိတယ် ...



www.burmeseclassic.com

www.burmeseclassic.com



မေးလ်နှာစ်တောင် ဖြစ်နေနိုင်သေးတယ် ... မင်းကို ထက်ထက်ဆင့် က အဲဒီ မရေရာမှုနဲ့ အမြဲပြားနေတာ ခံရင်လည်း ခံချင်စရာပဲ ... ခုတော့ အလကားသက်သက် စိတ်ဆင်းရဲနေရတာပဲ အဖတ်တင် တယ် မဟုတ်လား ...” တဲ့ ...။

တင်မောင်ဦး ပြောပြမှပင် ခပ်တည်တည်နှင့် ဆေးခန်းထဲမှာထိုင်နေသော်လည်း အဲဒီလူဟာ ဆရာဝန် မဖြစ်နိုင်မှန်း သိရကာ ချွမ်းမှာ အရှက်ရခဲ့ရပါသေးသည်။

“ဒါပေမဲ့ ငါတို့ ဆေးမထိုးရသေးတဲ့ လူတွေမှာလည်း တစ်ကြောင်းကြောင်းနဲ့ အဲဒီပိုးက ကူးဝင်ချင် ဝင်နေမှာပေါ့ ဟယ် ... ငါတို့တွေကတော့ မသိဘူးပေါ့ ... အဲဒါကြောင့် ဆေးထိုးတော့မယ် ဆိုတော့ နဂိုကတည်းက ရှိနေ မရှိနေ အဲဒါကို စစ်ရတာ ...

ဆေးထိုးလို့ ပိုးဝင်လာရင်တောင် ပြန်တိုက်မဲ့ စစ်သည်က ထွက်ရင် ... အကြောင်းတစ်ခုခုနဲ့ ပိုးဝင်မိရင်လည်း အဲဒီစစ်သည်က ထွက်လာမှာ ပြန်တိုက်နေမှာ မုချပဲ ... ဒါပေမဲ့ ဆေးထိုးသလိုမျိုး သေချာဖော်စပ် ပြုပြင်ချိန်ဆထားတာမျိုး မဟုတ်တော့ ... ပြန်တိုက်ပေမဲ့ နိုင်မနိုင်က မပြောနိုင်ဘူး ... နိုင်ချင်လည်း နိုင်ပြီးသား ဖြစ်နေလိမ့်မယ် ... တိုက်နေဆဲလည်း ဖြစ်နိုင်တယ် ... လုံးဝ မနိုင်နိုင်တော့ဘဲ စစ်သည်တောင် ထွက်မလာဘဲ ပိုးချည်းပဲ ဖြစ်နေတာလည်း ဖြစ်နိုင်တယ် ... အဲဒါကြောင့် ငါတို့





က စစ်မဲ့စစ် နှစ်ခုလုံးစစ်မှာ ... တော်ကြာ လုံးဝ နိုင်ပြီးသားကြီး ဖြစ်နေရင် ... ဆေးထပ်ထိုးတော့ အပိုပဲ ဆေးဖိုးကုန်ရုံပဲ ... ငါတို့က ဆေးထိုးတယ် ဆိုတာ အင်အားဖြည့်တဲ့စစ်သည် Antibody တွေထွက်လာအောင် ထိုးတာ ... ထွက်ပြီးသား ... အင်အားပြည့်ပြီးသားဆိုရင် ဘာလို့ ငွေကုန်ခံပြီး ထပ်ထိုးနေမလဲ ...”

ထက်ထက်ဆင့်ကတော့ သူ့ထုံးစံအတိုင်း အာလေး တကျယ်ကျယ်နှင့် သူသိသူတတ်ပုံစံဖမ်းကာ ချွမ်းကို ကြွတုန်း ဆရာကြီးလုပ်ခွင့် ရနေတာကိုပဲ သိပ်ကျေနပ်နေဟန် ရှိပါသည်။ ချွမ်းမှာတော့ ကြားလိုက်ရတဲ့ စကားများကြောင့် ခြေဖျားလက်ဖျားတွေ အေးစက်ကာ ရင်လည်း တဒုန်းဒုန်း ခုန်စပြုပြီ ...။

သူ တစ်ခါမှ Antibody ဆိုတာကို မစစ်ဘူးခဲ့ ...။ သူ့မှာလည်း အဲဒီစစ်သည်တွေ ထွက်မနေ တိုက်မနေဘူးလို့ ဘယ်သူက ပြောလဲ ...။ နှစ်ကြိမ်နှစ်ခါ စစ်ခဲ့တာသည် နှစ်ကြိမ်လုံး Antigen(+)ve ချည်းပဲ ဖြစ်နေလေရာ ... ပိုးတွေရှိနေသေးတာတော့ သေချာပေမဲ့ ထက်ထက်ဆင့် ပြောသလို “တိုက်နေဆဲကာလ”မို့ Antigen ရော Antibody ပါ နှစ်ခုလုံး ရှိနေချိန်လည်း ဖြစ်နေနိုင်တာပဲ မဟုတ်လား ...။

“နင်က တယ်သိနေပါလား ...”

ချွမ်းမှာ အခံရကာလည်းခက် ... အသည်းကလည်း ယားး ...။ မျက်ခုံးလေးကို ပင့်ချီထားကာ ဟန်နှင့် မာန်နှင့် ပြော



www.burmeseclassic.com

www.burmeseclassic.com



နေတော့သော ထက်ထက်ဆင့်ကိုပဲ တစ်ခုခု ထလုပ်ပစ်လိုက်ချင်တော့သလို အသည်းယားတက်လာမိသည့် မြတ်နိုးစိတ်တွေနှင့် မချင့်မရဲ ပြောလိုက်မိပါသည်။

"သိဆို ... ငါ့ညီမဝမ်းကွဲ သန္တာ သိတယ်မှတ်လား ... ဆေးကျောင်းသူလေ ... သူ့ဆီက တစ်လုံးမကျန် ညှစ်မေးထားတာ ... သူကိုယ်တိုင်က အဲဒီ Hbs Antigen(+)ve လေ ... Needle prick တဲ့ဟာ ... ရောဂါရှိတဲ့လူကို ထိုးထားပြီးသား ဆေးထိုးအပ်နဲ့ သူ့လက်သူ ပြန်ထိုးမိပြီး ကူးခဲ့တာတဲ့ ... သူက အဲလိုပဲ ရုပ်ပြာရုပ်ပြာနဲ့ဟာ ... အဲဒီမှာ သုံးလတစ်ခါ ပြန်ပြန်စစ်နေတာ ... ငါ့ကိုတောင် သူ့ရဲ့သွေးအဖြေ Result တွေ ထုတ်ပြလိုက်သေးတယ် ... ကြည့်လို့တောင် ကောင်းတယ် ... သူ့ဆရာကြီးတစ်ယောက်က ဂရပ်(ဖ)နဲ့ မျဉ်းကြောင်းပုံနဲ့ ဆွဲပြီး ရှင်းပြထားတာ ... ပထမ Antigen(+)ve ပေါ့ ... ပြီးတော့ Antibody က ထွက်လာရော ...

အဲဒါလည်းပြီးရော ... Antigen တွေက တဖြည်းဖြည်း နည်းလာပြီး ဂရပ်(ဖ)မျဉ်းကြောင်းမှာ Antibody တွေက တဖြည်းဖြည်း မြင့်တက်လာရော ... (၁)နှစ်လည်းကျော်ရော ... ဘယ်နှခါထပ်စစ်စစ် ... Antigen က လုံးဝမရှိတော့ဘဲ ... Antibody ချည်း ဖြစ်နေရော ... ငါက ဘာမဆို ရေရာတိကျမှ ကြိုက်တာလေ ... ငါကိုယ်တိုင်





ဆေးထိုးတော့မယ်ဆိုတော့ အကုန်လုံး လိုက်မေးကြည့်ထားတာပေါ့ ... ငါက နင့်လို မရေမရာကောင်မှ မဟုတ်တာပဲ ချေမ်းရယ် ..."

ချေမ်းတစ်ယောက် ပါးစပ်အဟောင်းသားပင် ဖြစ်သွားရပါသည်။ ဒီတစ်ခါ ထက်ထက်ဆင့် ချိုးထားသော ဆရာကြီးရုပ်ကလေးသည် အရင်အကြိမ်အခါတွေကလို ချေမ်း အတွက် အမြင်ကတ်စဖွယ် ... ရန်ပြိုင်ဖြစ်ချင်စဖွယ်ရုပ်မျိုး ထွက်မနေတော့ ...။ အထင်ကြီးပြီး နူးမြောလှသည့် စိတ်တွေသာ အလုံးအရင်းနှင့် ထကြွလို့လာစေသည်။

"သွားကြစို့ ကိုငြိမ်းချမ်း ..."

ထက်ထက်ဆင့်က ချေမ်းဘက် လှည့်ကာ လက်ကလေးများပင် ဝှေ့ယမ်းကာ တွတ်တာပြသွားပါသေးသည်။ သူတို့နှစ်ယောက်ရဲ့ကား ခြံထဲမှ ပျောက်သွားသည်ဆိုလျှင်ပဲ ချေမ်းမှာ အိမ်ပေါ်သို့ ပြန်တက်မနေတော့ဘဲ ... ကိုယ့်စီးတော်ယာဉ်ထဲ အမြန်ဆုံးနှုန်းနှင့် ခြေကုန်သုတ် ပြေးမိပါတော့သည်။ လမ်း(---)က ဆေးခန်းကို သူတို့က ညကျမှသွားပြီး သွေးဖောက်ကြမှာတဲ့ ...။ ကိုယ်က ခုကတည်းက သွားဖောက်ထားရင် Result က မနက်ဖြန်နေ့လယ်မှာ ရကိုရပြီး ဖြစ်နေမည်။

မျှော်လင့်ချက်ကြီးရတာကိုတော့ မနှစ်မြို့ ... ကြိုက်ချင်လှပါ ...။ သို့သော် ... ကိုယ့်မှာသာ ခုခံစစ်သည်တစ်ယောက်လောက်ပဲ ရှိနေစမ်းပါစေ ...။ ထက်ထက်ဆင့်ရဲ့ နံဘေးမှ လွှင့်

www.burmeseclassic.com



ထွက်သွားအောင် ပြန်လည်တိုက်ထုတ်ပစ်ရမည့်သူမှာ ကိုယ့်အစ် အရင်းခေါက်ခက်ကြီးပါလား ဆိုတာကိုလည်း ခေါင်းထဲ ထည့်မ ချင်တော့ပေ ...။

မနက်ဖြန်ဟာ နှစ်ဦးစလုံးအတွက် "သုံးပတ်"တိတိ ပြည့်တဲ့နေ့ပဲ ဖြစ်ပါတယ် ...။

"အဲဒီ ငမဲမဟာ ... ငါ့ကို ပုလဲ တစ်ယောက်လုံး အား ထားပြီး အသေအစ်တာလေ ... လည်ပင်းထဲမှာ သူလိုချင် တဲ့စကားသာရှိရင် လည်ပင်းတောင် ထညှစ်ပြီး အတင်း ဖြစ်ညှစ်ထုတ်မလားဘဲ ... ငါ့မှာတော့ ပုလဲကို အားနာ မျက်နှာပူရတာက နည်းနည်းပါ ... သူ့ပုံကြည့်ပြီး သော်_ ချမ်းကိုတော့ တကယ်ချစ်ရှာတယ် ... မခွဲချင်ရှာဘူးနဲ့ တူတယ်နဲ့ ... သနားလိုက်ရတာ ... သင်းကတော့ ကိုငြိမ်း ချမ်းနဲ့ အစီအစဉ်တွေတောင် လုပ်ပြီးကြပြီတဲ့ ... တောက် ရိုင်းတယ်ကွာ ..."

"သူက ချမ်း ဆီမှာ ရောဂါတစ်ခုခု ရှိသလား ... မရှိ ဘူးလား ... ဒါကိုပဲ အတိအကျ သိချင်တာ ... ငါ့ကို



လာပြောတော့ လက်တစ်လုံးခြားနဲ့ ... သော်ဇင်က ရောဂါ တစ်ခုခု ရှိနေတယ်လို့ ပြောလိုက်တယ် ... ဆိုတာက စတာ"

"ဟာ ... ငါမပြောပါဘူး ... ငါတောင် ခုမှသိတာ ..."

"အေး ... မင်းပြောမှာ မဟုတ်ဘူး ဆိုတာ ငါသိပါတယ် ... ဒီဟာမရဲ့ ကလိမ်ကကျစ် အကွက်ကိုသာ ပြောပြတာပါ ..."

သော်ဇင်နှင့် ဝင်းကျော်တို့မှာ ချမ်းက ယနေ့မှ သူတို့ကို ထုတ်ပြောဝန်ခံလိုက်၍ ရိုးတိုးရိတ်တိတ်နှင့် သိသလို မသိသလို ဖြစ်နေကြရာမှ ရှင်းရှင်းလင်းလင်း သိသွားကြချိန်မို့ သူငယ်ချင်းအတွက် စိတ်မကောင်း ဖြစ်ကြရသလို ... ထက်ထက် ဆင့်ကိုလည်း ဒေါသတွေ ထွက်ကြရပါပြီ။

ချမ်းက ..."ငါ့မှာတော့ ဒီလို ဒီလိုပဲ ဖြစ်နေပြီ ... ငါ အခုသွေးထပ်စစ်ထားတယ် ... အခြေအနေကောင်းရင် အထက် ဆင်နဲ့ ကိုငြိမ်းချမ်းတို့ရဲ့ ကိစ္စကို မရရအောင် ပြန်ဖျက်မယ် ... မင်းတို့ ဘာကူညီနိုင်ကြမလဲ ..."ရယ်လို့ ယခုမှ ပွင့်ပွင့်လင်းလင်း ဖွင့်ချပြလိုက်တာ မဟုတ်လား။

သော်ဇင်နှင့် ဝင်းကျော်တို့လို ဘာရယ် ... ညာရယ် ကြွမ်းဝါးနေကြသော ဒေါသ ... အသံပင် မထွက်နိုင်တော့လောက် အောင် စိတ်ဆိုး စိတ်ထိခိုက်နေမိတော့သူမှာ တင်မောင်ဦးပင် ဖြစ်ပါသည်။ တောက် ...။ "နင်သိသိချင်း ငါ့ဆီ ပြေးပြီးလာ ပြောရမယ် မဟုတ်လား"တဲ့ ...။ ရိုင်းလိုက်လေ ထက်ထက်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



ရာ ...။ အယုံသွင်းစကားတွေနှင့် ... "ဖိုးဂဠုန် တစ်ယောက် ဘာဖြစ်ဖြစ် ..."တဲ့။ "ဘာကြီးပဲ ဖြစ်နေပါစေ"တဲ့။

အခုတော့ဖြင့် ဘာကြီးမှတောင်မှ မဖြစ်ရသေး ...။ သူတိကျရေရာစွာ သိလိုသော သတင်းတစ်ခုက သေချာပြီးသွားပြီဆိုတာနှင့် ... စနေညနေမှာ သေချာရင် တနင်္ဂနွေမနက်မှာတင် ဓာတိက ပြပြီးနေပြီ။ တင်မောင်ဦးမှာ အဲဒီလိုကြီး အတိအလင်း ဖောက်လွဲဖောက်ပြန် ဘက်ပြောင်းသွားရခြင်းရဲ့ တရားခံဟာ ကိုယ်ပဲ ... ဟု ပြန်တွေးမိလေလေ ... အဲဒီအထက်ဆင်မကို နှုတ်နှုတ်စင်းပစ်ချင်လေလေ ...။

ဘယ့်နှယ်ဗျာ ... ကိုယ့်ဘာသာ ရိုးတိုးရိတ်တိတ် အသိလောက်နှင့်တင် ... ကိုယ့်ဘာသာပဲ မသိမသာလေး (သွားလေသူရဲ့ ဆန္ဒကိုပဲ ခံယူလိုက်သလိုလို ... ခေါင်းစဉ်တွေ ဘာတွေတပ်ပြီး) သာရာစီးသွားခဲ့ရင်လည်း ဖြစ်ရက်နဲ့ ...။ အဲဒီလိုဆိုရင်တောင် ကိုယ်တို့တစ်တွေမှာလည်း ... အဲဒီလိုကြီးမှန်း သိသိနဲ့တောင် အခံရက ဒီလောက်မခက်နိုင်ဘူးပေါ့ ...။ အနည်းဆုံးတော့ မိတ်မပျက်ကလေး မေးထူးခေါ်ပြော ဆက်လုပ်နေသေးလို့ရနိုင်တာပေါ့။

ခုကျတော့ အတိအကျ သိရကာမှ အခန်းပြင်ဆင်ဖွဲ့စည်းဖို့တောင် အိမ်လိုက်ရှင်းကြည့်သတဲ့ ...။ အံ့ပါရော ...။

"ဆောရီးပဲ ချော်မ်း ... ဒါတွေအားလုံးဟာ ငါ့အပြစ်တွေချည်းပါပဲ ... ငါ တောင်းပန်တယ်ကွာ ..."



သူငယ်ချင်း သုံးယောက်လုံး တင်မောင်ဦးဘက်အုံအားသင့်စွာ လှည့်ကြည့်ကြသည်။ ခုချိန်မှာ စိတ်ဆိုးဒေါသနဲ့အတူ စိတ်ထိခိုက်ရတာကပါ ရောပြွမ်းနေရတဲ့ တင်မောင်ဦးက ချော်မ်းရဲ့ လက်နှစ်ဖက်ကို စုကိုင်ဆွဲဆုပ်လိုက်ပြီး ...

"ငါ နှုတ်မလုံခဲ့လို့ ဒီလိုဖြစ်ရတာ ..."

"ဟာ ... ဘာဆိုင်လို့လဲ ... မင်းက ဘာများလုပ်လို့လဲ တင်မောင်ဦးရာ ... ခုကိစ္စမှာ အထက်ဆင်ကိုလည်း ငါက သိပ်အပြစ်မတင်ချင်ပါဘူး ... ငါကိုယ်တိုင်က ကိုငြိမ်းချမ်းကိုရော ... သူ့ကိုပါ တိုက်တွန်းခဲ့တဲ့ကိစ္စလေ ... ပြီးတော့လည်း သုံးပတ်ပြည့်ခါနီးတဲ့ အချိန်မှာ သူ့ဘက်ကတော့ အကြောင်းကိစ္စတွေက ပြေလည်သွားပြီး ငါ့ဘက်ကကျတော့ ပြန်ပြေလည်နိုင်မယ်ဆိုတဲ့ အရိပ်အမြွက်မျိုး လုံးဝမှမရှိခဲ့တာပဲကွာ ... သူဒီလိုဆုံးဖြတ်တာ သူ့ဘက်က အမှားကြီး အလွန်ကြီးတော့လည်း မဟုတ်လှပါဘူး ... ဘာအကျိုးအကြောင်းမှ မသိရတဲ့သူ တစ်ယောက်ဟာ ဒီလမ်းကို ရွေးမယ်ဆိုလည်း ရွေးထိုက်ပါတယ် ... ဒါကို ငါက လက်ခံနိုင် မခံနိုင် ဆိုတာကတော့ တစ်ပိုင်းလေ ..."

"ဘယ်ကလာ ဘာအကျိုးအကြောင်းမှ မသိရှာလဲ ... မင်းအကြောင်းကို ရွေးစေတစ်စေ့စာမှတောင်မကျန်အောင် အားလုံး ငါပဲ ပြောပြလိုက်မိတာ ... သူက ဘာကြီးပဲဖြစ်

www.burmeseclassic.com



နေ ဖြစ်နေပါလို့ ဆိုတာကိုးကွ … တောက် … နာလိုက်တာကွာ …”

တင်မောင်ဦးမှာ ပြောနေရင်းနှင့်တောင် ပိုက်ဆံအိတ်မာခေါက်ခေါက်နှင့် အထုခံထားရသော နေရာများမှ ပြန်ပြီးနာကျင်လာသယောင်ယောင် ခံစားလာရပါသည်။

“ဘာ … ငါ့မှာ ဘီပိုးရှိနေတာ သူသိသွားပြီးပြီ …”

“ဟုတ်တယ် … ငါ ပြောပြမိတာပါ …”

“ဒါ … ဒါဆို … ဒါဆိုရင် …”

ချွမ်း တစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာသည်။

“ဒါဆိုရင် ငါ့အခန်းထဲ သူတို့နှစ်ယောက် ဘာဝင်လုပ်ကြတာလဲ”

“မင်းပဲ သူတို့နေဖို့ အခန်းပြန်ပြင်ဖွဲ့ချင်လို့ အိမ်ရှင်းကြတယ်ဆို”

“ဟာ … အဲဒါ ငါ့ဘာသာ ထင်ရာပြောတာ … အိမ်ရှင်းကြတယ်ဆိုတာလည်း ဦးမော်ကြီးရဲ့ အထင်ပဲရှိတာ … လက် … လက်စသတ်တော့ …”

“မင်းရဲ့ အခန်းထဲမှာ မင်းဖွက်ထားနိုင်တဲ့ တစ်ခုခုကို ဝင်ရှာကြတာများလား …”

သူတစ်ကာထက် အတွက်အချက်မှာ အမြဲပိုမြန်လှသော တင်မောင်ဦးက စိတ်လှုပ်ရှားသံနှင့် ဒက်ခနဲပြောချလိုက်သည်။

“ဒါပဲပေါ့ကွ … သွေးအဖြေစာရွက် နှစ်ရွက်ကို တွေ့သွားကြသလား မသိဘူး … နိုင်ငံခြားသားတွေက စစ်ပေးထားတာတစ်ရွက် … ငါ့ဘာသာ ထပ်စစ်ထားတာက တစ်ရွက် …”

“နောက်တစ်ကြိမ်က ပထမတစ်ကြိမ်နဲ့ ဘယ်လောက်ခြားသလဲ …”

“တစ်ပတ်လောက်ပဲ ကွာမှာပေါ့ … နှစ်ခုလုံး စစ်ထားတာကတော့ တစ်လခွဲကျော် … နှစ်လလောက် ရှိပြီကွ …”

“ဟာ … မင်းကလည်း ပိုးရှိမရှိ သိချင်ရင် တစ်ကြိမ်နဲ့ တစ်ကြိမ် သုံးလေးလလောက်ခွာပြီးမှ ထပ်စစ်ရတယ်ပဲ ကြားဖူး ါတယ် … မင်းအလှည့်ကျမှ တစ်ပတ်ပဲခြားပြီး … စပါပဲကွာ … မင်းကတော့ … ရပ်ကွက်ကလေးက ဆေးခန်းမှာ ဆရာဝန်အစစ် မရှိတဲ့ နေ့လယ်ဘက် အချိန်မျိုးကြီးမှာ ဂျူတီကုတ်ဝတ်ပြီး “အပ်ပုန်း”ဝင်ကိုင်နေတဲ့ ဆေးခန်းစောင့် Compounder ကိုလည်း ဆရာဝန်ထင်လိုထင် … ဆရာတင်လိုတင် …”

“ငါက ဘီပိုးဆိုတာ ပြန်လျော့သွားနိုင်တယ် … ပျောက်သွားနိုင်တယ် ဆိုတာကိုမှ မသိဘဲ … အဲဒီလို ခြားစစ်ရမှန်း ဘယ်သိပါ့မလဲ … ဟိုနိုင်ငံခြားက ဘုတ်အဖွဲ့တွေလာစစ်ပေးတုန်းကရတဲ့ အဖြေက မှားနိုင်သလားမှန်သလား ဆိုတာကို အတိအကျ သိဖို့သာ နောက်တစ်နေရာမှာ ထပ်စစ်တာပဲ”

www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်းက မနေ့က တွေ့ခဲ့ရသော ထက်ထက်ဆင့်ရဲ့ ဟန်ပန်ကလေးများက မျက်ဝန်းထဲ ရုပ်ရှင်ပိတ်ကားတစ်ချပ်ကို ကြည့်နေရသလို ပြန်လည်မြင်ယောင်လို့ လာပါသည်။ ဆရာကြီးလုပ်ချင်လှတဲ့ မျက်နှာပေးလေးနဲ့ ဒီရောဂါအကြောင်း ဗဟုသုတ မှန်သမျှကို ဧချမ်းရဲ့ အသိစိတ်ထဲ မဝင် ဝင်အောင် တမင်ရိုက်ထည့်ပေးနေတော့သလား ထင်မှတ်ရလောက်အောင် ...။

"ဟာ ... အဲ ... အဲဒါ ... ငါ့သွေးအဖြေ စာရွက်တွေမှာ Antigen တွေချည်းပဲ စစ်မိထားတာကို သူတို့ တွေ့သွားကြလို့ပဲ ဖြစ်မယ် ... ငါ့ကို အဲဒီ Antibody ဆိုတဲ့ နောက်တစ်ခုကိုပါ မစစ်ချင် စစ်ချင်လာအောင် တကယ့်ကို အကွက်ကျကျနဲ့ အပြောကောင်းသွားတာကွ ... ဒီတိုင်းကြီး ပေါ်တင်ကြီးနဲ့ ... တင်မောင်ဦးဆီက သိလာရပြီးပြီ ... နောက်သွေးတစ်မျိုးကို ထပ်စစ်ကြီးစား ကြည့်ပါဦးနော် ... ဆိုရင် ... ငါ့အနေနဲ့ ဘယ်လိုမှ စိတ်ပါလက်ပါ ရှိမှာမဟုတ်ဘာ ... စစ်ကို စစ်မနေချင်တော့မှာ ... သူက အကြောင်းသိကိုးကွ ..."

"ဟာ ... ဟေ့ ... ဟေ့ ... ဒါဆို ... ထ,ထ ... ပြေးကြမယ် မင်းအိမ်ကို ... အချိန်ဖြုန်းမနေနဲ့ ... မင်းသိမ်းထားတဲ့ နေရာမှာ အဲဒီစာရွက်တွေ ရှိမှ ရှိသေးရဲ့လား ... အထက်ဆင်မ ... လာ,မသွားပြီးလား ဆိုတာ ကြည့်ကြမယ် ..."



"မလိုအပ်တာတွေ ဝင်းကျော်ရာ ... စာရွက်နှစ်ရွက် ရှိရှိ မရှိရှိက ဒီအချိန်မှာ ဘာမှ အရေးမကြီးတော့ဘူး ... အခု ချက်ချင်း အရေးကြီးတာက လမ်း(---)ဆေးခန်းပဲ ..."

လေးယောက်သားစလုံး ကားပေါ်သို့ ခုန်ပေါက်တက်ထိုင်လိုက်ကြပြီးသည်နှင့် ... သော်ဇင့်ရဲ့ ကားကလေး... ကား မောင်းပြိုင်ပွဲတစ်ခုမှာ ပန်းဝင်ကာနီးဆဲဆဲ အခြေအနေသို့အ... ...။ လမ်း(---)ဆေးခန်းသို့ ရောက်တော့လည်း ကားကို ဖြစ်သလို ထိုးရပ်ပစ်ခဲ့ကာ ... ဆေးခန်းကြီးထဲ ခုန်ပေါက်ဝင်လာလိုက်ကြတာ ... ဆေးခန်းကြီးမှ ဆရာဝန်၊ ဆရာမ၊ အမှုထမ်း အပေါင်းနဲ့ လူနာများပင် လန့်ဖျပ်ကုန်ကြရသည်အထိ ...။

"ကျွန်တော် ... ကျွန်တော် ... မနေ့က သွားလာစစ်ထားတဲ့ အဖြေ Result စာရွက်ကလေး ... ကိုဧချမ်း ... အသက် (၂၈)နှစ် ... Hbs Antigen and Antibody ဆိုတဲ့ စာရွက် လေ ... အဲဒါလေး ... ရပြီလား ..."

ဆေးစစ်ပြီးသား အဖြေစာရွက်များကို လာရွေးရသည့် ကောင်တာတစ်ခုမှ ဝန်ထမ်းကောင်မလေးများက ... ဒီနေ့တစ်နေ့တာအတွက် အဖြေစာရွက် လာရွေးကြမည့် သူများအတွက် ... အသေပိတ်ထားသော စာအိတ်ကလေးတွေကို စီထည့်ထားသော လေးထောင့်ကြိမ်ခြင်းအပြားကြီး တစ်ခုအတွင်းမှာ အပြန်အလှန် ... ဖင်ပြန်ခေါင်းပြန် ... မှောက်ချမွှေနှောက်ပြီး ရှာဖွေပေးကြပါသော်လည်း "ဧချမ်း"အမည်ရှိ စာအိတ်ကို မတွေ့ ...။

www.burmeseclassic.com

www.burmeseclassic.com



"အဖြေက ဒီနေ့ လာရွေးရမှာမှ ဟုတ်ရဲ့လားရှင့် ... ရက်မှန်ရဲ့လား ... ဘယ်နေ့က သွေးဖောက်တာလဲ ..."

"မနေ့က ... ဒါပေမဲ့ Urgent(အမြန်)လေ ... ဒီနေ့ မနက်ရမယ် ပြောထားတာပဲ ... ဒီမှာ ဘောက်ချာစာရွက် ..."

"ကိုချမ်း နော် ... မတွေ့ဘူး ... အဲ ... နေဦး ... ရွေးပြီးစာရင်းမှာ ပြန်ရှာကြည့်ပေးမယ်နော် ... ဟာ ... ဟုတ်တာပေါ့ ... ဒီမှာတွေ့လား ခြစ်ထားပြီးပြီ ... ရွေးသွားပါပြီ ..."

"ဟာ ... ဘာလဲ ... ဘောက်ချာက ကျွန်တော့်ဆီမှာလေ ... ကာယကံရှင်က ကျွန်တော်ပဲ ... ကျွန်တော်မဟုတ်တဲ့ဘယ်သူ့ကို ဘောက်ချာလည်း မပြနိုင်ဘဲနဲ့ ပေးရွေးလိုက်ရတာလဲ ... အစီပွာယ်က သိပ်မရှိလှဘူးနော် ... ဆေးရုံဆေးခန်းဥပဒေနဲ့ မညီညွတ်ဘူး ဖြစ်နေပါလား ..."

ကောင်မလေးကို သွားအပြစ်တင်နေရသော်လည်း ဘယ်သူ့လက်ချက် ဆိုတာတော့ ချမ်းက သိလိုက်ပြီး ဖြစ်ပါသည်။ မတရားသဖြင့်ကို ဦးနှောက်က ရှေ့ပြေးကွက်ကျော်ရိုက်နေပါပေါ့လား ဂျူလည်မလေးရယ်။ ချမ်းရဲ့ စကားကြောင့် ကောင်မလေးက သူ့ထက်ကြီးဟန်တူသော Incharge တစ်ယောက်ကို လှမ်းခေါ်လိုက်ပါသည်။ ထိုအစ်မကြီး ရောက်လာတော့မှပင် ...

"သြော် ... အဲဒါလား ... အဲဒါက အဲဒီတုန်းက အတူ



လာဖောက်ကြတဲ့ ကိုငြိမ်းချမ်း ဆိုတာက ဒီကပိုင်ရှင် ဦးမောင်မောင်နဲ့က သူငယ်ချင်းလေ ..."

"ကျွန်တော် ဘယ်သူနဲ့မှ အတူလာမဖောက်ပါဘူး ..."

"ဒါပေမဲ့ ကိုငြိမ်းချမ်းနဲ့ ကိုချမ်း ဆိုတာက ညီအစ်ကိုအရင်းတွေဆို ... ဆရာဦးမောင်မောင်ကလည်း ... တဲ့ ... ကိုငြိမ်းချမ်းက ကျွန်တော်ဖြစ်ဖြစ် ... ကျွန်တော့်ညီဖြစ်ဖြစ် ... ဒီညီမလေးပဲဖြစ်ဖြစ် ... အားလုံးရဲ့ အဖြေကို တစ်ခါတည်းပဲ လာရွေးဖြစ်လိမ့်မယ်လို့ အဲဒီကတည်းက ဆရာဦးမောင်မောင်ကို ပြောသွားတာပဲ ... အဲဒါကြောင့် ကလေးမလေး လာရွေးတော့ ကျွန်မတို့က ထုတ်ပေးလိုက်တာပဲလေ ... သူပဲ အားလုံးအတွက် ငွေချေသွားတာပဲ ..."

ကဲ ... ပြီးရော ...။ ဘယ်လိုမှ အပြစ်မတင်သာ။ အေးလေ ... အဲဒီလို စနစ်တကျ မဟုတ်ခဲ့ရင်လည်း အပြစ်ကတော့ မတင်သာပါဘူး။ တကယ်တမ်းမှာ ကလိမ်ကကျစ်လေးနဲ့ ကွက်ကျော်ရိုက်ချင်တာက ကိုယ့်လူသာပဲ ...။

"ကဲ ... အခုတော့ ဘာဆက်လုပ်ကြမလဲ ..."

"ဘာလုပ်ရမလဲ ... ချိန်းထားတဲ့ နေရာမှာ သွားထိုင်စောင့်နေကြရုံပဲပေါ့ ..."

"ဘာ ... ဘာ ... 'စောင့်နေကြ' ဆိုတာက ဘာအဓိပ္ပာယ်လဲ ... 'ကြ' ဆိုတာကြီးက တစ်ဦးတစ်ယောက်တည်း မဟုတ်ဘဲ အများကိန်းလို ဖြစ်မနေဘူးလား ..."

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... အများကိန်းပေါ့ ... ငါတို့လည်း ပါမှာပဲ"

"ဟာ ... မင်းတို့နဲ့ ဘာဆိုင်သလဲကွ ..."

"ဟေး ... အနားမကပ်နဲ့ဆိုရင် မကပ်ဘူး ... ကားပေါ်ကကို မဆင်းဘူး ... လွန်ခဲ့တဲ့ သုံးပတ်က ငါတို့မပါလိုက်လို့ ဒီအဖြစ်မျိုးအထိ အဖြစ်တွေက ထဆိုးကုန်ရတာ ... ခုတော့ ပါမယ် ... မဖြစ်သင့်တာတွေ ဖြစ်လာမယ် ဆိုရင်တော့ အဲဒီ အထက်ဆင်မနဲ့ ငါတို့နဲ့ တွေ့မယ် ..."

"ဒီပုံအတိုင်းဆို ထက်ထက်ဆင့်ဟာ သဘောထားပြောင်းပြီဆိုတဲ့ အဓိပ္ပာယ်တော့ မဖြစ်နိုင်တော့ပါဘူးကွာ ... ဖိချည်းပဲ ပြောမနေကြပါနဲ့ ..."

"ဒါပေမဲ့နော် ... မင်းတို့ စဉ်းစားကြဦး ... ခုဟာက ငါ Resultက ဘာမှန်းလဲ ငါတို့ မသိကြရသေးဘူး ..."

"ဘာဖြစ်ဖြစ်လေ ... ဒီအချိန်မှာတော့ သွေးအဖြေ Result ဟာ ဘာဖြစ်ဖြစ်ပဲ ... မင်းရော ... အထက်ဆင်ပါ ဘာမှ အကြောင်းကြောင်း လုပ်နေခွင့် မရှိကြတော့ဘူး ...၊ သွေးအဖြေဟာ ဘာဖြစ်ဖြစ် ... မင်းတို့ရဲ့အဖြေကတော့ တစ်ခုတည်းပဲ ဖြစ်ကြရတော့မယ် ... ဒါပဲ ..."

တင်မောင်ဦးက အကြောင်းကြောင်း ပေကပ်ကပ်ဖြစ်ချင်နေဆဲ ချမ်းကို ကျောပြင်ကနေ နှစ်ချက်လောက် ဆောင့်တွန်းလိုက်ကာ ဆေးခန်းအပြင်သို့ ထွက်စေလိုက်သည်။ ကားဆီပြန်ရောက်ကြတော့ လမ်းစည်းကမ်းဥပဒေကို ဖောက်ဖျက်ကျူး



လွန်စွာ ကားရပ်တန့်မှု ...၊ လမ်းကြောပိတ်ဆို့စေမှုများနှင့် ယာဉ်ထိန်းရဲက ကားပိုင်ရှင်ကို အသင့်စောင့်မျှော်နေလျက် ...။

သော်ဇင့်ကို တစ်ယောက်တည်း ချန်ထားရစ်ကြပြီး သုံးယောက်သားတို့ တက္ကစီနှင့် ဆက်လက်ချီတက်ခဲ့ကြသည်။

စောနေသေး၍ ထိုင်စောင့်ရမည်ပဲ ထင်ထားသော်ငြား ... ချိန်းဆိုထားတဲ့နေရာမှာ အထက်ဆင်ဟာ ခပ်တည်တည်ပင် ရောက်ရှိနေခဲ့ပြီးပါပြီ ...။ တစ်ယောက်တည်းလည်း မဟုတ်။ အကြိတ်ဖွာပင် အဖော်အပေါင်း သုံးယောက်နှင့် ...။

ချမ်းတို့ရဲ့ တက္ကစီကား ထိုးဆိုက်လိုက်သည်နှင့် တစ်ဖက်မှ အရင်ဆုံး ထပြေးလာသူကား ပုလဲပင် ...။ ကိုယ်တွေ့မှာဖြင့် ကားအောက်တောင် သေချာမဆင်းရသေး ...။

"ဟဲ့ ... နင်တို့ကလည်း တစ်ပြုံကြီးပါလား ... အထက်ဆင်ကို နင် အဲလောက်ကြောက်မှန်း ငါခုမှ သိတယ် ချမ်းရယ် ... ဟင် ... သော်ဇင်ကော"

"လမ်းမှာ ယာဉ်ထိန်းရဲဖမ်းခံရပြီး ကျန်ရစ်တယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ပုလဲရဲ့ အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းတို့ ရုတ်တရက် ကွာဟထော်လန်ကာ ဆတ်ခနဲ တစ်ဖက်သို့ လှည့်သွားပြီး တစ်အုပ်လုံးကို လုံးဝစကားမပြောတော့ပေ ...။ ထိုအချိန်မှာ တစ်ဖက်မှ ယုနှင့် သင်းသင်းတို့ကလည်း တင်မောင်ဦးတို့နှင့် လာရောက်ပူးပေါင်းလိုက်လေသည်။

မှုလက သူတို့တွေ ရှိနေကြသော နေရာမှာ ရပ်တန့်ထားသော ကားကလေး၏ အပြင်မှာ ထွက်မှီရပ်နေသော ထက်ထက်ဆင့်က ချေမ်းတို့ ရောက်လာကြပြီကို သိသိကြီးနှင့် ဒီဘက်သို့ လှည့်မကြည့် ...။ ဆန့်ကျင်ဘက်သို့ တမင်ကြီး မျှော်ငေးနေကာ လက်ထဲမတော့ လမ်း(---)ဆေးခန်းတံဆိပ်နှင့် စာအိတ်ဖြူလေး နှစ်လုံးကို ကိုင်ထားလေသည်။

မုံသဏ္ဍာန်နှင့် ဟန်ပန်က သိပ်တော့ အခြေအနေ အကောင်းစားကြီး ဟုတ်လှဟန် မတူပေ ...။ ချေမ်းမှာ ယောက်ျားတစ်ယောက်တန်မဲ့နှင့် တွန့်ဆုတ်ဆုတ် ဖြစ်နေသေးတာမို့ ... တင်မောင်ဦးက နားရွက်နားကပ်ပြီး ... "တွန်းလွှတ်ရုံနဲ့ သွားမှာလား ... ဆောင့်ကန်လွှတ်ရမှာလား ..."ဟု ခပ်ကြွမ်းကြွမ်း သတိပေးလိုက်ရပါသည်။ သူတို့အုပ်စုကြီးနှင့် ထက်ထက်ဆင့်တို့အကြားဘာမှ မဝေးကွာလှသော ပေနှစ်ဆယ်လောက် အကွာလေးကိုပင် ချေမ်း ခမျာ ငါးမိနစ်လောက် အချိန်ယူလျှောက်လှမ်းနေရပြီး ...

"အထက် ... အဲလေ ... ထက်ဆင့် ..."

"ဩော် ... ရောက်လာပြီလား ... ဘာလဲ ... ပြောလေ ..."



"ဟို ... ငါ ... ငါ့အဖြေက ဘာတဲ့လဲဟင် ... ငါ့မှာ နင်ပြောတဲ့ စစ်သည်ဆိုတာတွေ ထွက်နေရဲ့လား ..."

ထက်ထက်ဆင့်ရဲ့ မျက်နှာက ချက်ချင်း တင်းခနဲဖြစ်သွားပါသည်။ သူ့လက်ထဲက စာအိတ်နှစ်အိတ်ကိုလည်း ချက်ချင်းပင် နောက်ကျောဘက်သို့ ပို့လိုက်ပြီး ...

"နင် ဒီကိုရောက်လာရတာက ဘာကိစ္စလဲ ... လွန်ခဲ့တဲ့ သုံးပတ်တုန်းက နင်သွေးစစ်ထားတဲ့ အဖြေစာရွက်ကို ငါ့ဆီမှာ လာယူချေလို့များ ငါက ချိန်းခဲ့မိတာလား ..."

"ဒီလိုတော့ ဘယ်ဟုတ်မလဲ ... ဒါပေမဲ့ နင်က ငါ့ အဖြေစာရွက်ကိုပါ အရင်ဦးအောင် လာရွေးသွားတယ်လေ ..."

"အေးလေ ... အဲဒီတော့ ဘာဖြစ်လဲ ... နင်က ဒီနေ့ အဲဒီစာရွက်တွေ အကြောင်းပဲ ပြောမယ်ပေါ့ ဟုတ်လား ..."

ချေမ်း အတော်ကြီး အကျပ်ရိုက်သွားပါသည်။ သို့သော် ... "သွေးအဖြေက ဘာဖြစ်ဖြစ် မင်းတို့ရဲ့ အဖြေကတော့ တစ်ခုတည်းပဲ ဖြစ်ရတော့မယ် ... ဒါပဲ ..."ဆိုတဲ့ ဆရာကြီး တင်မောင်ဦးရဲ့ စကားသံကို ပြန်ကြားယောင်မိလျှင်တော့ ...

"အေးလေ ... ဒါဆို နင်ကရော ဘယ်လိုလဲ ..."

"အောင်မာ ... ငါက နင့်ကို အရင်မေးထားတာပဲ ..."

"ဒါပေမဲ့ ဖြတ်တုန်းက နင်က စဖြတ်တာ ထက်ထက်ဆင့်ရဲ့"

www.burmeseclassic.com



"တောက် … ဘယ်သူကပဲစစ … နင် ငါ့ကို ဖြတ်ထားတာ ကို နင့်ဘက်က အတည်သတ်မှတ်လား … မမှတ်ဘူးလား ဒါပဲ ဖြေ …"

နောက်ဆုံးမှာတော့ မိန်းကလေးတို့မည်သည်ဟာ … ကိစ္စက သေးသည် ကြီးသည် မရွေး … သူတို့ဘက်ကချည်း အနိုင်ရလိုက်ရမှ ကျေနပ်တတ်ကြတဲ့ အမျိုးအစားတွေပါပဲ …။

"ဒါဆို … နင် … ကိုငြိမ်းချမ်းကို ရွေးမှာလား … မရွေးဘူးလား"

"ဘာဆိုင်လဲ …"

လိုရင်လိုသလို သံကုန်ထုတ်နိုင်သော ထက်ထက်ဆင့်ရဲ့ "ဘာဆိုင်လဲ"ကြီးမှာ တစ်ဖက်က ငါးယောက်ကို လှုပ်လှုပ်ရှားရှားတွေပင် ဖြစ်သွားစေပါသည်။ တင်မောင်ဦးတို့ ဘာတို့ဆို အသင့်အနေအထားတွေနှင့် …။

ထိုအချိန်မှာပင် တစ်စုံတစ်ရာကို သတိတရ အမှတ်တရ ဖြစ်လိုက်မိပြန်သော ချမ်းက … "ဘာမှ ရေရေရာရာ မရှိဘူး"ဟု အမြဲစွပ်စွဲခံနေရမှုမှ လွတ်မြောက်ရလေအောင် … ဒီဟာလေး တစ်ခုကိုတော့ ရေရေရာရာလေး အခွင့်ရပြီးသား ဖြစ်နေရလေအောင် …

"ဟိုဒင်းနော် … ငါက … ကြီးတော်ကြီးကိုတော့ ကတိပေးထားမိတယ် … ဆယ်ရက် … ဆယ့်ငါးရက်လောက်



တော့ ဘုန်းကြီးဝတ်ရဦးမှာနော် … အဲဒါကို နင်မကျေနပ်ရင်တော့ …"

"အောင်မာ … ငါ့များ တိတ္တိမှတ်နေသလားဟဲ့ … နင်သာ ပြိတ္တာဖြစ်ချင်ဖြစ် … ငါကတော့ အမြဲ သူတော်စင်ပဲမှတ် …"

ချမ်းက ရှင်ပျစွာ ရယ်ချလိုက်မိပြီးမှ … "ငါ … လွှန်ခဲ့တဲ့ သုံးပတ်က ငါ့စကားတွေကို ပြန်ရုတ်သိမ်းပါတယ် …" ဟု ဆိုလိုက်လျှင် … ဖျတ်ခနဲ လက်ဖြာသွားသော မျက်ဝန်းတောက်တောက်တို့နှင့် ထက်ထက်ဆင့်ကလည်း …

"ငါရောပဲ …"

ချမ်းက ထက်ထက်ဆင့်ရဲ့ မျက်နှာရှေ့မှာ လက်ဖဝါးကို ဖြန့်ပြလိုက်သည်။ ထက်ထက်ဆင့်က "ကိုချမ်း"ဟု အမည်ထိုးထားသော စာအိတ်ကလေးတစ်အိတ်ကို ကမ်းပေးလေသည်။ စာအိတ်လေးမှာ ဖောက်လို့ပင် မထား …။ ဆေးခန်းရဲ့ ထုံးစံအတိုင်း ကော်နှင့် အသေပိတ်ရက်သားကလေးပါ …။

"အဖြေသိပြီးမှ ငါလာစောင့်နေတာ မဟုတ်ပါဘူး ဖိုးဂျွန်ရယ် … နင်အရင် အဖြေသိသွားရင် … တော်တော်ကြာကျ အဖြေက သိပ်မကောင်းရင် နင်က အကြောင်းကြောင်းပေါ်တောတောနဲ့ … ရှောင်ပြေးဖို့ချည်း ဆုံးဖြတ်ပြီး ဒီကိုတောင် ရောက်မလာတော့မှာစိုး လို့ … နင် ရွေးနိုင်ခင် ငါက ဦးအောင် သွားကြိုရွေး ထားလိုက်ရတာပါ …"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ငါကတော့ စာအိတ်ကို ဖောက်တော့ကြည့်လိုက် ဦးမယ်နော် ... ဟုတ်လား ..."

"ဪ ... ကြည့်ပေါ့ဟဲ့ ... ဒါပေမဲ့နော် ... ဒီကနေ့ အတွက် အဖြေကတော့ ခုနက နင်ပြောပြီးသွားပြီနော် ..."

"အေးပါ ..."

ဒီအချိန်မှာတော့ ချေမ်းဟာ မျှော်လင့်ချက် ... ဘာ ရင်ခုန်မှုမျိုးမှလည်း ရှိမနေတော့ ...။ သိချင်ရုံ ... သိရရုံသက် သက်မျှသာ ဖြစ်ပြီး ... အထက်ဆင် အတွက်ရော ... ကိုယ်ကိုယ် တိုင်အတွက်ပါ ... ဘာပဲဖြစ်နေနေ ... သူ ရင်ဆိုင်နိုင်ပါပြီ ...။

"ဟာ ..."

Hbs Antigen(-)ve ... Antibody (+)ve ...။

ချေမ်းက ရုတ်တရက် တင်မောင်ဦးတို့ဘက်လှည့် ပြီး "ယေး"ခနဲ အော်လိုက်လျှင် ထိုတစ်အုပ်လုံးကြီးမှာ (ရုပုပ် တိတ်ဆိတ်နေသော ပုလဲကပေါ ယောင်ယမ်းပြီး) အရူးတွေလို "ယေး"ခနဲ သံပြိုင်ပြန်အော်ဟစ်ကြလေသည်။

"ငါ ... ငါ့ဆီမှာ ဘယ်တုန်းတည်းက ပိုးကစဝင်နေပြီး ... ဘယ်တုန်းတည်းက စစ်သည်တွေက ထွက်တိုက်နေတာ လည်း မသိဘူး ... ခုတော့ ငါ့စစ်သည်တွေက နိုင်သွားပြီ အထက်ဆင် ... နင် ... နင်ရော ..."

ထက်ထက်ဆင့်က ချေမ်းရဲ့ မျက်နှာကို စေ့စေ့ကြည့် ပြီး ကောက်ကောက်ကျစ်ကျစ်ကလေး ပြုံးလိုက်ပါသည်။ ပြုံးလျှင်



တော့ နောက်ပစ်ထားဆဲဖြစ်သည့် သူ့လက်တစ်ဖက်ကပါ ရှေ့သို့ ထွက်လာကာ ... ရုတ်တရက်မှာ သူ့လက်နှစ်ဖက်စလုံးတို့ဟာ အလျှင်အမြန်ဆုံး အရှိန်နှုန်းဖြင့် လှုပ်ရှားကုန်ကြလျက် ...

"ဗြဲ ... ဗြဲ ... ဗြဲ ..."

"ဟာ ... ဘာလဲ ... ဘာလုပ်တာလဲ ..."

ထက်ထက်ဆင့်က ချေမ်းရဲ့ ပြူးပြူးပျာပျာ အမေး ကို ဂရုမစိုက် ... သူ့ရဲ့ စာအိတ်ကိုပဲ ဘယ်လိုမှ ပြန်လည်ဆက် စပ်ယူလို့ မရအောင် တစ်စစီ ... တစ်မွှန်စီ အသေးစိတ် ဆက် လက်ဆုတ်ဆွဲပစ်နေရင်း ...

"ငါ့အဖြေက ဘာပဲဖြစ်ဖြစ် နင် ဘာပြောင်းလဲမလဲ ..."

"ဘာ ပြောင်းလဲရမှာလဲ ... ဘာမှ ပြောင်းလဲစရာ မရှိ ဘူး ..."

"ဒါဆိုပြီးရောပေါ့ ... ဒါကို နင်မသိလည်း ရတာပဲ ... ဒါပေမဲ့နော် ... နင့်ကို ငါက ခုချိန်ကစပြီး မပြတ် အကဲခတ်နေတော့မှာ ... ထက်ထက်ဆင့်တော့ ဘာကြောင့် ဆွဲဆုတ်ပစ်ပါလိမ့် ... (+)ve ဖြစ်နေလို့များလား ဆိုတဲ့ သံသယတွေ နင့်မျက်လုံးထဲမှာ ပေါ်လာပြီဆိုရင်တော့ နင်သေပြီမှတ် ... ဟိုစစ်ခဲ့တဲ့ ဆေးခန်းတို့ ဘာတို့မှာလည်း ဟိုစုံစမ်း ဒီစုံစမ်း လုပ်ပြီဆိုရင်တော့ ... နင့်အချစ်က မစစ်တာ သေချာပြီ ... အဲဒီလို ဆိုရင်ကတော့ ... အပြတ် ပဲမှတ် ..."

www.burmeseclassic.com



တောက် ...။ ကျော့ပြန်ပြီ ...။ (+)ve ပဲ ဖြစ်နေပါစေဦး ...။ ဘာမှ ပြောင်းလဲတော့မှာ မဟုတ်တဲ့ ချေမ်းအတွက် မချင့်မရဲ ဖြစ်နေရတာနဲ့စာရင် အတိအကျ သိထားလိုက်ရတာက အသည်းတော့ ယားမနေရတော့ဘူးပေါ့ ...။ ခုကျတော့ မျက်လုံးထဲမှာ တစ်ခုခုပေါ်ရင်တောင်မှ သေပြီမှတ် ... တဲ့ ...။ တောက် ...။

(-)veဆိုလည်း ခုတစ်ခါတည်း ရှင်းရှင်းလင်းလင်း မပျော်ရပါလား ...။ (+)ve ဆိုလည်း ကိုယ့်ရဲ့ မြင့်မြတ်နိုင်မှု အချစ်စစ်မှုကို တစ်ထိုင်တည်းနဲ့ လူအများရှေ့မှာ ဝင့်ကြွားစွာ မပြရပါလား ...။ ငါ့ဘက်က ဖုံးထားခဲ့မိလို့ နင် လက်စားပြန်ချေလိုက်တာ ... ငါ မသိဘူး မှတ်လို့လား ...။ အလကားဟာမ ...။

သို့သော် တစ်စုံတစ်ခုကို တွေးလိုက်မိလျှင်တော့ ချေမ်းရဲ့ မျက်နှာက ရုတ်တရက် ဝင်းထိန်သွားရကာ ...

နင် တင်မောင်ဦးတို့ ကုမ္ပဏီမှာ ဆေးသွားထိုးမထိုး ... ငါ ပြန်သိနိုင်တာပဲဆိုတဲ့ ... "ဟာကွက်"တစ်ခုကိုတော့ နင် မေ့နေတယ် မဟုတ်လား ... အထက်ဆင်ရာ ...။ ဟား ဟား ဟား ... "ငတုံးမ" ...။

ပုဂ္ဂမီ

BURMESE CLASSIC
www.burmeseclassic.com